ဆရာလက်စွဲ

# ဂျန်ဒါကို စူးစမ်းလေ့လာခြင်း

ပြဿနာများ၊ ထိုးထွင်းသိမြင်မှုများနှင့် ဆွေးနွေးမှုများ

Elaine Haller, Nay Lin Htike, Sia Kukaewkasem

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License.
To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

## ဆရာလက်စွဲ မာတိကာ


ဂျန်ဒါကို စူးစမ်းလေ့လာခြင်း စာအုပ် အသုံးပြုနည်း မိတ်ဆက် (ဆရာလက်စွဲစာအုပ်) ........................ ii

ကျောင်းသားလက်စွဲ မာတိကာ ........................ ၁

ဂျန်ဒါကို စူးစမ်းလေ့လာခြင်းမိတ်ဆက် (ကျောင်းသားလက်စွဲစာအုပ်) ........................ ၂

*ဂျန်ဒါကို စူးစမ်းလေ့လာခြင်း* ........................ ၆

Glossary ........................ ၁၅၂

ရည်ညွှန်းကိုးကားချက်များ ........................ ၁၆၂

Acknowledgements ........................ ၁၆၆

နောက်ဆုံးစစ်ဆေးမှု ........................ ၁၆၆

နောက်ဆုံးလုပ်ရမည့် ပရောဂျက်များ ........................ ၁၇၃


နောက်ဆက်တွဲ (အပိုဆောင်း လုပ်ငန်းစဉ်အတွက် လက်ကမ်းစာစောင်များ) ........................ ၁၇၆

# *ဂျန်ဒါကို စူးစမ်းလေ့လာခြင်းမှ ကြိုဆိုပါသည်*

## ဆရာ လက်စွဲစာအုပ်

သင့်အနေဖြင့် ဤစာမျက်နှာများတွင် ၎င်းစာအုပ်ကို မည်သို့ ဒီဇိုင်းဆွဲရေးသားထားပုံနှင့် ၎င်းစာအုပ်ကို အသုံးပြုရန် အကောင်းဆုံး နည်းလမ်းများနှင့် ပတ်သက်ပြီး အခြေခံအချက်အလက်အချို့ကို တွေ့မြင်ရမည်ဖြစ်သည်။ ဤသင်ရိုးကို စတင်အသုံးပြုသင်ကြားခြင်း မပြုမီ မှတ်စုများကို ကြိုတင်ဖတ်ရှုထားရန် အကြံပြုလိုပါသည်။











## သင်ရိုးအကြောင်း

*ဂျန်ဒါကို စူးစမ်းလေ့လာခြင်း* စာအုပ်သည် အရွယ်ရောက်ပြီးသူနှင့် အထက်တန်းလွန်ပညာရေး သင်ယူလေ့လာနေသူများအတွက် ဂျန်ဒါ လေ့လာမှုနှင့် ပတ်သက်သည့် အဓိက သဘောတရားများနှင့် အကြောင်းအရာများကို မိတ်ဆက်ပေးထားပါသည်။ တိုးတက်လာသည်နှင့်အမျှ ၎င်းသည် ဂျန်ဒါနှင့် ပတ်သက်ပြီး အရေးကြီးသည့် ပြဿနာရပ်များဖြစ်သော ဖိုဝါဒကြီးစိုးမှု၊ ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ ဂျန်ဒါ ခံယူမှုနှင့် အသွင်အပြင် ဖော်ပြမှု၊ ဖီးမီးနစ်စ်ဝါဒနှင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများရှိ ဂျန်ဒါ အကြောင်းကို နက်နဲစွာ လေ့လာရမည်ဖြစ်သည်။ သင်ခန်းစာသည် ကျောင်းသားများအား နားလည်သဘောပေါက်ရန်၊ သုံးသပ်တတ်ရန်နှင့် အပြုသဘောဆောင်သော အပြောင်းအလဲကို မိမိတို့ လူ့အသိုင်းအဝိုင်းအတွင်း ဖန်တီးတည်ဆောက်နိုင်စေရန် အတွက် တွန်းအားပေးပါသည်။

## စာအုပ် ဖွဲ့စည်းပုံ

ဤစာအုပ်ကို အခန်း (၇) ခန်း ခွဲထားပါသည်။ အခန်းတစ်ခန်းချင်းစီတွင် အဓိက အကြောင်းအရာများ၊ အယူအဆများနှင့် သင်ယူမှု ရည်ရွယ်ချက်များ၏ အနှစ်ချုပ်ဖြင့် စတင်ထားသည်။ အဓိက ဝေါဟာရများ၏ ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုချက်ကို စာအုပ်၏ အဆုံးတွင် ထည့်သွင်းထားသည်။

### သင်ခန်းစာ အကြောင်းအရာများနှင့် သင်ယူမှု ရည်ရွယ်ချက်များ

ဤအချက်များကို အခန်းတိုင်း၏ အစတွင် ဖော်ပြထားပါသည်။ အခန်းတစ်ခန်း မစတင်မီတွင် သင့်အနေဖြင့် ကျောင်းသားများနှင့် ဆွေးနွေးနိုင်ပြီး၊ အခန်းတစ်ခုပြီးတိုင်းတွင် ၎င်းတို့ကို ပြန်လည်သုံးသပ်ရန်အတွက် ကျောင်းသားများကို တောင်းဆိုနိုင်သည်။ သို့မဟုတ် အကောင်းဆုံးအနေဖြင့် နှစ်ခုစလုံးကို လုပ်ဆောင်နိုင်သည်။ ၎င်းသည် ကျောင်းသားများအား သင်ယူရန်အတွက် ကြိုတင်ပြင်ဆင်မှု (၎င်းတို့ မျှော်လင့်ထားသည်ကို သိရှိခြင်းဖြင့်) နှင့် *၎င်းတို့၏ သင်ယူမှုကို စောင့်ကြည့်ရန်*

အတွက် (အကြောင်းအရာများနှင့် ရည်ရွယ်ချက်များကို ပြန်လည်သုံးသပ်ခြင်းဖြင့်) အထောက်အကူ ဖြစ်စေပါသည်။

## သင်ခန်းစာ အခန်းများ ဖွဲ့စည်းထားပုံ

သင်ခန်းစာ အခန်းတစ်ခုစီတွင် အပိုင်းများစွာပါရှိပြီး အပိုင်း တစ်ခုစီသည် အဓိက သင်ခန်းစာ အကြောင်းအရာအပေါ်တွင်သာ မူတည်သည်။ အပိုင်းတစ်ခုစီတွင် သင်ကြားရလွယ်ကူစေရန် အတွက် စံသတ်မှတ်ထားသည့် အစိတ်အပိုင်းများစွာ ပါရှိသည်။ ထို့အပြင် ဆရာလက်စွဲ စာအုပ်၏ အဆုံးတွင် နောက်ဆုံးဖြေရမည့် အကဲဖြတ်စစ်ဆေးလွှာနှင့် ကျောင်းသားများ နောက်ဆုံးလုပ်ရမည့် ပရောဂျက်များအတွက် အကြံဉာဏ်များ ပါဝင်သည်။

## ပြုလုပ်ရမည့် လုပ်ဆောင်ချက် အမျိုးအစားများ

သင်တန်းတွင် ပြုလုပ်ရမည့် အဓိက အလုပ်တာဝန် အမျိုးအစား (၄) မျိုး ရှိပါသည်။ ၎င်းတို့မှာ **အကြိုသင်ခန်းစာ၊ လေ့ကျင့်ခန်းများ** ပြုလုပ်ခြင်း၊ **လုပ်ငန်းစဉ်များ** လုပ်ဆောင်ခြင်းနှင့် **ဆွေးနွေးချက်များ** ပြုလုပ်ခြင်းတို့ဖြစ်သည်။ ထိုသင်ခန်းစာ အခန်း သို့မဟုတ် အပိုင်း အတွက် အကြောင်းအရာများနှင့် သက်ဆိုင်သော မြန်မာနိုင်ငံ သို့မဟုတ် ဒေသတွင်း နိုင်ငံဆိုင်ရာ ဥပမာတစ်ခုအပေါ် အခြေပြု သည့် **ဖြစ်ရပ်လေ့လာချက်**များလည်းရှိသည်။ ထို့အပြင် သင်၏ ကျောင်းသားများသည် ပိုမို လေ့ကျင့်လိုပါက သို့မဟုတ် ပိုပြီး နက်နက်နဲနဲ ဆောင်ရွက်လိုပါက ဆရာလက်စွဲ စာအုပ်တွင်သာ ရှိသည့် **အပိုဆောင်း လုပ်ငန်းစဉ်များ**ကို ပြုလုပ်နိုင်သည်။ လိုအပ်ပါက မိတ္တူကူးယူနိုင်သော လက်ကမ်းစာစောင်များသည် ဆရာလက်စွဲ စာအုပ်၏ အနောက်ဘက်တွင် ပါရှိပါသည်။

## ခက်ဆစ် ဝေါဟာရအဓိပ္ပာယ်

ကျောင်းသား လက်စွဲစာအုပ်၏ နောက်ကျောဘက်တွင် ကျောင်းသားများအနေဖြင့် ပြန်လည် ရည်ညွှန်းနိုင်သော စာသားထဲတွင် အသုံးပြုထားသည့် အဓိက စကားလုံးဝေါဟာရ များ၏ ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုချက် ပါရှိသည်။ ၎င်းကို အင်္ဂလိပ် ဘာသာဖြင့် အက္ခရာစဉ်အတိုင်း ဖော်ပြထားပြီး မြန်မာဘာသာ ပြန်ဆိုမှုကို အင်္ဂလိပ်ဘာသာ အဓိပ္ပာယ်ဖွင့်ဆိုချက်အောက်တွင် ထားရှိပါသည်။

## Sources

ဤစာအုပ် ရေးသားရာတွင် အသုံးပြုခဲ့သော အဓိက ရည်ညွှန်း ကိုးကားချက်များ စာရင်းကို ပြုစုထားပါသည်။ ၎င်းသည် ကျောင်းသားလက်စွဲ စာအုပ်၏ နောက်ကျောဘက်တွင် ရှိပါသည်။

## ဤစာအုပ်ဖြင့် သင်ကြားခြင်း

ဤစာအုပ်ကို အသုံးပြု၍ သင်ကြားသည့်အခါ အတန်းထဲတွင် မသင်ကြားမီ စာသားများကို သေချာဖတ်ပြီး အကြိုလေ့ကျင့်မှုများ၊ လေ့ကျင့်ခန်းများနှင့် လုပ်ဆောင်ရန် အချက်များကို သင်ကိုယ်တိုင် လုပ်ဆောင်ပါ (သို့မဟုတ် စဉ်းစားပါ)။ ဤအရာများကို ကြိုတင်လုပ်ဆောင်ထားခြင်းသည် သင်ခန်းစာ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှု ပိုရှိလာပြီး အတန်းထဲတွင် လှုပ်ရှားမှုများ ပြုလုပ်ရန်အတွက် လမ်းညွှန်ချက် များကို ကောင်းမွန်စွာ ပေးလာနိုင်မည်ဖြစ်သည်။ ကျောင်းသားများ မေးလာနိုင်မည့် မေးခွန်းများအတွက် ပိုမိုကောင်းမွန်စွာ ပြင်ဆင်နိုင်စေရန်အတွက် သင့်အား ကူညီပေးနိုင်မည်ဖြစ်သည်။

ဤဆရာလက်စွဲစာအုပ်တွင် အကြောင်းအရာပိုင်းကို သင်ကြားရန် အတွက် အဆင့်ဆင့် လမ်းညွှန်ချက်များပါရှိပြီး၊ အကြောင်းအရာ အတော်များများတွင် မေးခွန်းများစွာအတွက် အဖြေများ သို့မဟုတ် နားလည်ရခက်သည့် အယူအဆ အချို့အတွက် အခြားသော နောက်ထပ်အချက်များလည်း ပါရှိသည်။

ဤဆရာ လက်စွဲစာအုပ်တွင် "အဖြေများ" ပေးထားသည့်နေရာတွင် တိကျသော စကားလုံးအသုံးအနှုန်းများ ကွဲလွဲနိုင်သော်လည်း အများအားဖြင့် မျှော်လင့်ထားသော မှန်ကန်သည့် ဖြေဆိုမှုများ ပါရှိပါသည်။ "ဖြစ်နိုင်ခြေရှိသော အဖြေများ" ဖြင့် ပံ့ပိုးပေးပါက မှန်ကန်သော ဖြေဆိုမှုများ အများအပြား ရရှိမှာဖြစ်ပြီး၊ ပေးထားသည့် အဖြေများသည် ဆရာကို လမ်းညွှန်ရန်အတွက် ဥပမာအနေဖြင့် ပေးထားသည့် အဖြေများသာ ဖြစ်ပါသည်။

ကျောင်းသားများ၏ အဖြေများသည် ထင်မြင်ချက် သို့မဟုတ် အတွေ့အကြုံအပေါ် အခြေခံပြီး ကွဲပြားမည် ဖြစ်ပါသည်။ များသောအားဖြင့် ကျောင်းသားများ၏ ကိုယ်ပိုင်အတွေ့အကြုံ သို့မဟုတ် ထင်မြင်ယူဆချက်များကို အခြေခံထားသော မေးခွန်းများအတွက် အဖြေများ မပါရှိပါ။

## ပြင်ဆင်ခြင်း

အတန်းထဲတွင် သင်ခန်းစာများကို မသင်ကြားမီတွင် လေ့ကျင့်ခန်း များကို လုပ်ဆောင်ရန်နှင့် လေ့ကျင့်ခန်းများတွင် လုပ်ဆောင်ရန် လိုအပ်သည့် အရာများနှင့် အကျွမ်းတဝင်ရှိအောင် လုပ်ဆောင်ရန် အတွက် ဆရာ၊ ဆရာမများကို တိုက်တွန်းအပ်ပါသည်။ ၎င်းသည် ဆရာ၊ ဆရာမများအား ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် သင်ခန်းစာ များကို တင်ပြရန်နှင့် သင်ကြားပေးရန်အတွက် ယုံကြည်မှု ရှိစေပေမည်။ ကျောင်းသားများတွင် ရှိနိုင်သည့် အယူအဆများ၊ မေးခွန်းများ သို့မဟုတ် လုပ်ဆောင်ချက်များ၏ အခက်အခဲများကို စဉ်းစားတွေးခေါ်ပြီး နားလည်နိုင်စေမည် ဖြစ်သည်။

အချို့သော လုပ်ဆောင်ချက်များသည် ဖလစ်ချပ်များ၊ ဘောပင်များ၊ ကပ်ခွာစာရွက်များ သို့မဟုတ် အင်တာနက်ရရှိမှု ကဲ့သို့သော အရင်းအမြစ်များ လိုအပ်ပြီး၊ ဝေပေးရန်အတွက် စာသားများကို ကော်ပီကူးထားခြင်း ကဲ့သို့သော နောက်ထပ် ပြင်ဆင်မှု အချို့လည်း လိုအပ်နိုင်ပါသည်။

## စာသင်ခန်းအတွင်း *အကြိုသင်ခန်းစာများ*ကို အသုံးပြုခြင်း

> အကြိုသင်ခန်းစာများသည် သင်ခန်းစာအတွင်းမှ အခန်းများနှင့် အပိုင်းများကို မိတ်ဆက်ပေးပါသည်။ ၎င်းတို့သည် ကျောင်းသားများ၏ ကြိုတင်သိရှိထားသော အသိပညာကို အားဖြည့်ပေးရန်နှင့် သင်ခန်းစာ ခေါင်းစဉ်နှင့် ပတ်သက်ပြီး ၎င်းတို့၏ တွေးခေါ်မှုကို လှုံ့ဆော်ပေးရန် ရေးဆွဲထားခြင်းဖြစ်သည်။

သင်ခန်းစာတစ်ခု စတင်ရန် အကြိုသင်ခန်းစာများကို အသုံးပြုနိုင်ပါသည်။ ခေါင်းစဉ်အသစ် တစ်ခုကို အကြိုလေ့ကျင့်မှုဖြင့် မိတ်ဆက်ပေးသောအခါ ကျောင်းသားများအနေဖြင့် စာမျက်နှာပေါ်ရှိ ပါပြီးသား အချက်အလက်များကိုပဲ ထပ်ပြောနေသည်မျိုး မဖြစ်စေရန်အတွက် အကြိုလေ့ကျင့်မှုတွင် သူတို့၏ စာအုပ်များကို ပိတ်ထားစေချင်ပေမည်။

## စာသင်ခန်းအတွင်း *လေ့ကျင့်ခန်းများ*ကို အသုံးပြုခြင်း

> လေ့ကျင့်ခန်းများသည် စာသားတွင် ဖော်ပြထားသည့် အချက်အလက်၊ အယူအဆများနှင့် ပတ်သက်ပြီး ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် လေ့ကျင့်ခန်းများမှာ အဖြေမှန် ရွေးချယ်ခြင်း၊ အမှား၊ အမှန် ရွေးချယ်ခြင်း၊ အမျိုးအစား တွဲခြင်း သို့မဟုတ် အမျိုးအစားခွဲခြားခြင်းတို့ ပါဝင်သည်။

အတန်းများတွင် လေ့ကျင့်ခန်းများ ပြုလုပ်ရန်အတွက် စီမံခန့်ခွဲပုံသည် ကွဲပြားနိုင်သည်။ ဥပမာအားဖြင့် အတန်းတစ်ခု၏ မတူညီသော အုပ်စုအဖွဲ့ဝင်များ သို့မဟုတ် အုပ်စုတစ်စုအား မတူညီသော မေးခွန်းများကို ဖြေဆိုရန်အတွက် တာဝန်ခွဲဝေပေးနိုင်သည်။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်စကားလုံးများဖြင့် အဖြေများ ပေးရန်နှင့် စာအုပ်ထဲမှ စာသားများအတိုင်း ပြန်လည် ပြောဆိုတာမျိုး မလုပ်ရန် တွန်းအားပေးပါ။

ကျောင်းသားများနှင့် အပြန်အလှန် ပြောဆိုပြီး သင်ခန်းစာ ခေါင်းစဉ်ကို ပိုမိုပြီး လေးလေးနက်နက် တွေးတောနိုင်စေမည့် လေ့ကျင့်ခန်း မေးခွန်းတစ်ခုမှ နောက်ဆက်တွဲ မေးခွန်းများ ထုတ်ရသည်မှာ လွယ်ကူပါသည်။ သင့်အနေဖြင့် နောက်ဆက်တွဲ မေးခွန်းအချို့ကို ကြိုတင်ပြင်ဆင်ထားနိုင်ပါသည်။ ထိုသို့ ပြုလုပ်ပါက မူရင်းမေးခွန်းများကို အခြေခံပြီး ထွက်ပေါ်လာသည့် နောက်ဆက်တွဲ မေးခွန်းများကို အခြားသော ကျောင်းသား၊ အတွဲလိုက် သို့မဟုတ် အဖွဲ့ထံ ပေးပို့နိုင်ပါသည်။ ဥပမာ "ဘာကြောင့်လဲ" သို့မဟုတ် "အခြားဥပမာတွေက ဘာတွေလဲ။"

## စာသင်ခန်းအတွင်း *လုပ်ငန်းစဉ်များ*ကို အသုံးပြုခြင်း

> လုပ်ငန်းစဉ်များသည် ကျောင်းသားများအား စာသားတွင် ဖော်ပြထားသည့် အယူအဆများကို ပိုမို နက်နဲစွာ အသုံးချရန် တွန်းအားပေးပါသည်။

လုပ်ဆောင်ချက်များတွင် အများအားဖြင့် စာသားထဲတွင် တိုက်ရိုက်ဖော်ပြထားသည်ထက် ကျော်လွန်တွေးခေါ်မှုနှင့် ဆွေးနွေးမှုကို ဖြစ်စေရန်အတွက် အဖွင့်မေးခွန်းအချို့ ပါဝင်သည်။ လုပ်ဆောင်ချက်များသည် ပိုစတာများကို ဒီဇိုင်းထုတ်ခြင်း၊ သရုပ်ဆောင် တင်ဆက်မှုများ ပြုလုပ်ခြင်း၊ သုတေသနပြုခြင်း၊ ပြန်လည်တင်ပြရန် အစီအစဉ်ဆွဲခြင်း သို့မဟုတ် အဖွဲ့လိုက် ပြဿနာဖြေရှင်းခြင်း ကဲ့သို့သော လုပ်ဆောင်ချက်များဖြင့် တီထွင်ဖန်တီးနိုင်စွမ်းနှင့် အဖွဲ့လိုက် လုပ်ဆောင်ခြင်းကို အားပေးလေ့ ရှိပါသည်။

အချို့သော လုပ်ဆောင်ချက်များသည် အခြားအရာများထက် ပိုကြာပါလိမ့်မည်။ ၎င်းတို့ကို သင်ကိုယ်တိုင် ကြိုတင်စဉ်းစား ထားခြင်း သို့မဟုတ် ၎င်းတို့ကို သင်ကိုယ်တိုင် ကြိုတင်လုပ်ဆောင် ထားခြင်းသည် သင်၏ သင်ခန်းစာကို ပြင်ဆင်ရာတွင် အသုံးဝင်ပါသည်။

လုပ်ငန်းစဉ်များ အားလုံးတွင် *ရည်ရွယ်ချက်၊ လက်တွေ့ လုပ်ဆောင်ချက်များနှင့် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ* အကွက်တစ်ခု ရှိသည်။ ဤအကွက်များတွင် အကြမ်းဖျင်း ဖော်ပြထားသည်မှာ –

- **ရည်ရွယ်ချက်။** အဓိက လုပ်ဆောင်ရမည့်အရာ – ရလဒ် အနေဖြင့် ကျောင်းသားများ ပြုလုပ်ရရှိရမည့်အရာ။
- **လက်တွေ့လုပ်ဆောင်မှုများ။** လုပ်ဆောင်ရာတွင် လိုအပ်သည့် အရာ – အုပ်စုဖွဲ့ခြင်း၊ လိုအပ်သည့် သင်ထောက်ကူ ပစ္စည်းများ၊ ကြာချိန်၊ စသည်ဖြင့်။
- **ကြိုတင်ပြင်ဆင်မှု။** စာသင်ခန်းအတွင်းတွင် လုပ်ဆောင်ချက် များ မပြုလုပ်မီ ဆရာတစ်ဦးမှ စုဆောင်းရန်၊ ဖန်တီးရန် သို့မဟုတ် စုစည်းရန်အတွက် လိုအပ်သောအရာများ။ ကြိုတင်ပြင်ဆင်မှုအတွက် ထူးထူးခြားခြား မလိုအပ်ပါက၊ ၎င်းသည် လုပ်ဆောင်ရန် မလိုအပ်ဟု ပြောထားမည်ဖြစ်သည်။

ဥပမာအားဖြင့် –

**ရည်ရွယ်ချက်။** ကျောင်းသားများသည် မီဒီယာရှိ ဂျန်ဒါ ပုံသေသတ်မှတ်ချက်များ၏ ဥပမာများကို သုံးသပ်ရမည်။
**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် အလုပ်လုပ်ကြရမည်။
**ကြိုတင်ပြင်ဆင်မှု။** ကျောင်းသူ/သားများသည် အွန်လိုင်းတွင် ရှာဖွေရန် အင်တာနက်မရနိုင်ပါက သတင်းစာများ (သို့မဟုတ်) မဂ္ဂဇင်းများကိုပေးပါ။

## အပိုဆောင်း လုပ်ငန်းစဉ်များ

ကျောင်းသား လက်စွဲစာအုပ်တွင် မပါဝင်သည့် နောက်ထပ် ပြုလုပ်ရမည့် လုပ်ဆောင်ချက် အချို့ကို ဤဆရာလက်စွဲစာအုပ်တွင် တွေ့ရှိနိုင်သည်။ ၎င်းတို့သည် ကျောင်းသားများအား အချို့သော အကြောင်းအရာများကို ပိုမိုနက်နဲစွာ စူးစမ်းလေ့လာစေပါသည်။ ၎င်းတို့သည် အိမ်စာလုပ်ရန်၊ အင်တာနက် အသုံးပြုရန်၊ စာပေ သို့မဟုတ် ကွင်းဆင်း သုတေသနပြုရန် သို့မဟုတ် အတန်းချိန် ပြင်ပတွင် အဖွဲ့များဖွဲ့၍ ကျောင်းသားများ အတူတကွ လုပ်ဆောင်ရန် လိုအပ်နိုင်သည်။

အချို့သော အပိုဆောင်း လုပ်ငန်းစဉ်များကို ဖော်ပြထားသည့် စာရွက်များအား နောက်ဆက်တွဲတွင် တွေ့နိုင်ပါသည်။

## စာသင်ခန်းအတွင်း *ဆွေးနွေးချက်များ*ကို အသုံးပြုခြင်း

ဆွေးနွေးချက်များသည် ၎င်းတို့ သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ရန်နှင့် ၎င်းတို့ လေ့လာခဲ့သည့် အကြောင်းအရာများနှင့် စပ်လျဉ်းသည့် ပိုမိုကျယ်ပြန့်သော မေးခွန်းများကို ဆွေးနွေးရန် အခွင့်အလမ်းများ ပေးပါသည်။

အတန်းလိုက် သို့မဟုတ် အဖွဲ့လိုက် ဆွေးနွေးမှုများကို စီမံခန့်ခွဲခြင်း၏ အရေးကြီးသော ကဏ္ဍတစ်ခုမှာ ပြောဆိုချက် သို့မဟုတ် အမြင်ရှုထောင့်တစ်ခုကို ဘာ့ကြောင့် ထောက်ခံရသည် ဆိုသည်ကို အကြောင်းပြချက်များပေးခြင်းဖြင့် ကျောင်းသားများအား တွေးခေါ်နိုင်စေရန်ဖြစ်သည်။ အတန်းအတွင်း ဆွေးနွေးမှုများသည် အချိန်ကြာမြင့်နိုင်သောကြောင့် သင့်အနေဖြင့် အချိန်ကန့်သတ်ထားပြီး ထိုအချိန်အတွင်း ဆွေးနွေးမှုများကို နိဂုံးချုပ်ရန် လိုအပ်ပါသည်။

## စာသင်ခန်းအတွင်း *ဖြစ်ရပ်လေ့လာချက်များ*ကို အသုံးပြုခြင်း

*ဖြစ်ရပ်လေ့လာချက်များ*သည် အဓိက သင်ခန်းစာ အကြောင်းအရာနှင့် ဆက်စပ်နေသည်။ ၎င်းတို့သည် လုပ်ဆောင်ရမည့် သင်ခန်းစာ အကြောင်းအရာ သို့မဟုတ် အဆိုပါ အကြောင်းအရာသည် မြန်မာနိုင်ငံ သို့မဟုတ် အခြားနိုင်ငံနှင့် ဆက်စပ်နေသည့် ဥပမာများဖြစ်သည်။

ဖြစ်ရပ်လေ့လာချက်များတွင် သင်ခန်းစာ အကြောင်းအရာ၏ ဒေသတွင်းနိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံအခြေပြု ဥပမာနှင့် မေးခွန်းများစွာ ပါဝင်ပါသည်။ ကျောင်းသားများသည် သင်ခန်းစာမှ လေ့လာသင်ယူထားသည့် ၎င်းအချက်များကို လက်တွေ့ဘဝ အခြေအနေများတွင် အသုံးချရန်အတွက်လည်း အသုံးပြုနိုင်သည်။

## သင်တန်းအပြီး စစ်ဆေးမှုများနှင့် ပြုလုပ်ရမည့် ပရောဂျက်များ

စာအုပ်တွင် သင်တန်းပြီးဆုံးပြီးနောက် ဖြေဆိုရန်အတွက် စစ်ဆေးမှုတစ်ခု ပါဝင်ပြီး စာအုပ်၏ အဆုံးတွင် ရွေးချယ်ပြီး ပြုလုပ်ရမည့် ပရောဂျက်များကို ဖော်ပြထားပါသည်။ ၎င်းတို့သည် ကျောင်းသားများအနေဖြင့် သင်တန်းတစ်လျှောက်လုံးမှ ရရှိသည့် အရာများနှင့် ကျွမ်းကျင်မှုများကို လက်တွေ့ ပရောဂျက်တစ်ခုအဖြစ် အသုံးချခြင်းတို့ ပါဝင်ပါသည်။

စာအုပ်၏ အဆုံးတွင် စာအုပ်၏ အခန်းများအားလုံးမှ အကြောင်းအရာများအားလုံး ပါဝင်သည့် အဖြေမှန် ရွေးချယ်ရသော အကဲဖြတ်စစ်ဆေးမှု မေးခွန်းလွှာတစ်ခု ပါရှိပါသည်။

စည်းရုံးလှုံ့ဆော်မှု ပရောဂျက်၊ သုတေသန ပရောဂျက်၊ အနုပညာ ပရောဂျက်နှင့် ကိုယ်တိုင်လေ့လာပြုလုပ်သည့် ပရောဂျက်များ အတွက်လည်း အကြံပြုချက်များ ပေးထားပါသည်။

သင်နှစ်သက်ပါက ၎င်းတို့ထဲမှ တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသော ပရောဂျက်ကို သင်တန်း၏ နောက်ဆုံး အကဲဖြတ် စစ်ဆေးမှုတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။

## အပိုဆောင်း အရင်းအမြစ်များ

ဗီဒီယိုများ၊ ရုပ်ပြများ၊ ပညာရေးဆိုင်ရာ အရင်းအမြစ်များ၊ toolkits များနှင့် အခြားအထောက်အကူပြု အရင်းအမြစ်များစွာ စုစည်းထားသော လင့်ခ်ကို ဆရာကိုင်စာအုပ် အခန်းတစ်ခန်းစီရဲ့ အစ စာမျက်နှာတွင် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုပြီး

မြင်တွေ့နိုင်ပါတယ်။ ဤအရင်းအမြစ်များသည် သင်ခန်းစာထဲပါ အကြောင်းအရာများကို သင်ကြားခြင်း မပြုမီ၊ သင်ကြားနေစဉ် (သို့မဟုတ်) သင်ကြားပြီးနောက်ပိုင်းတွင် ဆရာနှင့် ကျောင်းသားများ အတွက်ပါ အသုံးဝင်နိုင်ပါသည်။

## ဤသင်တန်း သင်ကြားခြင်းနှင့် ပတ်သက်ပြီး သတိထားရမည့် အချက်များ

### ဂျန်ဒါသည် ထိလွယ်ရှလွယ်သော အကြောင်းအရာတစ်ခုဖြစ်သည်

ဂျန်ဒါသည် လူတိုင်းအပေါ် သက်ရောက်မှုရှိသည်။ ဂျန်ဒါနှင့် ဆက်နွယ်သော ပြဿနာများကို ဆွေးနွေးရန် ခက်ခဲနိုင်သည်။ ကျောင်းသူ ကျောင်းသားအားလုံးသည် ၎င်းတို့၏ အတွေးအမြင် များနှင့် ခံစားချက်များကို ဝေမျှပြောဆိုရန် လုံခြုံသည်ဟု ခံစားရနေစေရန် အရေးကြီးပါသည်။ တစ်ဦးချင်းစီတိုင်းသည် အတန်းထဲတွင် လွတ်လွတ်လပ်လပ် ပြောဆိုရန်နှင့် အခြားသူများ၏ အတွေးအမြင်များကို ကောင်းမွန်စွာ နားထောင်ရန်အတွက်လည်း သက်သောင့်သက်သာ ဖြစ်နေရန် လိုအပ်သည်။

### ဂျန်ဒါသည် ပျော်စရာတစ်ခု ဖြစ်နိုင်သည်

ကျွန်ုပ်တို့၏ ဘဝများတွင် ဂျန်ဒါကွဲပြားမှုများကို သိမြင်နားလည် စေရန်အတွက် ဟာသကို အသုံးပြုနိုင်သည်။ လေးနက်သော ကိစ္စရပ်များကို ဆွေးနွေးသောအခါတွင် ၎င်းသည် အဖွဲ့အုပ်စုများ အတွက် အလွန်အထောက်အကူ ဖြစ်စေနိုင်သည်။ ဟာသကို မကောင်းသောနည်းဖြင့် အသုံးပြုသည့်အခါ ထိခိုက်နစ်နာစရာများ ဖြစ်နိုင်ပါသည်။ ကျောင်းသားများအနေဖြင့် ပုံသေသတ်မှတ်ချက် ဟာသပြက်လုံးများနှင့် ထိခိုက်စေသော စကားလုံးအသုံးအနှုန်းများ မသုံးရန် သေချာနေဖို့ လိုအပ်ပါသည်။

### စာသင်ခန်း စီမံခန့်ခွဲမှု

သင့်အနေဖြင့် ဂျန်ဒါ (ကျား၊ မ၊ အခြား) ရောနှောထားသော အတန်းဖြစ်လျှင် အချို့သော လှုပ်ရှားမှုများနှင့် ဆွေးနွေးမှုများသည် အထူးသဖြင့် သင်ခန်းစာ ခေါင်းစဉ်သည် ကျောင်းသားများကို ပုဂ္ဂိုလ်ရေးအရ သက်ရောက်မှုရှိစေသော ကိစ္စရပ်များ ပါဝင်နေပါက ပိုမိုလွယ်ကူစေပါသည်။

အခြားသော လှုပ်ရှားမှုများသည် ဂျန်ဒါ ရောနှောထားသော အုပ်စုများတွင် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်သည်။ ထိုမှတဆင့် တိုက်ရိုက်နားလည်မှုနှင့် အယူအဆများ ဖလှယ်နိုင်မှု တို့ကို ရရှိစေမည်ဖြစ်သည်။ သင်ခန်းစာတစ်ခု မစမီတွင် လှုပ်ရှားမှု တစ်ခု သို့မဟုတ် ဆွေးနွေးမှုတစ်ခု ပြုလုပ်ရန်အတွက် အတန်းကို မည်သို့ စီမံခန့်ခွဲရမည်ကို စဉ်းစားပါ။

### လိုက်လျောညီထွေ ဖြစ်ပါစေ

သင်၏ အတန်းလိုအပ်ချက်နှင့် ကိုက်ညီအောင် သင်ကြားပေးပါ။ စာအုပ်ထဲက စကားလုံးအတိုင်း ဖြစ်နေဖို့ မလိုအပ်ပါ။ ဥပမာ – အခန်းခွဲများရှိ လေ့ကျင့်ခန်းတိုင်းနှင့် လုပ်ဆောင်ချက်တိုင်းကို ပြုလုပ်ရန်အတွက် အချိန် မလုံလောက်ပါက အချိန်ကြာမြင့်မည် သို့မဟုတ် သင်၏ ကျောင်းသားများနှင့် ရင်းနှီးနေပြီးသားဖြစ်မည့် အပိုင်းများကို ချန်ထားနိုင်ပါသည်။

ဘာသာရပ်ကို ပိုမိုနက်ရှိုင်းစွာ သင်ကြားလိုပါက စာအုပ်ထဲတွင် ဖော်ပြထားသည့် စာအုပ်များ၊ မှတ်တမ်းရုပ်ရှင်များ၊ ဝက်ဆိုဒ်များ၊ မဂ္ဂဇင်းများ စသည့် ပစ္စည်းများဖြင့် ဖြည့်စွက်သင်ကြားနိုင်သည်။

ပစ္စည်းများရရန် အလွန်ခက်ခဲပါက အရေးအကြီးဆုံး အစိတ်အပိုင်းများကိုသာ သင်ကြားပေးပြီး နားလည်ကျွမ်းကျင်သော ကျောင်းသားများမှ အားနည်းသော ကျောင်းသားများကို ကူညီဖေးမနိုင်စေရန်အတွက် ကျောင်းသားများကို အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက် ခွဲပြီး သင်ကြားနိုင်သည်။ အကယ်၍ သင်ခန်းစာများသည် အလွန်ခက်ခဲနေပါက အရေးအကြီးဆုံး အပိုင်းများကိုသာ သင်ကြားပေးပါ။ အားနည်းသော ကျောင်းသားများကို အားသာသော ကျောင်းသားများက ကူညီပေးနိုင်စေရန်အတွက် ကျောင်းသားများကို အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် ဖွဲ့ပြီး လေ့လာခိုင်းပါ။ အကယ်၍ ဘာသာစကား အခက်အခဲ ရှိပါက (အင်္ဂလိပ်စာသည် ကျောင်းသားများအတွက် အလွန်ခက်ခဲနေပါက) မြန်မာဘာသာ စကားကို အသုံးပြုရန် စဉ်းစားပါ။ သို့မဟုတ် ကျောင်းသားများ အတွက် အသုံးပြုရန်နှင့် ကိုးကားရန်အတွက် ဘာသာစကား နှစ်မျိုးစလုံးကို အသုံးပြုရန်အတွက် စဉ်းစားပါ။

သင်၏ အချိန်ဇယား၊ ကျောင်းသား၏ စိတ်ဝင်စားမှု၊ ၎င်းတို့၏ အသိပညာအဆင့်နှင့် သင်၏ သင်တန်း သို့မဟုတ် သင်ခန်းစာ ရည်မှန်းချက်များနှင့် ကိုက်ညီသည့် အတန်းအတွင်းရှိ လုပ်ဆောင်ရမည့် အရာများကို ခပ်များများ (သို့မဟုတ် အနည်းငယ်) ပြုလုပ်ပါ။



# အခန်း ၀၁

# လိင်၊ ဂျန်ဒါနှင့် ဖြစ်တည်မှု

**အခန်း (၁) မာတိကာ**

၁.၁ | ဇီဝလိင်နှင့် ဂျန်ဒါ (လူမှုလိင်) ..... ၈
၁.၂ | ဂျန်ဒါ အခန်းကဏ္ဍများနှင့် ပုံသေသတ်မှတ်ချက်များ ..... ၁၄
၁.၃ | ဖြစ်တည်မှု ဝိသေသလက္ခဏာ (Identity) နှင့် မတူကွဲပြားသော လက္ခဏာရပ်များနှင့် ဖြစ်တည်မှု အခြေအနေများ (Intersectionality) ..... ၂၈

**အခန်း (၁) အတွက် အပို ရည်ညွှန်းကိုးကားချက်များ**

**အမျိုးသမီးကောင်းတစ်ဦး** – ဗီဒီယို (မြန်မာဘာသာကို အင်္ဂလိပ်ဘာသာ စာတန်းထိုးဖြင့်) https://bit.ly/41CKCQN



# ၁.၁ | ဇီဝလိင်နှင့် ဂျန်ဒါ (လူမှုလိင်)

## က။ အကြိုသင်ခန်းစာ

၁။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတစ်တွဲဖြစ်စေ၊ သို့မဟုတ် အဖွဲ့လိုက်ဖြစ်စေ ကျောင်းသားများသည် မေးခွန်းများကို စဉ်းစားပါ။
- သူတို့သည် ၎င်းတို့၏ အဖြေများကို တစ်နေရာရာတွင် (ဥပမာ - ဗယာ:တစ်ခုတွင်) ရေးမှတ်ပါ။
- သူတို့သည် ၎င်းတို့ကို သင်တန်းပြီးဆုံးသည်အထိ ထားကြရမည်ဖြစ်ပြီး၊ ပြန်လည်ကြည့်ရှုကာ ဆင်ခြင်သုံးသပ်နိုင်ပါသည်။

| ဂျန်ဒါနဲ့ ပတ်သက်ပြီး ဘာတွေ သိထားလဲ။ | ဂျန်ဒါနဲ့ ပတ်သက်ပြီး သိထားတဲ့ အပေါ် ဘယ်လို ထင်လဲ။ | ဂျန်ဒါနဲ့ ပတ်သက်ပြီး ဘာသိချင်တာလဲ။ |
|---|---|---|
| | | |

၂။ ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ ဖြစ်နိုင်ပါက အမျိုးသားရော အမျိုးသမီးပါ ပါဝင်သည့် အုပ်စုအဖွဲ့များ ပါဝင်နိုင်အောင် ကြိုးစားပါ။
- အမျိုးသမီး ရုပ်ပုံဆွဲရန် အဖွဲ့တစ်ဝက်ကို တာဝန်ပေးပါ။
- အမျိုးသား ရုပ်ပုံဆွဲရန် အဖွဲ့တစ်ဝက်ကို တာဝန်ပေးပါ။
- ဆံပင်ပုံစံနှင့် အဝတ်အစားများကဲ့သို့သော အသေးစိတ်အချက်အလက်များကို တတ်နိုင်သမျှ ထည့်သွင်းရန် သူတို့ကို တိုက်တွန်းပါ။

၃။ အုပ်စုတစ်ခုစီသည် ဆန့်ကျင်ဘက်လိင်ပုံဆွဲသော အခြားအုပ်စုဆီသို့ သွားပြီး ကြည့်ရမည်။ ပုံတွေကို သေသေချာချာ နှိုင်းယှဉ်ပြီး ပုံတွေကြားမှာ မြင်ရသည့် ကွဲပြားမှုပုံစံများကို စာရင်းပြုစုရမည်။
- သူတို့၏ အမျိုးသမီးနှင့် အမျိုးသားပုံများ အကြားရှိ သူတို့ ခွဲခြားထားသော ကွဲပြားမှုတစ်ခုစီကို ဆွေးနွေးကြရမည်။
- သူတို့သည် ၎င်းကွဲပြားမှုများကို သူတို့၏ မွေးရာပါ ဇီဝသဘောလက္ခဏာများနှင့် လေ့လာသင်ယူရသည့် ဇီဝသဘောလက္ခဏာများ (သို့မဟုတ် သင်ကြားခံရသည့်) အဖြစ် အမျိုးအစား ခွဲကြရမည်။

၄။ အတန်းတစ်ခုလုံးအနေဖြင့် ဗိုက်ဘုတ်ပေါ်တွင် စာရင်းနှစ်ခု ပြုလုပ်ပါ။ *လူတို့ မွေးဖွားလာစဉ်က ပါလာသော ကွာခြားချက်များနှင့် လူတို့ သင်ယူခဲ့သော ကွာခြားချက်များ။*

## ၁။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် မှန်ကန်သောအဖြေ သို့မဟုတ် အဖြေများကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ ခ

၂။ ဃ

၃။ ခ

၄။ က၊ ဂ၊ ဃ

၅။ ဂ၊ ဃ

## ဂ။ လုပ်ငန်းစဉ်

**ဝိသေသလက္ခဏာများကို အမျိုးအစားခွဲပါ။**

**ရည်ရွယ်ချက် –** ကျောင်းသားများသည် လိင်နှင့် ဂျန်ဒါဆိုင်ရာ ဝိသေသလက္ခဏာများကို ခွဲခြားနိုင်မည်။

**လက်တွေ့လုပ်ဆောင်မှုများ –** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် နှစ်ဦးတစ်တွဲဖြစ်စေ သို့မဟုတ် အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု –** မရှိပါ။

၁။ ကျောင်းသားများသည် ဇယားရှိ မှန်ကန်သော အကွက်တွင် လိင်နှင့် ဂျန်ဒါ၏ ဝိသေသလက္ခဏာများကို ရေးရမည်။
၂။ *၁.၁ (က)* တွင် သူတို့ လုပ်ခဲ့သော ပုံများကို ကြည့်ရှုပြီး ၎င်းတို့၏ ပုံများမှ အခြားသော ဝိသေသလက္ခဏာရပ်များကို ဇယားရှိ မှန်ကန်သော အကွက်ထဲသို့ ထည့်ကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

**လိင်**

- ခရိုမိုဇုန်းများ
- ဟော်မုန်းများ
- မိန်းမကိုယ်
- ဝှေးစေ့
- မျိုးပွားအင်္ဂါများ
- မပြောင်းလဲပါ

**ဂျန်ဒါ**

- လူမှုအသိုင်းအဝိုင်း၏ မျှော်လင့်ချက်များ
- မတူညီသော ယဉ်ကျေးမှုများအကြား ကွဲပြားမှု
- အပြုအမူများ
- အခန်းကဏ္ဍများ
- ပေါင်းသင်းနေထိုင်မှုများ
- အဝတ်အစား၊ ဆံပင်ပုံစံများ
- အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည်

## ဃ။ လေ့ကျင့်ခန်း

**မှတ်ချက်။** ဤလေ့ကျင့်ခန်းတွင် ဂျန်ဒါနှင့် ပတ်သက်သော ဖော်ပြချက်အချို့ဖြစ်သည့် "အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ စိတ်ခံစားချက်များသည်" သို့မဟုတ် "မိန်းကလေးများသည် ယောကျ်ားလေးများထက် ပို၍ နူးညံ့သိမ်မွေ့သည်" ဆိုသော ဖော်ပြချက်များသည် သေချာပေါက် အဖြစ်အမှန် မဟုတ်ကြောင်း ထောက်ပြပါ။ ၎င်းတို့သည် အချို့သောလူများ ယုံကြည်နိုင်လောက်သည့် ဂျန်ဒါနှင့် သက်ဆိုင်သော ပုံသေသတ်မှတ်ချက်ဆိုင်ရာ ဥပမာများ ဖြစ်သည်။

- ထုတ်ပြန်ချက်တစ်ခုစီသည် လိင်၏ ဝိသေသလက္ခဏာများလား သို့မဟုတ် ဂျန်ဒါ၏ ဝိသေသလက္ခဏာများလား ဆိုသည်ကို ကျောင်းသားများက ဆုံးဖြတ်ကြရမည်။

**အဖြေများ**

**လိင်** – ၂၊ ၃၊ ၆၊ ၇၊ ၉၊ ၁၃၊ ၁၈

**ဂျန်ဒါ** – ၁၊ ၄၊ ၅၊ ၈၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇

## အပိုဆောင်း လုပ်ငန်းစဉ်

**အချင်းချင်း သင်ကြားခြင်း - အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် လိင်နှင့် ဂျန်ဒါကို ရှင်းပြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း လုပ်ဆောင်ပြီးနောက် (၄) ယောက်တွဲ အုပ်စုတွင် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** *နောက်ဆက်တွဲ* (Appendix) *တွင် ပါရှိသော လုပ်ရှားမှုအပို ၁.၁ – လိင်နှင့် ဂျန်ဒါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ကူးယူပြီး* ဖြတ်တောက်ပါ။ ကျောင်းသား တစ်ဦးလျှင် လိင်နှင့် ဂျန်ဒါတစ်ခုစီ လိုအပ်ပါသည်။

၁။ တစ်ဦးချင်းအလိုက်အနေဖြင့် ကျောင်းသားများသည် လိင်နှင့် ဂျန်ဒါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖတ်ကြရမည်။
၂။ လေးယောက်တစ်တွဲ အုပ်စုများတွင် သူတို့၏ အဓိပ္ပာယ်တွေကို သူတို့၏ ကိုယ်ပိုင်စကားလုံးများဖြင့် တစ်ယောက်ကို တစ်ယောက် ရှင်းပြရမည်။
၃။ သူတို့သည် အဓိပ္ပာယ်ဖွင့်ဆိုချက်များ အားလုံးကို ဖတ်ကြရမည်။
၄။ အုပ်စုများသည် ၎င်းတို့အတွက် အသုံးအဝင်ဆုံးနှင့် အရှင်းလင်းဆုံးဖြစ်သည့် ဂျန်ဒါ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခု ဖြစ်၊ မဖြစ်ကို ဆုံးဖြတ်ရမည်။
၅။ တစ်တန်းလုံးအနေဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြန်လည် ဆွေးနွေးကြရမည်။

## အပိုဆောင်း လုပ်ငန်းစဉ်

### ဂျန်ဒါကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါကို အဓိပ္ပာယ် ဖွင့်ဆိုရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် သို့မဟုတ် အတန်းတစ်ခုအနေဖြင့် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အုပ်စုအလိုက် သို့မဟုတ် တစ်တန်းလုံးအနေဖြင့် ကျောင်းသားများသည် ၎င်းတို့အားလုံး သဘောတူနိုင်သည့် ဂျန်ဒါ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို ဆွေးနွေးပြီး အဓိပ္ပာယ် ဖွင့်ဆိုကြရမည်။

- အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် *ဂျန်ဒါ*၏ အဓိကလက္ခဏာရပ်များ ပါဝင်နေရမည်။

၂။ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စာရွက်ကြီးတစ်ခုပေါ်တွင် ရေးသားပြီး ဂျန်ဒါသင်ခန်းစာများ သင်ယူနေစဉ် တစ်လျှောက်လုံး နံရံတွင် ချိတ်ဆွဲထားပါ။ ကျောင်းသားများ ပြန်လည်ကြည့်ရှုကာ စဉ်းစားနိုင်စေရန်ဖြစ်သည်။

## ၄။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် မှန်ကန်သော အဖြေများကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ ဂ၊ ဃ၊ င

၂။ က၊ ခ၊ စ

## အပိုဆောင်း လုပ်ငန်းစဉ်

**သက်ဆိုင်ရာ အကြောင်းအရာများ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ၎င်းတို့၏ အခြေအနေများနှင့် သက်ဆိုင်သော အကြောင်းအရာ ခေါင်းစဉ်များကို စူးစမ်းလေ့လာရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ ကျောင်းသားများသည် ယခုလက်ရှိတွင် သူတို့အတွက် သို့မဟုတ် သူတို့၏ ရပ်ရွာလူထုနှင့် သက်ဆိုင်သည့် ဂျန်ဒါနှင့် ဆက်နွယ်သော အကြောင်းအရာများကို အုပ်စုလိုက် အနေဖြင့် စာရင်းပြုလုပ်ကြရမည်။

- အကြံဉာဏ်များ ပိုမိုရရှိရန်အတွက် ၎င်းတို့အား အင်တာနက်တွင် ရှာဖွေရန် သို့မဟုတ် သတင်းစာများ၊ မဂ္ဂဇင်းများ၊ တီဗီ စသည်တို့ကို ကြည့်ရှုရန် တိုက်တွန်းပါ။

၂။ ဤအကြောင်းအရာများနှင့် ပတ်သက်သည့် အတန်းစာရင်း တစ်ခု ပြုလုပ်ပါ။

- သင်တန်းကာလအတွင်း မည်သည့် အကြောင်းအရာများသည် ပါထားပြီးသားဖြစ်သည် သို့မဟုတ် မပါဝင်သေးသည်ကို ကြည့်ရှုရန်အတွက် ၎င်းတို့အား စာရင်းနှင့်အတူ ပုံမှန် ပြန်လည်စစ်ဆေးရန် ပြောဆိုပါ။

## ၈။ ဆွေးနွေးချက်

- အတန်းတစ်တန်းလုံးအနေဖြင့် သို့မဟုတ် အုပ်စုလိုက် အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

အမျိုးသမီးတစ်ဦးဖြစ်ခြင်းကို ဇီဝဗေဒအကြောင်း သက်သက် မဟုတ်ဘဲ လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုတို့ဖြင့် ပုံဖော်ထားသည်ဟု ကိုးကားချက်တစ်ခုက ဆိုထားသည်။ ဂျန်ဒါ အခန်းကဏ္ဍနှင့် ဖြစ်တည်မှု ဝိသေသလက္ခဏာများကို ရုပ်ပိုင်းဆိုင်ရာ အင်္ဂါရပ်များကဲ့သို့ သဘာဝအလျောက် ဖြစ်လာသည့် လက္ခဏာရပ်များထက် လူ့အဖွဲ့အစည်း၏ မျှော်မှန်းထားရှိမှုများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ အချိန်ကြာလာသည်နှင့်အမျှ အမျိုးသမီးများသည် ထိုဖြစ်တည်မှုဆိုင်ရာ ဝိသေသလက္ခဏာများဖြင့် မွေးဖွားလာခြင်းထက် အမျိုးသမီးတစ်ဦး ဖြစ်ခြင်းအပေါ် ထားရှိသည့် လူ့အဖွဲ့အစည်း၏ အယူအဆနှင့် အံဝင်ခွင်ကျ ဖြစ်စေသည့် လူမှုစည်းမျဉ်းများနှင့် အတွေ့အကြုံများက လွှမ်းမိုးခံလာကြရသည်။

## ဆ။ ဆွေးနွေးချက်

- အတန်းတစ်တန်း သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၂။ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်း၊ မိသားစု၊ သူငယ်ချင်းများ၊ ကျောင်း၊ အလုပ်၊ ဘာသာရေး၊ မီဒီယာ .....

# ၁.၂ | ဂျန်ဒါ အခန်းကဏ္ဍများနှင့် ပုံသေသတ်မှတ်ချက်များ

## က။ အကြိုသင်ခန်းစာ

- ကျောင်းသားများကို နံရံတစ်ခုသည် "ကျား" နှင့် နံရံတစ်ခုသည် "မ" ဖြစ်ကြောင်းပြောပါ သို့မဟုတ် စာသင်ခန်းရှိ ဆန့်ကျင်ဘက်နံရံများတွင် "ကျား" ဟူသော ဆိုင်းဘုတ်တစ်ခုနှင့် "မ" ဟူသော ဆိုင်းဘုတ်တစ်ခုကို ချထားပါ။

၁။ ကျောင်းသားကိုင် စာအုပ်ထဲတွင်ရှိသော စကားလုံးများကို တစ်လုံးချင်းစီ ရွတ်ပြပါ။ စကားလုံးတစ်လုံးချင်းစီနှင့် ပတ်သက်ပြီး ဆက်စပ်မိသော စကားလုံးများကို တွေးနိုင်ရန် ကျောင်းသားများအား အချိန်ပေးပါ။

- ၎င်းတို့သည် "ကျား" နှင့် ဆက်နွယ်မှုရှိပါက အခန်း၏ ယောကျ်ားဘက်ကို သွားရမည်။
- ၎င်းတို့သည် "မ" နှင့် ဆက်နွယ်မှုရှိပါက အခန်း၏ မိန်းမဘက်ကို သွားရမည်။
- ၎င်းတို့သည် ကျား၊ မ နှစ်မျိုးစလုံးနှင့် ဆက်နွယ်မှုရှိပါက သို့မဟုတ် နှစ်မျိုးစလုံးနှင့် ဆက်နွယ်မှု မရှိပါက အခန်း၏ အလယ်သို့ သွားရမည်။
- ဆက်လက်ပြီး သင်ခန်းစာများ မသွားခင် ထိုစကားလုံး များက အမျိုးသမီး (သို့မဟုတ်) အမျိုးသားများနှင့် *အဘယ်ကြောင့်* ဆက်စပ်နေသလဲဆိုတာကို စဉ်းစားရန် ကျောင်းသားများကို အချိန်ပေးပါ။ လိုအပ်ပါက ကျောင်းသူ ကျောင်းသားများ၏ အတွေးအမြင်များကို မှတ်စုစာအုပ် (သို့မဟုတ်) စာရွက်ပေါ်တွင် ချရေးရန်လည်း အချိန်ပေးပါ။

၂။ အတွဲလိုက်၊ အုပ်စုလိုက် သို့မဟုတ် အတန်းတစ်ခု အနေဖြင့် မေးခွန်းနှစ်ခုကို ဆွေးနွေးပါ။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် အဖြေမှန်ကို ရွေးချယ်ကြရမည်။

**အဖြေများ**

၁။ ခ

၂။ ဂ

၃။ ခ

၄။ က

## ဂ။ လုပ်ငန်းစဉ်

### ရုပ်ပုံများကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါအခန်းကဏ္ဍများနှင့် စပ်လျဉ်းသည့် ရုပ်ပုံများကို ဆန်းစစ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုလိုက် အနေဖြင့် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ကျောင်းသားများသည် ပုံများကိုကြည့်ပြီး မေးခွန်းများကို ဆွေးနွေးကြရမည်။
- လိုအပ်လျှင် ကျောင်းသားများကို အဖွဲ့များခွဲ၍ အဖွဲ့တစ်ခုလျှင် ပုံတစ်ပုံစီ ဝေပေးပါ။ အဖွဲ့များသည် ၎င်းတို့၏ ပုံများနှင့် ဆက်စပ်၍ မေးခွန်းနှစ်ခုကို ဆွေးနွေးပြီးနောက် ၎င်းတို့၏ ပုံနှင့် အတွေးအမြင်များကို အတန်းသို့ တင်ပြပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

**(က)**

၁။ ကောက်ပဲသီးနှံ ကြော်ငြာအဟောင်းတစ်ခု။

၂။ အမျိုးသမီးကို ရှေးရိုးဆန်သော မိခင်တစ်ဦး၏ ပုံစံဖြင့် တင်ဆက်ထားသည်။

**(ခ)**

၁။ အက်ရှင်ရုပ်ရှင် ဇာတ်ကားထဲမှ။

၂။ အမျိုးသားကို သန်မာသူ၊ ရဲရင့်သူ၊ စွန့်စားရတာကို နှစ်သက်တဲ့သူအဖြစ် ပြသထားပါတယ်။

**(ဂ)**

၁။ လူမှုမီဒီယာမှ - ပုံမှာ BTS ဆိုသည့် အမျိုးသားဂီတအဖွဲ့ကို ပြသထားပါတယ်။

၂။ အဖွဲ့ဝင်များသည် အရှေ့အာရှရှိ အမျိုးသားများ၏ အလှအပ စံနှုန်းတစ်ခုကို ဖော်ပြထားပါတယ်။

**(ဃ)**

၁။ လူမှုမီဒီယာမှ - ပုံမှာ တောင်ကိုရီးယား ဘောလုံးသမား ဆွန်ဟောင်မင်ကို ပြထားသည်။

၂။ ကြံ့ခိုင်တဲ့ အမျိုးသားပီသသူ၊ သန်မာပြီး အားကစား ဝါသနာပါသူအဖြစ် ပုံဖော်ထားတယ်။ ပုံ ဂ မှာပါတဲ့ အမျိုးသားတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်ပြီး သူတို့က ချစ်စရာ ကောင်းပြီး သပ်သပ်ရပ်ရပ်ရှိတာကြောင့် ဆွဲဆောင်မှုရှိတဲ့ မတူညီတဲ့ အယူအဆကို သရုပ်ဖော်ထားတယ်။

**(င)**

၁။ ကာဇက်စတန်နိုင်ငံ၏ ပညာရေးဆိုင်ရာ ပစ္စည်းများမှ။

၂။ ၎င်းသည် ပုံသေသတ်မှတ်ချက်ဖြစ်သော မိန်းကလေးများနှင့် ယောကျ်ားလေးများအတွက် ကစားစရာတွေကို ပြသထားပါတယ်။ မိန်းကလေးတွေက အရုပ်တွေ၊ ဝက်ဝံတွေနဲ့ ကစားနေကြပြီး၊ ယောကျ်ားလေးတွေက ကားတွေ၊ ရထားတွေနဲ့ ကစားနေကြပါတယ်။

**(စ)**

၁။ တူကီယဲ (တူရကီ) နိုင်ငံမှ ပညာရေးဆိုင်ရာ ပစ္စည်းများ။

၂။ ကောင်မလေးသည် သူမ၏ အနာဂတ်ကို ဇနီးမယား တစ်ယောက်အဖြစ် စိတ်ကူးနေပြီး ယောကျ်ားလေးသည် သူ၏ အနာဂတ်ကို ဆရာဝန်တစ်ဦးအဖြစ် စိတ်ကူးနေတယ်လို့ ဖော်ပြထားပါတယ်။

**(ဆ)**

၁။ မြန်မာနိုင်ငံ၏ ဘီယာကြော်ငြာတစ်ခုမှ။

၂။ အမျိုးသမီးကို လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုရှိသူအဖြစ် ပုံဖော်ထားပါတယ်။ သူမကိုယ်တိုင် ဘီယာမသောက်ပေမဲ့ ဘီယာသောက်တဲ့သူတွေအတွက် သူမက အလွယ်ရနိုင် လိမ့်မယ်လို့ အဓိပ္ပာယ်သက်ရောက်စေတယ်။

## အပိုဆောင်း လုပ်ငန်းစဉ်

### ယောကျ်ားဖြစ်လာခြင်းနှင့် မိန်းမဖြစ်လာခြင်း

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ယောကျ်ား တစ်ယောက် သို့မဟုတ် မိန်းမတစ်ယောက် ဖြစ်လာပုံကို စူးစမ်းရှာဖွေရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်းလုပ်ဆောင်ကြပြီးနောက် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။ ထို့နောက် အတန်းတစ်ခု အနေဖြင့် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မေးခွန်းများကို ဘုတ်ပေါ်တွင် သို့မဟုတ် ဖလစ်ချပ် စာရွက်ပေါ်တွင် ရေးချထားပါ။

၁။ ကျောင်းသားများသည် တစ်ဦးချင်းအလိုက် မေးခွန်းများ အတွက် ၎င်းတို့၏ အဖြေများကို ရေးချရမည်။

- ကလေးဘဝတုန်းက ဘယ်သူတွေနဲ့ ဘာတွေနဲ့ အတူ ကစားခဲ့ပါသလဲ။
- ဘာအဝတ်အစားတွေ ဝတ်ခဲ့ပါသလဲ။
- ကြီးပြင်းလာတဲ့အခါ သင်ဘာဖြစ်ချင်ခဲ့ပါသလဲ။
- သင်၏ သူရဲကောင်းတွေက ဘယ်သူတွေလဲ။
- လူ့အဖွဲ့အစည်းက သင့်ကို ဘယ်လို ပြုမူနေထိုင်ဖို့ မျှော်လင့်ခဲ့ပါသလဲ။

- အိမ်နှင့် ကျောင်းတွင် မိန်းကလေးတွေ၊ ယောက်ျားလေးတွေအတွက် စည်းမျဉ်း စည်းကမ်းတွေနဲ့ မျှော်လင့်ချက်တွေက ကွာခြားပါသလား။
- အကယ်၍ သင်သည် ၎င်းစည်းမျဉ်းများနှင့် မျှော်လင့်ချက်များအတိုင်း မပြုမူ၊ မနေထိုင်ပါက အပြစ်ပေးခံရတာမျိုး ရှိပါသလား။ ဘယ်လိုမျိုးလဲ။

၂။ ကျောင်းသားများသည် ၎င်းတို့၏ အဖြေများကို အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် ဆွေးနွေးကြရမည်။

၃။ အတွဲလိုက်/အုပ်စုလိုက်အား ၎င်းတို့၏ အဖြေအချို့ကို အတန်းထဲတွင် မျှဝေရန် တောင်းဆိုပါ။

**မှတ်ချက်။** ဤလုပ်ဆောင်ချက်နှင့် ပတ်သက်ပြီး ခံစားချက်ပိုင်းဆိုင်ရာများ ထိလွယ်ရှလွယ်ဖြစ်နိုင်မှု အကြောင်းအရာတွေကို သတိပြုပါ။ သင့်ရဲ့ ဆင်ခြင်တုံတရားကို အသုံးပြုပါ။ ကျောင်းသားများ၏ အတိတ်က အတွေ့အကြုံတွေများနှင့် သက်ဆိုင်သော မေးခွန်းအချို့သည် ထိလွယ်ရှလွယ် ဖြစ်နိုင်ပြီး တချို့ကိစ္စတွေမှာ သူတို့အတွက် မပျော်မရွှင်ဖြစ်စေသော သို့မဟုတ် စိတ်ဆင်းရဲစရာ ဖြစ်စေသော အမှတ်တရတွေကို ဖြစ်စေနိုင်ပါသည်။

မျှဝေလိုသည်ဖြစ်စေ မမျှဝေလိုသည်ဖြစ်စေ ရွေးချယ်နိုင်ကြောင်းကို ကျောင်းသားများအား ရှင်းရှင်းလင်းလင်း ပြောပြပြီး သူတို့ မလိုလားပါက စိတ်ဆင်းရဲစရာကြုံခဲ့ရသည့် သူတို့၏ အတိတ်က အတွေ့အကြုံများကို ပြောပြရန် မလိုအပ်ကြောင်းကို ရှင်းရှင်းလင်းလင်း ပြောပြပါ။

## ဃ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

## ၄။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ပုံသေသတ်မှတ်ချက်များသည် အခြားသူများအပေါ် နားလည်မှုကို ရိုးရှင်းစေပြီး လူတစ်ဦးတစ်ယောက်၏ ဖြစ်တည်မှု အခြေအနေများကို လျော့ကျစေကာ အထင်အမြင်မှားမှု၊ ခွဲခြားဆက်ဆံမှုနှင့် နားလည်လွဲမှားမှုများကို ဖြစ်စေပါတယ်။

၂။ လူတိုင်းသည် ပုံသေသတ်မှတ်ချက်များကြောင့် ထိခိုက်နိုင်ပါတယ်။ အမျိုးသားနှင့် အမျိုးသမီး အပါအဝင် လူအုပ်စုအားလုံးတွင် ၎င်းတို့နှင့် ပတ်သက်သော ပုံသေသတ်မှတ်ချက်များ ရှိကြပါတယ်။ လူ့အဖွဲ့အစည်းတွင် အာဏာပါဝါ နည်းပါးသူများသည် ဥပမာအနေဖြင့် ဆင်းရဲနွမ်းပါးသူများ၊ လူနည်းစုအုပ်စုများ၊ စိတ်ကျန်းမာရေး သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ၊ သတ်မှတ်ထားသော ဂျန်ဒါအခန်းကဏ္ဍများအတိုင်း မနေထိုင်သူများသည် ပုံသေသတ်မှတ်ချက်များ၏ သက်ရောက်မှုကြောင့် ပိုမိုဆိုးရွားနိုင်ပါသည်။

၃။ မှန်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ ပညာရေးနှင့် လူတွေဟာ ပုံသေသတ်မှတ်ချက်တွေကို တိုက်ဖျက်လာကြပါသည်။ ဥပမာအားဖြင့် ယခင်ကဆိုရင် အမျိုးသမီးများသည် နည်းပညာကို စိတ်မဝင်စားကြဘူးဆိုတဲ့ ပုံသေသတ်မှတ်ချက်မျိုး ရှိခဲ့ပေမယ့်လည်း ယနေ့ခေတ်မှာ အမျိုးသမီးများသည် အင်ဂျင်နီယာ သို့မဟုတ် သတင်းအချက်အလက် နည်းပညာဆိုင်ရာ အလုပ်တွေမှာ လုပ်ကိုင်လာကြသည်မှာ အဆန်း မဟုတ်တော့ပါ။

## အပိုဆောင်း လုပ်ငန်းစဉ်

### အမျိုးသမီးကောင်းတစ်ဦး၊ အမျိုးသားကောင်းတစ်ဦး

**ရည်ရွယ်ချက်။** ကျောင်းသားများသည် စကားပုံများနှင့် အသွင်အပြင် ဖော်ပြချက်များရှိ ဂျန်ဒါပုံသေသတ်မှတ်ချက်များကို ရှာဖွေစူးစမ်းရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် ဂျန်ဒါ ရောနှောထားသည့် ၄၊ ၅ ယောက်ပါသော အုပ်စု အဖွဲ့များတွင် လုပ်ဆောင်ကြရမည်။ အဖွဲ့တစ်ခုစီသည် ဖလစ်ချပ်စာရွက်နှင့် မာကာပင်များ လိုအပ်ပါသည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အဖွဲ့တစ်ဝက်သည် ၎င်းတို့၏ ရပ်ရွာလူထုအတွင်းတွင် "အမျိုးသမီးကောင်း" တစ်ယောက်နှင့် ပတ်သက်ပြီး ထင်မြင်ယူဆထားသော အချက်များနှင့် ယုံကြည်ချက်များကို စဉ်းစားရမည်။

- ကျန်အဖွဲ့တစ်ဝက်သည် ၎င်းတို့၏ ရပ်ရွာလူထုအတွင်းတွင် "အမျိုးသားကောင်း" တစ်ယောက်နှင့် ပတ်သက်ပြီး ထင်မြင်ယူဆထားသော အချက်များနှင့် ယုံကြည်ချက်များကို စဉ်းစားရမည်။
- အဖွဲ့များသည် ၎င်းတို့၏ စိတ်ကူးများကို ဖလစ်ချပ် စာရွက်ပေါ်တွင် ရေးကြရမည်။

၂။ အဖွဲ့များသည် ၎င်းတို့၏ စိတ်ကူးများကို အတန်းထဲတွင် တင်ပြကြရမည်။

၃။ အတန်းတစ်ခုအနေဖြင့် ဆွေးနွေးရမည်မှာ -

- ဤမျှော်မှန်းချက်များကို ပြည့်မီအောင် ကြိုးစားပါက တစ်ဦးတစ်ယောက်ချင်းစီအပေါ်ရှိမည့် အကျိုး သက်ရောက်မှုများက ဘာတွေလဲ။
- ဤမျှော်မှန်းချက်များအတိုင်း မပြည့်မီပါက သို့မဟုတ် မလုပ်ဆောင်ပါက ဘာတွေဖြစ်နိုင်မလဲ။
- ဤပြောထားသည့် စိတ်ကူးတွေနဲ့ ပတ်သက်ပြီး မည်သို့ ခံစားရပါသလဲ။

## ၈။ လေ့ကျင့်ခန်း

၁။ ကျောင်းသားများသည် မည်သည့်ဖော်ပြချက် (က–န) သည် ဂျန်ဒါပုံသေသတ်မှတ်ချက်များ ဖြစ်သည်ကို ခွဲခြားသတ်မှတ်ရမည်။

**အဖြေများ**

**ဂျန်ဒါပုံသေသတ်မှတ်ချက်များ။** က၊ ခ၊ ဃ၊ စ၊ ဆ၊ ဇ၊ ဋ၊ ဌ၊ ပ၊ တ၊ ဒ၊ ဓ၊ န

**မှတ်ချက်။** အခြားအရာများသည် *ဂျန်ဒါကို ပဓာနမထားသည့် လူတစ်ဦးချင်းစီ၏ အရည်အသွေးများဖြစ်သည်။* (ဂ၊ ည၊ ဍ၊ ထ) သို့မဟုတ် *ဇီဝလိင်နှင့် သက်ဆိုင်သောအချက်များ။* (င၊ ဈ၊ ဏ)

၂။ ကျောင်းသားများသည် ဂျန်ဒါပုံသေသတ်မှတ်ချက် တစ်ခုစီနှင့် စာသားထဲမှ ပုံသေသတ်မှတ်မှုပုံစံ (၁–၆) နှင့် တွဲရမည်။

**အဖြေများ**

**လုပ်ငန်းခွင်ဆိုင်ရာ ပုံသေသတ်မှတ်ချက်များ။** စ၊ ဋ၊ ဓ
**ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ စရိုက်လက္ခဏာများ။** ဇ၊ ဌ
**အပြုအမူဆိုင်ရာ မျှော်လင့်ချက်များ။** က၊ ဃ၊ ဆ
**အသွင်အပြင်နှင့် အဝတ်အစား။** တ
**မိသားစု အခန်းကဏ္ဍများ။** ပ၊ ဒ၊ န
**ဉာဏစွမ်းရည်များ။** ခ

### အပိုဆောင်း လုပ်ငန်းစဉ်

ဂျန်ဒါဆိုင်ရာ အသွင်အပြင် ဖော်ပြချက်များ

**ရည်ရွယ်ချက်။** ကျောင်းသားများသည် စကားပုံများနှင့် အသွင်အပြင် ဖော်ပြချက်များတွင် ဂျန်ဒါပုံသေသတ်မှတ်ချက်များကို စူးစမ်းရှာဖွေရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက်လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် ဂျန်ဒါပုံသေသတ်မှတ်ချက်များကို ပံ့ပိုးပေးသော သူတို့၏ ဘာသာစကားတွင် မကြာခဏ အသုံးပြုနေကြသည့် အသုံးအနှုန်းများနှင့် အသွင်အပြင် ဖော်ပြချက်များကို စဉ်းစားပြီး၊ ဆွေးနွေးကြရမည်။ ၎င်းတို့သည် မည်သို့သော အပျက်သဘောဆောင်သည့် ပုံသေသတ်မှတ်ချက်များဖြစ်အောင် ပံ့ပိုးပေးနေပါသလဲ။

**ဥပမာများ -**

- "ယောက်ျားလေးတွေက ယောက်ျားလေးတွေပဲ ဖြစ်လိမ့်မယ်"။ ယောက်ျားလေးများတွင် ရှိသည့် ရန်လိုမှု သို့မဟုတ် ဗရုတ်ကျမှု ကဲ့သို့သော အပြုအမူများသည် သဘာဝအတိုင်းဖြစ်ပြီး ရှောင်လွှဲ၍ မရကြောင်းကို အဆိုပြုထားသည်။ ၎င်းသည် မှားယွင်းသော အပြုအမူကို အလေးအနက် မထားဘဲ တာဝန်ခံမှုကိုလည်း ကန့်သတ်ထားသည်။
- "မိန်းမတစ်ယောက်လို ပြုမူနေထိုင်ပါ"။ အမျိုးသမီးတစ်ဦးသည် ယဉ်ကျေးသိမ်မွေ့ခြင်း၊ ထိန်းကျောင်းခြင်း၊ ကျိုးနွံခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းတို့နှင့် သက်ဆိုင်သည့် အပြုအမူများနှင့် အရည်အချင်းများ ရှိရမည်ဟု ရည်ညွှန်းထားသည်။
- မြန်မာနိုင်ငံမှ ဥပမာ – "ကြက်မတွန်လို့ မိုးမလင်း" ဆိုသော ဆိုရိုးစကားသည် အချို့သော အခန်းကဏ္ဍများကို ထုံးတမ်းစဉ်လာ ဂျန်ဒါအရ သတ်မှတ်ထားရှိပြီး အမျိုးသားများသည် ဦးဆောင်သည့် အခန်းကဏ္ဍများ (ကြက်ဖတွန်ခြင်း၏ သင်္ကေတ) တွင်သာ ရှိသည်ဟု ဆိုထားသည်။ ကြက်မကို ကိုယ်စားပြုပြောဆိုထားသည့် အမျိုးသမီးများကို ကန့်လန့်ကာ နောက်ကွယ်တွင်သာ ရှိနေရန် မျှော်လင့်ထားသည်။ အမျိုးသမီးတစ်ဦးသည် သတ်မှတ်ထားသော ထုံးတမ်းစဉ်လာ အခန်းကဏ္ဍထဲတွင် ရှိမနေပါက အခြားအရာများကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်မည် မဟုတ်ဘဲ ခေါင်းဆောင်မှု သို့မဟုတ် အခွင့်အာဏာသည် ယောက်ျား၏ အခန်းကဏ္ဍဖြစ်သည်ဟူသော အယူအဆကို အားဖြည့်ပေးနေစေသည်။

၂။ အုပ်စုလိုက် ဆွေးနွေးရမည်။

- အဲဒီ စကားလုံးအသုံးအနှုန်းတွေနှင့် ပတ်သက်ပြီး ဘယ်လိုခံစားရပါသလဲ။
- အဲဒီ စကားလုံးအသုံးအနှုန်းတွေက ဂျန်ဒါပုံသေသတ်မှတ်ချက်များကို ဘယ်လို ဆက်လက်ထိန်းထားစေသလဲ။

၃။ ကျောင်းသားများသည် အတန်းထဲတွင် စကားလုံးအသုံးအနှုန်း တစ်ခု သို့မဟုတ် နှစ်ခုနှင့် သုံးသပ်ချက်များကို တင်ပြရမည်။

## ဆ။ လုပ်ငန်းစဉ်

### ဂျန်ဒါအရ ပုံဖော်ထားသော မီဒီယာ

**ရည်ရွယ်ချက်။** ကျောင်းသားများသည် မီဒီယာရှိ ဂျန်ဒါ ပုံသေသတ်မှတ်ချက်များ၏ ဥပမာများကို သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် အလုပ်လုပ်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** ကျောင်းသူ/သားများသည် အွန်လိုင်းတွင် ရှာဖွေရန် အင်တာနက်မရနိုင်ပါက သတင်းစာများ (သို့မဟုတ်) မဂ္ဂဇင်းများကိုပေးပါ။

၁။ အတွဲလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မီဒီယာရှိ ဂျန်ဒါပုံသေသတ်မှတ်ချက်များ၏ ဥပမာတစ်ခုကို ရှာရမည်။ ၎င်းသည် ကြော်ငြာ၊ အင်တာနက်၊ သတင်းစာများ၊ တီဗီအစီအစဉ်များ သို့မဟုတ် ရုပ်ရှင်များ စသည်တို့မှ ဖြစ်နိုင်သည်။

၂။ စာမျက်နှာ ၂၃ နှင့် ၂၄ တွင် ပါသော စာသားများအရ မီဒီယာက ဂျန်ဒါဆိုင်ရာ ပုံသေကားကျ ထင်မြင်ယူဆချက်တွေကို မည်သို့ အထောက်အပံ့ပေးလဲဆိုတဲ့ နည်းလမ်းတွေနှင့်အညီ ထိုဥပမာများကို လေ့လာသုံးသပ်ကြရမည်။

၃။ ကျောင်းသားများသည် သူတို့၏ ဥပမာနှင့် သုံးသပ်ချက်များကို အတန်းထဲတွင် တင်ပြကြရမည်။

## ဇ။ လုပ်ငန်းစဉ်

### ဂျန်ဒါ ပုံသေသတ်မှတ်ချက်များကို ကျော်လွှားတိုက်ဖျက်ခြင်း

**ရည်ရွယ်ချက်။** ကျောင်းသားများသည် မီဒီယာရှိ ဂျန်ဒါ ပုံသေသတ်မှတ်ချက်များ၏ ဥပမာများကို သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့ ၆ ဖွဲ့ဖြင့် လုပ်ဆောင်ကြရမည်။ အဖွဲ့များသည် ဖလစ်ချပ်စာရွက်၊ မာကာပန်များနှင့် ကပ်ခွာစာရွက်များ လိုအပ်သည်။

**ကြိုတင်ပြင်ဆင်မှု။** အမျိုးအစား ၆ ခုအတွက် တစ်ခုချင်းစီ၏ ခေါင်းစဉ်များပါသော ဖလစ်ချပ်စာရွက်များကို ပြင်ဆင်ပြီး ၎င်းတို့ကို အခန်းတစ်ဝိုက်တွင် ကပ်ထားရမည်။

၁။ ကျောင်းသားများသည် အဖွဲ့ ၆ ဖွဲ့ဖြင့် လုပ်ဆောင်ကြရမည်။ ဖလစ်ချပ်စာရွက်ပေါ်တွင်ရှိသော အမျိုးအစားတစ်ခုကို အဖွဲ့တစ်ခု သတ်မှတ်ပေးပါ။ အဖွဲ့များသည် ၎င်းတို့၏ ဂျန်ဒါ ပုံသေသတ်မှတ်ချက်များကို ကျော်လွှားရန်အတွက် နည်းလမ်းများကို စဉ်းစားကြရမည်။

၂။ အဖွဲ့များသည် ၎င်းတို့၏ စိတ်ကူးနည်းလမ်းများကို ကပ်ခွာစာရွက်များ သို့မဟုတ် ဖလစ်ချပ် စာရွက်များပေါ်တွင် ရေးကြရမည်။

၃။ အုပ်စုလိုက်အနေဖြင့် ၎င်းတို့သည် နောက်ထပ် အမျိုးအစားရှိသည့် ဖလစ်ချပ်စာရွက်များဆီသို့ ရွှေ့ကြရမည်။ သူတို့သည် ရှေ့အုပ်စုများ၏ စိတ်ကူးနည်းလမ်းများကို ဖတ်ရှုပြီး ၎င်းတို့၏ ကိုယ်ပိုင်စိတ်ကူးနည်းလမ်းများကို ဖြည့်စွက်ကြရမည်။

၄။ အမျိုးအစားအားလုံးအတွက် ၎င်းတို့၏ စိတ်ကူးနည်းလမ်းများကို ဖလစ်ချပ်စာရွက်အားလုံးပေါ်တွင် ရေးပြီးသည်အထိ ဆက်လက် လုပ်ဆောင်ကြရမည်။

၅။ ဖလစ်ချပ်စာရွက်များ အားလုံးပေါ်တွင် ဖတ်ပြီး၊ ရေးပြီးပါက ၎င်းတို့သည် *ဂျန်ဒါ ပုံသေသတ်မှတ်ချက်များကို ကျော်လွှားတိုက်ဖျက်ခြင်း* ဟူသော စာမျက်နှာ ၂၅ ပါ စာသားကို ဖတ်ကြရမည်။ ဤစိတ်ကူးနည်းလမ်းများ အားလုံးကို ထည့်သွင်းစဉ်းစားခြင်းရှိ၊ မရှိကို မေးမြန်းပါ။ သူတို့မှာ အခြား ဘာစိတ်ကူးနည်းလမ်းတွေ ရှိသေးလဲ ဆိုတာကို မေးပါ။

## ၅။ ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများသည် ဖြစ်ရပ်လေ့လာချက်ကို ဖတ်ပြီး မေးခွန်းများကို ဖြေကြရမည်။
- ၎င်းတို့သည် မေးခွန်းများကို ဦးစွာတစ်ဦးချင်း ဖြေဆိုကြရမည် ဖြစ်ပြီး၊ ထို့နောက် အဖြေများကို အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် နှိုင်းယှဉ်ပြီး ဆွေးနွေးကြရမည်။

## ည။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၃။ ပုံသေသတ်မှတ်ချက်များသည် အခြားသူများအပေါ် နားလည်မှုကို ရိုးရှင်းစေပြီး၊ တစ်ဦးတစ်ယောက်၏ ဖြစ်တည်မှု အခြေအနေများကို လျော့ကျစေသည့်အတွက် အထင်အမြင် လွဲမှားမှု၊ ခွဲခြားဆက်ဆံမှုနှင့် နားလည်မှု လွဲမှားမှုများကို ဖြစ်စေပါသည်။

၄။ ဟုတ်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ ပညာရေးနှင့် လူတွေဟာ ပုံသေသတ်မှတ်ချက်တွေကို တက်တက်ကြွကြွ တိုက်ဖျက်လာကြပါသည်။ ဥပမာအားဖြင့် ယခင်က အမျိုးသမီးများသည် နည်းပညာကို စိတ်မဝင်စားကြဘူးဆိုသော ပုံသေသတ်မှတ်ချက်တစ်ခု ရှိခဲ့သော်လည်း ယနေ့ခေတ်တွင် အမျိုးသမီးများသည် အင်ဂျင်နီယာ သို့မဟုတ် သတင်းအချက်အလက် နည်းပညာဆိုင်ရာ အလုပ်များတွင် လုပ်ကိုင်ကြသည်မှာလည်း အဆန်းမဟုတ်တော့ပေ။

၅။ ထုံးတမ်းစဉ်လာ မဟုတ်သော ဂျန်ဒါ အခန်းကဏ္ဍများရှိ အမျိုးသမီးများနှင့် အမျိုးသားများကို ပြသည့် တီဗီအစီအစဉ်များ သို့မဟုတ် ရုပ်ရှင်များ သို့မဟုတ် စာအုပ်များကဲ့သို့သော ဖျော်ဖြေရေးအစီအစဉ်များနှင့် ဂျန်ဒါ ပုံသေသတ်မှတ်ချက်များကို မသုံးဘဲ ဖန်တီးခြင်း။ ထုံးတမ်းစဉ်လာ သမားရိုးကျမဟုတ်သော ဂျန်ဒါအခန်းကဏ္ဍများရှိ လူများ၏ သတင်းနှင့် လက်ရှိ အဖြစ်အပျက်များနှင့် ပတ်သက်ပြီး အသိပညာများ မြှင့်တင်ပေးခြင်း။

# ၁.၃ | ဖြစ်တည်မှု ဝိသေသလက္ခဏာ (Identity) နှင့် မတူကွဲပြားသော လက္ခဏာရပ်များနှင့် ဖြစ်တည်မှု အခြေအနေများ (Intersectionality)

## က။ အကြိုသင်ခန်းစာ

- ကျောင်းသားများသည် မိမိတို့၏ သရုပ်ဝိသေသလက္ခဏာနှင့် ၎င်းတို့အတွက် မည်သို့ အဓိပ္ပာယ်သက်ရောက်သည်ကို ဆွေးနွေးကြရမည်။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်ဖြစ်တည်မှုဝိသေသ အစိတ်အပိုင်းများ၏ မတူညီသော ရှုထောင့်များကို စဉ်းစားရန် တိုက်တွန်းပါ။ ဥပမာအားဖြင့် ၎င်းတို့တွင် သူတို့၏ မိသားစုရှိသူတို့၏နေရာ (အငယ်ဆုံး၊ အသက်အကြီးဆုံး စသည်ဖြင့်) သူတို့၏ ဂျန်ဒါ၊ လူမျိုးစု၊ ဘာသာစကား၊ ဘာသာ၊ အလုပ်၊ လေ့လာမှု၊ ဝါသနာ စသည်တို့ ပါဝင်နိုင်သည်။
- လိုအပ်လျှင် စာအုပ်ထဲရှိ ဥပမာကို အသုံးပြု၍ စိတ်ကူးမြေပုံကို သရုပ်ဖော်ပါ သို့မဟုတ် ဗိုက်ဘုတ်ပေါ်တွင် စိတ်ကူးမြေပုံ တစ်ခုဆွဲပြီး၊ ဥပမာအဖြစ် သင်၏ ကိုယ်ပိုင်ဖြစ်တည်မှုဆိုင်ရာ ဝိသေသအချို့ကို ထည့်သွင်းခြင်းဖြင့် သရုပ်ဖော်ပြပါ။
- ကျောင်းသားတစ်ဦးချင်းစီတိုင်းသည် မိမိတို့၏ ဖြစ်တည်မှုဆိုင်ရာ စိတ်ကူးမြေပုံများကို ဖန်တီးကြရမည်။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် အဖြေမှန်အားလုံးကို ရွေးချယ်ကြရမည်။

**အဖြေများ**

၁။ က၊ ခ၊ ဂ၊ ဃ

၂။ က၊ ဃ

၃။ ခ၊ ဂ၊ ဃ

၄။ က၊ ဂ

## ဂ။ လုပ်ငန်းစဉ်

### သရုပ်ဝိသေသလက္ခဏာဆိုင်ရာ ပန်းပွင့်

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ၎င်းတို့၏ သရုပ်ဝိသေသလက္ခဏာနှင့် သက်ဆိုင်သည့် မတူညီသော အစိတ်အပိုင်းများကို ဖော်ပြသည့် မြင်သာသော ကိုယ်စားပြုမှုများကို ဖန်တီးကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်းအလိုက် လုပ်ဆောင်ကြပြီးနောက် အတွဲလိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** ကျောင်းသားများသည် စက္ကူနှင့် မာကာပန်များ သို့မဟုတ် သရုပ်ဖော်ရန်အတွက် ပစ္စည်းများ လိုအပ်ပါမည်။

**မှတ်ချက်။** ၎င်းသည် ဤလုပ်ဆောင်ချက်၏ အစတွင် မိသားစု၊ စိတ်ဝင်စားမှု၊ ဝါသနာ၊ အလုပ်၊ ပညာရေး၊ ဘာသာစကား၊ ဘာသာတရား အစရှိသည့် သရုပ်ဝိသေသလက္ခဏာများကို လွှမ်းမိုးနိုင်သော မတူညီသည့် ဖြစ်တည်မှုများနှင့် အကြောင်းအရာများအတွက် ဖြစ်နိုင်ခြေများကို ကျောင်းသားများအား သတိပေးရန် ကူညီပေးနိုင်ပါသည်။

သင်အနေဖြင့် အဆင်ပြေပါက သင်၏ သရုပ်ဝိသေသလက္ခဏာရပ်များကို ဥပမာအဖြစ်လည်း အသုံးပြုနိုင်သည်။

၁။ ကျောင်းသားများသည် စာရွက်တစ်ရွက်ပေါ်တွင် အနည်းဆုံး ပွင့်ချပ် ၆ ချပ်ပါသော ပန်းတစ်ပွင့်ကို ဆွဲကြရမည်။ ပွင့်ချပ်တစ်ခုစီသည် ၎င်းတို့အတွက် အရေးကြီးသော သူတို့၏ ဖြစ်တည်မှုဝိသေသကို ကိုယ်စားပြုသည်ဟု ရှင်းပြပါ။ သူတို့သည် ပွင့်ချပ်တစ်ခုစီတွင် ၎င်းတို့ ဖြစ်တည်မှု၏ မတူညီသော ကဏ္ဍများကို ရေးကြရမည်။

၂။ အတွဲလိုက်အနေဖြင့် သူတို့သည် သူတို့ကိုယ်ပိုင်ဖြစ်တည်မှု၏ မတူညီသောကဏ္ဍများကို အချင်းချင်း ရှင်းပြရမည်။

၃။ ကျောင်းသားများသည် ၎င်းတို့၏ မတူညီသော ဖြစ်တည်မှုများကို ပုံဖော်ရာတွင် မည်သူ သို့မဟုတ် မည်သည့်အရာက ကူညီပေးခဲ့သည်ကို စဉ်းစားကြရမည်။

- ၎င်းတို့၏ ဖြစ်တည်မှု ဝိသေသလက္ခဏာတစ်ခုစီ၏ နောက်ကွယ်ရှိ လွှမ်းမိုးမှုများကို (သင့်လျော်ပါက) မျှဝေရန် တိုက်တွန်းပါ (ဥပမာအားဖြင့် – သူတို့ရဲ့ ကရင်လူမျိုးအဖြစ် တိုင်းရင်းသား ကိုယ်ပိုင်သရုပ်ဝိသေသလက္ခဏာဟာ သူတို့ မိသားစုရဲ့ ရိုးရာဓလေ့တွေ ဒါမှမဟုတ် အားလပ်ရက်တွေကို ကျင့်သုံးတဲ့ပုံစံက ပုံဖော်ပေးခဲ့တာ ဖြစ်ပါတယ်)။

## ဃ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

## ၄။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ပေးထားသော ဝါကျတစ်ခုစီ မှန်လား၊ မှားလား ဆိုသည်ကို ဆုံးဖြတ်ကြရမည်။ အကယ်၍ ဝါကျသည် မှားနေပါက ၎င်းတို့သည် မှန်ကန်သော ဝါကျတစ်ခုကို ပြန်လည်ရေးကြရမည်။

**အဖြေများ**

၁။ မှား – မတူကွဲပြားသော လက္ခဏာရပ်များနှင့် ဖြစ်တည်မှုသည် များစွာသော သရုပ်ဝိသေသလက္ခဏာများ၏ ရှုပ်ထွေးမှုကို မီးမောင်းထိုးပြသည့် မှုဘောင်တစ်ခုဖြစ်ပြီး၊ ၎င်းတို့သည် လူတို့၏ အာဏာနှင့် အခွင့်ထူးများ ရရှိရေးအပေါ် လွှမ်းမိုးနိုင်ပုံကို ထောက်ပြသည်။

၂။ မှန်

၃။ မှား – တူညီသော လူမျိုးစုထဲမှ လူများသည် ဖိနှိပ်ခံရမှုနှင့် အခွင့်ထူးခံ ရရှိမှုဆိုင်ရာ ကွဲပြားသော အတွေ့အကြုံများအရ ဂျန်ဒါ သို့မဟုတ် လူတန်းစားကဲ့သို့သော အခြားအချက်များပေါ် မူတည်၍ ကွဲပြားကြလိမ့်မည်။

၄။ မှန်

၅။ မှား – လူတစ်ယောက်၏ ဖိနှိပ်ခံရမှု သို့မဟုတ် အခွင့်ထူးခံ ရရှိမှုဆိုင်ရာ အတွေ့အကြုံများသည် လူမျိုးစု၊ ဂျန်ဒါ၊ လူတန်းစား၊ သို့မဟုတ် သန်စွမ်းမှုကဲ့သို့သော ၎င်းတို့ ဖြစ်တည်မှုဝိသေသ၏ မတူညီသော သွင်ပြင်လက္ခဏာများ၏ ဆုံချက်အခြေအနေများပေါ်တွင် မူတည်သည်။

## စ။ လုပ်ငန်းစဉ်

**သရုပ်ဝိသေသလက္ခဏာ၊ ပါဝါနှင့် အခွင့်ထူးခံ အခြေအနေ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် လူတစ်ဦး၏ အခွင့်အလမ်းများအပေါ် သက်ရောက်မှုရှိသော ဖြစ်တည်မှု ဝိသေသ၏ ဥပမာတစ်ခုကို ဖော်ပြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** ကျောင်းသားများသည် ဖလစ်ချပ် စာရွက်နှင့် မာကာပန်များ၊ သို့မဟုတ် သင်ထောက်ကူ ပစ္စည်းများ လိုအပ်သည်။

၁။ ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်များကို ဖတ်ရမည်။ အုပ်စုလိုက်အနေဖြင့် သူတို့သည် အခွင့်အာဏာ နှင့် အခွင့်ထူးခံ အခြေအနေများ ရရှိမှုအပေါ် သက်ရောက်မှု ရှိသည့် လူတစ်ဦး၏ သရုပ်ဝိသေသလက္ခဏာဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးကြရမည်။

၂။ အုပ်စုများ (သို့မဟုတ် သင်သည် အုပ်စုခွဲနိုင်သည်) သည် ဇာတ်လမ်းအဖြစ်အပျက်များ (က-ဃ) ထဲမှ တစ်ခုကို ရွေးချယ်ရမည်။ သူတို့သည် ဖလစ်ချပ် စာရွက်များပေါ်တွင် လူတစ်ယောက်ရှိ သရုပ်ဝိသေသလက္ခဏာများ၏ မတူညီသော ကဏ္ဍများနှင့် ၎င်းကဏ္ဍများသည် ၎င်းတို့၏ အခွင့်အာဏာနှင့် အခွင့်ထူးရရှိမှု အခြေအနေများအပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိပုံတို့ကို ပုံဆွဲကြရမည်။

- သင်နှစ်သက်ပါက ပိုက်ဘုတ်ပေါ်တွင် လူတစ်ဦး၏ ဖြစ်တည်မှုကို ဖော်ပြပေးမည့် နေရာအလွတ်များ သို့မဟုတ် ပူဖောင်းများ ထွက်ပေါ်လာသည့် ပုံများကို ပုံကြမ်းဆွဲပါ သို့မဟုတ် တွေးဆထားသည့် အရာများ အတွက် ဥပမာများဖြင့် လူတစ်ယောက်၏ ပုံကြမ်းကို ပိုက်ဘုတ်ပေါ်တွင် ပုံကြမ်းဆွဲရမည်။


## ဆ။ ဆွေးနွေးချက်

- ကျောင်းသားများသည် အောဒရီ လော့ဒ် (Audre Lorde) ၏ အဆိုကို ဖတ်ရမည်။
- အတန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် သူတို့သည် စကားလုံး၏အဓိပ္ပာယ်ကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေ

ကျွန်ုပ်တို့သည် အမျိုးသားဖြစ်ခြင်း သို့မဟုတ် အမျိုးသမီး ဖြစ်ခြင်း သာမကပဲ ကျွန်ုပ်တို့၏ ဖြစ်တည်မှုဆိုင်ရာ ဝိသေသလက္ခဏာများ (လူမျိုးစု၊ ဘာသာရေး၊ ပညာရေး၊ လူမှုအဆင့်အတန်း စသည်ဖြင့်) တို့သည် ကျွန်ုပ်တို့၏ ဘဝများအပေါ် သက်ရောက်မှုရှိပြီး၊ ဖိနှိပ်ခံရမှုနှင့် အခွင့်ထူးခံ ရရှိမှု အခြေအနေများကိုလည်း ဆုံးဖြတ်ပေးပါသည်။ ကျွန်ုပ်တို့ဘဝ၏ မတူညီသော နယ်ပယ်များနှင့် ဖြစ်တည်မှု များသည် ဆက်စပ်နေပြီး တစ်ခုအပေါ် တစ်ခု အပြန်အလှန် သက်ရောက်မှုရှိပါသည်။ လူတို့၏ အတွေ့အကြုံများနှင့် ရုန်းကန်မှုများသည် ထိုသူတို့၏ ဖြစ်တည်မှု သို့မဟုတ် အခြေအနေ၏ ရှုထောင့်တစ်ခုတည်းတွင်သာ ကန့်သတ်ထား၍ မရဘဲ ရှုပ်ထွေးပြီး အပြန်အလှန် ဆက်နွယ်မှုများ ရှိပါသည်။ ဥပမာအားဖြင့် လူမျိုးစု၊ ဂျန်ဒါ၊ လူတန်းစားတို့နှင့် သက်ဆိုင်သော ကိစ္စရပ်များသည် တစ်ခုနှင့် တစ်ခု ရောယှက်နေပြီး၊ တစ်ခုအပေါ် တစ်ခု အပြန်အလှန် သက်ရောက်မှုရှိသည်။ ထို့ကြောင့် တစ်ကြိမ်လျှင် ပြဿနာတစ်ခုတည်းကို ကိုင်တွယ် ဖြေရှင်းခြင်းသည် လူတစ်ဦးချင်းစီ၏ ဘဝရှိ ကျယ်ပြောလှသော အခြေအနေနှင့် အမျိုးမျိုးသော အနေအထားများကို မျက်ကွယ်ပြုရာရောက်သည်။ ဤရှုထောင့်သည် လူမှု အသိုင်းအဝိုင်း၏ စိန်ခေါ်မှုများကို နားလည်သဘောပေါက်ရန်နှင့် ဖြေရှင်းရန်အတွက် ဘက်ပေါင်းစုံချဉ်းကပ်မှု လိုအပ်ကြောင်းကို အလေးပေးဖော်ပြသည်။





# အခန်း ၀၂

# ဂျန်ဒါတန်းတူညီမျှမှု

**အခန်း (၂) မာတိကာ**


၂.၁ | ဂျန်ဒါ တန်းတူညီမျှမှုနှင့် မညီမျှမှု .................. ၃၆

၂.၂ | ပညာရေး .................................................... ၄၃

၂.၃ | ဘာသာရေး ................................................. ၄၇

၂.၄ | ခေါင်းဆောင်မှု ............................................ ၅၁

၂.၅ | အလုပ်အကိုင် .............................................. ၅၄

၂.၆ | ကျန်းမာရေး ............................................... ၅၉

၂.၇ | ရာသီဥတုဖောက်ပြန်မှု ..................................... ၆၂


**အခန်း (၂) အတွက် အပို ရည်ညွှန်းကိုးကားချက်များ**

**ပေါ်ထွက်လာမှု (Arise)** – အနီမေးရှင်း ဗွီဒီယို (အင်္ဂလိပ်စာတန်းထိုးဖြင့် မြန်မာဘာသာစကား) – https://bit.ly/49D5pW3

**ရာသီဥတုဖောက်ပြန်မှုဆိုတာ ဘာလဲ** – ဗွီဒီယို (အင်္ဂလိပ် ဘာသာစကား) – https://bit.ly/3DaXxPr

# ၂.၁ | ဂျန်ဒါ တန်းတူညီမျှမှုနှင့် မညီမျှမှု

## က။ အကြိုသင်ခန်းစာ

ကျောင်းသားများ ရှေ့သို့ ၁၀ လှမ်း လှမ်းနိုင်သည့် အနေအထားမျိုး အတိုင်း တန်းစီရပ်နေကြရမည်။

၁။ ထုတ်ပြန်ချက်များကို တစ်ကြိမ်လျှင် တစ်ခါသာ ဖတ်ပြပါ။
- ထုတ်ပြန်ချက်သည် သူတို့အတွက် မှန်ကန်ပါက သူတို့သည် ရှေ့သို့ ခြေတစ်လှမ်း တိုးရမည်။
- ထုတ်ပြန်ချက်သည် သူတို့အတွက် မမှန်ကန်ပါက သူတို့ ရှိနေသည့် နေရာမှာပင် ရပ်နေရမည်။

၂။ နောက်ဆုံး ထုတ်ပြန်ချက်ကို ဖတ်ပြီးသည့်နောက် ကျောင်းသားများသည် ဘေးနားဝန်းကျင်ကို ကြည့်ကာ သူတို့ဘယ်မှာ ရှိနေသည်ကို တွေ့မြင်ကြရမည်။ သူတို့သည် တခြားသူတွေနှင့် နှိုင်းယှဉ်လျှင် ဘယ်နေရာမှာ ရှိနေသည်ကို စဉ်းစားကြရမည်။
- ကျောင်းသားများအား သူတို့ သတိပြုမိသော အချက်များကို မေးပါ။
- ကျောင်းသားအချို့ကို သူတို့ရောက်နေတဲ့ နေရာနှင့် ပတ်သက်ပြီး မည်သို့ခံစားရကြောင်း မေးမည်။ အရှေ့ဆုံးတွင်ရှိသော ကျောင်းသားတစ်ဦးနှင့် နောက်ဆုံးတွင် ရောက်ရှိနေသော ကျောင်းသားတစ်ဦးကို မေးပါ။

**မှတ်ချက်။** ၎င်းလုပ်ငန်းစဉ်သည် ဂျန်ဒါ ရောနှောထားသော အုပ်စုများတွင် လုပ်ဆောင်လျှင် အကောင်းဆုံးဖြစ်သည်။ အုပ်စု အများစုတွင် အမျိုးသား/ယောကျ်ားလေးများသည် အရှေ့ဆုံးတွင် ရှိနေကြပြီး၊ အနောက်ဘက်တွင် အမျိုးသမီး /မိန်းကလေးများ ရှိနေမှု ပိုများသည်ကို တွေ့ကြရသည်။ ၎င်းသည် ဂျန်ဒါ မညီမျှမှုဆိုင်ရာ အခြေအနေများကို မြင်သာအောင် ထင်ဟပ်ပြသသည့် သတိထားဖို့ ကောင်းသည့် အချက်တစ်ခုလည်း ဖြစ်ပါသည်။ ကျောင်းသားများမှ ထုတ်ဖော်ပြောဆိုချင်သည့်အရာများရှိပါက ထုတ်ဖော်ပြောဆို နိုင်စေရန် အချိန်အလုံအလောက်ပေးပါ။ ၎င်းတို့ ရပ်နေသည့် နေရာကို သက်ရောက်စေသည်မှာ ဂျန်ဒါကဏ္ဍများသာမက ၎င်းတို့၏ ဖြစ်တည်မှုဆိုင်ရာ အခြားကဏ္ဍများဖြစ်သည့် လူမျိုး၊ အတွေ့အကြုံ၊ လူတန်းစား စသည်တို့လည်း ပါဝင်ကြောင်း ရှင်းပြပါ။

### အပိုဆောင်း လုပ်ငန်းစဉ်

#### အာဆီယံရှိ ဂျန်ဒါတန်းတူညီမျှမှု

**ရည်ရွယ်ချက်။** ကျောင်းသားများသည် အာဆီယံရှိ ဂျန်ဒါဆိုင်ရာ ကိန်းဂဏန်းများကို ဆန်းစစ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက်လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** *အပို လုပ်ငန်းစဉ်ကို ကူးယူပြီး၊* ဖြတ်ထားရမည်။ *အာဆီယံရှိ ဂျန်ဒါ တန်းတူညီမျှမှု (နောက်ဆက်တွဲ)* ကျောင်းသားတစ်ဦးလျှင် တစ်စုံ။

ကျောင်းသားများသည် သုတေသန တွေ့ရှိချက်များကို ဖတ်ရှုပြီး မေးခွန်းများကို ဆွေးနွေးကြရမည်။

၁။ ဤသုတေသန တွေ့ရှိချက်များက အာဆီယံရှိ ဂျန်ဒါ တန်းတူညီမျှမှုဆိုင်ရာ အခြေအနေနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့အား ဘာကို ပြနေပါသလဲ။

၂။ ၂၀၁၉ ခုနှစ်ကတည်းက ဤသုတေသန တွေ့ရှိချက်များထဲတွင် တစ်စုံတစ်ရာ ပြောင်းလဲသွားသည်ဟု ထင်ပါသလား။ တကယ်လို့ ပြောင်းလဲသွားကြောင်း သင်ထင်မြင်မိပါက မည်သို့ ပြောင်းလဲသွားသလဲဆိုတာ မျှဝေပေးပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ အာဆီယံရှိ အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အလုပ်အကိုင်၊ လုပ်ခလစာ၊ နိုင်ငံရေး ကိုယ်စားပြုမှု၊ စီမံခန့်ခွဲမှု၊ လက်ထပ်ထိမ်းမြားမှုနှင့် မြေယာ ပိုင်ဆိုင်မှုစသည့် နယ်ပယ်များတွင် မညီမျှမှုများ ကြုံတွေ့နေရသည်။ ယေဘုယျအားဖြင့် အာဆီယံတွင် အမျိုးသမီးများသည် ဂျန်ဒါ မညီမျှမှုကို ရင်ဆိုင်နေရဆဲဖြစ်သည်။

၂။ ဟုတ်ပါသည်။ လူအများသည် Covid 19 ၏ စီးပွားရေး သက်ရောက်မှုကြောင့် အလုပ်လက်မဲ့ သို့မဟုတ် ဆင်းရဲ မွဲတေမှု ကြုံတွေ့ကြရပြီး၊ ရုပ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ဆင်းရဲမွဲတေမှု၊ ပညာသင်ကြားခွင့် မရရှိမှု စသည့် ကဏ္ဍများသည် အမျိုးသမီးများအပေါ် ပိုမို သက်ရောက်စေသည်။

## ၁။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် အဖြေမှန်အားလုံးကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ က

၂။ က၊ ဂ

၃။ က၊ ဃ

၄။ က

## ဂ။ လေ့ကျင့်ခန်း

- ကျောင်းသားများအနေဖြင့် ဇယားထဲရှိ အဆိုပြုချက်များသည် *တန်းတူညီမျှမှုနှင့် သက်ဆိုင်သလား* (သို့မဟုတ်) *သာတူညီမျှမှုနှင့် သက်ဆိုင်သလား*ဆိုတာ ခွဲခြားရမည်။

**အဖြေများ**

**တန်းတူညီမျှမှု** – က၊ ဂ၊ ဆ

**သာတူညီမျှမှု** – ခ၊ ဃ၊ င၊ စ

## ဃ။ လုပ်ငန်းစဉ်

**တန်းတူညီမျှမှုလား သို့မဟုတ် သာတူညီမျှမှုလား**

**ရည်ရွယ်ချက်။** ပြဿနာများကို ဖြေရှင်းရန်အတွက် တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတွင် မည်သည့်အရာက ပိုကောင်းကြောင်းကို ကျောင်းသားများမှ ဆုံးဖြတ်ကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း လုပ်ဆောင်ကြပြီးနောက် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

**မှတ်ချက်။** သင့်အနေဖြင့် အုပ်စုတစ်ခုစီအတွက် မတူညီသော ဇာတ်လမ်းအဖြစ်အပျက် တစ်ခုကို ဝေပေးနိုင်ပါသည်။ သို့မဟုတ် ကျောင်းသားတစ်ဦးစီအား မတူညီသော ဇာတ်လမ်းအဖြစ်အပျက် တစ်ခုကို ဝေပေးပြီးနောက် ၎င်းတို့၏ အုပ်စုများတွင် ၎င်းတို့အား ဝေပေးထားသည့် ဇာတ်လမ်းအဖြစ်အပျက်အတွက် ၎င်းတို့၏ ဖြေရှင်းချက်နှင့် ၎င်းဖြေရှင်းချက်သည် တန်းတူညီမျှမှု သို့မဟုတ် သာတူညီမျှမှုဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်း ဟုတ်၊ မဟုတ်ကို ရှင်းပြခိုင်းနိုင်ပါသည်။

၁။ ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်များကို ဖတ်ရမည်။ သူတို့သည် ၎င်းပြဿနာများကို ဘယ်လို ဖြေရှင်းမလဲဆိုတာကို စဉ်းစားကြရမည်။

၂။ သူတို့သည် အုပ်စုများတွင် တန်းတူညီမျှမှု သို့မဟုတ် သာတူညီမျှမှုကို အခြေခံသည့် ချဉ်းကပ်မှုနည်းလမ်းသည် ပြဿနာကို ဖြေရှင်းရန် အကောင်းဆုံး ဟုတ်၊ မဟုတ်ကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

(က) အသက်အရွယ်နှင့် ဂျန်ဒါအပေါ် မူတည်ပြီး ပြိုင်ပွဲ ကျင်းပခြင်းမျိုးတွင် သာတူညီမျှမှုကို အခြေခံထားသည့် ချဉ်းကပ်မှုမှာ ကျောင်းသားများအားလုံးသည် ခန္ဓာကိုယ် ပုံစံနှင့် အရွယ်အစားတူညီသူများနှင့်သာ ယှဉ်ပြိုင်နိုင်အောင် စီမံပေးသည်။

(ခ) သာတူညီမျှမှုအခြေခံ ချဉ်းကပ်မှုတွင် လူနည်းစု ဘာသာစကားကို အသုံးပြုသည့် တိုင်းရင်းသားလူမျိုးစုမှ ကျောင်းသားများအတွက် ခွဲတမ်းထားရှိခြင်းနှင့် အပို ကျူရှင်ချိန်များ ပေးခြင်းတို့ ပါဝင်နိုင်သည်။ အရည်အချင်း ပြည့်မီသော ကျောင်းသားများသည် ပညာရေးဆိုင်ရာ အခွင့်အလမ်းများ နည်းပါးခြင်းကြောင့် အားနည်းချက်များ ရှိလာမှာ မဟုတ်သည့်အပြင် ထိုအုပ်စုမှ လူနာများသည် ၎င်းတို့၏ ဘာသာစကားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီနိုင်မည် ဖြစ်သည်။

(ဂ) အသုံးဝင်ဆုံး သုတေသနက ထောက်ပံ့ကြေးရရှိသည့် တန်းတူညီမျှမှုအခြေခံ ချဉ်းကပ်မှုတစ်ခုသည် ဖြစ်နိုင်ခြေ အရှိဆုံး ကုသပျောက်ကင်းမှုကို သေချာစေသည်။

(ဃ) အိမ်များကို လိုအပ်ချက်အရ ခွဲဝေပေးသည့် သာတူညီမျှမှု အခြေခံ ချဉ်းကပ်မှုတစ်ခုသည် အလိုအပ်ဆုံး ဖြစ်နေသူများကို အိမ်များရရှိရန် သေချာစေသည်။

(င) တန်းတူညီမျှမှုကိုအခြေခံသည့် ချဉ်းကပ်မှုတစ်ခုသည် ထိပ်တန်း စစ်တုရင်ကစားသမားအား ပြိုင်ပွဲကို အနိုင်ရရန် သေချာစေသည်။

(စ) လိုအပ်ချက်အရ ထောက်ပံ့မှုများကို ခွဲဝေပေးသည့် သာတူညီမျှမှုအခြေခံ ချဉ်းကပ်မှုတွင် လူအများစုသည် ၎င်းတို့ လိုအပ်သော အထောက်အပံ့ကို ပိုမိုရရှိစေရန် သေချာစေပါသည်။

## အပိုဆောင်း လုပ်ငန်းစဉ်

**မြန်မာနိုင်ငံရှိ ဂျန်ဒါ မညီမျှမှု**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် မြန်မာနိုင်ငံရှိ ဂျန်ဒါတန်းတူညီမျှမှု သုတေသန တွေ့ရှိချက်များကို ခန့်မှန်းကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် "မြန်မာနိုင်ငံရှိ ဂျန်ဒါမညီမျှမှုဆိုင်ရာ အချက်အလက်အချို့နှင့် သုတေသန တွေ့ရှိချက်များ" အကွက်ကို မဖတ်မီ ဤအရာကို ပြုလုပ်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** အပို လုပ်ဆောင်ချက် *၂.၁* ကို ကူးထားသည်။ *မြန်မာနိုင်ငံရှိ ဂျန်ဒါ မညီမျှမှု (နောက်ဆက်တွဲ)*၊ ကျောင်းသားတစ်ဦးလျှင်၊ တစ်တွဲလျှင် သို့မဟုတ် တစ်အုပ်စုလျှင် တစ်စုံ။

- ကျောင်းသားများသည် မေးခွန်းတစ်ခုစီအတွက် အကောင်းဆုံးအဖြေကို ရွေးချယ်ကြရမည်။
- သူတို့သည် သူတို့၏ အဖြေများကို တိုက်စစ်ရန်အတွက် စာသားအကွက်အတွင်းရှိ အချက်အလက်များကို ဖတ်ကြရမည်။

### အဖြေများ

၁။ ဂ

၂။ က

၃။ က

၄။ ခ

## င။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ထုတ်ပြန်ချက်တစ်ခုစီသည် မှန်လား၊ မှားလား ဆိုသည်ကို ဆုံးဖြတ်ကြရမည်။ ထုတ်ပြန်ချက်သည် မှားနေပါက မှန်ကန်သော ထုတ်ပြန်ချက်ကို ရေးကြရမည်။

**အဖြေများ**

၁။ မှန်

၂။ မှန်

၃။ မှား။ ဂျန်ဒါမညီမျှမှု ညွှန်းကိန်း (GII) ၏ မြင့်မားသော တန်ဖိုးသည် ဂျန်ဒါ ကွာဟမှု မြင့်မားမှုအဆင့်များကို ဖော်ပြသည်။

၄။ မှား။ GII ကို နိုင်ငံများအကြားရှိ ဂျန်ဒါ မညီမျှမှုကို နှိုင်းယှဉ်ရန်အတွက်လည်း အသုံးပြုပါသည်။

## စ။ လုပ်ငန်းစဉ်

### ဂျန်ဒါမညီမျှမှု ဂရပ်မျဉ်း

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါမညီမျှမှုနှင့် ဆန့်ကျင်ဘက် အချက်အလက်ကို အဓိပ္ပာယ်ဖွင့်ဆိုကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် အနေဖြင့် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

ကျောင်းသားများသည် ဂရပ်မျဉ်းကို ကြည့်ပြီး မေးခွန်းများကို ဖြေကြရမည်။

**အဖြေ**

၁။ စင်ကာပူ

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၂။ ၂၀၁၀ ခုနှစ်မှစ၍ ဂရပ်ပေါ်တွင် ပြသထားသော နိုင်ငံ ၄ နိုင်ငံရှိ ဂျန်ဒါတန်းတူ မညီမျှမှုမှာ ယေဘုယျအားဖြင့် အနည်းငယ် လျော့ကျသွားပါသည်။

၃။ GII သည် စီးပွားရေး၊ ကျန်းမာရေး သို့မဟုတ် နိုင်ငံရေး မညီမျှမှုကို တိုင်းတာရန်နှင့် နိုင်ငံတကာဖြင့် နှိုင်းယှဉ်ရန်အတွက် အသုံးဝင်သည်။ အစိုးရများနှင့် အဖွဲ့အစည်းများသည် ဂျန်ဒါတန်းတူ မညီမျှမှုကို ကိုင်တွယ်ဖြေရှင်းရန် မူဝါဒများ သို့မဟုတ် လုပ်ငန်းစဉ်များအတွက် ကိုးကားချက်များပေး၍ စည်းရုံးလှုံ့ဆော်ခြင်းသည် အရေးပါသော နည်းလမ်းတစ်ခု ဖြစ်သည်။ ၎င်း၏ အားနည်းချက်များမှာ ဂျန်ဒါမညီမျှမှု၏ အတိုင်းအတာ အနည်းငယ်ကိုသာ အာရုံစိုက်ပြီး အရေးကြီးသော နယ်ပယ်များဖြစ်သည့် လုပ်ခလစာ မရသော ပြုစုစောင့်ရှောက်မှုအလုပ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိမှုတို့ကို ချန်ထားခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝှမ်းရှိ ဒေတာ အချက်အလက် အရည်အသွေးနှင့် ဒေတာအချက်အလက် ရရှိမှုဆိုင်ရာ ကွာခြားမှုများသည် မှားယွင်းသော သို့မဟုတ် မပြည့်စုံသော သုံးသပ်ခြင်းမျိုးကို ဖြစ်သွားစေနိုင်သည်။

## ဆ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ပညာရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် တန်းတူညီမျှ ဝင်ရောက်ခွင့်၊ အခွင့်အလမ်းများနှင့် ဂျန်ဒါ အားလုံးအတွက် လုပ်ခလစာပေးခြင်း၊ ဂျန်ဒါ ပုံသေသတ်မှတ်ချက်များကို ပပျောက်စေခြင်း၊ ဂျန်ဒါတန်းတူ ညီမျှမှုကို မြှင့်တင်ပေးသည့် ဥပဒေများနှင့် မူဝါဒများ။

၂။ သာတူညီမျှမှု (Equity) နှင့် မတူကွဲပြားသော လက္ခဏာရပ်များနှင့် ဖြစ်တည်မှု အခြေအနေများ (Intersectionality) နှစ်မျိုးစလုံးသည် တရားမျှတမှုနှင့် မတူညီသည့် မညီမျှမှု အမျိုးအစားများတွေကို အသိအမှတ်ပြုခြင်းအပေါ် အခြေခံပြီး တူညီသည့် ရည်ရွယ်ချက်ရှိသောကြောင့် အချင်းချင်း ဆက်စပ်နေပါသည်။ သာတူညီမျှမှုဆိုသည်မှာ မျှတသောရလဒ်များ ရရှိရန်အတွက် လူတိုင်း၏ အခြေအနေ လိုအပ်ချက်များအပေါ် အခြေခံ၍ အကူအညီများ ပေးအပ်ခြင်းကို ဆိုလိုသည်။ Intersectionality သည် လူအချို့အတွက် မတူညီသော အခက်အခဲများကို ပေါင်းစပ်ဖြစ်ပေါ်စေသည့် လူမျိုးစု၊ ဂျန်ဒါနှင့် လူတန်းစား ကဲ့သို့သော အကြောင်းအရာများကို ဖော်ပြပေးသည်။ ၎င်းတို့ကို ပေါင်းစုကြည့်လိုက်သောအခါ မျှတမှုကို မြှင့်တင်ရန် လုပ်ဆောင်ကြသည့်အခါ လူတစ်ဦးချင်းစီသည် မညီမျှမှုတွေကို ကွဲပြားစွာ တွေ့ကြုံကြသည့်အရာတွေကိုလည်း ထည့်သွင်းစဉ်းစားနိုင်အောင် လုပ်ဆောင်နိုင်စေသည်။

# ၂.၂ | ပညာရေး

## က။ အကြံပြုသင်ခန်းစာ

- မေးခွန်းများကို ဆွေးနွေးပါ။ ကျောင်းသားများ၏ အတွေးစိတ်ကူးများကို သင်ပုန်းပေါ်တွင် ရေးချပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ အသက် ၁၅ နှစ်နှင့်အထက် လူအားလုံးအတွက် ကမ္ဘာ့စာပေတတ်မြောက်မှုနှုန်းမှာ ၈၆.၃% ဖြစ်သည်။ အမျိုးသားအားလုံးအတွက် ကမ္ဘာ့စာပေတတ်မြောက်မှုနှုန်းမှာ ၉၀.၀% ဖြစ်ပြီး အမျိုးသမီးအားလုံးအတွက်နှုန်းမှာ ၈၂.၇% (ဩဂုတ်လ ၂၀၂၄ ခုနှစ်အထိ) ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်၏ စာတတ်မြောက်မှုနှုန်းသည် ၈၉.၁% ရှိပြီး အမျိုးသား ၉၂.၄% နှင့် ၈၆.၃% ရှိသော အမျိုးသမီးတွေဟာ စာရေးခြင်းနှင့် စာဖတ်ခြင်းကို တတ်မြောက်ကြပါသည်။ Covid 19 နှင့် နိုင်ငံရေး အကျပ်အတည်းကြောင့် ဤအရေအတွက်သည် ပြောင်းလဲသွားနိုင်သည်။

၂။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ မိန်းကလေး ၈၈% နှင့် ယောကျ်ားလေး ၉၁% သည် မူလတန်းကျောင်းကို တက်ကြသည် (၂၀၂၃ ခုနှစ်အထိ)။ မြန်မာနိုင်ငံတွင် မိန်းကလေးများထက် ယောကျ်ားလေးများသည် မူလတန်းကျောင်းကို ပိုမိုတက်ရောက်ကြပြီး ယောကျ်ားလေး ၅၁.၂% နှင့် မိန်းကလေး ၄၈.၈% ဖြစ်သည်။ လေ့ကျင့်ခန်း ၂.၂ (ခ) ရှိ စာမျက်နှာ (၄၄ နှင့် ၄၅) ဂရပ်ကို ကြည့်ပါ။

၃။ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် တက္ကသိုလ်ကို ပိုတက်ကြသည်။ နိုင်ငံအများအပြားတွင် အထူးသဖြင့် ဝင်ငွေမြင့်မားသော နိုင်ငံများတွင် အမျိုးသမီးများသည် အမျိုးသားများထက် တက္ကသိုလ်ဝင်ခွင့်နှင့် ဘွဲ့ရနှုန်း ပိုများနေပါသည်။ တစ်ကမ္ဘာလုံးရှိ အထက်တန်းပညာရေးတွင် စာရင်းသွင်းထားသူ အမျိုးသားဦးရေ ၁၀၀ တိုင်းတွင် အမျိုးသမီးဦးရေ ၁၁၃ ဦး ရှိသည်။ ၎င်းကို နယ်ပယ်တိုင်းတွင် တွေ့ရပေမယ့် အမျိုးသားများအနေဖြင့် အချို့သောနယ်ပယ်များ အထူးသဖြင့် STEM (သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာ) ကဲ့သို့သော နယ်ပယ်များတွင် ယခင်ကဲ့သို့ လွှမ်းမိုးထားဆဲဖြစ်ပါသည်။ သို့သော်လည်း ဝင်ငွေနည်းသော နိုင်ငံများ၏ အဆင့်မြင့်ပညာရေးတွင် ဂျန်ဒါ ကွာဟမှုများ ဆက်လက်တည်ရှိနေပြီး စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အတားအဆီးများကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် တက္ကသိုလ်ပညာရေးသို့ ဝင်ခွင့် ပိုမိုရရှိလေ့ရှိသည်။

## ၁။ လေ့ကျင့်ခန်း

- ထုတ်ပြန်ချက်တစ်ခုစီသည် မှန်လား၊ မှားလား ဆိုသည်ကို ကျောင်းသားများက ဆုံးဖြတ်ကြရမည်။ ထုတ်ပြန်ချက်သည် မှားယွင်းနေပါက ၎င်းတို့သည် မှန်ကန်သော ထုတ်ပြန်ချက်ကို ရေးရမည်။

**အဖြေများ**

၁။ မှန်

၂။ မှား – ဒုက္ခသည် မိန်းကလေးများသည် အလယ်တန်းကျောင်း တက်ရမည့် ယောက်ျားလေးများထက် ထက်ဝက်ခန့်ရှိသည်။

၃။ မှန်

၄။ မှား – ကလေးလုပ်သား အများစုသည် ယောက်ျားလေးများ ဖြစ်ပြီး ၎င်းတို့၏ ပညာရေးအပေါ် သက်ရောက်မှုရှိသည်။

၅။ မှား – အဆင့်မြင့်ပညာ STEM ဘာသာရပ်များတွင် အမျိုးသမီး ၃၅% သာရှိသည်။

၆။ မှား – စာမတတ်သူ သန်း ၇၅၀ ၏ သုံးပုံနှစ်ပုံသည် အမျိုးသမီးများဖြစ်သည်။

၇။ မှား – ၂၀၁၉–၂၀၂၀ တွင် မြန်မာနိုင်ငံရှိ မူလတန်းကျောင်းကို မိန်းကလေးများထက် ယောက်ျားလေးများ ပိုတက်ကြသည်။

၈။ မှန်

၉။ မှန်

## ၈။ လုပ်ငန်းစဉ်

**ဒေတာအချက်အလက်ကို သုံးသပ်ပါ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ကျောင်းထွက်ကလေးများအကြားတွင် ဂျန်ဒါကွာဟမှုကို ဖြစ်စေနိုင်သော အကြောင်းရင်းများကို စဉ်းစားဆုံးဖြတ်ကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ကျောင်းသားများသည် မြန်မာနိုင်ငံရှိ ကျောင်းသား၊ ကျောင်းသူများ ကျောင်းထွက်ရခြင်းအကြောင်း အကြမ်းဖျင်း ဖော်ပြထားသော ဇယားကို ကြည့်ရှုကြရမည်။
- မေးခွန်းများကို ဖြေကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ယောကျ်ားလေးတွေထက် မိန်းကလေးတွေက သူတို့လိုချင်တဲ့ ပညာရေးအဆင့်ကို ပြီးမြောက်ပါသည်။ ယောကျ်ားလေးနှင့် မိန်းကလေးများ ကျောင်းထွက်ရခြင်း အကြောင်းများတွင် တူညီမှုများနှင့် ကွဲပြားမှုများလည်း ရှိကြပါသည်။

၂။ ကျောင်းထွက်နှုန်းများတွင် ယောကျ်ားလေးများနှင့် မိန်းကလေးများကြား အကြီးမားဆုံး ကွာခြားချက်မှာ အိမ်တွင် အလုပ်များ ကူညီရန်အတွက် ကျောင်းထွက်ရသည့် မိန်းကလေးများသည် ယောကျ်ားလေးများထက် ၄.၇% ပိုများသည်။ ထိုသို့ ဖြစ်ရခြင်း အကြောင်းအရင်းမှာ မိန်းကလေးများသည် ၎င်းတို့၏ ပညာရေးကို ပြီးမြောက်ခြင်းထက် အိမ်၌ အလုပ်များကို ကူညီသင့်သည်ဟူသော ယဉ်ကျေးမှုနှင့် မိသားစု မျှော်လင့်ချက်များကြောင့် ဖြစ်နိုင်သည်။

၃။ "အခြား" အကြောင်းရင်းများသည် ကျောင်းထွက်ရခြင်း၏ အကြီးမားဆုံး အကြောင်းရင်းဖြစ်သည်။ ၎င်းတို့တွင် အထူးသဖြင့် မိန်းကလေးများသည် မိသားစုကို ကူညီရန် အတွက် အလုပ်လုပ်ရခြင်း သို့မဟုတ် အစောပိုင်းနှင့် အရွယ်မတိုင်ခင် အိမ်ထောင်ကျခြင်းတို့ ပါဝင်သည်။ အထက်တန်းကျောင်းသားအရွယ်ရှိ ယောကျ်ားလေးများသည် စစ်တပ်၏ စစ်မှုမထမ်းမနေရ ဥပဒေနှင့် သက်ဆိုင်သည့် ပြဿနာများကြောင့် ကျောင်းထွက်ရန် အတင်းအကျပ် ပြုလုပ်ခံရနိုင်သည်။ ယောကျ်ားလေးများနှင့် မိန်းကလေး များသည် ပဋိပက္ခ သို့မဟုတ် ကျောင်းပိတ်ထားခြင်းကြောင့် ကျောင်းထွက်ခဲ့ရတာမျိုးလည်း ရှိနိုင်ပါသည်။

## အပိုဆောင်း လုပ်ငန်းစဉ်

**အတန်းတွင်း အဆင့်မြင့်ပညာရေးဆိုင်ရာ စစ်တမ်းကောက်ယူခြင်း**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် အတန်းထဲတွင် အဆင့်မြင့်ပညာရေးနှင့် ပတ်သက်သည့် စစ်တမ်း ကောက်ယူခြင်း တစ်ခုကို ပြုလုပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက်နှင့် အတန်းတစ်ခုအနေဖြင့် လုပ်ဆောင်ကြရမည်။ အချို့ အဖွဲ့များသည် အင်တာနက်အသုံးပြုရန် လိုအပ်နိုင်သည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

**မှတ်ချက်။** သင်သည် မတူညီသော အဖွဲ့များအတွက် လုပ်ဆောင်စရာများကို ခွဲဝေပေးနိုင်သည်။ စစ်တမ်းကောက်ယူမှုပုံစံ၊ စစ်တမ်း ကောက်ယူမှု လက်တွေ့လုပ်ဆောင်ခြင်း၊ အင်တာနက်မှ နောက်ခံ အခြေအနေ အချက်အလက်များ ရှာဖွေမှု ရလဒ်များကို တင်ပြခြင်း။

၁။ ကျောင်းသားများသည် ၎င်းတို့၏ အတန်းနှင့် ပတ်သက်သည့် စစ်တမ်းကို ကောက်ယူရမည်။
- မည်သည့်ဘာသာရပ်များ (အခြေခံပညာရေး အပြင်) ကို လေ့လာခဲ့ကြပါသလဲ။
- အနာဂတ်တွင် မည်သည့်ဘာသာရပ်များကို လေ့လာသင်ယူရန် စီစဉ်ထားပါသလဲ။
- မည်သည့်ဘာသာရပ်တွေကို လေ့လာချင်လဲ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လေ့လာချင်သည့် ဘာသာရပ်တွေက ဘာတွေလဲ။

၂။ ၎င်းတို့သည် ဂျန်ဒါကို အဓိကထား၍ အချက်အလက်များကို သုံးသပ်ကြရမည်။

၃။ ရလဒ်များသည် မြန်မာနိုင်ငံရှိ ယေဘုယျ ဂျန်ဒါ အခြေအနေ သို့မဟုတ် နိုင်ငံတကာရှိ အခြေအနေနှင့် ဆက်စပ်မှု ရှိ၊ မရှိကို ဆွေးနွေးကြရမည်။
- ၎င်းသည် အင်တာနက်မှ သုတေသနပြုချက်များ လိုအပ်နိုင်သည်။

## ဃ။ ဆွေးနွေးချက်

- အတန်းတစ်တန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ မိန်းကလေးများသည် ပညာရေးတွင် ထူးချွန်ပါက ၎င်းတို့၏ ဘ၀ သို့မဟုတ် အလုပ်အကိုင်တွင် ပိုမိုကောင်းမွန်သော ရွေးချယ်မှုများ လုပ်ဆောင်နိုင်သဖြင့် ၎င်းမှတဆင့် မိသားစုနှင့် ရပ်ရွာလူထုအတွက်လည်း ထိရောက်စွာ ကူညီပံ့ပိုးပေးနိုင်မည်။ ထိုမိန်းကလေးများအနေဖြင့် ပညာရေး၏တန်ဖိုးကို သိရှိနားလည်လက်ခံလာပြီး ၎င်းတို့၏ ကလေးများ၊ မိန်းကလေးများကိုလည်း ကျောင်းတက်ရန်နှင့် ပညာရေးတွင် ထူးချွန်ရန် ပံ့ပိုးပေးလာကြမည် ဖြစ်သည်။

၂။ ဂျန်ဒါအပြင် ငွေကြေးအခက်အခဲများနှင့် ပထဝီတည်နေရာ အနေအထားတို့ပါဝင်ပြီး ကျေးလက်ဒေသများတွင် အများအားဖြင့် ကျောင်းများရှိမနေသည့် အကြောင်းအရင်းများစွာသည် ကျောင်းတက်မှုနှုန်းအပေါ် သက်ရောက်မှုရှိစေသည်။ အချို့သောအုပ်စုများရှိ ယဉ်ကျေးမှုစံနှုန်းများသည် ပညာရေးကို ဦးစားပေးမည် မဟုတ်ပေ။ မသန်စွမ်းမှု၊ စစ်ပွဲနှင့် ပဋိပက္ခများသည် အခြားသော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ လူမျိုးရေး၊ ဘာသာစကား အတားအဆီးများနှင့် အိမ်မှုတာဝန်များသည် ကလေးများ၏ ကျောင်းမှန်မှန် တက်နိုင်မှု၊ မတက်နိုင်မှုအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ ဤပြဿနာများသည် အမြဲတမ်းလိုလို အချင်းချင်း ဆက်စပ်နေသောကြောင့် အချို့သော လူအုပ်စုများအတွက် ပညာရေးကို လက်လှမ်းမီရရှိရန် ခက်ခဲစေသည်။ ၎င်းသည် အခန်း ၁ မှ မတူကွဲပြားသော လက္ခဏာရပ်များနှင့် ဖြစ်တည်မှု အခြေအနေများ (Intersectionality) သဘောတရားနှင့် ဆက်နွှယ်နေသည်။

၃။ **မူဝါဒအားဖြင့်**

- အစိုးရများသည် အသက် ၁၆ နှစ်အထိ ကလေးအရွယ် အမျိုးသား၊ အမျိုးသမီးအားလုံး ကျောင်းတက်ရမည်ဟု ဥပဒေများ ပြဋ္ဌာန်းနိုင်သည်။
- ဂျန်ဒါတန်းတူညီမျှရေးအတွက် ကျောင်းများကို ရန်ပုံငွေ တိုးမြှင့်ပေးခြင်း။
- အရွယ်မတိုင်ခင် လက်ထပ်ခြင်းကဲ့သို့သော မိန်းကလေးငယ်များ၏ ပညာရေးကို အနှောင့်အယှက်ဖြစ်စေသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ကိုင်တွယ်ဖြေရှင်းရမည်။

### အဖွဲ့အစည်းများ အနေဖြင့်

- ပညာရေးစနစ်နှင့် ကျောင်းများသည် ယောက်ျားလေးနှင့် မိန်းကလေးများ တန်းတူတက်ရောက်မှုကို တိုက်တွန်းနိုင်သည်။
- အဖွဲ့အစည်းများသည် ဂျန်ဒါပုံသေသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ပညာရေးဆိုင်ရာ စိတ်ဝင်စားမှုများနှင့် ကျွမ်းကျင်မှုများကို ကလေးများနှင့် လူငယ်များကို ပံ့ပိုးပေးနိုင်သည်။ ဥပမာအားဖြင့် အမျိုးသမီးများအား အင်ဂျင်နီယာအဖြစ် သို့မဟုတ် အမျိုးသားများအား သူနာပြုများအဖြစ် လေ့ကျင့်ပေးခြင်း။
- ကျောင်းများသည် ဂျန်ဒါတန်းတူညီမျှမှုကို မြှင့်တင်ရန်နှင့် ထိပါးနှောင့်ယှက်ခြင်းမရှိဘဲ ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်ကို ဖန်တီးပေးသည့် ကလေးတိုင်းအကျုံးဝင်သော သင်ရိုးညွှန်းတမ်းများကို ရေးဆွဲချမှတ်နိုင်သည်။
- ကျောင်းများသည် မိဘများနှင့်အတူ ဂျန်ဒါတန်းတူညီမျှမဖြစ်မှုကို ဖြေရှင်းပေးနိုင်သည်။
- ကျောင်းများသည် ဂျန်ဒါအားလုံးအတွက် အတားအဆီးများကို ကျော်လွှားနိုင်ရန် လမ်းညွှန်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း ကဲ့သို့သော ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်ပါသည်။

### လူတစ်ဦးချင်း အနေဖြင့်

- ကျောင်းသားများနှင့် ဆရာများတို့သည် ကျောင်းသားများအား ဂျန်ဒါပုံစံခွက်များထဲတွင် ထည့်မထားမိစေရန်နှင့် ၎င်းတို့ ဆန္ဒအတိုင်း ဖွံ့ဖြိုးတိုးတက်စေရန် ခွင့်ပြုပေးနိုင်ပါသည်။
- မိသားစုများသည် ပညာရေး ဆက်လက်လေ့လာမှုကို အဟန့်အတားဖြစ်စေသည့် ယောက်ျားလေးများသာ သို့မဟုတ် မိန်းကလေးများသာ ကူညီဆောင်ရွက်ပေးရန် အလုပ်များဟူ၍ သီးသန့်မျှော်လင့်ထားမှုများကို ရှောင်ရှားနိုင်သည်။
- လူတို့သည် ၎င်းတို့၏ ဂျန်ဒါအပေါ် ဘက်လိုက်မှုနှင့် မျှော်လင့်ထားချက်များကို ပြန်လည်သုံးသပ်ပြီး ပုံသေသတ်မှတ်ချက်များကို တိုက်ဖျက်ရမည်။

၄။ မြန်မာနိုင်ငံတွင် ဂျန်ဒါအခန်းကဏ္ဍများနှင့် ပတ်သက်၍ ယဉ်ကျေးမှုဆိုင်ရာ မျှော်လင့်ထားရှိချက်များကြောင့် အမျိုးသားနှင့် အမျိုးသမီးများသည် မတူညီသော ဘာသာရပ်များကို လေ့လာသင်ယူကြရပါသည်။ အမျိုးသမီးများသည် ပညာရေး သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု ကဲ့သို့သော နယ်ပယ်များသို့ တွန်းပို့ခံရနိုင်ပြီး အမျိုးသားများသည် အင်ဂျင်နီယာ သို့မဟုတ် စီးပွားရေးကို ဆက်လက်လုပ်ဆောင်ရန် တွန်းအားပေးခံရနိုင်သည်။ ဤဆုံးဖြတ်ချက်များကို ဗုဒ္ဓဘာသာရှိ အမျိုးသားများ၏ အခန်းကဏ္ဍ၊ ခေါင်းဆောင်မှုနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသားကြီးစိုးသော စစ်တပ်၏ အခန်းကဏ္ဍဆိုင်ရာ နောက်ခံအကြောင်းအရင်းများက လွှမ်းမိုးထားသည်။ အမျိုးသားနှင့် အမျိုးသမီး ကျောင်းသူ ကျောင်းသားများအား ၎င်းတို့၏ ဂျန်ဒါနှင့် "သင့်လျော်သည်" ဟု ယူဆထားသည့် မတူညီသော ဘာသာရပ်များကို သင်ကြားစေခြင်းသည် လူ့အဖွဲ့အစည်းတွင် ထုံးတမ်းစဉ်လာ ဂျန်ဒါ အခန်းကဏ္ဍများကို ဆက်လက်တည်မြဲစေသည်။

# ၂.၃ | ဘာသာရေး

## က။ အကြိုသင်ခန်းစာ

**မှတ်ချက်။** ဘာသာရေးသည် ထိလွယ်ရှလွယ်သော အကြောင်းအရာ တစ်ခုဖြစ်သည်။ ကျောင်းသားများကို ပွင့်လင်းသော စိတ်ဖြင့် ဘာသာရပ်အပေါ် ချဉ်းကပ်လေ့လာရန် တိုက်တွန်းအားပေးပါ။ မတူညီသော ဘာသာတရားများ၏ ယဉ်ကျေးမှုဆိုင်ရာ ပုံသေ သတ်မှတ်ချက်များနှင့်အတူ ဘာသာရေးဆိုင်ရာ အခန်းကဏ္ဍများနှင့် စည်းမျဉ်းများကို မရောထွေးမိစေရန် သေချာစွာ လုပ်ဆောင်ရမည်။ ကျောင်းသားအနေဖြင့် ပုံသေသတ်မှတ်ချက်များကို ထုတ်ဖော် ပြောဆိုလာခြင်း၊ ခွဲခြားဆက်ဆံခြင်းဆီသို့ ဦးတည်သွားခြင်း၊ အထူးသဖြင့် မိမိကိုးကွယ်သည့်ဘာသာထက် အခြားမတူသည့် ဘာသာတရားများအပေါ် ထင်မြင်ချက်များသာ ဖြစ်နေပါက ထိုပြောဆိုချက်များကို ကိုင်တွယ်ဖြေရှင်းပြီး ၎င်းတို့သည် ပုံသေသတ်မှတ်ချက်များဖြစ်ကြောင်းကို ရှင်းပြမည်။

၁။ အုပ်စုများတွင် ကျောင်းသားများသည် သူတို့သိသော ဘာသာတရားအားလုံးကို စာရင်းပြုစုရမည်။

၂။ သူတို့သည် ၎င်းဘာသာတရားများတွင် အမျိုးသားနှင့် အမျိုးသမီးများအတွက် စည်းမျဉ်းစည်းကမ်းများ ရှိ၊ မရှိကို ထည့်သွင်းစဉ်းစားကြရမည်။ ဘာသာတရားတစ်ခုစီတွင် တွေ့ရှိပါက သူတို့သည် အမျိုးသား/အမျိုးသမီးများအတွက် စည်းမျဉ်းစည်းကမ်းများကို ဇယားပေါ်တွင် ရေးချရမည်။

၃။ အတန်းတစ်ခုအနေဖြင့် ကျောင်းသားများသည် ၎င်းတို့၏ အဖြေများကို နှိုင်းယှဉ်ကြည့်ကြရမည်။

**မှတ်ချက်။** ကမ္ဘာ့ရှိ အဓိကဘာသာတရား အားလုံးတွင် ထိုဘာသာတရား၏ အခွဲ သို့မဟုတ် ဂိုဏ်းဃဏအပေါ် မူတည်၍ ကွဲပြားခြားနားသော ဓလေ့ထုံးတမ်းများစွာရှိသည်။ အချို့သော အဓိက ဥပမာများမှာ ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာ၊ ဆွန်နီနှင့် ရှီးအိုက်အစ္စလမ်၊ ကက်သလစ်နှင့် ပရိုတက်စတင့်ခရစ်ယာန်ဘာသာ သို့မဟုတ် အော်သိုဒေါ့၊ ရှေးရိုးစွဲနှင့် ပြန်လည်ပြင်ဆင်ထားသော ဂျူးဘာသာတို့ဖြစ်သည်။ ဘာသာတရားတစ်ခုစီရှိ ၎င်းအခွဲများသည် အမျိုးသမီးများနှင့် အမျိုးသားများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ မတူညီသော အယူအဆများရှိသည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၂။ ဗုဒ္ဓဘာသာ

**အမျိုးသားများ။** မိသားစုကုသိုလ်ရရန်အတွက် သူတို့ဘဝ၏ အချိန်ခဏတာ သို့မဟုတ် အချိန်ကြာကြာ ဘုန်းကြီး ဝတ်သင့်သည်။

**အမျိုးသမီးများ။** ဘိက္ခုနီအပြည့် သီလရှင်များ မဖြစ်နိုင်ပါ။ (တိဗက်နှင့် ဗီယက်နမ် ဇင်ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းများတွင် ဘုန်းကြီးများနှင့် တူညီသော သင်္ကန်းကို ဝတ်ဆင်နိုင်သည်)။ သို့ရာတွင် အမျိုးသားများအတွက် သီးသန့်ထားရှိသော ဘုရားရင်ပြင်နေရာအချို့ကို အမျိုးသမီးများ သွားလို့မရပါ။

### ခရစ်ယာန်ဘာသာ

**အမျိုးသားများ။** ကက်သလစ်ဘုန်းကြီးများ၊ ဘုန်းတော်ကြီးများ သို့မဟုတ် ပုပ်ရဟန်းမင်းများ ဖြစ်လာနိုင်ပြီး မိသားစု၏ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များ ဖြစ်လာနိုင်သည်။

**အမျိုးသမီးများ။** ခရစ်ယာန် ထုံးတမ်းစဉ်လာအချို့တွင် သင်းအုပ်ဆရာ ဖြစ်လာနိုင်သည်။ ကျိုးနွံပြီး ခင်ပွန်းများကို ပံ့ပိုးကူညီရန် တွန်းအားပေးခံကြရသည်။

### အစ္စလာမ်ဘာသာ

**အမျိုးသားများ။** မုတ်ဆိတ်မွေးထားရန်၊ မိသားစုကို ဦးဆောင်ရန်၊ အမျိုးသမီးများနှင့်အတူ တစ်နေရာတည်းတွင် ဝတ်ပြု ဆုတောင်းခြင်းမျိုး မလုပ်ဆောင်ရန် မျှော်လင့်ထားခံရခြင်း သို့မဟုတ် တွန်းအားပေးခံကြရသည်။

**အမျိုးသမီးများ။** အချို့သော ဓလေ့ထုံးတမ်းများတွင် အမျိုးသမီး များသည် ၎င်းတို့၏ ဦးခေါင်းကို ဖုံးအုပ်ရန် (hijab) သို့မဟုတ် မျက်နှာကို အုပ်ထားရန် လိုအပ်သည်။ အမျိုးသားများကဲ့သို့ နေရာတစ်ခုတည်းတွင် စုဝေး၍ ဝတ်ပြုဆုတောင်းလို့ မရပါ။ ဓမ္မတာလာတဲ့အခါ အမျိုးသမီးတွေကို ဗလီထဲကို ဝင်ခွင့် မပေးပါဘူး။

## အပိုဆောင်း လုပ်ငန်းစဉ်

**ဘာသာတရားများမှ ကိုးကားချက်များ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဘာသာရေး ခေါင်းဆောင်များထံမှ ဘာသာရေးနှင့် ဂျန်ဒါဆိုင်ရာ ပြောစကားများကို သုံးသပ်ကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** *အပို လုပ်ဆောင်ချက်ကို ကော်ပီကူးယူ* ထားပါ (သင့်အနေဖြင့် အဆင်ပြေသလို ပြင်နိုင်သည်)။ *လုပ်ဆောင်ချက် ၂.၃ – ဘာသာတရားများမှ ကိုးကားချက် များ* (နောက်ဆက်တွဲ)။ တစ်အုပ်စုလျှင် တစ်စုံ။

- ဒလိုင်းလားမား၊ ပုပ်ရဟန်းမင်းကြီး Benedict XVI နှင့် Imam Johari Abdul Malik တို့သည် မည်သူဖြစ်သည်ကို မေးမြန်းပါ။
    - ၁၄ ဆက်မြောက် ဒလိုင်းလားမား (၁၉၃၅ ခုနှစ်ဖွား) သည် တိဗက်ဗုဒ္ဓဘာသာ၏ အမြင့်ဆုံးသော ဘာသာရေး ခေါင်းဆောင်ဖြစ်သည်။
    - ပုပ်ရဟန်းမင်းကြီး Benedict XVI သည် ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကက်သလစ်အသင်းတော်၏ အကြီးအကဲဖြစ်သည်။
    - Imam Johari Abdul Malik သည် ဝါရှင်တန်ဒီစီ မွတ်စလင်လူ့အဖွဲ့အစည်း၏ ဥက္ကဋ္ဌဖြစ်သည်။
- အုပ်စုအဖွဲ့များသည် ပြောစကားများကို ဖတ်ပြီး မေးခွန်းများကို ဆွေးနွေးကြရမည်။
- အတန်းတစ်ခုအနေဖြင့် ကျောင်းသားများသည် အဖြေများကို ဆွေးနွေးကြရမည်။

## ၁။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် မေးခွန်းတစ်ခုစီအတွက် အကောင်းဆုံးအဖြေကို ရွေးချယ်ကြရမည်။

**အဖြေများ**

၁။ ဂ

၂။ က

၃။ က

၄။ ခ

၅။ ခ

## အပိုဆောင်း လုပ်ငန်းစဉ်

**ဘာသာရေးခေါင်းဆောင်တစ်ဦးကို အင်တာဗျူးလုပ်ပါ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဘာသာရေးနှင့် ဂျန်ဒါအကြား ဆက်စပ်မှုနှင့် ပတ်သက်ပြီး ဘာသာရေး ခေါင်းဆောင်တစ်ဦးကို အင်တာဗျူး လုပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် ၎င်းတို့၏ ရပ်ရွာလူထုအတွင်းရှိ ဘာသာရေးခေါင်းဆောင်နှင့် တွေ့ဆုံခွင့်ရရန် လိုအပ်သည်။ ၎င်းကို အတန်းချိန် ပြင်ပတွင် လုပ်ဆောင်ရန် လိုအပ်သည်။

**ကြိုတင်ပြင်ဆင်မှု။** *အပို လုပ်ဆောင်ချက်ကို ကော်ပီကူးယူ* ထားပါ (သင့်အနေဖြင့် အဆင်ပြေသလို ပြင်နိုင်သည်)။ *လုပ်ဆောင်ချက် ၂.၃ – ဘာသာရေးခေါင်းဆောင် တစ်ဦးကို အင်တာဗျူးလုပ်ပါ (နောက်ဆက်တွဲ)၊* တစ်အုပ်စုလျှင် တစ်စုံ။

**မှတ်ချက်။** ကျောင်းသားများသည် ဘာသာတစ်ခုထက် ပိုသော ဘာသာရေးခေါင်းဆောင်များကို တွေ့ခွင့်ရလျှင် သို့မဟုတ် ဘာသာ တစ်ခုအတွင်းတွင် တစ်ခုထက်ပိုသော ဓလေ့ထုံးတမ်းရှိလျှင် ဤလုပ်ဆောင်ချက်သည် အကောင်းဆုံးဖြစ်သည်။ "ခေါင်းဆောင်" သည် ဘာသာတရား၌ ရာထူးတစ်ခုခုကို ကိုင်ဆောင်ထားသော တရားဝင်ခေါင်းဆောင် သို့မဟုတ် ထိုဘာသာရေးတွင် အတွေ့အကြုံ များစွာရှိသူ မည်သူမဆို ဖြစ်နိုင်သည်။

- အဖွဲ့များသည် ဝေပေးထားသည့် စာရွက်ရှိ မေးခွန်းများ အတိုင်း မေးကြရမည်။ ၎င်းတို့ နှစ်သက်သလို မေးခွန်းများကို ပြောင်းလဲခြင်း သို့မဟုတ် ထပ်ပေါင်းထည့်ခြင်းမျိုး လုပ်နိုင်သည်။
- ကျောင်းသားများသည် ဘာသာရေးခေါင်းဆောင်တစ်ဦးကို အင်တာဗျူးလုပ်ရန် စီစဉ်ကြရမည်။
- ကျောင်းသားများသည် အင်တာဗျူးက ရလာတဲ့ အဖြေတွေကို ရေးမှတ်ထားကြရမည်။
- အင်တာဗျူးပြီးနောက် တွေ့ရှိချက်တွေကို အနှစ်ချုပ်ကြရမည်။
- သင်နှစ်သက်ပါက ကျောင်းသားများအား ရလဒ်များကို အစီရင်ခံစာ တစ်ခုအနေဖြင့် ရေးခိုင်းပါ သို့မဟုတ် အတန်းထဲတွင် တင်ပြရန် ပြင်ဆင်ခိုင်းပါ။

## ၈။ ဆွေးနွေးချက်

- အတန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

# ၂.၄ | ခေါင်းဆောင်မှု

## က။ အကြိုသင်ခန်းစာ

၁။ ကျောင်းသားများကို အချိန်တစ်မိနစ်ပေးပါ။ ကျောင်းသားများသည် ၎င်းတို့၏ ရပ်ရွာလူထု၊ နိုင်ငံ သို့မဟုတ် နိုင်ငံတကာမှ ခေါင်းဆောင် ဆယ်ဦးစာရင်းကို ပြုစုကြရမည်။ ခေါင်းဆောင်များသည် နိုင်ငံရေး၊ ပညာရေး၊ ဘာသာရေး သို့မဟုတ် အဖွဲ့အစည်းနယ်ပယ်တို့မှ ခေါင်းဆောင်များလည်း ဖြစ်နိုင်ပါသည်။

၂။ ကျောင်းသားများသည် ၎င်းတို့ပြုစုထားသည့် ခေါင်းဆောင်စာရင်းအားကြည့်၍ ခေါင်းဆောင်စာရင်းများထဲတွင် ပါဝင်သည့် အမျိုးသား အရေအတွက်နှင့် အမျိုးသမီး အရေအတွက်ကို စဉ်းစားကြရမည်။

- ၎င်းကို အတန်းထဲတွင် ဆွေးနွေးကြရမည်။

## အပိုဆောင်း လုပ်ငန်းစဉ်

**ဘာတွေက ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်စေတာလဲ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ခေါင်းဆောင်မှု အရည်အသွေးများကို တာဝန်ပေးအပ်ရာတွင် ရှိသည့် ဂျန်ဒါ အခန်းကဏ္ဍကို စူးစမ်းလေ့လာရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် သို့မဟုတ် အတန်းတစ်ခုအနေဖြင့် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အုပ်စုလိုက် သို့မဟုတ် အတန်းတစ်ခုအနေဖြင့် ကျောင်းသားများသည် ခေါင်းဆောင်ကောင်းတစ်ဦးကို သတ်မှတ်ပေးသည့် လက္ခဏာရပ်များကို စဉ်းစားကြရမည်။

၂။ ၎င်းလက္ခဏာရပ်တစ်ခုစီသည် အများအားဖြင့် “အမျိုးသား”၊ “အမျိုးသမီး” သို့မဟုတ် နှစ်မျိုးစလုံးအတွက်ဟု လူအများက ယူဆထားခြင်းရှိ၊ မရှိကို ဆွေးနွေးကြရမည်။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ဂရပ်မျဉ်းကိုကြည့်ပြီး မေးခွန်းများကို ဖြေဆိုကြရမည်။

### အဖြေများ

၁။ ဇယားတွင် ၂၀၂၂ ခုနှစ်အထိ ပြသထားသည့် နိုင်ငံ ၁၁ နိုင်ငံတွင် အမျိုးသမီးများသည် အလယ်တန်းနှင့် အကြီးတန်း စီမံခန့်ခွဲမှု ရာထူးနေရာများ၏ ၅၀% အောက်တွင်သာ ရှိသည်။ ၂၀၀၀ ခုနှစ်မှစ၍ ယေဘုယျအားဖြင့် အလယ်တန်းနှင့် အကြီးတန်း စီမံခန့်ခွဲမှု ရာထူးနေရာများတွင် အမျိုးသမီးများ၏ ရာခိုင်နှုန်းသည် အနည်းငယ် တိုးလာသော်လည်း ပြသထားသည့် နိုင်ငံများတွင် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက စုစုပေါင်း ၅၀% အောက်သာ ရှိသေးသည်။

၂။ အမေရိကန် ပြည်ထောင်စုတွင် မန်နေဂျာများ၏ အစုရှယ်ယာ အများဆုံးသည် ၄၂% ခန့်ရှိသည်။ ဘင်္ဂလားဒေ့ရှ်သည် မန်နေဂျာများ၏ အစုရှယ်ယာ အနည်းဆုံး ၁၁% ခန့် ရှိသည်။

၃။ မြန်မာနိုင်ငံတွင် စီမံခန့်ခွဲမှု ရာထူးနေရာများတွင် အမျိုးသမီးများသည် ၂၀၁၅ ခုနှစ်ဝန်းကျင်မှ စတင်၍ လျင်မြန်စွာ တိုးမြင့်လာခဲ့ပြီး ၎င်းသည် အမေရိကန်မှလွဲ၍ ဂရပ်ပေါ်ရှိ အခြားနိုင်ငံများထက် ၄၀% ပိုများလာသည်။

## ဂ။ ဆွေးနွေးချက်

- အတန်းတစ်ခုအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ခေါင်းဆောင်မှုရာထူးနေရာများတွင် အမျိုးသမီးများ ပိုများလာရခြင်း အကြောင်းရင်းမှာ ပညာရေးသို့ တိုးမြှင့်ဝင်ရောက်လာခြင်းကြောင့်ဖြစ်ပြီး ထိုမှတဆင့် အမျိုးသမီးများ အရည်အချင်းများ တိုးတက်လာခြင်းကြခြင်းဖြစ်သည်။ ဂျန်ဒါ တန်းတူညီမျှရေးအတွက် စည်းရုံးလှုံ့ဆော်မှုနှင့် လုပ်ငန်းခွင်အတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး လူမှုအသိုင်းအဝိုင်း၏ သဘောထားများ တဖြည်းဖြည်း ပြောင်းလဲလာခြင်းတို့ကြောင့် အမျိုးသမီးများ ခေါင်းဆောင်မှု နယ်ပယ်များ တိုးတက်လာခြင်းဖြစ်သည်။

၂။ ၎င်းတို့သည် နိုင်ငံရေးနှင့် စီးပွားရေးတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ပိုမို ပါဝင်လာစေရန် စံနမူနာပြအဖြစ် ဆောင်ရွက်နိုင်သည်။ ၎င်းတို့သည် ဆုံးဖြတ်ချက်ချခြင်းအတွက် မတူညီသော ရှုထောင့်တစ်ရပ်ကို ယူဆောင်လာပြီး အမျိုးသမီးများနှင့် သက်ဆိုင်သည့် မတူညီသော ပြဿနာများနှင့် အမျိုးသားများ မစဉ်းစားနိုင်သော အမျိုးသမီးများအပေါ် သက်ရောက်မှုရှိသည့် နိုင်ငံရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၏ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားနိုင်သည်။

၃။ အမျိုးသမီး ကိုယ်စားလှယ်များ အဆင့်မြင့်ရာထူးနေရာများတွင် ရှိလာခြင်းသည် ပိုမိုပူးပေါင်းပါဝင်ပြီး ပွင့်လင်းမြင်သာသော အုပ်ချုပ်ရေးကို ဖြစ်ပေါ်စေနိုင်ပြီး၊ အစိုးရအဖွဲ့တွင် ဆုံးဖြတ်ချက်ချခြင်းနှင့် ထိရောက်မှုတို့ကို မြှင့်တင်ပေးနိုင်ကြောင်း လေ့လာချက်များအရ သိရသည်။ ၎င်းတို့သည် ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် မတူညီသော ရှုထောင့်ကို ယူဆောင်လာကာ အမျိုးသမီးများနှင့် သက်ဆိုင်သည့် မတူညီသော ပြဿနာများနှင့် အမျိုးသားများ မစဉ်းစားနိုင်သော အမျိုးသမီးများအပေါ် သက်ရောက်မှုရှိသည့် နိုင်ငံရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားနိုင်သည်။

၄။ ဟုတ်ပါသည်။ ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် အမျိုးသမီးများ ပိုများလာခြင်းသည် အမျိုးသမီးများကို ပိုမို အကျိုးရှိစေမည့် ဆုံးဖြတ်ချက်များနှင့် မူဝါဒများ ချမှတ်ခြင်းကြောင့် ဂျန်ဒါတန်းတူညီမျှမှုကို ပိုမို ဖန်တီးပေးပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများ၏ ကိုယ်ပိုင် အတွေ့အကြုံများအပေါ် အခြေခံပြီး လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပါသည်။
မဟုတ်ပါ။ ခေါင်းဆောင်မှုရှိ အမျိုးသမီးအများစုသည် အမျိုးသားများ၏ အကျိုးစီးပွားအတိုင်း လည်ပတ်ပြီး၊ ချုပ်ကိုင်ထားဆဲဖြစ်သည့် ဖိုဝါဒကြီးစိုးမှုစနစ်ကို အပြည့်အဝ မပြောင်းလဲနိုင်ပါ။ ခေါင်းဆောင်မှုတွင်ရှိသော အမျိုးသမီးများသည် အမျိုးသားကြီးစိုးသည့် စနစ်ကြောင့် ဖြစ်ပေါ်လာသော မညီမျှမှုများ အပေါ်မှာ အခြေခံပြီးမှသာ ဤခေါင်းဆောင်မှု အခန်းကဏ္ဍများကို ရယူနိုင်မည်ဖြစ်သည်။ ထို့အပြင် ခေါင်းဆောင်မှုရာထူးနေရာများရှိ အမျိုးသမီးအချို့တွင် ဂျန်ဒါအမြင် မရှိသည့်အပြင် မညီမျှသော ပါဝါအခြေအနေများ ကိုလည်း မမြင်ကြပေ။

၅။ နိုင်ငံအများစုတွင် ပြောင်းလဲလာသော အခန်းကဏ္ဍများနှင့် သဘောထားများကြောင့် အနာဂတ်တွင် ဂျန်ဒါ တန်းတူညီမျှမှုမှာ ဆက်လက် တိုးတက်လာဖွယ် ရှိသော်လည်း ၎င်းသည် လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုများအပေါ် မူတည်ပါသည်။

# ၂.၅ | အလုပ်အကိုင်

## က။ အကြိုသင်ခန်းစာ

- အတန်းတစ်ခုအနေဖြင့် မေးခွန်းများကို ဆွေးနွေးရမည်။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် မှန်ကန်သော အဖြေများကို ရွေးချယ်ကြရမည်။

**အဖြေများ**

၁။ က၊ ဂ၊ ဃ၊ င၊ စ

၂။ က၊ ခ၊ ဃ၊ င

၃။ ခ၊ ဃ၊ စ

၄။ ခ၊ ဂ၊ ဃ

၅။ က၊ င၊ စ

၆။ ဂ၊ ဃ၊ င

## ဂ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ဂရပ်မျဉ်းကို ကြည့်ပြီး မေးခွန်းများကို ဖြေဆိုကြရမည်။

### အဖြေများ

၁။ ကမ္ဘာ့ဒေသအသီးသီးနှင့် မတူညီသောဝင်ငွေရှိသည့် လူ့အုပ်စုများအကြား ဂျန်ဒါအလိုက် (ဂရပ်တွင် "လိင်" ဟု ဖော်ပြထားသည်) လုပ်ခလစာ မရသည့် ပြုစုစောင့်ရှောက်မှု လုပ်ငန်းနှင့် လုပ်ခလစာရသည့် အလုပ်များတွင် အသုံးပြု ထားသည့် တစ်နေ့အတွင်းရှိ အချိန်။

၂။ လုပ်ခလစာမရသော အလုပ်တွင် အမျိုးသမီးများ အချိန် အများဆုံး သုံးရသော နိုင်ငံသည် တစ်နေ့လျှင် ၃၂၉ နာရီ ရှိသော အာရပ်နိုင်ငံများဖြစ်သည်။ လုပ်ခလစာမရသော အလုပ်တွင် အမျိုးသားများ အချိန်အများဆုံးသုံးရသော နိုင်ငံမှာ တစ်နေ့လျှင် ၁၅၅ နာရီ ရှိသော အမေရိကနိုင်ငံများ ဖြစ်သည်။

၃။ လုပ်ခလစာမရသည့် ပြုစုစောင့်ရှောက်ရေး အလုပ်အတွက် အချိန်သုံးစွဲချိန်အတွင်း တန်းတူညီမျှမှု အရှိဆုံး ဒေသမှာ အမျိုးသမီးများအတွက် တစ်နေ့လျှင် ၂၆၈ နာရီနှင့် အမျိုးသားများအတွက် တစ်နေ့လျှင် ၁၅၅ နာရီရှိသော အမေရိကဖြစ်သည်။

၄။ အာရှ-ပစိဖိတ်ဒေသသည် အခြားဒေသတွင်း နိုင်ငံများနှင့် ကမ္ဘာ့ပျမ်းမျှအခြေအနေနှင့် နှိုင်းယှဉ်ပါက တစ်နေ့လျှင် နာရီ ၇၀ တွင် အမျိုးသားများက လုပ်ခလစာ မရသည့် ပြုစု စောင့်ရှောက်ရေးအလုပ်တွင် သုံးစွဲသည့်အချိန် အနည်းဆုံး ဖြစ်သည် (ပျမ်းမျှ ၈၃ နာရီ)။ လုပ်ခလစာ မရသော ပြုစု စောင့်ရှောက်ရေးအလုပ်တွင် အမျိုးသမီးများ သုံးစွဲသည့် အချိန်မှာ တစ်နေ့လျှင် ၂၆၂ နာရီဖြစ်သည့်အတွက် အခြား ဒေသတွင်း နိုင်ငံများနှင့် ဆင်တူပြီး၊ ကမ္ဘာ့ပျမ်းမျှအခြေအနေ ဖြစ်သည့် ၂၆၅ နာရီထက် အနည်းငယ် လျော့နည်းသည်။

၅။ အမျိုးသမီးများအတွက် တစ်နေ့လျှင် လုပ်ခလစာရသည့် အလုပ်အတွက် အချိန်အများဆုံးရှိသည့် ဒေသသည် တစ်နေ့လျှင် ၂၀၁ နာရီ ရှိသည့် အာရှ-ပစိဖိတ်ဒေသဖြစ်ပြီး ကမ္ဘာ့ပျမ်းမျှအခြေအနေ ၁၈၃ နာရီထက် ပိုများသည်။

## ဃ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ မြန်မာနိုင်ငံတွင် ဂျန်ဒါ လုပ်ခလစာကွာဟမှု ၂၅% ရှိသည်ဟု ခန့်မှန်းရပြီး အမျိုးသားတစ်ဦးသည် အမျိုးသမီးနှင့် နှိုင်းယှဉ် ပါက အလားတူ အလုပ်အတွက် ငွေ ၂၅% ပိုရသည်ဟု ဆိုလိုသည်။

# ၂.၆ | ကျန်းမာရေး

## က။ အကြိုသင်ခန်းစာ

- အတန်းတစ်ခုအနေဖြင့် မေးခွန်းများကို ဆွေးနွေးကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ အမျိုးသမီးများတွင် သီးသန့်ဖြစ်သော ကျန်းမာရေးဆိုင်ရာ ပြဿနာများတွင် ရာသီလာခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ သွေးဆုံးခြင်း၊ သားအိမ်ပြင်ပ သန္ဓေတည်ခြင်း၊ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာကဲ့သို့သော မျိုးပွားအင်္ဂါ ကျန်းမာရေးပြဿနာများ ပါဝင်သည်။ အမျိုးသမီးများ အတွက် သီးသန့်လိုအပ်သော ကျန်းမာရေး လိုအပ်ချက်များ တွင် ရာသီလာသည့်အခါ အသုံးပြုရသည့် ပစ္စည်းများနှင့် ကလေးမွေးဖွားခြင်းဆိုင်ရာ အကူအညီများ ပါဝင်သည်။

၂။ အမျိုးသားများတွင် သီးသန့်ဖြစ်သော ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် လိုအပ်ချက်များသည် ဆီးကျိတ်နှင့် ဝှေးစေ့ ကျန်းမာရေး၊ မျိုးပွားအင်္ဂါ ကျန်းမာရေးနှင့် လုပ်ငန်းခွင် ကျန်းမာရေးအန္တရာယ်များ ဖြစ်ပွားမှုနှုန်း မြင့်မားခြင်းတို့နှင့် ဆက်စပ်နေသည်။

> **မှတ်ချက်။** စိတ်ကျန်းမာရေးသည် အမျိုးသားရော အမျိုးသမီး အတွက်ပါ အရေးကြီးသော ကိစ္စဖြစ်သည်။ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် ပြဿနာများအကြောင်း ပြောကြရာတွင်လည်း ထိုအကြောင်းအရာကို လျစ်လျူရှုထားတတ်ကြသည်။ သို့ပေမယ့် လည်း အမျိုးသားများနှင့် အမျိုးသမီးများအကြား စိတ်ကျန်းမာရေး လိုအပ်ချက် အသေးစိတ်အကြောင်းအရာများသည် အနည်းငယ် ကွဲပြားနိုင်ပါသည်။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် စာသားထဲမှ ဂျန်ဒါနှင့် ကျန်းမာရေး မညီမျှမှုများ (၁-၆) နှင့် ဇာတ်လမ်းအဖြစ်အပျက်များ (က-စ) နှင့် တွဲကြရမည်။

**အဖြေများ**

(က) ၃
(ခ) ၅
(ဂ) ၆
(ဃ) ၄
(င) ၁
(စ) ၂

## အပိုဆောင်း လုပ်ငန်းစဉ်

**ကျန်းမာရေး သုတေသန ရလဒ်များ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါအလိုက် လူ့သက်တမ်းကို သုတေသနပြုကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ အဖွဲ့များသည် အင်တာနက် ရရန် လိုအပ်ပါသည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အင်တာနက် အရင်းအမြစ်များကို အသုံးပြု၍ ကျောင်းသားများသည် အမျိုးသားနှင့် အမျိုးသမီးများအတွက် နိုင်ငံတကာ၊ နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများဆိုင်ရာ လူ့သက်တမ်းများကို သုတေသနပြုကြရမည်။
- ၎င်းတို့ ရှာဖွေနေသော နိုင်ငံများ/ဒေသတွင်းနိုင်ငံများရှိ ၎င်းကိန်းဂဏန်းများကို သက်ရောက်မှုရှိစေသည့် အကြောင်းအရာများနှင့် အကြောင်းရင်းများကို ရှာဖွေဖော်ပြရန် လိုအပ်ကြောင်းကို ထောက်ပြပြောဆိုပါ။

၂။ ၎င်းတို့၏ တွေ့ရှိချက်များကို အုပ်စုလိုက်အနေဖြင့် အတန်းထဲတွင် တင်ပြကြရမည်။
- ၎င်းတို့သည် စာရွက်ဖြင့် သို့မဟုတ် ပါဝါပွိုင့်ဖြင့် တင်ပြနိုင်သည်။
- ၎င်းတို့၏ တင်ပြချက်များတွင် အချက်အလက်များအပေါ် သုံးသပ်ထားချက်ကို နှုတ်ဖြင့် တင်ပြပြောဆိုခြင်းနှင့် အခြားကျောင်းသားများထံမှ မေးလာမည့် မေးခွန်းတိုများကို ပြန်ဖြေဆိုခြင်းတို့ ပါဝင်သည်။

## ဂ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၂။ ပုံသေသတ်မှတ်ချက်များသည် လူတို့၏ စိတ်ကျန်းမာရေး ပြဿနာများကို အခြားသူများ မည်သို့ နားလည်သဘောပေါက်ပြီး တုံ့ပြန်ပုံနှင့် ကျန်းမာရေးပညာရှင်များက ၎င်းတို့ကို မည်ကဲ့သို့ ဆက်ဆံသည့်အပေါ်တွင် သက်ရောက်မှု ရှိနိုင်သည်။ ဥပမာ - စိတ်ဓာတ်ကျခြင်းကဲ့သို့သော ပြဿနာ များသည် သတ်မှတ်ထားသော ဂျန်ဒါအတိုင်း နေထိုင်စေရန် အတွက် ဖိအားများနှင့် ဆက်စပ်နေနိုင်သည်။ ယေဘုယျအားဖြင့် အမျိုးသားများသည် သန်မာရမည်ဖြစ်ပြီး၊ စိတ်ခံစားမှုများကို မပြရဘူးဆိုသည့် အပျက်သဘောဆောင်သော ပုံသေ သတ်မှတ်ချက်များသည် ကျွမ်းကျင်ပညာရှင်များထံမှ သာမက မိသားစုနှင့် သူငယ်ချင်းများထံမှ စိတ်ကျန်းမာရေး ပြဿနာများ အတွက် အကူအညီ တောင်းခံရန်အတွက် အမျိုးသားများကို တားဆီးထားလေ့ရှိသည်။

၃။ LGBTIQ များသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ခွဲခြားဆက်ဆံမှု ခံရမည်ကို ကြောက်ရွံ့သောကြောင့် ကျန်းမာရေး ဝန်ဆောင်မှုများကို မရယူကြပေ။ အထင်အမြင် မှားခံရမှုနှင့် ခွဲခြားဆက်ဆံခံရမှုများကြောင့် စိတ်ဓာတ်ကျခြင်း နှင့် စိုးရိမ်သောကပြဿနာများ ပိုမိုအဖြစ်များနိုင်သည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ အများအပြားသည်လည်း LGBTIQ များ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် သင်တန်းမရရှိကြပေ။ ကျန်းမာရေးစနစ်တွင် LGBTIQ များအပေါ် နားလည်မှု အားနည်းခြင်းကြောင့် အချို့သော LGBTIQ များသည် လွဲမှားစွာဖြင့် ရောဂါအမည် အတပ်ခံကြ ရသည်။

၄။ ပဋိပက္ခများသည် ကျန်းမာရေးကို ပိုမို ဆိုးရွားစေပြီး ဂျန်ဒါ မညီမျှမှုကို တိုးပွားစေသည်။ ကျန်းမာရေးစောင့်ရှောက်မှု စနစ်များ ပျက်စီးသွားသဖြင့် မိခင်စောင့်ရှောက်မှုနှင့် ရောဂါများအတွက် ကုသပေးရသည့် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများရရှိရန် ခက်ခဲစေသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် လိင်အကြမ်းဖက်ခံရနိုင်ခြေ ပိုများပြီး မျိုးပွားအင်္ဂါ ကျန်းမာရေးစောင့်ရှောက်မှုကို အကန့်အသတ် ဖြင့်သာ ရရှိနိုင်ချိန်တွင် အမျိုးသားများသည် တိုက်ပွဲများတွင် အကြမ်းဖက်မှုနှင့် ကြုံတွေ့ရလေ့ရှိသည်။ ၎င်းသည် ဂျန်ဒါ မညီမျှမှုကို ဆက်လက်ဖြစ်ပေါ်စေပြီး ထိခိုက်ခံရသူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။

# ၂.၇ | ရာသီဥတုဖောက်ပြန်မှု

## က။ အကြိုသင်ခန်းစာ

- အတန်းတစ်ခုအနေဖြင့် မေးခွန်းများကို ဆွေးနွေးကြရမည်။
- သင်နှစ်သက်ပါက ကျောင်းသားများအနေဖြင့် ၎င်းသည် အမျိုးသမီးများနှင့် အမျိုးသားများအတွက် တူညီလား၊ ကွဲပြားလား ဆိုသည်ကို လက်ပြခြင်းဖြင့် စစ်တမ်းကို အမြန်ကောက်ယူနိုင်သည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

ရာသီဥတုဖောက်ပြန်မှုသည် အချို့နိုင်ငံ သို့မဟုတ် ရပ်ရွာလူထုများတွင် အမျိုးသမီးများကို ပိုမို သက်ရောက်စေနိုင်သည်။ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အချက်များကြောင့် ရေကြီးခြင်း သို့မဟုတ် မိုးခေါင်ခြင်းကဲ့သို့သော ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ ဖြစ်ရပ်များတွင် အမျိုးသမီးများအပေါ် သက်ရောက်မှုများ ပိုမိုရှိလာနိုင်သည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အရင်းအမြစ်များ၊ ငွေကြေး၊ ပညာရေး သို့မဟုတ် မြေယာ သို့မဟုတ် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု နည်းပါးနိုင်သော်လည်း ကလေးများနှင့် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်း၊ အစားအစာ သို့မဟုတ် လောင်စာများ စုဆောင်းခြင်းနှင့် ပြင်ဆင်ခြင်းစသည့် အိမ်မှုကိစ္စများအတွက် အမျိုးသမီးများသည် ပိုမို တာဝန်ယူကြရပါသည်။ သဘာဝဘေးအန္တရာယ်များ အပြီးတွင် မိသားစု စိတ်ဖိစီးမှု သို့မဟုတ် ပြိုကွဲခြင်းနှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရခြင်းတို့ကြောင့် အဓမ္မပြုကျင့်ခံရမှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်ခံရမှုများ ပိုမို ကြုံတွေ့ရနိုင်သည်။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများအနေဖြင့် ထုတ်ပြန်ချက်တစ်ခုစီသည် မှန်လား၊ မှားလား ဆိုသည်ကို ဆုံးဖြတ်ကြရမည်။ ထုတ်ပြန်ချက်သည် မှားနေပါက ၎င်းတို့သည် မှန်ကန်သော ထုတ်ပြန်ချက်ကို ရေးကြရမည်။

**အဖြေများ**

၁။ မှား။ ၎င်းတို့သည် အမျိုးသားများနှင့် အမျိုးသမီးများကို မတူညီသော နည်းလမ်းများဖြင့် သက်ရောက်မှုရှိသည်။

၂။ မှန်

၃။ မှား။ အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက လှုပ်ရှားသွားလာရမှု နည်းပါးသည့်အတွက် သဘာဝဘေးအန္တရာယ်အတွက် ပြင်ဆင်ခြင်းနှင့် သရုပ်ပြခြင်းတို့အတွက် အသိပညာနှင့် သင်တန်းရရှိမှု နည်းပါးခြင်းကြောင့် သေဆုံးနိုင်ခြေ ပိုများပါသည်။

၄။ မှန်

## ၈။ ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများသည် ဖြစ်ရပ်လေ့လာချက် အဖြစ်အပျက်ကို ဖတ်ပြီး မေးခွန်းများကို ဖြေကြရမည်။

**မှတ်ချက်။** မေးခွန်းနံပါတ် ၄ ကို အဖွဲ့လိုက် သို့မဟုတ် အတန်းလိုက် ဆွေးနွေးမှုအဖြစ် ကူညီဆောင်ရွက်ပေးနိုင်သည်။ အနာဂတ်တွင် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ဆက်နွယ်သော သဘာဝဘေးအန္တရာယ်များတွင် ဂျန်ဒါမညီမျှမှုဆိုင်ရာ ပြဿနာများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ချဲ့ထွင်ပြီး မေးမြန်းနိုင်သည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ မိုခါဆိုင်ကလုန်း၏ သက်ရောက်မှုများတွင် အမိုးအကာ၊ ပစ္စည်းဥစ္စာနှင့် အခြားပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်း၊ ရေကြီးခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ အခြေခံအဆောက်အဦများ ပျက်စီးခြင်း၊ ဘေးလွတ်ရာ နေရာများနှင့် ဘုန်းကြီးကျောင်းများတွင် အမိုးအကာ လိုအပ်နေသူများ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လိင်နှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ တိုးပွားလာခြင်း။

သတင်းဆောင်းပါးတွင် တိုက်ရိုက်ဖော်ပြထားခြင်းမရှိသော အခြားဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများမှာ ရခိုင်ပြည်နယ်ရှိ ပဋိပက္ခအခြေအနေများ၊ ဆင်းရဲမွဲတေမှု မြင့်မားလာမှု၊ ကူးစက်ရောဂါများ ပြန့်ပွားမှု၊ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမမီမှုတို့ ဖြစ်နိုင်သည်။

၂။ အမျိုးသမီးများနှင့် မိန်းကလေးများသည် ဂျန်ဒါမညီမျှမှုကြောင့် ထိခိုက်လွယ်ပြီး ခက်ခဲသော အခြေအနေများနှင့် ရင်ဆိုင်နေရသည်။ ၎င်းတို့သည် အမိုးအကာများ ဆုံးရှုံးခြင်း၊ ရေကြီးခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းနှင့် ဘုန်းကြီးကျောင်းများနှင့် ဘေးလွတ်ရာ နေရာများသို့ ရွှေ့ပြောင်းနေထိုင်ရခြင်းတို့ကြောင့် လိင်နှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု အန္တရာယ်များ ပိုမို ကြုံတွေ့ကြရသည်။

သတင်းဆောင်းပါးတွင် ဖော်ပြထားခြင်းမရှိသော အခြား ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများတွင် အမျိုးသမီးများ၏ ငွေကြေးချို့တဲ့ခြင်း သို့မဟုတ် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများတွင် လုံခြုံမှုမရှိခြင်းအပြင် အမျိုးသမီးများကို ပိုမို ထိခိုက်လွယ်စေသည့် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ပညာရေးကို လက်လှမ်းမမီခြင်းတို့ ပါဝင်နိုင်သည်။ ၎င်းအခြေအနေသည် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူမှတဆင့်ရသော ရာသီသွေးလာစဉ် အသုံးပြုရသည့် သန့်ရှင်းရေး ပစ္စည်းများနှင့် သန္ဓေတားဆေးများကဲ့သို့သော ပစ္စည်းများ ရရှိရန် ခက်ခဲလာပါသည်။

၃။ လူများပြည့်ကျပ်နေသော ကယ်ဆယ်ရေးစခန်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ရွှေ့ပြောင်းနေထိုင်ရခြင်းကြောင့် မိုခါဆိုင်ကလုန်းသည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုအန္တရာယ် ဖြစ်နိုင်ခြေကို တိုးပွားစေပါသည်။ ဤနေရာများတွင် များသောအားဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများ (သို့မဟုတ် ယောက်ျားလေးများ) အတွက် ဘေးကင်းလုံခြုံရေး အစီအမံများကို ဆောင်ရွက်ပေးလေ့မရှိပါ။ ဥပမာအားဖြင့် အထူးသဖြင့် ညဘက်တွင် ရေချိုးခန်းများကို အသုံးပြုရခြင်းသည် ဘေးကင်းလုံခြုံမှု မရှိဘဲ၊ မကောင်းမှုလုပ်ဆောင်မည့်သူများကိုလည်း တားဆီးနိုင်သည့် အခြေအနေ မရှိနိုင်ပါ။

၄။ အခြေအနေတိုးတက်စေရန်အတွက် ဖြစ်နိုင်သော နည်းလမ်းများမှာ –

- အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် လုံခြုံစိတ်ချရသော အမိုးအကာများ ပေးဆောင်ပြီး ရေချိုးခန်းများနှင့် အခြားအသုံးအဆောင်နေရာများ၏ ဘေးကင်းလုံခြုံမှုကို ဂရုစိုက်ပါ။
- မျိုးပွားအင်္ဂါကျန်းမာရေးကဲ့သို့သော အမျိုးသမီးများအပေါ် သက်ရောက်မှုရှိသည့် သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ပေးဆောင်ပါ။
- အနာဂတ်တွင် ရေလွှမ်းမိုးမှုကို ခံနိုင်ရည်ရှိသည့် ပိုမိုကောင်းမွန်သော သို့မဟုတ် ပိုမိုမြင့်မားသော အဆောက်အဦများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ပါ။
- ရာသီဥတုဖောက်ပြန်မှုကို လျှော့ချပေးသည့် မူဝါဒများ ပြဋ္ဌာန်းလာရန် စည်းရုံးလှုံ့ဆော်ပါ။
- ရာသီဥတုဖောက်ပြန်မှုကြောင့် ဂျန်ဒါအပေါ် သက်ရောက်မှုများအား အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အဓိကထား၍ အသိပညာပေးခြင်းများ လုပ်ဆောင်ပါ။
- သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ သတိပေးချက်နှင့် ကြိုတင်ခန့်မှန်းရေးစနစ်တို့တွင် ဂျန်ဒါနှင့် ပတ်သက်ပြီး ပိုမို ထည့်သွင်းစဉ်းစား၍ လုပ်ဆောင်ပါ။

## ဃ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ရေကြီးခြင်း၊ မုန်တိုင်းများ သို့မဟုတ် မိုးခေါင်ခြင်းကဲ့သို့သော ရာသီဥတုဖောက်ပြန်မှု၏ သက်ရောက်မှုများသည် ၎င်းတို့၏ လူမျိုး၊ လူတန်းစား၊ ဆင်းရဲမွဲတေမှု၊ ဂျန်ဒါ၊ အသက် စသည် တို့ကြောင့် ထိခိုက်လွယ်သော လူအုပ်စုများကို ပိုမို ဆိုးရွားစေ ပါသည်။ ဖယ်ကျဉ်ခံထားရခြင်းနှင့် ဝေးလံခေါင်သီသော နေရာတွင် ရှိနေခြင်းတို့ကြောင့် အရင်းအမြစ်များကို လက်လှမ်းမီရရှိမှု နည်းပါးသူများသည် အခြားသူများထက် ထိခိုက်ခံရမှုအခြေအနေ ပိုမို ပြင်းထန်ပါသည်။

၂။ ရာသီဥတုဖောက်ပြန်မှု၏ အကြောင်းရင်းများနှင့် သက်ရောက်မှုများအပေါ် ပိုမိုသိရှိနားလည်စေရန် ပြုလုပ်ပါ။ ရာသီဥတုဖောက်ပြန်မှု ဖြစ်စဉ်များတွင် အမျိုးသမီးများနှင့် အမျိုးသားများ ကြုံတွေ့ရသည့် ကွဲပြားသည့် ပြဿနာများကို ဆွေးနွေးပါ။ သင်၏ ကျောင်း သို့မဟုတ် လုပ်ငန်းအစီအစဉ်တွင် ရာသီဥတုဖောက်ပြန်မှုနှင့် ဂျန်ဒါနှင့် သက်ဆိုင်သည့် လှုပ်ရှားမှု သို့မဟုတ် ကမ်ပိန်းတစ်ခုကို ဖန်တီးပါ။ အမျိုးသမီးများ အနေဖြင့် မြေယာ သို့မဟုတ် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုမရှိခြင်း၊ အမျိုးသားကြီးစိုးသော ဆုံးဖြတ်ချက်များချခြင်းနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်များတွင် အမျိုးသမီးများ မပါရှိခြင်းသည် ရာသီဥတုဖောက်ပြန်မှုကြောင့် လက်ရှိပြဿနာများကို ပိုမိုဆိုးရွားနိုင်သည်ကို အသိပညာ ပေးပါ။

၃။ **တစ်ဦးချင်းအနေဖြင့်** အချို့သော နိုင်ငံများနှင့် လူ့အဖွဲ့အစည်းများတွင် အမျိုးသမီးနှင့် မိန်းကလေးများသည် ငွေကြေးပိုင်ဆိုင်မှုမရှိခြင်း၊ မြေယာ သို့မဟုတ် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု မရှိမှု သို့မဟုတ် ဂျန်ဒါအခြေပြု အကြမ်းဖက်ခံရမှု အန္တရာယ်များကြောင့် ထပ်တိုးစိန်ခေါ်မှုများနှင့် ရင်ဆိုင် ရလိမ့်မည်ဖြစ်သည်။ အမျိုးသမီးများသည် ရာသီဥတု ဖောက်ပြန်မှု၏ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းနည်း သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုအတွင်း ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုကို ကာကွယ်နည်းများဆိုင်ရာ သင်တန်း ရရှိမှု နည်းပါးနိုင်သည်။ အမျိုးသားများကို လုံခြုံရေး ယူပေးရန်နှင့် ၎င်းအခြေအနေမျိုးတွင် မိသားစုများအတွက် ငွေကြေးပံ့ပိုးသူအဖြစ် မျှော်လင့်ထားကြသော်လည်း ၎င်းမျှော်လင့်ချက်များကို ပြည့်မီအောင် မဆောင်ရွက်နိုင်ပါ။ ၎င်းတို့သည် စိတ်ကျန်းမာရေးပြဿနာများ ကြုံတွေ့ရပြီး ၎င်းတို့၏ မိသားစုအတွင်း ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ဖြစ်နိုင်ခြေကို ပိုများစေပါသည်။

**လူမှုအသိုင်းအဝိုင်းများ**သည် လူမှုရေး၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေး စံနှုန်းများနှင့် ပုံသေသတ်မှတ်ချက်များဖြင့် လွှမ်းမိုးထားပြီး ရာသီဥတုဆိုင်ရာ သက်ရောက်မှုများကို လူများက မည်သို့ တုံ့ပြန်သင့်သည်နှင့် ပြန်လည်ထူထောင်ရေး အတွက် မည်သူက အကူအညီရသင့်သည်နှင့် ပတ်သက်၍ မျှော်လင့်ထားချက်များ ရှိနိုင်သည်။ ဥပမာအားဖြင့် အချို့သော လူမှုအသိုင်းအဝိုင်းများရှိ မျှော်လင့်ထားချက်မှာ အမျိုးသား များသည် ပြန်လည်ထူထောင်ရေးကိစ္စများကို ဦးဆောင်ရမည် ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှု ဖြစ်စဉ်တစ်ခုအား မည်သို့ တုံ့ပြန်ရမည်ကို ဆုံးဖြတ်ချက်များ ချကြရမည်ဖြစ်ပြီး၊ အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချသည့် နေရာတွင် ပါဝင် ရမည် မဟုတ်ပေ။ ၎င်းသည် အမျိုးသမီးများ၏ လိုအပ်ချက် အမှန်များကို ထင်ဟပ်ခြင်းမရှိသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို ဖြစ်ပေါ်စေနိုင်သည်။

ရာသီဥတုဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့် **မူဝါဒများ**သည် လက်ရှိ စံနှုန်းများနှင့် ပုံသေ သတ်မှတ်ချက်များကို အားဖြည့်ပေးနိုင်ပါသည်။ ဥပမာအားဖြင့် ရေလွှမ်းမိုးခြင်း သို့မဟုတ် မိုးခေါင်ခြင်းကဲ့သို့သော ရာသီဥတု ဘေးဒဏ် ဖြစ်ပွားပြီးနောက်တွင် ငွေကြေးပံ့ပိုးမှုအများစုကို မြေယာ သို့မဟုတ် ပစ္စည်းဥစ္စာ ပိုင်ရှင်များထံ ကူညီပေးသင့် သည်ဟု ယူဆထားခြင်းဖြစ်သည်။ သို့ရာတွင် အချို့သော လူမှုအသိုင်းအဝိုင်းတွင် မြေယာ/ပစ္စည်းဥစ္စာပိုင်ဆိုင်သူ အများစုသည် အမျိုးသားများဖြစ်သည့်အတွက် ငွေကြေး ပံ့ပိုးမှုအများစုကို အမျိုးသားများ ရရှိကြပြီး၊ အမျိုးသမီးများသည် မျိုးပွားအင်္ဂါကျန်းမာရေး သို့မဟုတ် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရသော ကိစ္စရပ်များ အတွက် ရန်ပုံငွေ တိုက်ရိုက်မရရှိဟု ဆိုလိုနိုင်သည်။

၄။ ပြီးခဲ့သည့် မေးခွန်းနံပါတ် (၃) တွင် ဖော်ပြထားသော ပြဿနာ အမျိုးအစား ဥပမာများကို သိရှိထားခြင်းဖြင့် ရာသီဥတု မူဝါဒများနှင့် အစပျိုးဆောင်ရွက်မှုများတွင် ဂျန်ဒါကို ထည့်သွင်းစဉ်းစားသည့် တုံ့ပြန်ဆောင်ရွက်မှုမျိုး ပါဝင်နိုင်သည်။ မူဝါဒများ မရေးဆွဲမီ ဂျန်ဒါ သုံးသပ်ချက်တစ်ခု လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ရာသီဥတုဘေးဒဏ် ခံရပြီးနောက် ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေကို ဂျန်ဒါတစ်မျိုးတည်းသာ အဓိကထားသည့် အဖွဲ့အစည်း သို့မဟုတ် လူတွေကိုသာ ပေးအပ်ခြင်းမျိုး မလုပ်ဆောင်ခြင်း။ ထို့အပြင် ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေများရှိ လူများအတွက် ဂျန်ဒါကို ထည့်သွင်းစဉ်းစားသည့် အထောက်အပံ့များနှင့် မူဝါဒများကို အကောင်အထည်ဖော်ပါ။ ဥပမာအားဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးခြင်းကြောင့် မိသားစုများကို မထောက်ပံ့နိုင်သော အမျိုးသားများအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် စိတ်ကျန်းမာရေးအတွက် ပံ့ပိုးပေးခြင်း သို့မဟုတ် မျိုးပွားအင်္ဂါ ကျန်းမာရေးဝန်ဆောင်မှုများ မရှိခြင်းကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော အမျိုးသမီးများအတွက် ထပ်လောင်း ထောက်ပံ့မှုများ ပေးအပ်ခြင်းဖြစ်သည်။

## င။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### အပိုဆောင်း လုပ်ငန်းစဉ်

**သုတေသနနှင့် တင်ပြခြင်း**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါနှင့် ၎င်းတို့၏ ရပ်ရွာလူထုနှင့် သက်ဆိုင်သည့် ပြဿနာတစ်ရပ်ကို သုတေသနပြုကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် အင်တာနက် ရရန် လိုအပ်ပါသည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။



၁။ ကျောင်းသားများသည် ဤအခန်းတွင် ဖော်ပြခဲ့သော ဂျန်ဒါ မညီမျှမှု၏ ကွဲပြားသော နယ်ပယ်များကို တွေးတောစဉ်းစားပြီး ခေါင်းစဉ်တစ်ခုကို ရွေးချယ်ကာ ၎င်းတို့၏ ရပ်ရွာလူထု အတွင်းရှိ အကြောင်းအရာနှင့် သက်ဆိုင်သည့် ပြဿနာ တစ်ခုကို သုတေသန ပြုကြရမည်။
- ၎င်းတို့သည် အဓိကပြဿနာများကို သတ်မှတ်ရန် လိုအပ်ပြီး အခြေအနေ တိုးတက်စေရန်အတွက် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းနည်းများနှင့် လုပ်ငန်းစဉ်များကို စဉ်းစားရန် လိုအပ်ပါသည်။


၂။ ၎င်းတို့သည် ဖလစ်ချပ်၊ ပါဝါပွိုင့် သို့မဟုတ် သရုပ်ဖော် တင်ဆက်ခြင်း ကဲ့သို့သော တီထွင်ဖန်တီးထားသည့် တင်ဆက်မှု ပုံစံများကို အသုံးပြု၍ ပြဿနာနှင့် ဖြစ်နိုင်ခြေ ရှိသော ဖြေရှင်းချက်များ ပါဝင်သည့် တင်ပြချက်တစ်ခုကို ဖန်တီးကြရမည်။

၃။ သူတို့၏ တင်ပြချက်များကို အတန်းထဲတွင် တင်ပြကြရမည်။

၄။ တစ်တန်းလုံးအနေဖြင့် တင်ပြချက်များအပေါ် ပြန်လည် သုံးသပ်ပြီး မေးခွန်းများကို ဆွေးနွေးပါ။
- မတူညီသော တင်ပြမှုများတွင် သင်သတိပြုမိသည့် ဘုံတူညီသော ပြဿနာတွေက ဘာတွေလဲ။
- ၎င်းပြဿနာများအတွက် ဘုံတူညီသည့် ဖြေရှင်းနည်းများ ရှိပါသလား။

# အခန်း ၀၃

## ဖိုဝါဒကြီးစိုးမှုနှင့် အာဏာပါဝါ



### အခန်း (၃) မာတိကာ


၃.၁ | ဖိုဝါဒကြီးစိုးမှု ........ ၆၈

၃.၂ | ယောက်ျားပီသမှုနှင့် မိန်းမပီသမှု ........ ၇၂

၃.၃ | အာဏာပါဝါနှင့် ဖိုဝါဒကြီးစိုးမှု ........ ၇၆


### အခန်း (၃) အတွက် အပို ရည်ညွှန်းကိုးကားချက်များ

**ဖိုဝါဒကြီးစိုးမှု ဆိုတာဘာလဲ။** အိန္ဒိယရှိ ဖီးမီးနစ်စ်ဝါဒမှ ဗီဒီယို (အင်္ဂလိပ် ဘာသာစကား) - https://bit.ly/3VD9owb

# ၃.၁ | ဖိုဝါဒကြီးစိုးမှု

## က။ အကြိုသင်ခန်းစာ

၁။ တစ်တန်းလုံးအနေဖြင့် မေးခွန်းများကို ဆွေးနွေးကြရမည်။ ကျောင်းသားများသည် ဖိုဝါဒကြီးစိုးမှုဆိုတာကို ရှင်းပြပြီး ၎င်းနှင့် သက်ဆိုင်သည့် ဥပမာတစ်ခု ပေးကြရမည်။
- ကျောင်းသားတွေရဲ့ အတွေးစိတ်ကူးများကို ဝှိုက်ဘုတ်ပေါ်မှာ ရေးချပါ။
- အကယ်၍ ကျောင်းသားများသည် ထိုစကားလုံးကို ယခင်က မကြားခဲ့ဖူးပါက စာသားကို ဆက်လက် ဖတ်ရှုပါ။

၂။ ကျောင်းသားများသည် ၃.၁ ပါ စာသားကိုဖတ်ပြီး ၎င်းတို့၏ အတွေးစိတ်ကူးများကို ပြန်ကြည့်ရမည်။ သူတို့၏ အတွေး စိတ်ကူးများသည် စာသားပါ အချက်များနှင့် တူပါသလား။

**မှတ်ချက်။** ဖိုဝါဒကြီးစိုးမှု ခေါင်းစဉ်သည် ပြင်းထန်သော စိတ်ခံစားမှုများကို ဖြစ်ပေါ်စေနိုင်သည်။ ၎င်းကို ဂရုတစိုက် ချဉ်းကပ်ပြီး ပြင်ဆင်ပါ။

ဖိုဝါဒကြီးစိုးမှုသည် အမျိုးသားများကို အကျိုးပြုပုံပေါ်သယောင် ရှိပါသည်။ သို့သော် ၎င်းသည် အမျိုးသားများအပေါ်တွင်လည်း ဆိုးကျိုးများစွာ သက်ရောက်မှု ရှိပါသည်။ ယောက်ျားပီသခြင်းနှင့် သက်ဆိုင်သည့် တင်းကျပ်သော အယူအဆများသည် အမျိုးသား များ၏ စိတ်ကျန်းမာရေးနှင့် ပေါင်းသင်းဆက်ဆံရေးကို ထိခိုက်စေ နိုင်သည်။ အမျိုးသားများသည် ခက်ထန်မာကျောပြီး၊ ၎င်းတို့၏ ခံစားချက်များကို ဖုံးကွယ်ထားရမည်ဟူ၍ သတ်မှတ်ထားသည့်အခါ ၎င်းတို့သည် စိတ်ဖိစီးမှုများ၊ စိုးရိမ်ပူပန်မှုများနှင့် စိတ်ဓာတ်ကျမှု တို့ဖြင့် ရုန်းကန်ရနိုင်သည်။ သူတို့သည် သူတို့၏ စိတ်ခံစားချက်များ ကို ပြောဆိုခြင်း သို့မဟုတ် အကူအညီတောင်းခြင်းတို့ကို ရှောင်ရှား ကြမည်ဖြစ်သည့်အတွက် ၎င်းသည် သူတို့၏ လူပုဂ္ဂိုလ်ဆိုင်ရာ ဆက်ဆံရေးကို ပြဿနာများဖြစ်စေနိုင်သည်။ အခြားသူများအပေါ် လွှမ်းမိုးရန်နှင့် ထိန်းချုပ်ရန် ဖိအားသည်လည်း ရန်လိုသော အပြုအမူကို ဖြစ်ပေါ်စေပြီး အခြားသူများနှင့် ကောင်းမွန်သော နည်းလမ်းဖြင့် ပြောဆိုဆက်သွယ်နိုင်မှုကို ဟန့်တားစေသည်။

ဖိုဝါဒကြီးစိုးသော ဖွဲ့စည်းတည်ဆောက်ပုံများကို အမျိုးသားနှင့် အမျိုးသမီးများက ထိန်းသိမ်းထားပြီး မိမိကိုယ်မိမိ ပုံသေ သတ်မှတ်ချက်များဖြင့် တည်ဆောက်ထားစေသည်။ အမျိုးသမီး အများအပြားသည် အမျိုးသားများထံမှ တိကျသော အပြုအမူများကို အားပေးခြင်း သို့မဟုတ် မျှော်လင့်ခြင်းသည် အမျိုးသားများအား ဂျန်ဒါသတ်မှတ်ထားသော ဘောင်အပြင်သို့ မတက်လှမ်းနိုင်အောင် တားဆီးနေပါသည်။

## ၁။ လေ့ကျင့်ခန်း

- ဝါကျပါအကြောင်းအရာတစ်ခုစီသည် မှန်လား၊ မှားလား ဆိုသည်ကို ကျောင်းသားများက ဆုံးဖြတ်ကြရမည်။ ဝါကျပါအကြောင်းအရာများသည် မှားနေပါက ၎င်းတို့သည် မှန်ကန်သော ထုတ်ပြန်ချက်ကို ရေးရမည်။

**အဖြေများ**

၁။ မှန်

၂။ မှား။ ၎င်းသည် အထူးသဖြင့် အမျိုးသားများအတွက် လွှမ်းမိုးချုပ်ကိုင်သော အခန်းကဏ္ဍများနှင့်အတူ အမျိုးသားနှင့် အမျိုးသမီးဆိုင်ရာ ဂျန်ဒါအသွင်အပြင် ဖော်ပြချက်များကို အားပေးပါသည်။

၃။ မှား။ ဖိုဝါဒကြီးစိုးမှုအောက်တွင် အမျိုးသမီးများသည် ပြုစုစောင့်ရှောက်ပေးခြင်းနှင့် အိမ်တွင်းမှုတာဝန်များ ကဲ့သို့သော အိမ်မှုကိစ္စ အများစုကို လုပ်ကြရသည်။

၄။ မှန်

၅။ မှား။ အမျိုးသားကြီးစိုးသော လူ့အဖွဲ့အစည်းများသည် အမျိုးသားဘိုးဘွားများကို ဦးစားပေးလေ့ရှိသည် (ဥပမာအားဖြင့် အမျိုးသားအဆက်အနွယ်နှင့် အမွေဆက်ခံခြင်း)

၆။ မှန်

## ၈။ လုပ်ငန်းစဉ်

### နေ့စဉ်ဘဝထဲမှ ဖိုဝါဒကြီးစိုးမှု

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဖိုဝါဒကြီးစိုးမှု၏ သွင်ပြင်လက္ခဏာများကို ဖော်ထုတ်ပြီး ၎င်းတို့ကို ကျော်လွှားရန် မဟာဗျူဟာချကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ ကျောင်းသားများသည် အုပ်စုများဖွဲ့၍ ဇယားတွင် ဖော်ပြထားသော ဘဝနယ်ပယ်များတွင် ဖိုဝါဒကြီးစိုးမှုစနစ် မည်သို့ လည်ပတ်နေသည်ကို သရုပ်ပြနိုင်ရန် တိကျသော ဥပမာများကို စဉ်းစားကြရမည်။

၂။ ကျောင်းသူ ကျောင်းသားများသည် ဘဝနယ်ပယ်တွင် ဖိုဝါဒကြီးစိုးမှုကို တိုက်ဖျက်ရန်အတွက် မဟာဗျူဟာများကို စဉ်းစားကြရမည်။

**မှတ်ချက်။** တနည်းအားဖြင့် သင်သည် အုပ်စုတစ်ခုစီအတွက် ဘဝနယ်ပယ် တစ်ခုကို ခွဲဝေပေးနိုင်သည်။ သူတို့သည် ထိုဘဝနယ်ပယ်ရှိ ဖိုဝါဒကြီးစိုးမှု ဥပမာပုံစံများနှင့် ၎င်းကို တိုက်ဖျက်ရန် အတွက် အကြံပြုထားသော မဟာဗျူဟာများကို ဆွေးနွေးပြီး စာရင်းပြုစုကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

**အိမ်မှုကိစ္စအပေါ် ဂျန်ဒါအရ ခွဲခြားထားမှု**

၁။ အမျိုးသမီးများသည် များသောအားဖြင့် အိမ်မှုကိစ္စများ (ကလေးထိန်း၊ အချက်အပြုတ်၊ သန့်ရှင်းရေး) လုပ်ကြရသည်။ အမျိုးသားများသည် များသောအားဖြင့် အိမ်ပြင်ပတွင် အလုပ်လုပ်ကြပြီး ကလေးများကို ပြုစုပျိုးထောင်ရာတွင် များစွာ ပါဝင်လေ့မရှိပါ။ သူတို့သည် မိသားစု၏ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဂရုစိုက်ရန် မျှော်လင့်ခံရသည်။

၂။ မိသားစုအတွင်းရှိ ဤကွဲပြားမှုများအကြောင်းကို ဆွေးနွေးပါ။ အိမ်အလုပ်များကို အညီအမျှ ခွဲဝေခြင်း (ထိုနည်းအတိုင်း သားများနှင့် သမီးများ)၊ အမျိုးသမီးများအပြင် အလုပ်လုပ်ချင်လျှင် အလုပ်အကိုင် အခွင့်အလမ်းမှတဆင့် ပံ့ပိုးပေးခြင်း၊ မိသားစုအရေး ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားနှင့် အမျိုးသမီး ညီတူညီမျှ ပါဝင်ခြင်း။

**လူ့အဖွဲ့အစည်းအတွင်းရှိ ပြောဆိုဆက်ဆံမှုများ**

၁။ ခေါင်းဆောင်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတွင် အာဏာပါဝါ မညီမျှမှုများသည် အမျိုးသားများအနေဖြင့် စကားဝိုင်းများနှင့် အများသူငှာဆိုင်ရာ ဆွေးနွေးပွဲများ၊ ဂျန်ဒါပုံသေ သတ်မှတ်ချက်များအပေါ် အခြေခံ၍ အမျိုးသားများနှင့် အမျိုးသမီးများသည် မည်သို့ ပြုမူနေထိုင်သင့်သည် (အများ ပြည်သူနှင့် မိသားစုအတွင်းတွင်) ဆိုသော မျှော်လင့်ချက်များ အပေါ် လွှမ်းမိုးထားလေ့ရှိသည်။ အမျိုးသားများသည် အမျိုးသမီးများအား ဗဟုသုတ သို့မဟုတ် နားလည်နိုင်စွမ်း မရှိဟု ယူဆကာ၊ မထီမဲ့မြင်ပြုသော သို့မဟုတ် အထက်စီး ဆန်သော လေသံဖြင့် ရှင်းပြခြင်း။

၂။ ခေါင်းဆောင်မှုတွင် ဂျန်ဒါတန်းတူညီမျှမှုကို မြှင့်တင်ခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် တန်းတူရည်တူ အာဏာပါဝါရှိရေး အတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ တန်းတူညီမျှပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှုကို ပံ့ပိုးပေးသည့် လုပ်ငန်းခွင်အတွင်းရှိ မူဝါဒများ၊ ဂျန်ဒါပုံသေသတ်မှတ်ချက်များကို တိုက်ဖျက်ခြင်းနှင့် အသိပညာပေးခြင်းမှတဆင့် အပြောင်းအလဲအတွက် စည်းရုံးလှုံ့ဆော်ခြင်းတို့ ပါဝင်သည်။

**မျိုးဆက်ပွား ကျန်းမာရေးနှင့် အခွင့်အရေးများ**

၁။ လူမှုစံနှုန်းများ၊ ဥပဒေများနှင့် ကျန်းမာရေးစောင့်ရှောက်မှု များသည် သန္ဓေတားဆေးကို အသုံးပြုခြင်းဖြင့် ကလေး ယူမည်၊ မယူမည်၊ ဘယ်အချိန်မှာ ယူမည်၊ ဘယ်နှစ်ယောက် ယူမည် ဆိုသည့် အမျိုးသမီးများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အပေါ် ထိန်းချုပ်ကန့်သတ်ထားလေ့ရှိသည်။ ဘေးကင်းသည့် နည်းဖြင့် ကိုယ်ဝန်ဖျက်ချခြင်းကို ကန့်သတ်ထားသည့် ဥပဒေများ သို့မဟုတ် ယဉ်ကျေးမှုအလေ့အထများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် ခက်ခဲခြင်း၊ စာသင်ကျောင်းများတွင် လိင်မှုသဘာဝအကြောင်း ပညာပေးမှု နည်းပါးခြင်း။

၂။ မျိုးဆက်ပွားအခွင့်အရေးများ၊ ဂျန်ဒါအားလုံးအတွက် ပညာရေးနှင့် အသိပညာပေးရေး၊ အမျိုးသမီးများ၏ ရွေးချယ်မှုများကို ကာကွယ်ရန်အတွက် ဥပဒေပြုပြင် ပြောင်းလဲရေး စသည်တို့အတွက် စည်းရုံးလှုံ့ဆော်ခြင်း။

**မိဘအုပ်ထိန်းမှုဆိုင်ရာ မျှော်လင့်ချက်များ**

၁။ ဖိုဝါဒကြီးစိုးမှုသည် ထုံးတမ်းစဉ်လာ ဂျန်ဒါ အခန်းကဏ္ဍများကို အားဖြည့်ပေးပြီး မိခင်များနှင့် ဖခင်များအတွက် ဂျန်ဒါအပေါ် အခြေခံသည့် မျှော်လင့်ချက်များကို ဖန်တီးပေးသည်။ အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပြုစုစောင့်ရှောက်သူ အဖြစ်သို့ လျှော့ချထားပြီး သားသမီးများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များကို စီမံခန့်ခွဲရန်အတွက် မျှော်လင့်ထားပါသည်။ မိဘအုပ်ထိန်းမှု တွင် အမျိုးသားများ၏ ပံ့ပိုးကူညီမှုသည် နေ့စဉ်ပြုစု စောင့်ရှောက်ခြင်း အပိုင်းတွင် တက်တက်ကြွကြွ ပါဝင်ခြင်းထက် စီးပွားရေးအရ ပံ့ပိုးပေးမှု အပိုင်းတွင်သာ မျှော်လင့်ထားလေ့ ရှိကြသည်။ ၎င်းသည် ဖခင်များအနေဖြင့် သားသမီးများနှင့် စိတ်ပိုင်းဆိုင်ရာအရ ထိတွေ့ဆက်ဆံရန်အတွက် အခွင့်အလမ်းများကို ကန့်သတ်ထားပြီး ယောက်ျားပီသမှု

ဆိုင်ရာ ရိုးရာစံနှုန်းများကို အားဖြည့်ပေးပါသည်။ မိခင်များသည် မိဘအုပ်ထိန်းခြင်းတွင် ပြီးပြည့်စုံရမည်ဟူ၍ လက်တွေ့ မကျသည့် စံနှုန်းများနှင့် နှိုင်းယှဉ်ခံထားရသော်လည်း မိဘ အုပ်ထိန်းမှုတွင် ဖခင်များ အနည်းငယ်မျှ ပါဝင်လာသည့် အပေါ်တွင် ချီးကျူးခံကြရပြီး၊ အမျိုးသားများသည် သဘာဝ အားဖြင့် ပြုစုစောင့်ရှောက်မှု လုပ်ရန် မသင့်တော်ဟူသော လူမှုအသိုင်းအဝိုင်း၏ ယုံကြည်မှုကို အားဖြည့်ပေးစေသည်။

၂။ မျှဝေတာဝန်ယူသည့် မိဘဖြစ်မှုကို မြှင့်တင်ပါ။ ယောက်ျား ပီသမှုဆိုင်ရာ ရိုးရာစံနှုန်းများကို တိုက်ဖျက်ပါ သားသမီး များနှင့် ခိုင်မာသော စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုများ တည်ဆောက်ရန် ဖခင်များအား တိုက်တွန်းပါ။ ကလေးပြုစု စောင့်ရှောက်ရေးကို လုပ်နေသော မိဘများကို ပံ့ပိုးကူညီပါ။ မိဘအုပ်ထိန်းရန်အတွက် ခွင့်ရက်ကို တန်းတူညီမျှ ရရှိရန် ကူညီပါ။

## ဃ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၂။ ဖိုဝါဒကြီးစိုးမှုရှိ အနိမ့်အမြင့် သဘောဆောင်သော ဖွဲ့စည်း တည်ဆောက်မှုများသည် လူတို့အား ဖိုဝါဒကြီးစိုးမှုဖြင့် ပုံဖော်ထားသော ဂျန်ဒါအခန်းကဏ္ဍများကို လိုလားတောင့်တ စေနိုင်သည်။ ဥပမာအားဖြင့် အမျိုးသားများသည် ၎င်းတို့တွင် ခေါင်းဆောင်မှုရာထူးများ ရရှိရန် သို့မဟုတ် အချို့သော ကုန်သွယ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန် မျှော်လင့်ကြ သော်လည်း အမျိုးသမီးများသည် ၎င်းတို့ကို ပြုစုစောင့်ရှောက် ပေးသူများအဖြစ် အိမ်မှုကိစ္စများ လုပ်ကိုင်ရန် ယူဆနိုင်သည်။ ဖိုဝါဒကြီးစိုးမှုစနစ်၏ အဆင့်ဆင့်တည်ဆောက်ပုံကြောင့် အမျိုးသားများက ဦးဆောင်နေရာများကို လွှမ်းမိုးထားသည့် အဖွဲ့အစည်းများတွင် အမျိုးသမီးများသည် အဆင့်မြင့် ခေါင်းဆောင်ပိုင်းနေရာများကို တက်လှမ်းဖို့ ပိုခက်ခဲနိုင်ပါတယ်။ ဒါကို "ဖန်သားပြင်မျက်နှာကျက်" လို့လည်း ခေါ်ကြပါတယ်။ ဤသို့အားဖြင့် ဖိုဝါဒကြီးစိုးမှုစနစ်သည် လူအများက ဘာကို မျှော်လင့်နိုင်မလဲ၊ ဘာကို ရောက်ရှိအောင်မြင်နိုင်မလဲဆိုသည့် အပေါ် သက်ရောက်မှု ရှိနိုင်သလို၊ တစ်ခါတစ်ရံတွင်လည်း ကန့်သတ်မှုများ ဖြစ်စေနိုင်ပါသည်။

# ၃.၂ | ယောက်ျားပီသမှုနှင့် မိန်းမပီသမှု

## က။ အကြိုသင်ခန်းစာ

- ကျောင်းသားများသည် မေးခွန်းကို စဉ်းစားရမည်။
- အတွဲလိုက် (ဖြစ်နိုင်သော သို့မဟုတ် သင့်လျော်စွာ ရောထားသော အတွဲများ) အနေဖြင့် ၎င်းတို့၏ တုံ့ပြန်မှုများကို နှိုင်းယှဉ်ဆွေးနွေးကြရမည်။
- ၎င်းကို အတန်းတစ်ခုအနေဖြင့် ဆွေးနွေးရမည်။

## အပိုဆောင်း လုပ်ငန်းစဉ်

**ယောက်ျားပီသမှုအပေါ် သက်ရောက်သော ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုများ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ယောက်ျားပီသမှုအပေါ် လွှမ်းမိုးမှုများကို စူးစမ်းလေ့လာရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** *အပိုဆောင်း လုပ်ဆောင်ချက်ကို ကူးယူပြီး ဖြတ်လိုက်ပါ။ ၃.၂ - ယောက်ျားပီသမှုအပေါ် သက်ရောက်သော ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုများ* (နောက်ဆက်တွဲ)၊ ကျောင်းသားတစ်ဦးလျှင် တစ်စုံ။

- ကျောင်းသားများသည် ယောက်ျားပီသမှုအပေါ် လွှမ်းမိုး သက်ရောက်သော အချက်များ၏ ရှင်းလင်းချက်များ (၁-၁၀) ကို ယဉ်ကျေးမှု၊ လူမှုရေး/စီးပွားရေး သို့မဟုတ် စနစ်ပိုင်းဆိုင်ရာအဖြစ် အမျိုးအစားခွဲကြရမည်။

**မှတ်ချက်။** အချို့သော ရှင်းလင်းချက်များသည် အမျိုးအစား တစ်ခုထက်ပို၍ သင့်လျော်သည်ဟူ၍ စောဒကတက်နိုင်သည်။ ဥပမာအားဖြင့် မိသားစုဝန်းကျင်သည် ယဉ်ကျေးမှုနှင့် လူမှုရေး နှစ်မျိုးစလုံးဟု ဆိုနိုင်သည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ယဉ်ကျေးမှု
၂။ လူမှုရေး/စီးပွားရေး
၃။ စနစ်ပိုင်း
၄။ စနစ်ပိုင်း
၅။ ယဉ်ကျေးမှု
၆။ ယဉ်ကျေးမှု
၇။ လူမှုရေး/စီးပွားရေး
၈။ စနစ်ပိုင်း
၉။ စနစ်ပိုင်း
၁၀။ လူမှုရေး/စီးပွားရေး

## ၁။ လုပ်ငန်းစဉ်

**အပြုသဘောဆောင်သော ယောက်ျားပီသမှု**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် အပြုသဘော ဆောင်သော ယောက်ျားပီသမှု၏ ဥပမာများကို ဖော်ထုတ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ပြီးနောက် အတန်းတစ်ခုအနေဖြင့် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အုပ်စုများတွင် ကျောင်းသားများသည် ၎င်းတို့၏ ကိုယ်ပိုင် အတွေ့အကြုံမှ အပြုသဘောဆောင်သော ယောက်ျား ပီသမှု ဥပမာ အနည်းဆုံး ၃ ခုကို စဉ်းစားကြရမည်။ ၎င်းသည် အပြုအမူ၊ သဘောထား သို့မဟုတ် ထိုပုံစံအတိုင်း ပြုမူနေသူတစ်ဦး ဖြစ်နိုင်သည်။
၂။ အဖွဲ့များသည် ၎င်းတို့၏ စိတ်ကူးများကို အတန်းထဲသို့ တင်ပြကြရမည်။
၃။ တစ်တန်းလုံးအနေဖြင့် မေးခွန်းများကို ဆွေးနွေးကြရမည်။

## ဂ။ လုပ်ငန်းစဉ်

**အပျက်သဘောဆောင်သော ယောက်ျားပီသမှု**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် အပျက်သဘော ဆောင်သော ယောက်ျားပီသမှု၏ ဝိသေသလက္ခဏာများနှင့် ၎င်း၏ အရင်းခံ အကြောင်းတရားများကို ဖော်ထုတ်ကြရမည်။
**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။
**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်များကို ဖတ်ပြီး မေးခွန်းများကို ဖြေဆိုကြရမည်။
  - စာသားများကို ကျော်လွန်ပြီး တွေးတောရန်နှင့် ဇာတ်လမ်းအဖြစ်အပျက်များတွင် လူတို့အပေါ် လွှမ်းမိုးထားသည့် နောက်ခံအကြောင်းအရာများကို ထည့်သွင်းစဉ်းစားရန် သူတို့ကို တိုက်တွန်းပါ။

**မှတ်ချက်။** ကျောင်းသားများသည် အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက် အနေဖြင့် လုပ်ဆောင်ပါက ၎င်းတို့ကို မတူညီသော ဇာတ်လမ်း အဖြစ်အပျက်များကို ခွဲဝေပေးနိုင်ပါသည်။ ထို့နောက် သူတို့၏ အဖြေများကို အတန်းထဲတွင် ပြန်တင်ပြကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ သူမ၏ အသွင်အပြင်အပေါ် မှတ်ချက်ပေးခြင်းသည် ပရော်ဖက်ရှင်နယ်ဆန်သော ဆက်ဆံရေးမျိုးတွင် မသင့်လျော်ပါ။ သူမ အလုပ်အပေါ် အမှတ်ယူပြီး၊ သူမ၏ အတွေးစိတ်ကူးများကို အမြဲဆန့်ကျင်နေခြင်းသည် အမျိုးသမီးအပေါ် လေးစားမှု မရှိဟု ဆိုလိုနိုင်သည်။

၂။ နန်းလှနှင့် ရုံးရှိ အခြားအမျိုးသမီးများသည် လေးစားမှု မခံရခြင်း၊ အလုပ်နှင့် ပတ်သက်ပြီး ထားရှိသည့် ရည်ရွယ်ချက် များကို မရရှိနိုင်ခြင်းဟူ၍ ခံစားရသည့်အတွက် ၎င်းတို့၏ အလုပ်များကို ထိခိုက်စေနိုင်သည်။ အခြား အမျိုးသားများသည် အမျိုးသမီးလုပ်ဖော်ကိုင်ဖက်များ၏ အယူအဆများကို ပယ်ချရန်နှင့် ၎င်းတို့၏ လုပ်ငန်းခွင်ဘဝများ ခက်ခဲအောင် လုပ်ဆောင်ရန် တွန်းအားပေးခံရနိုင်သည်။

၃။ လုပ်ငန်းခွင်စီမံခန့်ခွဲမှုသည် မန်းမန်းအား သူ၏ အပြုအမူနှင့် ပတ်သက်၍ ပြောဆိုနိုင်ပြီး နန်းလှအား ပံ့ပိုးကူညီနိုင်သည်။ အခြား လုပ်ဖော်ကိုင်ဖက်များသည် သူမကောင်းသော အပြုအမူများ ပြုလုပ်သောအခါ သူ့ကို ရပ်တန့်နိုင်သည်။ အဖွဲ့အစည်းသည် ဝန်ထမ်းအားလုံးအတွက် ဂျန်ဒါ အလုပ်ရုံ ဆွေးနွေးပွဲကို လုပ်ဆောင်နိုင်သည်။

၄။ ယောက်ျားပီသမှုရှိသော ပုံသေသတ်မှတ်ချက်များအတိုင်း မနေထိုင်သည့် အမျိုးသားကို အနိုင်ကျင့်ခြင်းသည် အပျက်သဘောဆောင်သော ယောက်ျားပီသမှု၏ လက္ခဏာတစ်ခုဖြစ်သည်။

၅။ မောင်မောင်သည် ဤသူငယ်ချင်းဘက်က ရပ်တည်ပေးပြီး၊ အနိုင်ကျင့်သူများကို စိန်ခေါ်ခြင်းသည် အပြုသဘော ဆောင်သော ယောက်ျားပီသမှု၏ ဥပမာတစ်ခုဖြစ်သည်။

၆။ အထူးသဖြင့် အမျိုးသားဆရာများနှင့် ကျောင်းသားကြီးများက စီမံခန့်ခွဲသော ကျောင်းစီမံခန့်ခွဲမှုသည် ဂရုစိုက်မှုနှင့် ကြင်နာမှုကို ပြသသော အပြုသဘောဆောင်သည့် ယောက်ျားပီသမှု၏ စံနမူနာများနှင့် ဥပမာများကို ပေးနိုင်သည်။ ကျောင်းအနေဖြင့် အနိုင်မကျင့်ရဟူသော မူဝါဒကဲ့သို့ လက်ခံနိုင်ဖွယ်ရှိသည့် အပြုအမူနှင့် ပတ်သက်၍ စည်းမျဉ်းများကို ရှင်းရှင်းလင်းလင်း ချမှတ်နိုင်သည်။

၇။ အိမ်မှုကိစ္စများအားလုံးကို အမျိုးသမီးများသာ လုပ်ဆောင်ရ မည်ဟု ယူဆထားခြင်းသည် အပျက်သဘောဆောင်သော ယောက်ျားပီသမှု ပုံစံတစ်ခုဖြစ်သည်။

၈။ ရဲရင့်သည် ဤအခန်းကဏ္ဍများမှ ကျော်ထွက်ပြီး အိမ်မှုကိစ္စ များတွင် ပါဝင်ဆောင်ရွက်ကာ ဤအလုပ်များကို အမျိုးသား များနှင့် အမျိုးသမီးများပါ လုပ်ဆောင်နိုင်ကြောင်းကို ဖော်ပြသည်။

၉။ အားလပ်ချိန်နှင့် စိတ်ပါဝင်စားမှုပေါ်မူတည်၍ အိမ်မှုကိစ္စများကို ခွဲဝေပေးပါ။ ဖခင်များ/သားများအား ကလေးများကို ပြုစုစောင့်ရှောက်ရန်နှင့် အမေများ/ညီမများအား အပြင်တွင် အလုပ်ထွက်လုပ်ရန် အချိန်ဖယ်ပေးထားခြင်း။

## ဃ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

# ၃.၃ | အာဏာပါဝါနှင့် ဖိုဝါဒကြီးစိုးမှု

## က။ အကြိုသင်ခန်းစာ

- အတန်းတစ်ခုအနေဖြင့် သို့မဟုတ် အုပ်စုများတွင် ကျောင်းသားများသည် "အာဏာပါဝါ" ဟူသော စကားလုံးနှင့် ဆက်စပ်နေသော စကားလုံးများနှင့် စကားစုများကို စာရင်းပြုစုရမည်။
- အတန်းက ပြုစုထားသော စာရင်းကို ပိုက်ဘုတ်ပေါ်တွင် စုစည်းပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

အခွင့်အာဏာ၊ ထိန်းချုပ်မှု၊ ကြီးစိုးမှု၊ ခွန်အားရှိမှု၊ အခွင့်ထူးရရှိမှု၊ ငွေကြေး။

## အပိုဆောင်း လုပ်ငန်းစဥ်

**အာဏာပါဝါ သဘောတရား**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် အာဏာပါဝါ၏ ရှုထောင့်များကို စဉ်းစားပြီးနောက် ၎င်းတို့၏ လက်တွေ့ဘဝနှင့် ဆက်စပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အတန်းတစ်ခုအနေဖြင့် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် အခန်းတဝိုက်တွင် လှုပ်ရှားနေရန် လိုအပ်သည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- အခန်း၏ တစ်ဖက်ခြမ်းကို "ဟုတ်သည်" နှင့် အခန်း၏ တစ်ဖက်ခြမ်းကို "မဟုတ်ပါ" ဆိုပြီး ခွဲထားပါ။
- မေးခွန်းများကို တစ်ခုပြီးတစ်ခုမေးပါ။ ကျောင်းသားများသည် ၎င်းတို့၏ အဖြေနှင့် သက်ဆိုင်သော အခန်း၏ဘက်ခြမ်းတွင် ရပ်နေကြရမည် (သို့မဟုတ် အလယ်တွင်)။
  - အခြေအနေတစ်ခုမှာ အာဏာပါဝါ မရှိသလို ခံစားဖူးပါသလား။
  - အခွင့်အာဏာရှိသည့် ရာထူးမျိုး ရှိခဲ့ဖူးပါသလား။
  - အာဏာပါဝါ ရှိသူကို စိန်ခေါ်ဖူးပါသလား။
  - တခြားသူကို အာဏာရဖို့ ကူညီပေးခဲ့ဖူးပါသလား။

## ခ။ လေ့ကျင့်ခန်း

၁။ ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်များ (က–ဃ) ကို ဖတ်ပြီး ၎င်းတို့နှင့် အကိုက်ညီဆုံးဖြစ်သော ဖိုဝါဒကြီးစိုးမှုနှင့် အာဏာပါဝါ၏ ဥပမာများ (i–vii) နှင့် တွဲရမည်။ အချို့သော အခြေအနေများသည် ဥပမာ တစ်ခုထက်ပို၍ ကိုက်ညီနိုင်သည်။

- သူတို့သည် ဘာ့ကြောင့်တွဲရသည့် အကြောင်းပြချက်ကို ရှင်းပြရမည်။

၂။ သူတို့သည် *ထိန်းချုပ် ပါဝါ၊ စုပေါင်း ပါဝါ၊ ဆွဲဆောင် ပါဝါ* သို့မဟုတ် *ကိုယ်တွင်း ပါဝါ*၏ ဥပမာ ဖြစ်၊ မဖြစ်ကို ဆုံးဖြတ်ကြရမည်။

**အဖြေများ**

၁။

(က) iv, v

(ခ) ii, vi

(ဂ) iii, vii

(ဃ) ii

၂။

(က) ဘာသာရေးနှင့် တရားရေးဆိုင်ရာ အာဏာပိုင်များနှင့် မိဘများထံမှ ထိန်းချုပ် ပါဝါ။ မြင့်မြင့်စန်းအတွက် ဆွဲဆောင် ပါဝါ မရှိခြင်း။

(ခ) ကိုကျော်ဇင်၏ ချမ်းသာသော မိသားစုနှင့် ယုံကြည်မှုကြောင့် ဆွဲဆောင် ပါဝါ။

(ဂ) လော်ဒီး၏ ဇနီးနှင့် ဆက်ဆံရေးတွင် ထိန်းချုပ် ပါဝါ။

(ဃ) မိနီလွင်တွင် လုပ်ဖော်ကိုင်ဖက်တွေနဲ့ အတူ စုပေါင်း ပါဝါ ရှိပြီး သပိတ်ကို ဦးဆောင်ဖို့အတွက် ကိုယ်တွင်း ပါဝါ။

## ဂ။ ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများသည် ဖြစ်ရပ်လေ့လာချက်ကို ဖတ်ပြီး မေးခွန်းများကို ဖြေကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ယဉ်ကျေးမှုဆိုင်ရာ မျှော်လင့်ချက်များ၊ ခွဲခြားဆက်ဆံမှုကို ဖြစ်စေသည့် အမျိုးသမီးများ၏ အရည်အချင်းများနှင့် ရိုးရာအခန်းကဏ္ဍများနှင့် ပတ်သက်သည့် အပျက်သဘော ဆောင်သော ပုံသေသတ်မှတ်ချက်များကြောင့် နိုင်ငံရေးတွင် အမျိုးသမီးများ ကိုယ်စားပြုမှု နည်းပါးနေပါသည်။

၂။ ၎င်းသည် လူ့အဖွဲ့အစည်းအတွင်းရှိ ဂျန်ဒါ အာဏာပါဝါ မညီမျှမှုကို ထင်ဟပ်စေသည်။

၃။ နိုင်ငံရေးခေါင်းဆောင်မှုအခန်းကဏ္ဍတွင် အမျိုးသားများ လွှမ်းမိုးထားခြင်းကြောင့် အမျိုးသမီးများနှင့် သက်ဆိုင်သော ပြဿနာများနှင့် မူဝါဒများ သို့မဟုတ် အမျိုးသမီးများအပေါ် သက်ရောက်မှုရှိသော မူဝါဒများသည် ဖြစ်နိုင်ခြေနည်းမှု သို့မဟုတ် အာရုံစိုက်မှု နည်းပါးပါသည်။ အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်စေမည့် ဂျန်ဒါဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းမည် မဟုတ်ပါ။ ဆုံးဖြတ်ချက်များ၊ မူဝါဒများနှင့် လုပ်ဆောင်ချက်များသည် အမျိုးသမီးများ၏ အမြင်များကို ထင်ဟပ်စေမည် မဟုတ်ပါ။

၄။ အာဏာပါဝါ မညီမျှမှုများသည် လူအချို့အား အခြားသူများကို ထိန်းချုပ်ရန်နှင့် လွှမ်းမိုးနိုင်စေခြင်းဖြင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု (GBV) များသို့ ဦးတည်သွားစေသည်။ အမျိုးသားများသည် လူ့အဖွဲ့အစည်းတွင် အာဏာပါဝါ ပိုရှိလေ့ရှိပြီး ၎င်းသည် အထူးသဖြင့် လက်တွဲဖော်တစ်ဦးမှ အခြားတစ်ဦးကို ထိန်းချုပ်သည့် လက်တွဲဖော်ဆက်ဆံရေး များတွင် အကြမ်းဖက်မှုများဆီသို့ ဦးတည်သွားနိုင်သည်။ ငွေကြေးအတွက် အမျိုးသားတွေကို မှီခိုနေရသည့် အမျိုးသမီးများသည် အကြမ်းဖက်ခံနေရသော အခြေအနေ တွေကို စွန့်ခွာဖို့ ခက်ခဲနိုင်ပါသည်။ စိုးကြောက်မှု၊ အထင်အမြင် မှားခံရမှု သို့မဟုတ် လက်စားချေခံရမှုတို့ကြောင့် GBV ဖြစ်ရပ်ကို အစီရင်ခံရန်အတွက် အမျိုးသမီးများတွင် အတားအဆီးများစွာ ရှိနေပါသည်။ အမျိုးသားများအား ရန်လိုတတ်စေရန်နှင့် အမျိုးသမီးများအား နှိမ့်ချနေထိုင်တတ် စေရန် တွန်းအားပေးသော ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ သည်လည်း အကြမ်းဖက်မှုကို ပိုမိုအဖြစ်များစေသည်။ ဤမညီမျှမှုများသည် အကြမ်းဖက်မှုသံသရာကို ဆက်လက် လည်ပတ်နေစေပြီး အကြမ်းဖက်ခံရသူများအတွက် အကူအညီ ရရန် သို့မဟုတ် တရားမျှတမှုရရှိရန် ပိုမို ခက်ခဲစေသည်။

၅။ "ဘုန်း" ၏ အယူအဆ။ "အိမ်ဦးနတ်" (အိမ်ကို စောင့်ရှောက်သော နတ်)၊ "လင်ကို ဘုရား၊ သားကို သခင်" နှင့် "ယောကျ်ားတို့ ဘုန်း လက်ရုံး" (ယောကျ်ား၏ ဘုန်းကြီးသောလက်ရုံး) တို့သည် ၎င်းကို ထောက်ခံသော စကားပုံများဖြစ်သည်။


## ဃ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

သူတို့ ပါဝင်နေသည့် ခေါင်းဆောင်မှု၊ ဆုံးဖြတ်ချက်ချမှုနှင့် အခြား လှုပ်ရှားဆောင်ရွက်မှု အခြေအနေများတွင် ဂျန်ဒါ ကိုယ်စားပြုမှု တန်းတူညီမျှရှိစေရန် စည်းရုံးလှုံ့ဆော်ခြင်း။ ဖိုဝါဒကြီးစိုးမှုဆိုင်ရာ စံနှုန်းများနှင့် အမူအကျင့်များကို အားလျော့စေပြီး၊ အပြုသဘော ဆောင်သော ဆောင်ရွက်မှုများကို စံနမူနာထားသည့် အဖွဲ့အစည်း သို့မဟုတ် အုပ်စုများတွင် လုံခြုံသောနေရာတစ်ခု ဖန်တီး တည်ဆောက်နိုင်ရန်အတွက် အကူအညီပေးခြင်း။ အထူးသဖြင့် အမျိုးသားများသည် ဖိုဝါဒကြီးစိုးမှုဆိုင်ရာ အပြုအမူများကို တိုက်ဖျက်ကာ၊ အပြုသဘောဆောင်သော ယောကျ်ားပီသမှုအတွက် စံနမူနာပြအဖြစ် ပြုမူပြီး လူများ တွေ့ကြုံကြရသော ဖိုဝါဒကြီးစိုးမှု ဆိုင်ရာ အပြုအမူများနှင့် စကားလုံးများကို တိုက်ဖျက်ခြင်း။





# အခန်း ၀၄ ဂျန်ဒါအခြေပြု အကြမ်းဖက်မှု

## အခန်း (၄) မာတိကာ

၄.၁ | ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ........................ ၈၄
၄.၂ | သဘောတူခွင့်ပြုချက် ........................................ ၉၄
၄.၃ | အကျိုးဆက်များနှင့် ဖြေရှင်းရန် နည်းလမ်းများ ........................................ ၉၇

## အခန်း (၄) အတွက် အပို ရည်ညွှန်းကိုးကားချက်များ

**ဂျန်ဒါအခြေပြု အကြမ်းဖက်မှုကို ရပ်တန့်ပါ** – ဗီဒီယို (အင်္ဂလိပ်ဘာသာဖြင့် မြန်မာဘာသာ စာတန်းထိုး) – https://bit.ly/41ttf4N

**ဂျန်ဒါအခြေပြု အကြမ်းဖက်မှု** – ဗီဒီယို (မြန်မာဘာသာစကား) – https://bit.ly/3OVq2TS

**ဂျန်ဒါအခြေပြု အကြမ်းဖက်မှု** – ဗီဒီယို (မြန်မာဘာသာစကား) – https://bit.ly/3Vy3QDi

**ဂျန်ဒါအခြေပြု အကြမ်းဖက်မှု၊ အကြောင်းရင်းများ၊ အကျိုးဆက်များနှင့် ပံ့ပိုးပေးသည့် အချက်များ** – ဗီဒီယို (အင်္ဂလိပ်ဘာသာဖြင့် မြန်မာစာတန်းထိုး) – https://bit.ly/3VwVXh5

**အွန်လိုင်း ဂျန်ဒါအခြေပြုအကြမ်းဖက်မှု အဆုံးသတ်ရန် လူငယ်လမ်းညွှန်** – အရင်းအမြစ်များ – https://bit.ly/4iAEGxG

# ၄.၁ | ဂျန်ဒါအခြေပြု အကြမ်းဖက်မှု

**မှတ်ချက်။** ဤအခန်းတွင် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့နှင့် သက်ဆိုင်သည့် ထိလွယ်ရှလွယ်သော ကိစ္စရပ်များကို ဆွေးနွေးထားသည်။ ကျောင်းသားများသည် ဤအကြောင်းအရာများကြောင့် ထိခိုက်ခံစားရပါက သူတို့ဆန္ဒရှိသည့်အတိုင်း ခေတ္တရပ်နားထားရန် လိုပေမည်။ လိုအပ်ပါက ပံ့ပိုးကူညီပေးနိုင်ရန် ပြင်ဆင်ထားပါ။

## က။ အကြိုသင်ခန်းစာ

၁။ ကျောင်းသားများသည် ထုတ်ပြန်ချက်များကို ဖတ်ပြီး တစ်ခုစီသည် အမှန်တရား သို့မဟုတ် ယုံတမ်းစကားဟုတ်၊ မဟုတ်ကို ဆုံးဖြတ်ရမည်။

**မှတ်ချက်။** သင့်အနေဖြင့် ထုတ်ပြန်ချက်များကို တစ်ခုပြီး တစ်ခု ဖတ်ရမည်။ ကျောင်းသားများသည် ယုံတမ်းစကားတစ်ခုလို့ ယုံကြည်ပါက မတ်တတ်ရပ်ကြရမည် သို့မဟုတ် အမှန်တရားတစ်ခုလို့ ယုံကြည်ပါက ထိုင်နေကြရမည်ဖြစ်သည်။

- ထုတ်ပြန်ချက်တစ်ခုသည် အမှန်တရား သို့မဟုတ် ယုံတမ်းစကား ဘာ့ကြောင့် ဖြစ်သည်ကို ကျောင်းသားအချို့အား ရှင်းပြခိုင်းပါ။

၂။ အဖွဲ့လိုက် သို့မဟုတ် အတန်းတစ်ခုအနေဖြင့် ထုတ်ပြန်ချက်တစ်ခုစီကို ဆွေးနွေးကြရမည်။

- ဖြစ်ရပ်တစ်ခုချင်းစီတွင် ထုတ်ပြန်ချက်များသည် ယုံတမ်းစကားများ ဖြစ်ကြောင်းကို ထောက်ပြပါ။ လူအချင်းချင်းအကြားရှိ ဆက်ဆံရေးများတွင် အကြမ်းဖက်မှုကို အသုံးပြုခြင်းသည် လက်သင့်ခံနိုင်သော အကြောင်းပြချက်မျိုး ဘယ်သောအခါမျှ မဟုတ်ပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

(က) ယုံတမ်းစကား။ အိမ်တွင်းအကြမ်းဖက်မှုသည် ဝင်ငွေနည်းသော အိမ်ထောင်စုများတွင်သာ ဖြစ်ပွားသည်ဟူသော အတွေးသည် ဝင်ငွေအဆင့်အားလုံးတွင် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားတတ်သောကြောင့် ယုံတမ်းစကားတစ်ခုဖြစ်သည်။ အိမ်တွင်းအကြမ်းဖက်မှုကို တစ်စုံတစ်ယောက်တွင် ငွေကြေးမည်မျှ ရှိသည်ဆိုသော အချက်ဖြင့် ကန့်သတ်မထားပေ။ လူချမ်းသာ သို့မဟုတ် လူလတ်တန်းစား မိသားစုများတွင် ပေါက်ကြားမှာ စိုးသောကြောင့် သို့မဟုတ် အထင်အမြင်မှားခံရမှာ စိုးသောကြောင့် အိမ်တွင်းအကြမ်းဖက်မှုကို မမြင်တွေ့နိုင်သော်လည်း ထိုသို့ဖြစ်နေဆဲဖြစ်သည်။ ဝင်ငွေထက် အာဏာပါဝါနှင့် ထိန်းချုပ်မှုကဲ့သို့သော အကြောင်းရင်းများသည် အိမ်တွင်းအကြမ်းဖက်မှုကို တွန်းအားပေးသည်။ လူမှုစီးပွားရေးအုပ်စု အားလုံးရှိ လူများသည် အကြမ်းဖက်မှုကို တွေ့ကြုံခံစားရနိုင်သည်။

(ခ) ယုံတမ်းစကား။ ဂျန်ဒါအခြေပြုအကြမ်းဖက်မှု၏ သားကောင်များသည် အမျိုးသမီးများသာ ဖြစ်နိုင်သည်ဆိုသော အတွေးမှာ အမျိုးသမီးများသာမက မည်သူမဆို ထိခိုက်နိုင်သောကြောင့် ယုံတမ်းစကားတစ်ခုဖြစ်သည်။ အမျိုးသားများ၊ ယောက်ျားလေးများနှင့် ထရန်စ်ဂျန်ဒါ သို့မဟုတ် ကျား၊ မ ဂျန်ဒါ ၂ မျိုးထဲတွင် ရှိမနေသော လူများသည် ၎င်းတို့၏ ဂျန်ဒါအပေါ်အခြေခံသည့် အကြမ်းဖက်မှုနှင့် အလွဲသုံးစားမှုများကို ကြုံတွေ့ရနိုင်သည်။ ၎င်းတွင် နှောင့်ယှက်ခြင်းနှင့် ရန်ပြုခြင်းကဲ့သို့သော ပြဿနာများ ပါဝင်သည်။ အမျိုးသမီးများသည် မကြာခဏဆိုသလို ပိုမိုထိခိုက်ခံစားရသော်လည်း ဂျန်ဒါအခြေပြု အကြမ်းဖက်မှုသည် ဂျန်ဒါအားလုံးအပေါ် ထိခိုက်စေနိုင်သည်။

(ဂ) ယုံတမ်းစကား။ ထွက်ခွာသွားရန်အတွက် အလွန်ခက်ခဲတတ်ပါသည်။ ရှင်သန်လွတ်မြောက်သူများသည် အကြမ်းဖက်မှု ပြုလုပ်သူ၏ လက်တုံ့ပြန်မှာကို ကြောက်ရခြင်း၊ ငွေရေးကြေးရေးအရ မှီခိုပြီး ရပ်တည်နေရခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ရင်ဆိုင်ရခြင်းတို့ကြောင့် ဖြစ်သည်။ ၎င်းတို့သည် သူငယ်ချင်းများ သို့မဟုတ် မိသားစုထံမှ ပံ့ပိုးကူညီမှုမရဘဲ ရှိနိုင်ပြီး နေထိုင်ရန်နေရာအသစ်ရှာဖွေရခြင်း သို့မဟုတ် တရားရေးဆိုင်ရာ စိန်ခေါ်မှုများကဲ့သို့သော ရှုပ်ထွေးလှသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းကြရမည်။ ဤအတားအဆီးများသည် ရှင်သန်လွတ်မြောက်သူများအတွက် ကြမ်းတမ်းသော အခြေအနေမှ လွတ်မြောက်ရန် ခက်ခဲစေသည်။

(ဃ) ယုံတမ်းစကား။ ဂျန်ဒါအခြေပြုအကြမ်းဖက်မှုတွင် လူနှစ်ဦးစလုံးမှာ အပြစ်ရှိသည်ဟု ယူဆခြင်းသည် ယုံတမ်းစကားတစ်ခုဖြစ်သည်။ ကျူးလွန်ခံရသူကို မဟုတ်ဘဲ ကျူးလွန်သည့်သူကိုသာ အပြစ်တင်ရမည်ဖြစ်သည်။ ဂျန်ဒါအခြေပြုအကြမ်းဖက်မှုသည် နှစ်ဦးနှစ်ဖက်ရှိ ပဋိပက္ခမဟုတ်ဘဲ အာဏာပါဝါနှင့် ထိန်းချုပ်မှုတို့သာဖြစ်သည်။ လူနှစ်ဦးစလုံးကို အပြစ်တင်ခြင်းသည် မတော်မတရားပြုသူက ထိခိုက်နာကျင်စေရန်နှင့် ထိန်းချုပ်ရန်အတွက် ရွေးချယ်ပြုလုပ်ခြင်းဖြစ်သည်ကို မျက်ကွယ်ပြုရာရောက်သည်။

(င) ယုံတမ်းစကား။ အမျိုးသမီးများသည် သူတို့၏ လက်တွဲဖော်ရိုက်တာကို ခံသင့်သည်ဆိုသော အယူအဆသည် မည်သူကမျှ အကြမ်းဖက်ခံရဖို့ မဖြစ်သင့်သည့်အတွက်

ယုံတမ်းစကားတစ်ခုဖြစ်သည်။ ကျူးလွန်ခံရသူအပေါ် မည်သည့်အခါမှ အပြစ်မတင်သင့်ပါ။ လူတိုင်းတွင် လုံခြုံပြီး လေးစားခံပိုင်ခွင့်ရှိသည်။

(စ) ယုံတမ်းစကား။ ဂျန်ဒါအခြေပြုအကြမ်းဖက်မှုတွင် အကြမ်းဖက်မှု အမျိုးအစားများစွာ ပါဝင်သည်။ ၎င်းတွင် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ ငွေကြေးများကို ထိန်းချုပ်ခြင်းနှင့် အွန်လိုင်းပေါ်တွင် စောင့်ကြည့်ခံရခြင်းများ ပါဝင်နိုင်သည်။ ဤရုပ်ပိုင်းဆိုင်ရာမဟုတ်သော အကြမ်းဖက်မှုပုံစံများသည် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကဲ့သို့ပင် အန္တရာယ်ဖြစ်စေနိုင်သည်။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်များကို ဖတ်ရမည်။ အဖြစ်အပျက်တစ်ခုစီတွင် ၎င်းတို့သည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု၏ ဥပမာတစ်ခု ဟုတ်၊ မဟုတ်ကို ဆုံးဖြတ်ကြရမည်။ ဘာကြောင့် ဟုတ်သည်၊ မဟုတ်သည်နှင့် ပတ်သက်ပြီး သူတို့၏ အကြောင်းပြချက်များကို ဖော်ပြရမည် ဖြစ်သည်။

**မှတ်ချက်။** ဤအဖြစ်အပျက်အများစုသည် လိင်အခြေပြု အကြမ်းဖက်မှု ဟုတ်သည် သို့မဟုတ် မဟုတ်ကြောင်းကို ရှင်းလင်းစွာ ဖော်ပြမထားပါ။ သို့သော်လည်း GBV ဖြစ်နိုင်သည် သို့မဟုတ် မဖြစ်နိုင်သော အခြေအနေများအပေါ် ဆွေးနွေးမှုများ လုပ်ဆောင်ရန် အားပေးတိုက်တွန်းပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ထူးလေးရဲ့ ချစ်သူက သူတို့ရဲ့ အင်စတာဂရမ် ပက်စ်ဝေါ့တွေကို တစ်ယောက်နဲ့တစ်ယောက် မျှဝေရတာကို အဆင်ပြေတယ်ဆိုရင် ဒါက GBV တော့ မဟုတ်ပါဘူး။ အကယ်၍ ထူးလေးသည် သူ့ကောင်မလေးအား သူမ၏ အင်စတာဂရမ် ပက်စ်ဝေါ့ ပေးရန် ဖိအားပေးပြီး၊ သူ၏ ပက်စ်ဝေါ့ကို သူမအား မပေးပါက ၎င်းသည် ဖိအားပေးမှု၊ ထိန်းချုပ်မှုနှင့် အာဏာပါဝါ အခြေအနေ မညီမျှမှုများ ဖြစ်လာပြီး GBV ဖြစ်လာနိုင်စေသည်။

၂။ ဟုတ်ပါသည်။ တယ်ရီသည် သူမအား အရှက်ရစေခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုလုပ်သောကြောင့် ဖြစ်ပါသည်။

၃။ မဟုတ်ပါ။ ၎င်းသည် GBV နှင့် တိုက်ရိုက် မသက်ဆိုင်သော်လည်း ဂျန်ဒါ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး မိသားစုတွင် သူသည် အသက်အကြီးဆုံး အမျိုးသားဖြစ်သောကြောင့် သူ၏ ဖခင်အား လစာပေးဆောင်ရန် စီမံထားကြောင်း ယူဆနိုင်သည်။

၄။ ဟုတ်ပါသည်။ လွင်လွင်ဦး၏ ချစ်သူသည် ဒီလိုမျိုး ထပ်ခါထပ်ခါ လုပ်တဲ့အတွက် ၎င်းသည် ထိပါးနှောင့်ယှက်မှု ဖြစ်ပါသည်။ အဲလိုလုပ်တာကို သူမ မကြိုက်ဘူးဆိုတာ သူ့အနေဖြင့်လည်း သိထားပြီး ဖြစ်ပါသည်။

၅။ မဟုတ်ပါ။ ဘရန်စိုင်းသည် သူနှင့် စေ့စပ်ထားသူ၏ သဘောဆန္ဒကို လေးစားသည်။

၆။ ဟုတ်ပါသည်။ သန်းထွန်းနှင့် သူ၏ ရည်းစားကြားတွင် မညီမျှသော ပါဝါနှင့် စီးပွားရေး အခြေအနေရှိပြီး၊ သူ၏ ရည်းစားသည် သန်းထွန်းကို ငွေပေးထားသည့်အတွက် သန်းထွန်းထံမှ တစ်စုံတစ်ရာကို မျှော်လင့်နေခြင်းကြောင့် ၎င်းသည် GBV ဖြစ်ပါသည်။

## ဂ။ လုပ်ငန်းစဉ်

### GBV ပြဿနာသစ်ပင် ၁

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုပုံစံများကို ခွဲခြားသတ်မှတ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ အဖွဲ့များသည် ဖလစ်ချပ်စာရွက်၊ မာကာပန်များ သို့မဟုတ် သင်ထောက်ကူပစ္စည်းများနှင့် ကပ်ခွာစာရွက်များ လိုအပ်ပါသည်။ ၎င်းသည် ပြဿနာသစ်ပင်ကို အသုံးပြုရန်အတွက် ပါဝင်သည့် ဤအခန်းရှိ လုပ်ဆောင်ချက် သုံးခုအနက်မှ ပထမဆုံး လုပ်ဆောင်ချက် ဖြစ်သည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

**မှတ်ချက်။** ပြဿနာသစ်ပင်သည် ဂရပ်ဖစ်ရုပ်ပုံ အမျိုးအစားတစ်ခု ဖြစ်သည်။ ၎င်းသည် *ပြဿနာများ* (သစ်ပင်၏ ပင်စည်)၊ ၎င်းတို့ ဖြစ်ရသည့် *အကြောင်းအရင်းများ* (အမြစ်များ) နှင့် ၎င်းတို့၏ *အကျိုးဆက်များ* (အကိုင်းအခက်များနှင့် အရွက်များ) ကို စဉ်းစား တွေးခေါ်ပြီး ပုံဖော်ထားသော နည်းလမ်းတစ်ခုဖြစ်သည်။

ဤလုပ်ဆောင်ချက်၏ ဒုတိယ အပိုင်းနှင့် တတိယ အပိုင်းများကို ၄.၃ ဂ နှင့် ဃ တွင် တွေ့ရမည်ဖြစ်သည်။ ကျောင်းသားများ နားလည် သဘောပေါက်စေရန်အတွက် လုပ်ဆောင်ချက်၏ အပိုင်း သုံးပိုင်းလုံးကို လုပ်ဆောင်ရန် အကြံပြုပါသည်။

၁။ အုပ်စုများတွင် ကျောင်းသားများသည် ဖလစ်ချပ်စာရွက် တစ်ရွက်ပေါ်တွင် သစ်ပင်ကောက်ကြောင်း (ဥပမာ ကျောင်းသား စာအုပ်) တွင် ရေးဆွဲရမည်။ ဤလုပ်ဆောင်ချက်အတွက် အဖွဲ့တစ်ဖွဲ့စီသည် ဖလစ်ချပ်စာရွက်များနှင့် ကပ်ခွာ စာရွက်များ လိုအပ်မည်ဖြစ်သည်။
- ဖလစ်ချပ်စာရွက်များပေါ်တွင် သစ်ပင်ကို တတ်နိုင်သမျှ ကြီးအောင် ဆွဲခိုင်းပါ။ သို့မှသာ ၎င်းလုပ်ဆောင်ချက်နှင့် နောက်ပိုင်း လုပ်ဆောင်ချက်များမှ ကပ်ခွာစာရွက်များ ကပ်ရန်အတွက် နေရာလွတ်ရှိမည်ဖြစ်သည်။

၂။ အဖွဲ့များသည် မတူညီသော GBV ပုံစံများကို ဆွေးနွေးပြီး စာရင်းပြုစုကြရမည်ဖြစ်ပြီး ၎င်းတို့ ခွဲခြားသတ်မှတ်ထားသော GBV ပုံစံ တစ်ခုစီကို သီးခြားကပ်ခွာစာရွက်များပေါ်တွင် ရေးချရမည်။

၃။ အဖွဲ့များသည် GBV ပုံစံများပေါ်ရှိ စာသားကို ဖတ်ပြီး ၎င်းတို့၏ စာရင်းများတွင် မရှိသည့် အခြားသော GBV ပုံစံများကို နောက်ထပ် ကပ်ခွာစာရွက်များတွင် ထပ်ထည့်ရမည်။

၄။ ပြီးသောအခါ သူတို့သည် GBV ပုံစံများကို ရေးသားထားသည့် သူတို့၏ ကပ်ခွာစာရွက်များကို သစ်ပင်၏ ပင်စည်ပေါ်တွင် ကပ်ကြရမည်။
- သူတို့သည် GBV ပုံစံများကို ရေးထားသည့် ကပ်ခွာ စာရွက်များကို သစ်ပင်၏ ပင်စည်ပေါ်တွင် (အမြစ် သို့မဟုတ် အကိုင်းအခက်များတွင် မဟုတ်ပါ) ကပ်ထား သည်ကို စစ်ဆေးပါ။
- အုပ်စုများသည် သူတို့၏ သစ်ပင်များကို နံရံပေါ်တွင် ကပ်ကြရမည်။ အဖွဲ့များသည် ဤအခန်းရှိ နောက်ထပ် လုပ်ဆောင်မှုများတွင် အသုံးပြုရန်အတွက် သစ်ပင် ကောက်ကြောင်း ဆွဲထားသည့် ဖလစ်ချပ်စာရွက်နှင့် ကပ်ခွာစာရွက်များကို ထိန်းသိမ်းထားရမည်။

## ဃ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်များ (၁-၁၄) နှင့် စာသားထဲရှိ GBV ပုံစံများ (က-ပ) နှင့် တွဲကြရမည်။

**အဖြေများ**

၁။ ခ၊ ဂ၊ ဃ
၂။ က၊ ဂ
၃။ ဃ၊ င၊ ဈ
၄။ င၊ ဠ
၅။ စ
၆။ င၊ ဍ
၇။ င
၈။ င၊ ည၊ ဠ၊ ဍ
၉။ ဂ၊ င
၁၀။ ဌ
၁၁။ ဆ၊ ဇ
၁၂။ က၊ စ
၁၃။ ဌ၊ ပ
၁၄။ င၊ ပ

**မှတ်ချက်။** သင်နှစ်သက်ပါက ကျောင်းသားများအား ၎င်းတို့၏ အဖြေများကို အတွဲလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် နှိုင်းယှဉ်ခိုင်းပါ။ ဇာတ်လမ်းအဖြစ်အပျက်များကို GBV ၏ ပုံစံနှင့် ဘယ်လို၊ ဘာကြောင့် တွဲထားသည်ကို ရှင်းပြရန်အတွက် တိုက်တွန်းပါ။

## င။ ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများသည် ဖြစ်ရပ်လေ့လာချက်ကို ဖတ်ပြီး မေးခွန်းများကို ဖြေကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ စာကြည့်တိုက်သည် နှောင့်ယှက်မှု ဆန့်ကျင်ရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ကာ ၎င်းတို့၏ ဝန်ထမ်းများအတွက် ဂျန်ဒါဆိုင်ရာ ကိစ္စရပ်များနှင့် ခွဲခြားဆက်ဆံခြင်းနှင့် သက်ဆိုင်သည့် လေ့လာသင်ယူမှုများကို ပံ့ပိုးပေးသင့်သည်။ ဤကဲ့သို့သော ဖြစ်ရပ်များကို သတင်းပေးပို့နိုင်ရန်အတွက် အဖွဲ့အစည်းတွင် ရာထူးနေရာတစ်ခု ထားရှိသင့်သည်။

၃။ GBV နှင့် OGBV တို့ကို ဆန့်ကျင်ပြောဆိုပါ၊ လူများအား ပညာပေးပါ၊ စည်းရုံးလှုံ့ဆော်ပါ၊ OGBV ၏ အန္တရာယ်နှင့် ထိခိုက်နိုင်ခြေများကို အသိပညာပေးပါ၊ ၎င်းဖြစ်ရပ်များကို စနစ်တကျ အစီရင်ခံပြီး၊ မှတ်တမ်းထားရှိသည့် ရာထူးနေရာများကို ထားရှိပါ၊ လူတစ်ဦးချင်းစီကို ကာကွယ်ရန်အတွက် နိုင်ငံတော်အဆင့်မူဝါဒများ ရေးဆွဲပါ။

## စ။ ဆွေးနွေးချက်

- အတန်းလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ရင်းနှီးသောလက်တွဲဖော် အကြမ်းဖက်မှု (IPV) နှင့် အိမ်တွင်း အကြမ်းဖက်မှု (DV) တို့သည် လွန်စွာဆက်စပ်နေသည်။ IPV သည် လက်ထပ်ထားသည့် အခြေအနေ သို့မဟုတ် အတူနေထိုင်သည့် အခြေအနေ မည်သို့ပင် ရှိစေကာမူ ရင်းနှီးသော လက်တွဲဖော်ဆက်ဆံရေးတွင် ပါဝင်ပတ်သက်နေသော လူတစ်ဦးချင်းအကြားရှိ အကြမ်းဖက်မှုကို ရည်ညွှန်းပါသည်။ ၎င်းတွင် လက်ရှိ သို့မဟုတ် ယခင် အိမ်ထောင်ဖက်များ၊ ချိန်းတွေ့သည့် အဖော်များ သို့မဟုတ် ချစ်ခြင်းမေတ္တာအရ သို့မဟုတ် လိင်ပိုင်းဆိုင်ရာအရ ဆက်ဆံရေးရှိသူများ ပါဝင်သည်။ DV သည် ပိုမိုကျယ်ပြန့်သော ဆက်ဆံရေး အခြေအနေများ အကျုံးဝင်ပြီး ရင်းနှီးသော လက်တွဲဖော်များအပြင် မိဘများနှင့် ကလေးများ၊ မောင်နှမများ သို့မဟုတ် အခြားမိသားစုဝင်များကဲ့သို့ မိသားစုဝင်များအကြားရှိ အကြမ်းဖက်မှုများ ပါဝင်နိုင်သည်။

၂။ အွန်လိုင်းနှင့် အော့ဖ်လိုင်း ဂျန်ဒါအခြေပြုအကြမ်းဖက်မှု နှစ်မျိုးစလုံးသည် ပါဝါမညီမျှမှုများနှင့် လူမှုစံနှုန်းများမှ ပေါ်ထွက်လာသော်လည်း ၎င်းတို့သည် အကြမ်းဖက်ခံရသူများကို မည်သို့ ပေါ်လွင်ထင်ရှားစေမှုနှင့် သက်ရောက်မှုမှာ ကွဲပြားပါသည်။ OGBV သည် ဆိုရှယ်မီဒီယာ သို့မဟုတ် မက်ဆေ့ချ်ပေးပို့လို့ရသည့် အက်ပ်များကဲ့သို့ ဒစ်ဂျစ်တယ် ပလက်ဖောင်းများတွင် ဖြစ်ပေါ်သည်။ ၎င်းတွင် အွန်လိုင်းမှ စောင့်ကြည့်ခြင်း၊ အွန်လိုင်းမှ နှောင့်ယှက်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ရင်းနှီးကျွမ်းဝင်မှုရှိသည့် ပုံများကို မျှဝေခြင်းတို့ ပါဝင်သည်။ ကျူးလွန်သူများသည် အမည်မဖော်ဘဲ ဆက်လက်တည်ရှိနိုင်ပြီး၊ ချက်ချင်းလက်ငင်း အကျိုးဆက်များ မရှိဘဲ အလွယ်တကူ နှောင့်ယှက်နေနိုင်သည်။ ထိခိုက်နစ်နာစေသော အကြောင်းအရာသည် လျင်မြန်စွာ ပျံ့နှံ့ကာ အွန်လိုင်းပေါ်တွင် အချိန်အကန့်အသတ်မရှိ ရှိနေနိုင်ပြီး ကျူးလွန်ခံရသည့်သူအပေါ်ကို အချိန်နှင့်အမျှ ထိခိုက်နေနိုင်သည်။

အော့ဖ်လိုင်း(ပြင်ပ) GBV သည် ကိုယ်ထိလက်ရောက် စော်ကားမှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ သို့မဟုတ် နှုတ်ဖြင့် အလွဲသုံးစားလုပ်ခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာနေရာများတွင် ဖြစ်ပွားပါသည်။ အလွဲသုံးစားလုပ်သူသည် အများအားဖြင့် သားကောင်ကို သိရှိသူဖြစ်ပြီး ဖြစ်ရပ်များသည် အများအားဖြင့် သတ်မှတ်ထားသော နေရာများတွင်သာ ဖြစ်ပွားသည်။ ဤအကြမ်းဖက်မှုပုံစံများသည် မကြာခဏဆိုသလို ဆက်စပ်နေတတ်သည်။ ဥပမာအားဖြင့် အွန်လိုင်း အကြမ်းဖက်မှုသည် ပြင်ပအကြမ်းဖက်မှုဆီသို့ ဦးတည်စေပြီး စဉ်ဆက်မပြတ် ထိခိုက်နစ်နာမှုသံသရာကို ဖန်တီးနိုင်သည်။ နှစ်ခုစလုံးသည် သိသိသာသာ စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ဖြစ်စေပြီး ၎င်းတို့ နှစ်ခုစလုံးသည် အမျိုးသမီးများနှင့် အပယ်ခံအုပ်စုများအပေါ် အကြမ်းဖက်မှုကို လက်ခံနိုင်သော လူမှုစံနှုန်းများတွင် အမြစ်တွယ်နေပါသည်။ တရားရေးစနစ်များသည် နှစ်ဖက်စလုံးကို ထိထိရောက်ရောက် ဖြေရှင်းရန် ရုန်းကန်ကြရပြီး ကျူးလွန်သူများသည် ပြင်ပတွင် စတင်ခဲ့သော အကြမ်းဖက်မှုများကို ဆက်လုပ်ရန် သို့မဟုတ် အရှိန်မြှင့်ရန် အွန်လိုင်း ပလက်ဖောင်းများကို အသုံးပြုနိုင်သည်။

၃။ ကျောင်းများသည် ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ကျောင်းသားများအား သင်တန်းနှင့် ဗဟုသုတပေးခြင်းဖြင့် OGBV ကို တားဆီးရန် အထောက်အပံ့ပေးနိုင်သည်။ ၎င်းတွင် မီဒီယာဆိုင်ရာ ဗဟုသုတလည်း ပါဝင်သည်။ OGBV ပြုလုပ်သူများကို အရေးယူရန် ကျောင်းမူဝါဒများ ချမှတ်နိုင်စေရန် အထောက်အပံ့ဖြစ်စေသည်။

မိဘများသည် ဆိုရှယ်မီဒီယာကို ဘေးကင်းလုံခြုံစွာ အသုံးပြုခြင်းနှင့် OGBV ဆိုင်ရာ အကြောင်းကို ၎င်းတို့၏ ကလေးများအား ပြောဆိုသင်ကြားနိုင်သည်။ OGBV ကြောင့် ထိခိုက်ခံစားရပါက သားသမီးများကို ကူညီပေးနိုင်သည်။ မိဘများသည် ဤပြဿနာနှင့် ပတ်သက်၍ ၎င်းတို့အား အသိပေးရန် သေချာဖို့လိုအပ်ပါသည်။

ရပ်ရွာလူထုများသည် OGBV တည်ရှိမှုနှင့် ၎င်း၏ သက်ရောက်မှုများအကြောင်းကို လူများအား ပညာပေးပြီး စည်းရုံးလှုံ့ဆော်ပေးနိုင်ပါသည်။ ၎င်းတို့သည် အဖြစ်အပျက်များကို ဘေးကင်းလုံခြုံစွာဖြင့် အစီရင်ခံရန်နှင့် ၎င်းတို့အား တန်ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကို လမ်းညွှန်ပေးရန်အတွက် အစီအစဉ်များကို ဆောင်ရွက်နိုင်သည်။

ရပ်ရွာလူထု အဖွဲ့ဝင်များသည် OGBV ပြုလုပ်ခြင်းကို ဆန့်ကျင်ကြောင်း (ဆိုရှယ်မီဒီယာတွင် သို့မဟုတ် လူကိုယ်တိုင်) ကို ထုတ်ဖော်ပြောဆိုနိုင်ပါသည်။

# ၄.၂ | သဘောတူခွင့်ပြုချက်

## က။ အကြိုသင်ခန်းစာ

- အတန်းတစ်ခုအနေဖြင့် မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- လူတွေက တစ်ခုခုလုပ်ဖို့ သဘောတူတဲ့အခါ။
- လူတွေက ကြိုးကိုင်ခံရတာ သို့မဟုတ် ဖိအားပေးခံရတာ မဟုတ်ဘဲ လုပ်ချင်တာကြောင့် တစ်ခုခုလုပ်တဲ့အခါ။
- ဆက်ဆံရေးများတွင် လူများသည် ဖိအားပေးရန် သို့မဟုတ် ကြိုးကိုင်ရန် မဟုတ်ဘဲ ၎င်းတို့ မလုပ်ချင်သောအရာကို လုပ်ဆောင်သည့်အခါ သဘောတူညီမှု ယူရမည့် အခြေအနေ တစ်ခုသို့ လိုလိုလားလား ဝင်ရောက်သည့်အခါ။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ၎င်းစကားစုများကို *သဘောတူခွင့်ပြုမှု ဟုတ်သည်* သို့မဟုတ် *သဘောတူခွင့်ပြုမှု မဟုတ်သည်*ကို အမျိုးအစားခွဲကြရမည်။

**မှတ်ချက်။** သူတို့သည် စကားစုများကို အမျိုးအစားခွဲသောအခါ စကားစုနှစ်ခုကိုသာ ဘာ့ကြောင့် သဘောတူခွင့်ပြုမှု ဖြစ်သည်ကို အတန်းထဲတွင် ဆွေးနွေးရန် ဆော်သြနိုင်သည်။

**အဖြေများ**

**သဘောတူ ခွင့်ပြုမှု။** ၄၊ ၁၂

**သဘောတူ ခွင့်ပြုမှု မဟုတ်ပါ။** ၁၊ ၂၊ ၃၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၃

### အပိုဆောင်း လုပ်ငန်းစဉ်

**သဘောတူ ခွင့်ပြုမှုနှင့် သက်ဆိုင်သည့် သရုပ်ဖော် တင်ဆက်မှု**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် သဘောတူ ခွင့်ပြုမှုနှင့် သက်ဆိုင်သည့် သရုပ်ဖော်တင်ဆက်မှု တစ်ခုကို ဖန်တီးပြီး သရုပ်ဖော်ကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် ၄ ယောက်မှ ၆ ယောက်ရှိသည့် အုပ်စုများတွင် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ၄ ယောက်မှ ၆ ယောက်ရှိသည့် အုပ်စုတွင် ကျောင်းသားများသည် ပြဇာတ်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုအတွက် တစ်ဦးနှင့် တစ်ဦးကြားတွင် သဘောတူခွင့်ပြုချက်ကို လူနှစ်ဦး (သို့မဟုတ် ထိုထက်ပိုသောလူ) မှ သရုပ်ဖော်ပြသည့် သရုပ်ဖော်တင်ဆက်မှုတစ်ခုကို ကျောင်းသားများက ဖန်တီးကြရမည်။ အုပ်စုများတွင် ပါဝင်သူအားလုံးသည် သရုပ်ဖော်တင်ဆက်မှုတွင် ပါဝင်ရန် လိုအပ်သည်။
- အုပ်စုအဖွဲ့များသည် ၎င်းတို့၏ သရုပ်ဖော်တင်ဆက်မှုများကို အတန်းထဲတွင် သရုပ်ဖော်ကြရမည်။
- တင်ဆက်မှုတစ်ခုပြီးတိုင်း အခြားကျောင်းသားများသည် အကြံပြုချက်ပေးကြရမည်။
- အတန်းလိုက်နှင့် အဖွဲ့များကို မေးရန် မေးခွန်းများတွင် ပါဝင်နိုင်သည်မှာ –
  (က) သဘောတူခွင့်ပြုချက် လိုအပ်သော လုပ်ဆောင်ချက်က ဘာလဲ။
  (ခ) သရုပ်ဖော်တင်ဆက်တဲ့သူတွေက သဘောတူခွင့်ပြုချက် ပေးတဲ့ ပုံစံမျိုးကို ပြသသွားလား။ ဘယ်လို ပြသွားပါသလဲ။
  (ဂ) သဘောတူခွင့်ပြုချက်ရဖို့ သူတို့ ဘာတွေ လုပ်ခဲ့ကြပါသလဲ။
- အတန်းတစ်ခုအနေဖြင့် ကျောင်းသားများသည် ဤမေးခွန်းကို ဆွေးနွေးကြရမည်။
  - သဘောတူခွင့်ပြုချက် ပေးခြင်းနှင့် သဘောတူခွင့်ပြုချက် ရယူခြင်းနှင့် ပတ်သက်ပြီး သင်တွေ့ရှိသည့် အရေးကြီးဆုံးသော အယူအဆက ဘာလဲ။

### အပိုဆောင်း လုပ်ငန်းစဉ်

**ဇာတ်လမ်းအဖြစ်အပျက်ကို သုံးသပ်ပါ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် သဘောတူခွင့်ပြုချက်အပေါ် အလေးထားသည့် အဖြစ်အပျက်တစ်ခုကို သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် အနေဖြင့် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** *အပိုလုပ်ဆောင်ချက် ၄.၂* ကို ကူးယူပြီး ဖြတ်ထားပါ။ ကျောင်းသားတစ်ဦးလျှင်၊ အတွဲတစ်တွဲလျှင် သို့မဟုတ် အုပ်စုတစ်ခုလျှင် *ဇာတ်လမ်းအဖြစ်အပျက်* (နောက်ဆက်တွဲ) တစ်ခု သုံးသပ်ရမည်။

- ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်ကို ဖတ်ပြီး မေးခွန်းများကို ဖြေကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ စစ်သားက အမျိုးသမီးအပေါ် ပိုက်ဆံနဲ့ လိင်ကိစ္စအတွက် "ထိန်းချုပ်ပါဝါ" အသုံးပြုမှု ရှိပါသည်။ စစ်သားက အမျိုးသမီးကို အမြတ်ထုတ်ရန်အတွက် အသုံးပြုသော သူတို့အကြားရှိ အာဏာပါဝါ မညီမျှမှုကို အထင်အရှားတွေ့ရသည်။

၂။ မဟုတ်ပါ။ သူမသည် လိင်ဆက်ဆံဖို့ သဘောတူခွင့်ပြုချက် မပေးခဲ့ပါဘူး။ သူမမှာ ပိုက်ဆံ မရှိသောကြောင့်၊ သူမ၏ သားသမီးတွေကို ဘေးလွတ်ရာတွင် ထားချင်သောကြောင့် စစ်သားက သူမကို အတင်းအကျပ်ဖိအားပေးခဲ့ခြင်း ဖြစ်သည်။

၃။ ဟုတ်ပါသည်။ ၎င်းသည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးသမီးက စစ်ဆေးရေးဂိတ်မှာ ငွေမပေးနိုင်သောကြောင့် စစ်သားက သူ၏ အာဏာပါဝါကို အမျိုးသမီးအပေါ် လိင်ကိစ္စအတွက် အသုံးချခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လိင်ပိုင်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အလွဲသုံးစားမှုတစ်ခုဖြစ်သည်။

## ၈။ လုပ်ငန်းစဉ်

### သဘောတူခွင့်ပြုချက်နှင့် သက်ဆိုင်သည့် ပြဿနာများ

**ရည်ရွယ်ချက်။** ကျောင်းသားများသည် သဘောတူခွင့်ပြုချက်နှင့် သက်ဆိုင်သည့် ပြဿနာများကို စူးစမ်းလေ့လာရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အုပ်စုအဖွဲ့တစ်ခုစီအတွက် ဇာတ်လမ်းအဖြစ်အပျက် တစ်ခုကို ဝေပေးပါ။ အဖွဲ့များသည် ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ မေးခွန်းများ (က-ဂ) ကို ဖြေကြရမည်။

၂။ ကျောင်းသားများသည် ၎င်းတို့၏ ဇာတ်လမ်းအဖြစ်အပျက်နှင့် မေးခွန်းများအတွက် ၎င်းတို့၏ တုံ့ပြန်မှုများကို အတန်းထဲတွင် တင်ပြရမည်။

၃။ အတန်းတစ်ခုအနေဖြင့် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ **(က)**

(က) အောင်ကျော်သည် စိတ်ပါလက်ပါဖြင့် သဘောတူခွင့်ပြုချက်မပေးခဲ့ပါ။ သူသည် ရုပ်ရှင်မသွားခဲ့လျှင် မော်စီနှင့် ခင်မင်မှု ပျက်မည်ကို စိုးရိမ်ပြီး ခြယ်လှယ်ခံရမည်ကို စိုးရွံ့မိလိမ့်မည်။ အောင်ကျော်သည် ကြောက်စရာကောင်းသော ရုပ်ရှင်များကို မကြိုက်ကြောင်း ပြောသည့်အခါတွင်လည်း မော်စီသည် အောင်ကျော်၏ သည်းခံနိုင်မှုအတိုင်းအတာများကို လေးစားမှု မရှိခဲ့ပေ။

(ခ) မော်စီသည် တခြားတစ်ယောက်ယောက်နှင့် ရုပ်ရှင်သွားကြည့်မယ်လို့ ပြောတဲ့အခါ အောင်ကျော်သည် မော်စီ၏ ဆိုလိုရင်းကို နားလည်မှုလွဲသွားနိုင်သည်။ အောင်ကျော်သည် မော်စီ အခြားတစ်ယောက်နဲ့ ရုပ်ရှင်သွားသည် သို့မဟုတ် ရုပ်ရှင်နှင့် ပတ်သက်သည့် သူ၏ ခံစားချက်တွေကို မော်စီကို ရှင်းရှင်းလင်းလင်း မပြောပြနိုင်ခဲ့ပါဘူး။

(ဂ) မော်စီသည် သူရုပ်ရှင်ကြည့်တာနှင့် ပတ်သက်ပြီး ဘယ်လိုခံစားရလဲ ဆိုတာကို အောင်ကျော်ကို မေးသင့်သလို အောင်ကျော်လည်း သူခံစားရတာနှင့် ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း ပြောသင့်သည်။ နှစ်ယောက်စလုံး ကြိုက်တဲ့ ရုပ်ရှင်ဇာတ်ကားကို ကြည့်ဖို့အတွက် အပေးအယူ လုပ်သင့်သည်။

**(ခ)**

(က) ခရစ်စ်သည် သူမ၏ လက်ကို လူရှေ့သူရှေ့တွင် ကိုင်ထားခြင်းသည် တအဲ၏ သည်းခံနိုင်မှုအတိုင်းအတာကို လေးစားမှု မရှိခြင်း ဖြစ်ပါသည်။ ခရစ်စ်သည် သူမ၏ လက်ကို ကိုင်ထားရန် တအဲထံတွင် သဘောတူခွင့်ပြုမှုကို ရှင်းရှင်းလင်းလင်း မတောင်းခံထားသည့်အပြင် သူသည် သူမ ကြိုက်လား၊ မကြိုက်လားဆိုသည်ကို မသိဘဲ လုပ်နေခြင်းဖြစ်သည်။

(ခ) တအဲသည် သူမ၏ လက်ကို လူရှေ့သူရှေ့တွင် ကိုင်သည့်အခါ ကြောက်ရွံ့သည်ကို ခရစ်စ်အား ရှင်းရှင်းလင်းလင်း မပြောပြထားပါ။ ခရစ်စ်သည်လည်း သူမ၏ လက်ကို ကိုင်တဲ့အခါ တအဲရဲ့ ခံစားချက်ကို ထည့်သွင်း မစဉ်းစားသလို သို့မဟုတ် မေးမြန်းတာမျိုးလည်း မရှိပါ။

(ဂ) သူတို့ကြားတွင် ပြောဆိုဆက်သွယ်မှုအပိုင်း အားနည်းပါသည်။ ခရစ်စ်က သူမ၏ လက်ကို ကိုင်သောအခါမှာ ဖြစ်သည့် သူမ၏ ခံစားချက်ကို တအဲကိုမေးဖို့ လိုအပ်ပြီး၊ တအဲကလည်း သူမ၏ လက်ကို လူမြင်ကွင်းမှာ အကိုင်ခံထားရတာ အဆင်မပြေဘူးဆိုပြီး ခရစ်စ်ကို ရှင်းရှင်းလင်းလင်း ပြောပြဖို့ရန် လိုပါတယ်။

**(ဂ)**

(က) ချမ်းသည် တစ်ခါတစ်ရံတွင် ဓာတ်ပုံများ အရိုက်ခံနေရမှု သို့မဟုတ် ဓာတ်ပုံအချို့ကို အွန်လိုင်းပေါ်တွင် အတင်ခံနေရမှုကို မသိသလို ချမ်းဆီမှလည်း လွတ်လပ်စွာ တင်နိုင်ကြောင်းကို သဘောတူခွင့်ပြုချက်ကို ပေးမထားပါ။ ဘိုသိန်းသည် ရှေးရိုးဆန်လွန်းသည်ဆိုပြီး ချမ်းကို စိတ်ဆိုးခြင်း၊ အပြစ်တင်ခြင်းဖြင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ခြယ်လှယ်မှုတို့ကို ပြုလုပ်နေသည်။

(ခ) သူတို့၏ပုံကို ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် ဓာတ်ပုံကို အွန်လိုင်းပေါ်တင်ခြင်းနှင့် ပတ်သက်၍ ချမ်းသည် သဘောတူ ခွင့်ပြုချက် တောင်းခံခြင်းမျိုး မရရှိထားသည့်အတွက် ပြောဆိုဆက်သွယ်ရေးနှင့် လေးစားမှု ကင်းမဲ့နေပါသည်။

(ဂ) ဘိုသိန်းသည် ချမ်းနှင့် ဓာတ်ပုံတွဲရိုက်ရန် ပြောဆိုဆွေးနွေးသင့်ပြီး ချမ်းအနေဖြင့် သဘောတူခွင့်ပြုချက် ပြတ်ပြတ်သားသားပေးရန် လိုအပ်သည်။ ချမ်းထံမှ သဘောတူခွင့်ပြုချက်မရပါက ဘိုသိန်းသည် ချမ်း၏ သဘောဆန္ဒကို လေးစားသင့်ပြီး ဓာတ်ပုံများကို မမျှဝေသင့်ပါ။

**(ဃ)**

(က) ကင်မ်၏ မိဘများက သတ်သတ်လွတ်စားသည့် သူ၏ ရွေးချယ်မှုနှင့် သူ့အတွက် လုပ်ထားသည့် အစားအစာ မစားသည့်အခါမျိုးတွင် အကျပ်ကိုင်မှုနှင့် ခြယ်လှယ်မှုကို တွေ့ရသည်။ သူတို့သည် ကင်မ်၏ သည်းခံနိုင်မှု အတိုင်းအတာ (boundaries) ကို လေးစားမှုမရှိပါ။ သို့မဟုတ် ကင်မ်၏ သဘာတူညီချက်အား မတောင်းခံဘဲ အသားပါသည့် အစားအစာများ ကျွေးခြင်းနှင့် အသားပါကြောင်း မပြောဆိုခြင်းတို့ တွေ့ရသည်။

(ခ) နားလည်မှုလွဲမှားခြင်းနှင့် ပြောဆိုဆက်သွယ်မှု အားနည်းခြင်းတို့ ရှိပါသည်။ ကင်မ်၏ မိဘတွေသည် သူ၏ ရွေးချယ်မှုကို နားမလည်ပါ။

(ဂ) ကင်မ်၏ မိဘများနှင့် ကင်မ် နှစ်ဦးစလုံးတို့သည် သူတို့၏ ခံစားချက်များနှင့် သဘောဆန္ဒများကို ရှင်းရှင်းလင်းလင်း ပြောဆိုရန် လိုအပ်သည်။ မိဘများသည် သူ၏ ဆုံးဖြတ်ချက်ကို လေးစားရန် လိုအပ်ပြီး ကင်မ်သည် သူ၏ မိဘများအား ၎င်း၏ ဆုံးဖြတ်ချက်သည် သူတို့၏ ကိုယ်ရေးကိုယ်တာမဟုတ်ဘဲ ကင်မ်သည် သူ၏ မိသားစုထံ သွားရောက်လည်ပတ်စဉ်တွင် သူ၏ အစားအစာကို ကိုယ်တိုင်တာဝန်ယူဆောင်ရွက် ပေးခြင်းဖြင့် အပေးအယူပြုလုပ်နိုင်သည်။

၃။

(က) ဤအခြေအနေများတွင် အဖြစ်များသည့် အကြောင်းအရာများမှာ ပြတ်ပြတ်သားသား သဘောတူ ခွင့်ပြုချက် မရယူခြင်း၊ ကြိုးကိုင်ခြယ်လှယ်ခြင်း၊ ပြောဆို ဆက်သွယ်မှု မရှိခြင်းနှင့် နားလည်မှု လွဲမှားခြင်းတို့ ပါဝင်သည်။

## ဃ။ ဆွေးနွေးချက်

- အတန်းတစ်ခုအနေဖြင့် သို့မဟုတ် အုပ်စုလိုက် အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

# ၄.၃ | အကျိုးဆက်များနှင့် ဖြေရှင်းရန် နည်းလမ်းများ

## က။ အကြိုသင်ခန်းစာ

- ကျောင်းသားများသည် ထုတ်ပြန်ချက်များကို ဖတ်ပြီး ၎င်းတို့ထဲမှ တစ်စုံတစ်ခုသည် တရားမျှတမှု ရှိ၊ မရှိကို စဉ်းစား ဆုံးဖြတ်ကြရမည်။
- အတန်းတစ်ခုအနေဖြင့် ဆွေးနွေးကြရမည်။

### အပိုဆောင်း လုပ်ငန်းစဉ်

**GBV နှင့် ပတ်သက်သော ယုံကြည်ချက်များ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုနှင့် ပတ်သက်သော ယုံကြည်ချက်များကို စစ်ဆေးမေးမြန်းကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် သို့မဟုတ် အတန်းတစ်ခုအနေဖြင့် လုပ်ဆောင် ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ထုတ်ပြန်ချက်တွေကို တစ်ခုပြီးတစ်ခု ဖတ်ပါ။ ကျောင်းသား တွေက ၎င်းထုတ်ပြန်ချက်တွေကို ဆွေးနွေးကြရမည်။
  - ထုတ်ပြန်ချက်တွေကို သဘောတူလား၊ သဘောမတူဘူးလား။
  - ယုံကြည်ချက် တစ်ခုစီအတွက် ပြဿနာအချို့က ဘာတွေလဲ။
  - ဒီအရာတွေကို လူတချို့က ယုံကြည်ရတဲ့ အခြေခံ အကြောင်းရင်းတွေက ဘာတွေလဲ။

**မှတ်ချက်။** လူအများ၏ ထင်မြင်ယူဆချက်များကို ဆွဲထုတ်နိုင်ရန် ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးသားသား ဆွေးနွေးရန် တိုက်တွန်းအားပေးပါ။

၁။ အကြမ်းဖက်မှု လုပ်သူများသည် ၎င်းတို့၏ ဒေါသကို မထိန်းချုပ်နိုင်ကြပါ။ ၎င်းသည် မိမိကိုယ်မိမိ ထိန်းချုပ်မှု ခဏတာ ဆုံးရှုံးခြင်းဖြစ်သည်။

၂။ အိမ်တွင်းအကြမ်းဖက်မှုသည် လူပုဂ္ဂိုလ်ဆိုင်ရာ မိသားစုကိစ္စ ဖြစ်သည်။ အပြင်လူတွေ မပါဝင်သင့်ပါ။

၃။ လူတွေဟာ သူတို့ကိုယ်သူတို့ လုံလုံခြုံခြုံ ဝတ်စားထားရင် အဓမ္မပြုကျင့်ခံရမှာ မဟုတ်ဘူး။

၄။ ယောက်ျားတစ်ယောက်သည် သူ၏ ဇနီးသည်ကို မုဒိမ်းကျင့်လို့ မရနိုင်ပါ။
၅။ တစ်စုံတစ်ဦးသည် အကြမ်းဖက်သော ဆက်ဆံရေးတွင် ဆက်လက်ရှိနေပါက ၎င်းသည် သူတို့အနေဖြင့် အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး ဘာမှ မဖြစ်ခြင်းကို ဆိုလိုသည်။
၆။ တစ်စုံတစ်ဦးသည် အကြမ်းဖက်သော ဆက်ဆံရေးတွင် ဆက်လက်ရှိနေပါက ၎င်းတို့သည် အကူအညီနှင့် ထောက်ပံ့မှုအတွက် မထိုက်တန်ခြင်းဖြစ်သည်။
၇။ အမျိုးသားများသည် အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင် မဖြစ်နိုင်ဘဲ အမျိုးသမီးများသာ ဖြစ်နိုင်သည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ အလုပ်တွင် သို့မဟုတ် သူငယ်ချင်းတွေနှင့်လိုမျိုး အခြား အခြေအနေတွေမှာ သူတို့၏ ဒေါသကို ထိန်းချုပ်နိုင်ပါသည်။ ၎င်းသည် အကြမ်းဖက်မှုအတွက် အကြောင်းပြချက် မဟုတ်ပါ။
၂။ ၎င်းသည် လူ့အဖွဲ့အစည်းနှင့် ရပ်ရွာလူထုတစ်ခုလုံးအတွက် သက်ရောက်မှုရှိသောကြောင့် ၎င်းသည် ပုဂ္ဂလိကဆိုင်ရာ ကိစ္စမဟုတ်ပါ။ ၎င်းသည် ဥပဒေနှင့် မညီသလို (တိုင်းပြည်မှာ ဒီလိုဥပဒေတွေရှိနေရင်) ဥပဒေဆိုင်ရာ ကိစ္စရပ်လည်း ဖြစ်သည်။ GBV ကို ပုဂ္ဂလဆိုင်ရာ ကိစ္စတစ်ခုအဖြစ် ရှုမြင်ခြင်းသည် ဖိုဝါဒကြီးစိုးမှု၊ အာဏာပါဝါ၊ ဂျန်ဒါ အခန်းကဏ္ဍများ၊ ပုံသေသတ်မှတ်ချက်များနှင့် ဆက်နွယ်နေသော ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အကြောင်းရင်းများကို လျစ်လျူရှုထားခြင်းဖြစ်သည်။
၃။ အကြမ်းဖက်ခံရသူ ဝတ်ထားသည့် အဝတ်အစားနှင့် မသက်ဆိုင်သောကြောင့် ၎င်းသည် မှားယွင်းနေပါသည်။ ကျူးလွန်ခံရသူ၏ အပြစ်မဟုတ်ဘဲ ကျူးလွန်သူ၏ အပြစ်သာဖြစ်သည်။ ဝတ်စားဆင်ယင်ပုံအပေါ် မူတည်ပြီး လူများကို အပြစ်တင်ခြင်းသည် အကြမ်းဖက်ခံရသူသာ တာဝန်ရှိသည်ဟူသော အခြေအနေမျိုးကို ဖြစ်သွားစေသည်။ ၎င်းသည် ပုံသေသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် ဆက်စပ်နေသော "အမျိုးသမီးကောင်း" ဟူသည့် ဝတ်စားဆင်ယင်ပုံနှင့် နေထိုင်မှုပုံစံများဆိုင်ရာ ယုံကြည်မှုများနှင့် ချိတ်ဆက်နေသည်။
၄။ ဇနီးသည်က သဘောမတူရင် ၎င်းသည် မုဒိမ်းပြုကျင့်မှု ဖြစ်သည်။ နိုင်ငံတော်တော်များများတွင် အကြမ်းဖက်ခံရသူကို ကာကွယ်ပေးဖို့အတွက် ဥပဒေတွေ ပြဋ္ဌာန်းထားပါသည်။
၅။ စီးပွားရေး သို့မဟုတ် လူမှုရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် အချို့သော လူများသည် အကြမ်းဖက်သော ဆက်ဆံရေးမှ ရုန်းထွက်ရန် မည်မျှခက်ခဲနိုင်သည်ကို လျစ်လျူရှုထားခြင်းဖြစ်သည်။
၆။ အကြမ်းဖက်ခံရသူအားလုံးသည် အကူအညီနှင့် ထိုက်တန်ပါသည်။ အထက်ဖော်ပြပါအတိုင်း အကြမ်းဖက်သော ဆက်ဆံရေးမှ ရုန်းထွက်ရန်မှာ လူအချို့အတွက် အလွန်ခက်ခဲနိုင်သည်။
၇။ အမျိုးသားများသည်လည်း အကြမ်းဖက်ခံရသူများ ဖြစ်နိုင်သည်။ GBV တွင် အမျိုးသားများအပေါ် အကြမ်းဖက်မှုလည်း ပါဝင်သည်။ သူတို့သည် အမျိုးသမီးများ ရင်ဆိုင်ရသော GBV ပုံစံများ၏ အကြမ်းဖက်ခံရသူများ ဖြစ်နိုင်ပါသည်။

## ၁။ လုပ်ငန်းစဉ်

**အကြံဉာဏ်**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် GBV ပြဿနာ တစ်ခုအတွက် အဖြေများကို စဉ်းစားပြီး သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်နှင့် အကြံဉာဏ်ကို ဖတ်ရှုကြရမည်။

၁။ သူငယ်ချင်းတစ်ဦးစီ၏ အကြံဉာဏ်သည် အသုံးဝင်လား၊ မဝင်လားဆိုသည်ကို ကျောင်းသားများက ဆုံးဖြတ်ကြပြီး အကြောင်းပြချက်များ ပေးကြရမည်။

၂။ သူတို့သည် နော်ဒါကို ဘယ်လို အကြံဉာဏ်မျိုး ပေးမည်ကို ဆုံးဖြတ်ကြရမည်။

- အတန်းတစ်ခုအနေဖြင့် အကြံဉာဏ်တစ်ခုစီ၏ အားသာချက်များနှင့် အားနည်းချက်များကို စာရင်းပြုစုရမည်။
- အတန်းတစ်ခုအနေဖြင့် နော်ဒါအား ပေးရန်အတွက် အကောင်းဆုံးအကြံဉာဏ် (သို့မဟုတ် အသုံးဝင်သော အကြံပြုချက်များ) ကို ဆုံးဖြတ်ကြရမည်။

## ဂ။ လုပ်ငန်းစဉ်

**GBV ပြဿနာသစ်ပင် ၂**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ဖြစ်ရသည့် အကြောင်းရင်းများကို ဖော်ထုတ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် ၄.၁ (ဂ) မှ အုပ်စုတူများအတိုင်း လုပ်ဆောင်ကြရမည်။ အဖွဲ့များသည် ဖလစ်ချပ် စာရွက်၊ မာကာပန်များ သို့မဟုတ် သင်ထောက်ကူပစ္စည်းများနှင့် ကပ်ခွာစာရွက်များ လိုအပ်ပါသည်။ ၎င်းသည် ပြဿနာသစ်ပင်ကို အသုံးပြုရန် ပါဝင်သည့် ဤအခန်းရှိ လုပ်ဆောင်ချက် သုံးခုအနက်မှ ဒုတိယမြောက် လုပ်ဆောင်ချက်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်မှု။** ကျောင်းသားများသည် ၄.၁ (ဂ) မှ GBV သစ်ပင် ရုပ်ပုံများကို ပြန်လည်အသုံးပြုရန် လိုအပ်သည်။

**မှတ်ချက်။** ပြဿနာသစ်ပင်သည် ပုံဆွဲခြင်းဆိုင်ရာ အမျိုးအစား တစ်ခုဖြစ်သည်။ ၎င်းသည် *ပြဿနာများ* (သစ်ပင်၏ ပင်စည်)၊ ၎င်းတို့ ဖြစ်ရသည့် *အကြောင်းအရင်းများ* (အမြစ်များ) နှင့် ၎င်းတို့၏ *အကျိုးဆက်များ* (အကိုင်းအခက်များနှင့် အရွက်များ) ကို စဉ်းစား တွေးခေါ်ပြီး ပုံဖော်ထားသော နည်းလမ်းတစ်ခုဖြစ်သည်။

ဤလုပ်ဆောင်ချက်၏ ပထမအပိုင်းနှင့် တတိယ အပိုင်းများကို ၄.၁ (ဂ) နှင့် ၄.၃ (ဃ) တွင် တွေ့ရမည်ဖြစ်သည်။ ကျောင်းသားများ နားလည်သဘောပေါက်စေရန်အတွက် လုပ်ဆောင်ချက်၏ အပိုင်း သုံးပိုင်းလုံးကို လုပ်ဆောင်ရန် အကြံပြုပါသည်။

- ကျောင်းသားများသည် ၄.၁ (ဂ) မှ GBV ပြဿနာ သစ်ပင် ဆွဲထားသည့် ဖလစ်ချပ်စာရွက်များကို ပြန်ကြည့်ရမည်။

၁။ အုပ်စုများတွင် ကျောင်းသားများသည် GBV ဖြစ်ရသည့် အကြောင်းရင်းများကို ဆွေးနွေးကြရမည်။ (ဥပမာ အာဏာ ပါဝါ မညီမျှမှု၊ လူမှုရေး စံနှုန်းများ စသည်ဖြင့် ...)

- သူတို့သည် ၎င်းတို့ကို ကပ်ခွာစာရွက်များပေါ်တွင် ရေးမှတ်ပြီး သစ်ပင်၏ အမြစ်များပေါ်တွင် ထားကြရမည်။
- သူတို့သည် စာသားကိုဖတ်ပြီး ဖြစ်ရသည့် အကြောင်းရင်းများအတွက် အခြားသော အကြောင်းရင်းများကို ကပ်ခွာစာရွက်များပေါ်တွင် ထပ်ထည့်ကြရမည်။

၂။ ကျောင်းသားများသည် GBV ကို ဖြစ်စေသည့် ပိုမိုကျယ်ပြန့်သော အချက်များကို စဉ်းစားရမည်။ (ဥပမာ ဖိုဝါဒကြီးစိုးမှု၊ မညီမျှမှု၊ ဆင်းရဲမွဲတေမှုစသည့် လူမှုဆိုင်ရာအချက်များ)

- ၎င်းတို့သည် အကြမ်းဖက်မှုကို တိုက်ရိုက်မဖြစ်စေသော်လည်း အကြမ်းဖက်မှုကို ပံ့ပိုးပေးသည့် အချက်များကို ထောက်ပြပါ။

- သူတို့သည် ၎င်းတို့ကို ကပ်ခွာစာရွက်များပေါ်တွင် ရေးပြီး သစ်ပင်အထက် သို့မဟုတ် အလွတ်နေရာတွင် ထားကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ အာဏာပါဝါမညီမျှမှုများ၊ ဂျန်ဒါတန်းတူညီမျှ မဖြစ်မှု၊ ဖိုဝါဒကြီးစိုးမှု၊ လူမှုရေးစံနှုန်းများ၊ ပုံသေသတ်မှတ်ချက်များ၊ ညစ်ညမ်းမှုနှင့် အပျက်သဘောဆောင်သော ယောက်ျားပီသမှု။

၂။ စီးပွားရေးကျပ်တည်းမှု၊ ဆင်းရဲမွဲတေမှု၊ ခွဲခြားဆက်ဆံမှု၊ ရာဇဝတ်မှုကိုသည်းခံခြင်း/ပြစ်ဒဏ်မဲ့မှု၊ တရားဥပဒေ အကာအကွယ် ကင်းမဲ့မှု၊ ပံ့ပိုးကူညီပေးမှုစနစ်များ မရှိမှု၊ အကြမ်းဖက်မှုကို ပုံမှန်ဖြစ်စေမှု (မီဒီယာနှင့် လူ့အဖွဲ့အစည်းတွင်)၊ လူမှုအသိုင်းအဝိုင်းမှ ဖယ်ကျဉ်မှု၊ ငွေကြေးအရ မှီခိုနေရမှု။

## ဃ။ လုပ်ငန်းစဉ်

**GBV ပြဿနာသစ်ပင် ၃**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု၏ အကြောင်းအရင်းများကို ဖော်ထုတ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် ၄.၃ (ဂ) မှ အုပ်စုတူများအတိုင်း လုပ်ဆောင်ကြရမည်။ အဖွဲ့များသည် ဖလစ်ချပ်စာရွက်၊ မာကာပင်များ သို့မဟုတ် သင်ထောက်ကူပစ္စည်းများနှင့် ကပ်ခွာစာရွက်များ လိုအပ်ပါသည်။ ၎င်းသည် ပြဿနာသစ်ပင်ကို အသုံးပြုရန် ပါဝင်သည့် ဤအခန်းရှိ လုပ်ဆောင်ချက် သုံးခုအနက်မှ တတိယမြောက် လုပ်ဆောင်ချက်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်မှု။** ကျောင်းသားများသည် ၄.၃ (ဂ) မှ GBV သစ်ပင်ပုံများကို ပြန်လည်အသုံးပြုရန် လိုအပ်သည်။

၁။ အုပ်စုများတွင် ကျောင်းသားများသည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု၏ မတူညီသော သက်ရောက်မှုများနှင့် အကျိုးဆက်များအကြောင်းကို စဉ်းစားကြရမည်။
- သူတို့သည် ဤသက်ရောက်မှုတစ်ခုစီကို ကပ်ခွာစာရွက်များပေါ်တွင် သီးခြားစာရင်းပြုစုကြရမည်။

၂။ သူတို့သည် အကျိုးဆက်များဆိုင်ရာ စာသားကို ဖတ်ပြီး ကပ်ခွာစာရွက်များတွင် မပါသေးသော အခြားအကျိုးဆက်များ သို့မဟုတ် သက်ရောက်မှုများကို ထပ်ထည့်ရမည်။

၃။ သူတို့သည် ၎င်းကပ်ခွာစာရွက်များကို သစ်ပင်၏ အကိုင်းအခက်များပေါ်တွင် ထားကြရမည်။

၄။ ဖလစ်ချပ်စာရွက်များကို အခန်းနံရံများ သို့မဟုတ် စားပွဲများပေါ်တွင် ထားပါ။ ကျောင်းသားများသည် အခန်းတပိုက်တွင် လမ်းလျှောက်ပြီး အခြားအဖွဲ့များ လုပ်ဆောင်ထားသော GBV ပြဿနာသစ်ပင်များကို ကြည့်ရှုကြရမည်။

- ကျောင်းသားများ၏ သစ်ပင်များပေါ်တွင် ဖော်ပြထားသော GBV ၏ မတူညီသောပုံစံများ၊ ဖြစ်ရသည့် အကြောင်းရင်းများ၊ ပံ့ပိုးပေးသည့် အကြောင်းတရားများ၊ သက်ရောက်မှုများနှင့် အကျိုးဆက်များကို အနှစ်ချုပ်ပေးပြီး လုပ်ဆောင်ချက်ကို အဆုံးသတ်ပါ။

## အပိုဆောင်း လုပ်ငန်းစဉ်

**ကူညီရန် နည်းလမ်းများ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် သဘောတူခွင့်ပြုချက် ရယူသည့်အပေါ် အလေးထားသည့် အဖြစ်အပျက်တစ်ခုကို သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** *အပိုလုပ်ဆောင်ချက် ၄.၃* ကို ကူးယူပြီး ဖြတ်လိုက်ပါ။ *ကူညီရန် နည်းလမ်းများ* (နောက်ဆက်တွဲ)၊ ကျောင်းသားတစ်ဦးလျှင် ၊ တစ်တွဲလျှင် သို့မဟုတ် တစ်အုပ်စုလျှင် တစ်စုံ။

- ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်ကို ဖတ်ပြီး မေးခွန်းများကို ဖြေကြရမည်။
- မခိုင်ကို ကူညီရန်အတွက် ဖြစ်နိုင်သော နည်းလမ်းများကို အတန်းတစ်ခုအနေဖြင့် ဆွေးနွေးရမည်။

## အပိုဆောင်း လုပ်ငန်းစဉ်

**GBV အတွက် ဖြေရှင်းနည်းများ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် GBV အတွက် ဖြေရှင်းနည်းများကို သုတေသနပြုကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်းလုပ်ဆောင်ကြပြီးနောက် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။ သုတေသနပြုမှု၏ အစိတ်အပိုင်းများကို အိမ်စာအဖြစ် လုပ်ဆောင်နိုင်သည်။ ကျောင်းသားများသည် အင်တာနက် အသုံးပြုရန် လိုအပ်ပါသည်။

**ကြိုတင်ပြင်ဆင်မှု။** *အပိုလုပ်ဆောင်ချက် ၄.၃* ကို ကူးယူပြီး ဖြတ်လိုက်ပါ။ *GBV အတွက် ဖြေရှင်းနည်းများ* (နောက်ဆက်တွဲ)၊ ကျောင်းသားတစ်ဦးလျှင်၊ တစ်တွဲလျှင် သို့မဟုတ် တစ်အုပ်စုလျှင် တစ်စုံ။

၁။ ကျောင်းသားများသည် GBV ကို တိုက်ဖျက်ရန် နည်းလမ်းများကို တစ်ဦးချင်းအလိုက် သုတေသနပြုကြရမည်။
၂။ အုပ်စုများတွင် ကျောင်းသားများသည် ၎င်းတို့၏ ရပ်ရွာလူထုအတွက် အထိရောက်ဆုံးသော အကြံဉာဏ်များကို ဆွေးနွေးကြရမည်။
၃။ အဖွဲ့များသည် ၎င်းတို့၏ အကြံဉာဏ်များနှင့် ပတ်သက်သည့် တင်ပြချက်ကို ပြင်ဆင်ရမည်။
၄။ လိုအပ်သည့် စာရွက်များ ဝေပေးပါ။ အတန်းတစ်ခုအနေဖြင့် အမျိုးအစားတစ်ခုချင်းစီရှိ ဖြေရှင်းချက်များကို အဖွဲ့များမှ စဉ်းစားပြီး တင်ပြထားသည့် ဖြေရှင်းချက်များနှင့် နှိုင်းယှဉ်ပါ။

## င။ ဆွေးနွေးချက်

- အတန်းတစ်တန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။


### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ GBV ပြဿနာနှင့် ပတ်သက်၍ အသိပညာပေးခြင်း။ GBV အကြောင်းရင်းများနှင့် သက်ဆိုင်သည့် ယုံတမ်းစကားများနှင့် အယူအဆများကို တိုက်ဖျက်သည့် ပညာရေးကို ပံ့ပိုးပါ။ GBV မှ ရှင်သန်လွတ်မြောက်သူများအတွက် ပံ့ပိုးကူညီပေးသည့် ကွန်ရက်များ၊ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဖန်တီးတည်ဆောက်ပါ။
၂။ GBV မှ ရှင်သန်လွတ်မြောက်သူများကို ကူညီပေးသည့် အဖွဲ့အစည်းများကို ဆက်သွယ်ပါ။
၃။ ပုံသေသတ်မှတ်ချက်များ (ဥပမာ – အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုသည် GBV ကို အထောက်အကူ ဖြစ်စေနိုင်သည် ဆိုသောအချက်)၊ အာဏာပါဝါ မညီမျှမှုများ (နိုင်ငံရေး၊ စီးပွားရေး၊ အိမ်တွင်းရေးနှင့် ဆက်ဆံရေးများ)၊ တန်းတူညီမျှ မဖြစ်မှုများ (ဆင်းရဲမွဲတေမှု၊ အရင်းအမြစ်များ လက်လှမ်းမမီမှု) နှင့် ဆက်စပ်ဖြစ်ပေါ်နေသော ပြဿနာများ (လူတန်းစား၊ ဂျန်ဒါ၊ လူမျိုးစု သို့မဟုတ် လူမှုစီးပွား အခြေအနေ) သည် GBV ကို ဖြစ်ပေါ်စေနိုင်သည် သို့မဟုတ် ၎င်းပြဿနာများသည် လူများ၏ ဖြစ်နိုင်ခြေအန္တရာယ်များကို တိုးပွားစေနိုင်သည်။ ဥပမာအားဖြင့် ကလေးများရှိသည့် တိုင်းရင်းသား လူနည်းစု အမျိုးသမီးတစ်ဦးသည် ငွေကြေး ထောက်ပံ့မှုမရှိဘဲ ဆင်းရဲမွဲတေမှုနှင့် ပဋိပက္ခဒဏ်ခံရသော ဒေသတွင် အကြမ်းဖက်သော လက်တွဲဖော်နှင့်အတူ GBV ကို ဖြစ်စေသော သို့မဟုတ် ပိုမိုဆိုးရွားစေသော ဆက်စပ်ဖြစ်ပေါ်နေသာ အချက်များစွာကို ရင်ဆိုင်နေရသည်။



# အခန်း ၀၅

# လိင်စိတ်တိမ်းညွတ်မှု၊ ဂျန်ဒါ ခံယူမှုနှင့် အသွင်အပြင်ဖော်ပြမှု (SOGIE-ဆိုဂျီ)



**အခန်း (၅) မာတိကာ**


၅.၁ | ဆိုဂျီ (SOGIE) ........................................ ၁၀၄

၅.၂ | LGBTIQ ဖြစ်တည်မှု ................................. ၁၀၉


**အခန်း (၅) အတွက် အပို ရည်ညွှန်းကိုးကားချက်များ**

**ဆိုဂျီ၊ Colors Rainbow** ၏ ရုပ်ပြစာအုပ်၊ (မြန်မာဘာသာဖြင့်) – https://bit.ly/3OVmWPR

အခြားသော ပညာပေးဆိုင်ရာ သင်ထောက်ကူများ – **Colors Rainbow ၏ ဥပဒေပြုပြင်ပြောင်းလဲမှု၊ ဝေါဟာရများနှင့် အခြားအရာများဆိုင်ရာ** (မြန်မာဘာသာဖြင့်) – https://bit.ly/49K43Jh

**It's Pronounced Metrosexual–** (အင်္ဂလိပ်ဘာသာဖြင့်) ပညာပေးဆိုင်ရာ သက်ဆိုင်သည့် အရင်းအမြစ်များ – https://bit.ly/4fltqCp

**The Safe Zone Project** – (အင်္ဂလိပ်ဘာသာဖြင့်) အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ သင်ထောက်ကူများ – https://bit.ly/4gaU0iM

**Kings and Queens** – ဗီဒီယို (မြန်မာဘာသာဖြင့် အင်္ဂလိပ်စာတန်းထိုး) – https://bit.ly/3ZDShM0

**လူစိမ်း ၃ ဦး** – ဗီဒီယို (မြန်မာဘာသာဖြင့် အင်္ဂလိပ်စာတန်းထိုး) – https://bit.ly/49Dtk7W

# ၅.၁ | ဆိုဂျီ (SOGIE)

## က။ အကြိုသင်ခန်းစာ

**မှတ်ချက်။** ကျောင်းသားလက်စွဲစာအုပ်တွင် အတိုချုံး ရှင်းပြထားသည့် အတိုင်း ဤသင်ခန်းစာတွင် SOGIESC နှင့် SO/GIE/SC စကားလုံး များအစား SOGIE အတိုကောက် စကားလုံးကိုသာ အသုံးပြုထားသည်။ ၎င်းအတွက် အဓိကအကြောင်းရင်းမှာ ကျွန်ုပ်တို့ ရည်ရွယ်ထားသည့် စာဖတ်သူများကြားတွင် အယူအဆပိုင်းဆိုင်ရာ အသုံးအများဆုံး အတိုကောက်စကားလုံး ဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆသောကြောင့် ဖြစ်ပါသည်။

၁။ ကျောင်းသားများသည် လိင်စိတ်တိမ်းညွတ်မှု၊ ဂျန်ဒါခံယူမှုနှင့် အသွင်အပြင်ဖော်ပြမှု (SOGIE) ၏ ကဏ္ဍများနှင့် သက်ဆိုင်သည့် စကားလုံးတစ်လုံးချင်းစီအပေါ် သူတို့ ဘယ်လို ထင်မြင်ယူဆထားသည်ကို စဉ်းစားရမည်။
- သူတို့သည် ၎င်းအသုံးအနှုန်းတစ်ခုစီအတွက် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ရေးချရမည်။

၂။ သူတို့သည် SOGIE ရှိ စာသားကို ဖတ်ပြီး ၎င်းတို့၏ အဖြေများကို ပြန်စစ်ဆေးရမည်။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် စကားလုံး (၁-၆) ကို အဓိပ္ပာယ်ဖွင့်ဆိုချက် (က-စ) နှင့် တွဲရမည်။

**အဖြေများ**

၁။ ဂ

၂။ ဃ

၃။ င

၄။ က

၅။ ခ

၆။ စ

## ဂ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ဝေါဟာရ (၁ မှ ၁၀) တစ်ခုစီကို အမျိုးအစား ၃ မျိုး ဖြစ်သော သင်မည်သူကို ချစ်သည်၊ သင်မည်သူ ဖြစ်သည် သို့မဟုတ် သင်၏ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် စသည့် အမျိုးအစားအောက်တွင် ထည့်ရမည်။

**အဖြေများ**

**သင် မည်သူကို ချစ်သည်။** ၁၊ ၅၊ ၆၊ ၇

**သင် မည်သူ ဖြစ်သည်။** ၂၊ ၃၊ ၈၊ ၁၀

**သင်၏ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်။** ၄၊ ၉

## ဃ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် အကောင်းဆုံးအဖြေကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ ဃ

၂။ ဂ

၃။ ခ

၄။ က

## င။ ဆွေးနွေးချက်

- အတန်းတစ်တန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ဂျန်ဒါခံယူမှုသည် လူတစ်ဦးက ၎င်း၏ ကိုယ်တွင်းရှိ ၎င်း၏ ကိုယ်ပိုင်ဖြစ်တည်မှုနှင့် ပတ်သက်ပြီး မည်သို့ ခံစားရသည်နှင့် သက်ဆိုင်ပြီး ဂျန်ဒါအသွင်အပြင် ဖော်ပြမှုသည် ၎င်း၏ အဝတ်အစား၊ အမူအရာ စသည်ဖြင့် ပြင်ပတွင် ဖော်ပြသည့် ၎င်း၏ ဂျန်ဒါခံယူမှုဆိုင်ရာ သွင်ပြင်လက္ခဏာများဖြစ်သည်။

၂။ ဟုတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူတို့၏ ဇီဝဗေဒဆိုင်ရာသည် ၎င်းတို့၏ ဂျန်ဒါခံယူမှု သို့မဟုတ် ဂျန်ဒါ အသွင်အပြင် ဖော်ပြမှုတို့နှင့် အမြဲတန်း တစ်ထပ်တည်း မကျနိုင်သောကြောင့်ဖြစ်သည်။ မှန်ကန်သော ဝေါဟာရများကို အသုံးပြုခြင်းဖြင့် ၎င်းကို အသိအမှတ်ပြုရန်နှင့် လက်ခံရန်မှာ အရေးကြီးသည်။ မဟုတ်ပါက ၎င်းသည် ၂ ခုသာ သတ်မှတ်ထားသော လိင်နှင့် ဂျန်ဒါအတိုင်း မနေထိုင်သူများကို ပစ်ပယ်ခြင်း၊ ဖယ်ကျဉ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

၃။ လိင်သည် လိင်အင်္ဂါများ၊ ခရိုမိုဇုန်းများနှင့် မျိုးပွားအင်္ဂါများ ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများအပေါ် အခြေခံ၍ မွေးရာပါလိင်ကို ဆုံးဖြတ်သည်။ အများစုတွင် ဤကဲ့သို့ မြင်နိုင်သော လက္ခဏာများအပေါ် အခြေခံ၍ မွေးကင်းစ ကလေးများကို အမျိုးသားလိင် သို့မဟုတ် အမျိုးသမီးလိင် အဖြစ် လိင်ကို သတ်မှတ်ပေးသည်။ ဤမွေးရာပါ လိင်သတ်မှတ်မှုကို များသောအားဖြင့် ဆရာဝန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများမှ မွေးပြီးပြီးချင်း ပြုလုပ်ကြသည်။ သို့ရာတွင် ဇီဝလိင်သည် အမြဲတမ်း ရိုးရှင်းနေသည် မဟုတ်ဘဲ အမျိုးသားလိင် သို့မဟုတ် အမျိုးသမီးလိင်ထက် ပိုသော ရှုပ်ထွေးမှုများ ရှိသည်ကို သိရှိရန် အရေးကြီးသည်။ လူတစ်ဦးချင်းစီတွင် ပုံသေကားကျ မဟုတ်ဘဲ လိင်ဝိသေသလက္ခဏာရပ်များ ပေါင်းစပ်ထားပြီး လိင်ဝိသေသလက္ခဏာရပ်များ ကွဲပြားသည့် (Intersex) အခြေအနေများလည်းရှိသည်။ လူအချို့သည် ၎င်းတို့ မွေးဖွားလာခဲ့သည့် ဇီဝဗေဒဆိုင်ရာ လိင်ဝိသေသလက္ခဏာ များနှင့် ၎င်းတို့၏ ဂျန်ဒါကို မသတ်မှတ်ဘဲ အချို့လူများသည် အမျိုးသားနှင့် အမျိုးသမီး နှစ်မျိုးစလုံး၏ လိင်ဝိသေသ လက္ခဏာရပ်များဖြင့် မွေးဖွားလာကြသူများလည်း ရှိသည်။

# ၅.၂ | LGBTIQ ဖြစ်တည်မှု

## က။ အကြံပြုသင်ခန်းစာ

**မှတ်ချက်။** ဤသင်ခန်းစာတွင် LGBT, LGBTIQ, LGBTIQ+ အစရှိသည့် စကားလုံးများအစား LGBTIQ အတိုကောက် စကားလုံးကိုသာ အသုံးပြုထားသည်။ ၎င်းအတွက် အဓိကအကြောင်းရင်းမှာ ကျွန်ုပ်တို့ ရည်ရွယ်ထားသည့် စာဖတ်သူများကြားတွင် အယူအဆပိုင်းဆိုင်ရာ အသုံးအများဆုံး အတိုကောက်စကားလုံး ဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆသောကြောင့် ဖြစ်ပါသည်။

- ကျောင်းသားများသည် ပုံကို ကြည့်ကြရမည်။
- အုပ်စုအလိုက် သို့မဟုတ် တစ်တန်းလုံးအနေဖြင့် ၎င်းပုံသည် LGBTIQ များအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် မည်သို့ ဆက်စပ်ကြောင်း ဆွေးနွေးကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

အမျိုးသား သို့မဟုတ် အမျိုးသမီးသာ ဖြစ်နိုင်သည်ဆိုပြီး လူအများစု နားလည်ထားသော ၂ ခု သဘောဆန်သည့် "ဂျန်ဒါပုံစံခွက်များ" (အခန်း ၁.၂)၊ အယူအဆသည် ဤဂျန်ဒါ ပုံစံခွက်များနှင့် မကိုက်ညီဘဲ ကွဲပြားသော ဖြစ်တည်မှုများ ရှိသည့် LGBTIQ များအပေါ် ခွဲခြားဆက်ဆံမှုကို ဦးတည်စေသည်။ ၎င်းသည် လူများအား ကွဲပြားခြားနားမှုများကို နားမလည်ခြင်းနှင့် ပုံသေကားကျထင်မြင်ချက်များ၊ ဘက်လိုက်မှုများနှင့် ခွဲခြားဆက်ဆံမှုများဆီသို့ ဦးတည်စေသည်။

## ခ။ လေ့ကျင့်ခန်း

၁။ ကျောင်းသားများသည် အဖြေမှန်များကို ရွေးချယ်ရမည်။

**အဖြေများ**

က၊ ဂ၊ ဃ၊ စ

၂။ ကျောင်းသားများသည် အဖြေမှန်များကို ရွေးချယ်ရမည်။

**အဖြေများ**

ခ၊ ဃ၊ င၊ စ

၃။ ကျောင်းသားများသည် ခွဲခြားဆက်ဆံမှု အမျိုးအစားများ (က-ဃ) နှင့် ၎င်းတို့၏ ဖော်ပြချက်များကို တွဲရမည်။

**အဖြေများ**

(က) ii
(ခ) i
(ဂ) iv
(ဃ) iii

## ၈။ လုပ်ငန်းစဉ်

**ခွဲခြားဆက်ဆံမှု အမျိုးအစားများ**

**ရည်ရွယ်ချက်။** ခွဲခြားဆက်ဆံမှုပုံစံများအတွက် ဖြေရှင်းချက်များကို ဖော်ထုတ်ခြင်း၊ သုံးသပ်ခြင်းနှင့် အဆိုပြုခြင်းတို့ ပြုလုပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်များကို ဖတ်ရမည်။

၁။ သူတို့သည် ဇာတ်လမ်းအဖြစ်အပျက်များတွင် ဖော်ပြထားသော ခွဲခြားဆက်ဆံမှုပုံစံကို ခွဲခြားသတ်မှတ်ရမည်။

၂။ သူတို့သည် ဇာတ်လမ်းအဖြစ်အပျက်ထဲတွင် ဖော်ပြထားသည့် ခွဲခြားဆက်ဆံမှု ပုံစံတွင် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းနည်းများကို အဆိုပြုရမည်။

၃။ သူတို့သည် သူတို့၏ ဇာတ်လမ်းအဖြစ်အပျက်နှင့် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းနည်းများကို အတန်းထဲတွင် တင်ပြရမည်။
  - အတန်းထဲရှိသူများသည် မေးခွန်းများ မေးနိုင်ပြီး သူတို့ စဉ်းစားနိုင်သည့် အခြားဖြစ်နိုင်ခြေရှိသော ဖြေရှင်းနည်းများကို အဆိုပြုနိုင်သည်။

**မှတ်ချက်။** ဆွေးနွေးမှုများသည် ဤပြဿနာများကြောင့် ထိခိုက်နစ်နာသူများကို နားလည်မှုရှိပြီး လေးစားမှုရှိကြောင်းနှင့် ကျောင်းသားများ/အုပ်စုများကြားတွင် မေးခွန်းများနှင့် ဆွေးနွေးမှုများသည် လေးစားမှုရှိနေစေရန် စေ့စပ်ဆော်သြပေးရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။

(က) လူမှု-ယဉ်ကျေးမှုဆိုင်ရာ

(ခ) ဥပဒေဆိုင်ရာ

(ဂ) ဆေးဘက်ဆိုင်ရာ

(ဃ) ဘာသာရေးဆိုင်ရာ

(င) လူမှု-ယဉ်ကျေးမှုဆိုင်ရာ

၂။

(က) ညီညီသည် ပိုမိုလက်ခံနိုင်သော ရပ်ရွာလူထု သို့မဟုတ် မြို့နယ်/မြို့သို့ ပြောင်းရွှေ့နိုင်သည်။ အထူးသဖြင့် ရပ်ရွာခေါင်းဆောင်များ၏ ပံ့ပိုးကူညီမှုဖြင့် ညီညီ၏ ရပ်ရွာလူထုတွင် ပညာရေးနှင့် အသိပညာပေးမှု မြှင့်တင်ခြင်းသည် ထိုနေရာရှိ ခွဲခြားဆက်ဆံသော သဘောထားများကို လျှော့ချနိုင်မည်ဖြစ်သည်။

(ခ) ခွဲခြားဆက်ဆံမှုဖြစ်စေသော ရာဇသတ်ကြီး ဥပဒေဟောင်းကို ပြောင်းလဲဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေကို စည်းရုံးလှုံ့ဆော်ခြင်း။ ဥပဒေကို ပြောင်းလဲရန် လူထု၏ ထောက်ခံမှုကို တည်ဆောက်နိုင်ရန် မီဒီယာနှင့် ပညာရေးမှတစ်ဆင့် ဥပဒေအကြောင်းကို အသိပညာပေးပါ။ ဥပဒေကို ပြောင်းလဲမည့် နိုင်ငံရေးသမားများကို ထောက်ခံပြီး မဲပေးပါ။

(ဂ) ဆလိုင်းသည် မတူကွဲပြားသော SOGIE ရှိသူများကို ပိုမိုလက်ခံသည့် အခြားဆရာဝန်များ သို့မဟုတ် ဆေးခန်းများသို့ ချဉ်းကပ်နိုင်သည်။ ရေရှည်တွင် မတူကွဲပြားသည့် ဂျန်ဒါဖြစ်တည်မှုများနှင့် လိင်စိတ်တိမ်းညွတ်မှုများကို လက်ခံရန်အတွက် ၎င်းတို့၏ ဆေးဘက်ဆိုင်ရာ သင်တန်းများတွင် ဆရာဝန်များအား ပညာပေးခြင်း။ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုများ ရယူရာတွင် SOGIE ပေါ် အခြေခံသော ခွဲခြားဆက်ဆံမှုကို တားဆီးကာကွယ်ပေးသည့် ဥပဒေများ ရေးဆွဲရန် လှုံ့ဆော်ခြင်း။

(ဃ) နိုင်အောင်သည် မတူကွဲပြားသူများကို ခွဲခြားဆက်ဆံခြင်းထက် လက်ခံခြင်းကို အားပေးသော ဗုဒ္ဓဘာသာ၏ ရှုထောင့်များကို ထောက်ပြနိုင်သည်။ သူ၏ ဘာသာတရားတွင် မတူကွဲပြားသော SOGIE ကို ထောက်ခံအားပေးသော ဘာသာရေးခေါင်းဆောင်များ ရှိကောင်း ရှိနိုင်သည်။

(င) ဒေဝီက ကျူးလွန်စော်ကားမှုနှင့် ပတ်သက်ပြီး တရားဝင်တိုင်ကြားသင့်သည်။ သူမသည် သူမ၏ လိင်တူချစ်ခြင်းကို လက်ခံရန်အတွက် သူမ၏ မိသားစုကို တိုက်တွန်းသင့်သည် သို့မဟုတ် ဤကိစ္စတွင် သူမအား လက်ခံသည့် ရပ်ရွာလူထု သို့မဟုတ် အခြားသော မိသားစုဝင်များအား ရှာဖွေသင့်သည်။

## ဃ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်များ (က–င) ကို မတူကွဲပြားသော လက္ခဏာရပ်များနှင့် ဖြစ်တည်မှု အခြေအနေများ (Intersectionality) ဆိုင်ရာ ပြဿနာ အမျိုးအစားများ (၁–၅) နှင့် တွဲရမည်။

**အဖြေများ**

၁။ ခ
၂။ င
၃။ က
၄။ ဃ
၅။ ဂ

## အပိုဆောင်း လုပ်ငန်းစဉ်

**ပြဿနာကို လေ့လာပါ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် LGBTIQ နှင့် သက်ဆိုင်သော အဓိကမေးခွန်းများကို သုတေသန ပြုလုပ်ကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် အင်တာနက်ရရန် လိုအပ်ပါသည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ဤသုတေသနပြု လေ့လာရမည့် ခေါင်းစဉ်များထဲမှ တစ်ခုစီကို အုပ်စု ၁ အုပ်စုစီအား ပေးပါ။

၁။ မြန်မာနိုင်ငံရှိ အထူးသဖြင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၇ နှင့် ပတ်သက်ပြီး ဥပဒေအရ ခွဲခြားဆက်ဆံမှုကို ဆွေးနွေးပါ။ LGBTIQ များ၏ အခွင့်အရေးများကို ကာကွယ်ပေးမည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် စည်းရုံး လှုံ့ဆော်မည့် လုပ်ငန်းစဉ်တွေက ဘာတွေဖြစ်နိုင်မလဲ။

၂။ ဆေးဘက်ဆိုင်ရာအရ ခွဲခြားဆက်ဆံမှုသည် မြန်မာနိုင်ငံရှိ LGBTIQ များ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အတွေ့အကြုံများအပေါ် မည်သို့ သက်ရောက်မှု ရှိပါသလဲ။ အားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုမျိုး ဖြစ်စေရန် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများနှင့် အဖွဲ့အစည်းများ အနေဖြင့် ဘာလုပ်နိုင်ပါသလဲ။

၃။ LGBTIQ များအပေါ်ထားရှိသည့် သဘောထားများ ပုံဖော်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတွင် ဘာသာရေး ယုံကြည်ချက်များ၏ အခန်းကဏ္ဍကို စူးစမ်းလေ့လာပါ။ ဘာသာပေါင်းစုံ ဆွေးနွေးပွဲများနှင့် ပညာပေးလုပ်ငန်းများသည် နားလည်မှုနှင့် လက်ခံမှုကို မည်သို့ မြှင့်တင်ပေးနိုင်ပါသလဲ။

၄။ ပညာရေးသည် ဂျန်ဒါပုံသေသတ်မှတ်ချက်များကို တိုက်ဖျက်ရာနှင့် ကိုင်တွယ်ဖြေရှင်းရာတွင် ဘယ်လို အခန်းကဏ္ဍမှ ပါဝင်ပါသလဲ။ ကျောင်းများနှင့် ပညာရေး အဖွဲ့အစည်းများသည် ဂျန်ဒါအားလုံး ပိုမိုပါဝင်နိုင်မှုကို မည်သို့ မြှင့်တင်နိုင်ပါသလဲ။

- အုပ်စုလိုက်အနေဖြင့် သူတို့၏ ခေါင်းစဉ်ကို သုတေသနပြု လေ့လာခြင်း၊ သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းတို့ ပြုလုပ်ပြီး ၎င်းတို့၏ တွေ့ရှိချက်များကို အတန်းထဲတွင် တင်ပြရမည်။

## ၄။ ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများသည် ဖြစ်ရပ်လေ့လာချက်ကို ဖတ်ပြီး မေးခွန်းများကို ဖြေကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ မြန်မာနိုင်ငံရှိ LGBTIQ အသိုင်းအဝိုင်းအပေါ် ထားရှိသည့် အယူအဆမှားများကို တိုက်ဖျက်ရန်။

၂။ လူထုဖိုရမ်များ၊ ကျောင်းအစီအစဉ်များနှင့် ရပ်ရွာလူထု အလုပ်ရုံဆွေးနွေးပွဲများ။

၃။ လူမှုအသိုင်းအဝိုင်း၏ အမြင်များ ပြောင်းလဲခြင်း၊ ပုဒ်မ ၃၇၇ ကဲ့သို့သော ခွဲခြားဆက်ဆံမှုရှိသည့် ဥပဒေများကို ဖျက်သိမ်းရန်နှင့် ကျန်းမာရေးနှင့် ဘာသာရေးဆိုင်ရာ ကဏ္ဍများတွင် LGBTIQ များကို ပိုမိုလက်ခံနိုင်ရန်အတွက် ဆွေးနွေးခြင်း။

## ၈။ ဆွေးနွေးချက်

- အတန်းတစ်တန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ


၂။ လူတိုင်းသည် လေးစားခံရမှုနှင့် လူ့ဂုဏ်သိက္ခာ ရရှိမှုအတွက် ထိုက်တန်သောကြောင့် LGBTIQ များအတွက် အပျက်သဘော ဆောင်သော အသုံးအနှုန်းများကို မသုံးသင့်ပါ။ အပျက်သဘော ဆောင်သော စကားများသည် ဘက်လိုက်မှုများ၊ မတူညီမှုများနှင့် ပုံသေကားကျ ထင်မြင်ချက်များကို ပိုပြီး အားကောင်းစေပါသည်။ ၎င်းသည် လူများ၏ စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ စာနာမှုနှင့် လက်ခံမှုကို အားပေးသည့် လူများက သတ်မှတ်ထားသော လေးစားမှုရှိသည့် စကားလုံး အသုံးအနှုန်းကို အသုံးပြုသင့်သည်။ ၎င်းသည် မှန်ကန်သော စကားလုံးအသုံးအနှုန်းများကို အသုံးပြုခြင်း ဖြစ်သည့်အတွက် ကျွန်ုပ်တို့အပေါ် မထိခိုက်စေသော်လည်း အပျက်သဘော ဆောင်သော အသုံးအနှုန်းများကို အသုံးပြုခြင်းသည် အခြားသူများကို ထိခိုက်စေပါသည်။

၃။ ဂျန်ဒါပုံသေသတ်မှတ်ချက်များနှင့် တင်းကျပ်သော "ဂျန်ဒါ ပုံစံခွက်များ" အား အားဖြည့်ပေးသော ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများသည် SOGIE အရ ကွဲပြားသည့် LGBTIQ များကို ဖယ်ကျဉ်ခြင်း၊ ဝေဖန်ခြင်း သို့မဟုတ် အပြစ်တင်ခြင်းအားဖြင့် ခွဲခြားဆက်ဆံခြင်းသို့ ဦးတည်သွားစေနိုင်သည်။ အချို့သော ဘာသာတရားများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည်လည်း ၎င်းတို့အပေါ် ခွဲခြားဆက်ဆံမှုကို ဖြစ်စေပါသည်။ LGBTIQ အများစုသည် လူ့အဖွဲ့အစည်းအတွင်းတွင် လွှမ်းမိုးနေသော သဘောထားများကြောင့် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရပြီး ၎င်းတို့အား နားလည်မှုနှင့် ပံ့ပိုးကူညီမှုများ လိုအပ်နေပြီး၊ ခွဲခြားမှုမရှိဘဲ မျှမျှတတ ဆက်ဆံခံရရန် လိုအပ်ပါသည်။

၄။ ခွဲခြားဆက်ဆံသော သဘောထားများကို လူတစ်ဦးချင်းစီမှ ထုတ်ဖော်ပြောဆိုခြင်းမှသည် ကြီးမားသော မီဒီယာ လှုံ့ဆော်မှုများအထိ လူများ၊ အသိုင်းအဝိုင်းများနှင့် လူ့အဖွဲ့အစည်းက လုပ်ဆောင်နိုင်သော လုပ်ဆောင်ချက်များစွာ ရှိပါသည်။ ပထမအဆင့်မှာ LGBTIQ များအပေါ် ထားရှိသည့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဘက်လိုက်မှုများ၊ ခံယူချက်များနှင့် အပြုအမူများကို ပြန်လည်သုံးသပ်ရန်ဖြစ်သည်။ သင်၏ သူငယ်ချင်းများ၊ မိသားစု သို့မဟုတ် ကျောင်းတို့တွင် LGBTIQ အခွင့်အရေးအတွက် ပြောဆိုပေးခြင်းသည် နည်းလမ်းတစ်ခု ဖြစ်သည်။ ပညာရေးနှင့် သင်တန်းများသည် ဤစံနှုန်းများကို တိုက်ဖျက်နိုင်သည်။ ပိုမို လေ့လာရန်နှင့် ပါဝင်နိုင်ရန်အတွက် ဆိုရှယ်မီဒီယာရှိ LGBTIQ အဖွဲ့အစည်းများကို ဖောလိုး လုပ်ထားပါ။

၅။ အပျက်သဘောဆောင်သော ဖော်ပြမှုများကို ရှောင်ရှားရန် မီဒီယာများသည် LGBTIQ ဖြစ်တည်မှုများ၏ အစစ်အမှန်များကို တင်ပြနိုင်ပါသည်။ ထို့အပြင် သတင်းမီဒီယာများသည် LGBTIQ အသိုက်အဝန်းနှင့် ၎င်းတို့ရင်ဆိုင်နေရသော ပြဿနာများနှင့် ပတ်သက်သည့် သတင်းများကို ပိုမိုဖော်ပြ သင့်ပြီး ၎င်းတို့ ရင်ဆိုင်နေရသော စိန်ခေါ်မှုများအကြောင်းကို အသိအမြင်များ မြင့်တက်စေကာ အပျက်သဘောဆောင်သော ပုံသေကားကျ ထင်မြင်ချက်များနှင့် ခွဲခြားဆက်ဆံမှုများကို လျှော့ကျစေနိုင်သည်။ သတင်းမီဒီယာတွင် ဖော်ပြသည့် ဘာသာစကား အသုံးအနှုန်းများသည် ခွဲခြားဆက်ဆံမှုကို ဖြစ်စေသော ဝေါဟာရနှင့် ပြစ်တင်ဝေဖန်ခြင်းတို့မှ ကင်းဝေးရန် လိုအပ်ပါသည်။





# အခန်း ၀၆ အမျိုးသမီးအခွင့်အရေး

### အခန်း (၆) မာတိကာ

၆.၁ | အမျိုးသမီးအခွင့်အရေး ................................ ၁၁၈
၆.၂ | ဖီးမီးနစ်စ်ဝါဒ (Feminism) ............................ ၁၂၆

### အခန်း (၆) အတွက် အပို ရည်ညွှန်းကိုးကားချက်များ

**ကျွန်ုပ်တို့အားလုံး ဖီးမီးနစ်စ် ဘာကြောင့် ဖြစ်သင့်သလဲ။ Chimamanda Ngozi Adichie ၏ စာအုပ်** (မြန်မာဘာသာသို့ ဘာသာပြန်ဆိုထားသည်) – https://bit.ly/4bFiXju

**ကျွန်ုပ်တို့အားလုံး ဖီးမီးနစ်စ် ဘာကြောင့် ဖြစ်သင့်သလဲ။** Chimamanda Ngozi Adichie ဗီဒီယို (အင်္ဂလိပ်ဘာသာဖြင့်) – https://bit.ly/4gqWFF2

Independent Journal on Burmese Scholarship Special Issue on Feminism, Vol. 4, Issue 1 and 2: 2023: Journal (မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့်) – https://ijbs.online

#MeToo Myanmar - Men of Quality for Women’s Equality - TED Talk (မြန်မာဘာသာဖြင့်) ဗီဒီယို – https://bit.ly/3ZuIc3G

# ၆.၁ | အမျိုးသမီးအခွင့်အရေး

**မှတ်ချက်။** အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဆွေးနွေးပြောဆိုမှုများ အတွင်းတွင် ကျောင်းသားများအနေဖြင့် "အမျိုးသားအခွင့်အရေးတွေ ကကော" ဆိုပြီး မေးနိုင်ပါသည်။ ဤသို့ မေးလာပါက အမျိုးသား များ၏ အခွင့်အရေးများသည် (အမျိုးသမီးအခွင့်အရေးများကဲ့သို့) "လူ့အခွင့်အရေး" တွင် ပါဝင်ပြီး ဖြစ်ကြောင်းကို ရှင်းပြပါ။ သို့သော်လည်း ဖိုဝါဒကြီးစိုးမှုဆိုင်ရာ စနစ်များနှင့် အဆောက်အအုံတည်ဆောက်မှုများကြောင့် အမျိုးသမီးများနှင့် LGBTIQ များသည် အမျိုးသားများနှင့် မတူဘဲ ပိုမိုထိခိုက်သည့် GBV ကဲ့သို့သော ပြဿနာရပ်များကို တွေ့ကြုံခံစားကြရပါသည်။ ထို့အပြင် လူ့အခွင့်အရေးကို နားလည်သဘောပေါက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အမျိုးသမီးများနှင့် အပစ်ပယ်ခံထားရသော သို့မဟုတ် ထိခိုက်နိုင်ခြေရှိသော လူအုပ်စုများအပေါ် တန်းတူညီမျှမှု မရှိပေ။ ထို့အပြင် ရပ်ရွာလူထုနှင့် လူ့အဖွဲ့အစည်းများအတွင်းတွင် ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှုနှင့် ပုံသေသတ်မှတ်မှုများ ရှိနေပါသည်။ ထို့ကြောင့် ထိုလူအုပ်စုများကို ကာကွယ်ပေးရန်အတွက် အခွင့်အရေးများ လိုအပ်နေပါသည်။

နိုင်ငံအများအပြားတွင် အမျိုးသားအခွင့်အရေးနှင့် ပတ်သက်ပြီး အချေအတင် ပြောဆိုမှုများနှင့် တက်ကြွလှုပ်ရှားမှုများ ရှိလာပါသည်။ အမျိုးသားအခွင့်အရေး ပြောဆိုဆွေးနွေးမှုများသည် ကွာရှင်းမှု အတွင်းတွင် ခင်ပွန်းများ၏ ဥပဒေဆိုင်ရာ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ၊ တရားရုံး၌ မိသားစုကိစ္စဆိုင်ရာ အငြင်းပွားမှုများတွင် အထူးသဖြင့် စိတ်ကျန်းမာရေးနှင့် လူငယ်များကြား သတ်သေမှုနှုန်း မြင့်မားသည့် အခြေအနေမျိုးတွင် ဖခင်များအနေဖြင့် သားသမီး များနှင့် ထိတွေ့မှု ရရှိခွင့် စသည့် အခွင့်အရေးများကို အဓိကထား ဆွေးနွေးသည်။

အကယ်၍ သင့်အနေဖြင့် ကျောင်းသားများသည် အမျိုးသား အခွင့်အရေးများကို ဆွေးနွေးရန် အရေးကြီးသည်ဟု ထင်ပါက၊ အမျိုးသားများအတွက် လိုအပ်သည်ဟု ထင်သော်လည်း မရရှိသေးသော အခွင့်အရေးများနှင့် အဘယ်ကြောင့် ထိုအခွင့်အရေး များ လိုအပ်သည်ဟု ထင်သည်ကို မေးမြန်းပြီး ဆွေးနွေးနိုင်ပါသည်။

## က။ အကြိုသင်ခန်းစာ

- အုပ်စုလိုက်အနေဖြင့် သို့မဟုတ် အတန်းတစ်ခုအနေဖြင့် ကျောင်းသားများသည် "အမျိုးသမီးအခွင့်အရေး" ဟူသော စကားလုံးကို ကြားသည့်အခါ သူတို့၏ ထင်မြင်ယူဆချက်များကို ဆွေးနွေးကြရမည်။
- ကျောင်းသားများ၏ ထင်မြင်ယူဆချက်များကို ပို့က်ဘုတ် ပေါ်တွင် ရေးချပါ။
- ကျောင်းသားများသည် အောက်ပါစာသားကို ဖတ်ရမည်။ သူတို့၏ ထင်မြင်ယူဆချက်တွေက ဘယ်လောက် ဆင်တူပါသလဲ။

## ၁။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် စာသားကိုဖတ်ပြီး ဥပမာများ (က-ဇ) တစ်ခုချင်းစီနှင့် အမျိုးသမီးအခွင့်အရေး၏ အသက်ဆိုင်ဆုံး ကဏ္ဍများ (၁-၈) နှင့် တွဲရမည်။

**အဖြေများ**

၁။ ဃ
၂။ ခ
၃။ ဇ
၄။ င
၅။ ဆ
၆။ ဂ
၇။ စ
၈။ က

### အပိုဆောင်း လုပ်ငန်းစဉ်

**ဖီးမီးနစ်စ် လှုပ်ရှားမှုများ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ကမ္ဘာလုံးဆိုင်ရာ ဖီးမီးနစ်စ် လှုပ်ရှားမှုများ၏ ရှုထောင့်များကို သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** ကျောင်းသားတစ်ဦးချင်းစီအတွက် (သို့မဟုတ်) နှစ်ဦးတစ်တွဲချင်းစီအတွက် (သို့မဟုတ်) အုပ်စုလိုက်ချင်းစီအတွက် *အပိုလုပ်ဆောင်ချက် (၆.၁)၊ ဖီးမီးနစ်စ် လှုပ်ရှားမှုများ* (နောက်ဆက်တွဲ) ကို ကော်ပီကူးထားပါ။ မေးခွန်းများကို ဝိုက်ဘုတ်ပေါ်မှာ ရေးပါ။

- ကျောင်းသားများသည် စာသားကိုဖတ်ပြီး မေးခွန်းများကို ဖြေကြရမည်။

၁။ ကမ္ဘာလုံးဆိုင်ရာ ဖီးမီးနစ်စ်လှုပ်ရှားမှုများတွင် ဘုံတူညီမှုရှိသည့် ပြဿနာက ဘာလဲ။
၂။ လှိုင်း (၄) ခု၏ စံနမူနာကို ကမ္ဘာ့ဒေသအားလုံးတွင် ဘာ့ကြောင့် တူညီစွာ မကျင့်သုံးနိုင်ပါသလဲ။
၃။ လက်ရှိလှိုင်းအတွက် သီးခြားအင်္ဂါရပ်တွေက ဘာတွေလဲ။
၄။ ဖီးမီးနစ်စ်လှုပ်ရှားမှု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည့် Intersectionality ကို မည်သည့်လှိုင်းတွင် အသိအမှတ်ပြုခဲ့ပါသလဲ။
၅။ သင့်အနေဖြင့် #MeToo လှုပ်ရှားမှုကို မည်သည့်လှိုင်းအောက်တွင် ထားမလဲ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ဂျန်ဒါတန်းတူညီမျှရေးအတွက် တိုက်ပွဲ။
၂။ ၎င်းသည် အနောက်နိုင်ငံမှ ဆင်းသက်လာသောကြောင့်ဖြစ်သည်။ ကမ္ဘာ့အခြားဒေသများတွင် အလားတူလှိုင်းများရှိနိုင်သော်လည်း ၎င်းတို့သည် အနောက်နိုင်ငံများနှင့် ကွဲပြားနိုင်ပြီး မတူညီသော အချိန်များတွင် ဖြစ်ပေါ်နိုင်သည်။
၃။ အွန်လိုင်းတက်ကြွလှုပ်ရှားမှု၊ တောင်-မြောက် စည်းလုံးညီညွတ်မှု၊ Intersectionality ကို အာရုံစိုက်လာမှု၊ ခန္ဓာကိုယ်အပြုသဘောဆောင်မှု၊ စီးပွားရေးအရ စွမ်းဆောင်ရည်မြှင့်တင်မှု၊ သဘာဝပတ်ဝန်းကျင်/ရာသီဥတုဆိုင်ရာ တရားမျှတမှု၊ နိုင်ငံရေးကိုယ်စားပြုမှု။
၄။ တတိယလှိုင်း။

## ၇။ လုပ်ငန်းစဉ်

**အခွင့်အရေးနှင့် သက်ဆိုင်သည့် ဥပမာများ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ၎င်းတို့၏ ရပ်ရွာလူထုအတွင်းရှိ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပမာများကို ဖော်ထုတ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ အဖွဲ့များသည် ဖလစ်ချပ်စာရွက်နှင့် မာကာပန်များ လိုအပ်သည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- အုပ်စုများတွင် ကျောင်းသားများသည် ဖလစ်ချပ်စာရွက်ပေါ်တွင် ဇယားကွက်များ ပြုလုပ်ကြရမည်။

| ယခင်က အမျိုးသမီးများ မရရှိခဲ့ဘဲ၊ ယခုရရှိနေသည့် အခွင့်အရေးတစ်ခု | အမျိုးသမီးများ အမြဲတမ်း ရရှိခဲ့သည့် အခွင့်အရေးတစ်ခု | အမျိုးသမီးများ ဆက်လက် တောင်းဆို တိုက်ပွဲဝင်နေသော အခွင့်အရေးတစ်ခု |
|---|---|---|
| | | |

- အုပ်စုအဖွဲ့များသည် အမျိုးအစား တစ်ခုချင်းစီတွင် အခွင့်အရေး စာရင်းများ ပြုလုပ်ရမည်။
- အုပ်စုအဖွဲ့များသည် ၎င်းတို့၏ ဖလစ်ချပ်စာရွက်များကို နံရံပေါ်တွင် ကပ်ထားရမည်။ ကျောင်းသားများသည် အခြားအဖွဲ့များ၏ ဖလစ်ချပ် စာရွက်များကို လှည့်ပတ်ကြည့်ရှုကြရမည်။

## ဃ။ လုပ်ငန်းစဉ်

**စီဒေါ (CEDAW)**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် စီဒေါ အပိုဒ်များကို သုံးသပ်ပြီး ၎င်းအပိုဒ်များကို သူတို့၏ နိုင်ငံ သို့မဟုတ် ရပ်ရွာ လူထုနှင့် ဆက်စပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်းလုပ်ဆောင်ကြပြီးနောက် အတန်းတစ်ခု အနေဖြင့် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် အင်တာနက်ရရန် လိုအပ်သည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက်များကို ဖတ်ရှုပြီး စာသားတွင် ဖော်ပြထားသော မည်သည့် စီဒေါ အပိုဒ် (များ) သည် ဇာတ်လမ်းအဖြစ်အပျက်တစ်ခုစီနှင့် ကိုက်ညီမှုရှိသည်ကို ခွဲခြားသတ်မှတ်ရမည်။ ဇာတ်လမ်း အဖြစ်အပျက် အများစုသည် စီဒေါပါ အပိုဒ် (၁)ခုထက် ပို၍ ကိုက်ညီနိုင်သည်။

၂။ ဇာတ်လမ်းအဖြစ်အပျက်တစ်ခုစီသည် စီဒေါပါ အပိုဒ်များကို လိုက်နာခြင်း သို့မဟုတ် ချိုးဖောက်ခြင်း ရှိ၊ မရှိကို ဆုံးဖြတ်ကြရမည်။

**အဖြေများ**

(က) ၁၃၊ ၁၆ (ချိုးဖောက်ခြင်း)
(ခ) ၁၆ (ချိုးဖောက်ခြင်း)
(ဂ) ၄ (လိုက်နာခြင်း)
(ဃ) ၉ (ချိုးဖောက်ခြင်း)
(င) ၁၄ (လိုက်နာခြင်း)
(စ) ၁၁ (ချိုးဖောက်ခြင်း)

၃။ ဤဇာတ်လမ်းအဖြစ်အပျက်များသည် ကျောင်းသူ ကျောင်းသားများ၏ နိုင်ငံ သို့မဟုတ် ရပ်ရွာလူထုများနှင့် တူညီမှု ရှိ၊ မရှိနှင့် မည်သို့ တူညီမှု ရှိကြောင်းကို အတန်းတစ်ခုအနေဖြင့် ဆွေးနွေးကြရမည်။

- သင်နှစ်သက်ပါက ကျောင်းသားများကို ဤအကြောင်းနှင့် ပတ်သက်၍ အင်တာနက်ပေါ်တွင် ရှာဖွေရန် တိုက်တွန်းပါ။

၄။ သူတို့၏ နိုင်ငံ သို့မဟုတ် ရပ်ရွာလူထုများတွင် လိုက်နာသည့် သို့မဟုတ် ချိုးဖောက်သည့် စီဒေါပါ အပိုဒ်များ၏ ဥပမာများကို ဆွေးနွေးရမည်။

## အပိုဆောင်း လုပ်ငန်းစဉ်

**စီဒေါ ကတိကဝတ်**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် စီဒေါပါ အပိုဒ် တစ်ပိုဒ်ကို လိုက်နာဆောင်ရွက်ရန်အတွက် တိကျသည့် လုပ်ဆောင်ချက်ကို ပြုလုပ်ရန် ကတိပြုရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း၊ အဖွဲ့လိုက်နှင့် အတန်းတစ်ခုအနေဖြင့် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ ကျောင်းသားများသည် သူတို့၏ နေ့စဉ်ဘဝ၊ လုပ်ငန်းခွင် သို့မဟုတ် ရပ်ရွာလူထုအတွင်းတွင် ဂျန်ဒါတန်းတူညီမျှမှုကို မြှင့်တင်ရန်အတွက် သူတို့ လုပ်ဆောင်နိုင်သည့် တိကျသော လုပ်ဆောင်ချက်များကို စဉ်းစားရမည်။ တိကျသော လုပ်ဆောင်ချက်တစ်ခု လုပ်ဖို့အတွက် ကတိကဝတ်တစ်ခု ပြုကြရမည်။

၂။ အုပ်စုများတွင် သူတို့သည် သူတို့၏ ကတိကဝတ်များကို ဆွေးနွေးကြပြီးနောက် ဤမေးခွန်းများကို ထည့်သွင်းစဉ်းစား ရမည်။

- သင်၏ ကတိကဝတ်သည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများကို အဆုံးသတ်ရာတွင် မည်သို့ အထောက်အကူပြုပါသလဲ။
- စီဒေါပါ မည်သည့် အပိုဒ်များသည် သင်၏ ကတိကဝတ် များနှင့် ကိုက်ညီပါသလဲ။

၃။ သူတို့သည် သူတို့၏ ကတိကဝတ်များကို အတွဲလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ရှင်းပြရမည် သို့မဟုတ် အတန်းတစ်ခုအနေဖြင့် ဆွေးနွေးကြရမည်။

## ၄။ ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများသည် ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရမည်။
- သူတို့သည် မေးခွန်းများကို ဖြေကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခံရမှုနှင့် စော်ကားခံရမှုမှ ရှင်သန်လွတ်မြောက်လာသူများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများ၊ စည်းလုံးညီညွတ်မှု သင်္ကေတနှင့် ရှင်သန်လွတ်မြောက်လာသူများအား ၎င်းတို့၏ အတွေ့အကြုံများ အကြောင်း ထုတ်ဖော်ပြောဆိုရန် အားပေးသည့် ပလက်ဖောင်းတစ်ခု။

၂။ အာဏာပါဝါ အခြေအနေများ၊ သဘောတူခွင့်ပြုမှုနှင့် နှောင့်ယှက်မှုများ။

၃။ သူမကို စော်ကားခဲ့သော အမျိုးသားသည် အသေးအမွှား အရေးယူမှုလောက်သာ ရင်ဆိုင်ရပြီး တာဝန်ယူမှုမရှိတာကြောင့် သူမ မကျေမနပ် ဖြစ်ခဲ့ပါတယ်။ ထို့ကြောင့် သူမဟာ နိုင်ငံပိုင် ရုပ်မြင်သံကြားမှာ ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့ပါတယ်။

၄။ လုပ်ငန်းခွင် နှောင့်ယှက်မှု၊ ဂျန်ဒါတန်းတူညီမျှ မဖြစ်မှုနှင့် စနစ်ကျသော ပြောင်းလဲမှုအတွက် လိုအပ်မှုများအကြောင်းကို ပြောဆိုခြင်း။ အာဏာပါဝါရှိသော သူများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ အပြုအမူအတွက် အရေးယူ မခံရခြင်းတို့နှင့် ပတ်သက်ပြီး ဆွေးနွေးခြင်း။

၅။ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ စော်ကားမှုနှင့် အသိပညာများ တိုးမြှင့်ပေးခြင်း၊ မူဝါဒ အပြောင်းအလဲများ၊ ပိုမိုလုံခြုံသော ပတ်ဝန်းကျင် ဖန်တီးမှု၊ ကျူးလွန်သူများအား ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်ခံစေခြင်း။

## ၈။ ဆွေးနွေးချက်

- အတန်းတစ်ခုအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ အမျိုးသားများသည် လူ့အဖွဲ့အစည်း၊ နိုင်ငံရေးနှင့် အလုပ်အကိုင် စသည်တို့၏ ရာထူးနေရာများတွင် ပိုများနေသေးသည်။ အမျိုးသမီးများသည် မညီမျှမှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပြီး အမျိုးသမီးများတွင် မျိုးဆက်ပွားကျန်းမာရေး ကဲ့သို့သော သီးခြားလိုအပ်ချက်များ ရှိနေပြီး ၎င်းအခွင့်အရေးများကို ပံ့ပိုးကူညီပေးမှုများ လိုအပ်နေပါသည်။ အချို့သော နိုင်ငံများ၊ ယဉ်ကျေးမှုများနှင့် ဘာသာတရားများတွင် အမျိုးသမီးများသည် လူသားအားလုံး ရသင့်သည့် ပညာရေး၊ ကျန်းမာရေး သို့မဟုတ် အလုပ်အကိုင် အခွင့်အရေးများ ရယူရာတွင် သိသာထင်ရှားသော မညီမျှမှုများနှင့် ဆိုးရွားသော ဆက်ဆံမှုနှင့် ကန့်သတ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။

၂။ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ အမျိုးသမီးအခွင့်အရေး ဥပဒေများကို လိုက်နာမည်ဟု ဆိုထားသော်လည်း လူတို့၏ လူမှုရေး၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးဆိုင်ရာ အပြုအမူနှင့် သဘောထားများသည် ၎င်းကို လိုက်နာမည် မဟုတ်ပါ။ နိုင်ငံတကာ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေများကို လက်မှတ်ထိုးထားသည့် နိုင်ငံများသည်လည်း ၎င်းတို့ နိုင်ငံအတွင်းတွင် ၎င်းဥပဒေများကို ကောင်းမွန်စွာ အကောင်အထည်ဖော်ခြင်း သို့မဟုတ် ပြဋ္ဌာန်းခြင်း မရှိပါ။ စစ်ပွဲ သို့မဟုတ် ပဋိပက္ခများကြောင့် တရားဥပဒေစိုးမိုးမှု လုံးဝပျက်ပြားသွားနိုင်ပြီး အမျိုးသမီးအခွင့်အရေး ဥပဒေများကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်ပေ။

၃။ စိန်ခေါ်မှုများတွင် အမျိုးသမီးများအား ထိခိုက်စေသော အလုပ်ခွင်များနှင့် ရပ်ရွာလူထုများတွင် အာဏာပါဝါ မညီမျှမှုများကြောင့် တန်းတူညီမျှ မဖြစ်ခြင်းနှင့် စွဲမြဲနေသော သဘောထားများနှင့် အပြုအမူများ ပါဝင်သည်။ အခွင့်အလမ်းများတွင် အမျိုးသမီးများအပေါ် သက်ရောက်သည့် ပြဿနာများ အကြောင်းကို အသိပညာပေး မြှင့်တင်ခြင်း၊ ထုံးတမ်းစဉ်လာ မဟုတ်သော အခန်းကဏ္ဍများတွင် တွေ့မြင်ရသည့် အမျိုးသမီးများကို ပိုမိုလက်ခံခြင်း၊ အခြားအမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် စံနမူနာပြနိုင်ပြီး၊ မူဝါဒများကို လွှမ်းမိုးနိုင်သည့် အလုပ်ခွင်များနှင့် ရပ်ရွာလူထုများရှိ ခေါင်းဆောင်မှု သို့မဟုတ် ဩဇာလွှမ်းမိုးမှုရှိသည့် ရာထူး နေရာများတွင် အမျိုးသမီးဦးရေ များလာခြင်း။

၄။ အမျိုးသားများသည် အမျိုးသမီးများ၏ အခွင့်အရေးများကို နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးပေးနိုင်သည်။ ၎င်းတို့သည် လိင်ဝါဒကို အခြေခံသည့် သဘောထားများနှင့် အပြုအမူများကို တိုက်ဖျက်နိုင်ပြီး အမျိုးသမီးများအပေါ် လေးစားတန်ဖိုးထားမှုကို ပြသနိုင်သည်။ အမျိုးသားများသည် အခြားသော အမျိုးသားများ၏ လုပ်ရပ်နှင့် အပြုအမူအတွက် ထောက်ပြပြောဆိုနိုင်ပြီး အမျိုးသမီးများအတွက် ရပ်တည်ကာ GBV ကို ဆန့်ကျင်ကြောင်း ပြောဆိုနိုင်သည်။ ၎င်းတို့သည် လုပ်ငန်းခွင်တွင် ဂျန်ဒါတန်းတူညီမျှမှုကို ပံ့ပိုးကူညီနိုင်ပြီး အိမ်မှုတာဝန်များကို ညီတူ ညီမျှ ခွဲဝေလုပ်ဆောင်နိုင်ပါသည်။ သူတို့ကိုယ်သူတို့ အသိပညာပေးနိုင်ပြီး အမျိုးသမီးများ၏ ပြဿနာရပ်များကို ဆွေးနွေးနိုင်ပါသည်။ ဂျန်ဒါတန်းတူညီမျှမှုသည် ဂျန်ဒါအားလုံးအတွက် ဘဝအရည်အသွေးကို မြှင့်တင်ပေးခြင်းနှင့် ပုံသေသတ်မှတ်ချက်များကို လျှော့ချခြင်းဖြင့် လူတိုင်းကို အကျိုးပြုပါသည်။ အမျိုးသားများ၏ ပါဝင်မှုသည် အာဏာပါဝါမညီမျှမှုကို တိုက်ဖျက်ရန်နှင့် မညီမျှမှုကို ဆက်လက်တည်မြဲနေစေသည့် ဖွဲ့စည်းတည်ဆောက်မှုများကို စိန်ခေါ်ရာတွင် အရေးကြီးပါသည်။ အမျိုးသမီးများနှင့်အတူ လက်တွဲလုပ်ဆောင်ခြင်းဖြင့် အမျိုးသားများသည် စည်းလုံးညီညွတ်မှုကို ပြသကြပြီး တန်းတူညီမျှမှုအတွက် လှုပ်ရှားမှုကို အားကောင်းစေသဖြင့် ပိုမို အကျိုးသက်ရောက်မှု ရှိစေသည်။

၆။ Intersectionality ဆိုင်ရာ ပြဿနာများသည် တစ်စုံတစ်ဦးအား နှောင့်ယှက်ခံရမှု သို့မဟုတ် ခေါ်ကားခံရမှု အန္တရာယ် ပိုမိုဖြစ်စေနိုင်ပြီး ၎င်းကို ထိထိရောက်ရောက် တုံ့ပြန်နိုင်စွမ်းကို နည်းပါးစေပါသည်။ အဘယ့်ကြောင့်ဆိုသော် လူမျိုးစု၊ လူတန်းစားနှင့် ဆင်းရဲမွဲတေမှုကဲ့သို့သော ပြဿနာများ ပေါင်းဆုံမှုကြောင့် ၎င်းတို့တွင် အာဏာပါဝါ သို့မဟုတ် ဩဇာအာဏာ နည်းခြင်းတို့ကြောင့်ဖြစ်သည်။

# ၆.၂ | ဖီးမီးနစ်စ်ဝါဒ (Feminism)

## က။ အကြိုသင်ခန်းစာ

- ထုတ်ပြန်ချက်တွေကို တစ်ခုပြီး တစ်ခု ဖတ်ပြပါ။ ကျောင်းသားများသည် ထုတ်ပြန်ချက်များအပေါ် မည်မျှ သဘောတူသည် သို့မဟုတ် သဘောမတူသည်ကို သုံးသပ်ကြရမည်။
    - သူတို့သည် ထုတ်ပြန်ချက်ကို သဘောတူပါက အခန်းတစ်ဖက်သို့ ရွှေ့ရမည်။
    - သူတို့သည် သဘောမတူပါက အခန်း၏ အခြားတစ်ဖက်သို့ ရွှေ့ကြရမည်။
    - သူတို့သည် လုံးဝသဘောတူရင် သို့မဟုတ် လုံးဝသဘောမတူရင် သူတို့၏ ထင်မြင်ယူဆချက်များအလိုက် အလယ်တစ်နေရာကို ရွှေ့ကြရမည်။
- ကျောင်းသားအနည်းငယ်ကို သူတို့ရပ်တည်နေသည့် နေရာအတွက် အကြောင်းပြချက်ကို ရှင်းပြရန် တောင်းဆိုပါ။

## ၁။ လေ့ကျင့်ခန်း

- ထုတ်ပြန်ချက်တစ်ခုစီသည် မှန်လား၊ မှားလား ဆိုသည်ကို ကျောင်းသားများက ဆုံးဖြတ်ကြရမည်။ ထုတ်ပြန်ချက်သည် မှားနေပါက သူတို့သည် မှန်ကန်သော ထုတ်ပြန်ချက်ကို ရေးရမည်။

**အဖြေများ**

၁။ မှား။ ၎င်းသည် ဂျန်ဒါအားလုံး၏ တန်းတူအခွင့်အရေးနှင့် အခွင့်အလမ်းများအတွက် စည်းရုံးလှုံ့ဆော်သည်။
၂။ မှန်
၃။ မှား။ ဖိအားနှိမ့်ချမှု စနစ်တွင် အယူအဆတစ်ခုတည်းသာ မဟုတ်ဘဲ၊ ကွဲပြားသည့် အယူအဆများ ပါဝင်သည်။
၄။ မှား။ Intersectional ဖိအားနှိမ့်ချမှု စနစ်ဝါဒသည် ဂျန်ဒါ၊ လူမျိုးစုနှင့် လူတန်းစားကဲ့သို့သော လူတို့၏ ဖြစ်တည်မှုဆိုင်ရာ ဝိသေသလက္ခဏာများသည် အခွင့်ထူးရရှိမှုနှင့် ဖိနှိပ်ခံရနိုင်မှု အပေါ် သက်ရောက်မှုရှိကြောင်းကို အသိအမှတ်ပြုသည်။
၅။ မှား။ ဖိအားနှိမ့်ချမှု စနစ်ဝါဒသည် အချိန်ကြာလာသည်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နေပြီး မတူကွဲပြားသော အမြင်များကို ပံ့ပိုးပေးသည်။

## ဂ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ဥပမာများ (က-ဋ) တစ်ခုစီနှင့် စာသားထဲမှ အကိုက်ညီဆုံးသော ဖီးမီးနစ်စ် မဟာမိတ်ပုံစံ (၁-၆) နှင့် တွဲရမည်။

**အဖြေများ**

(က) ၅
(ခ) ၃
(ဂ) ၆
(ဃ) ၂
(င) ၄
(စ) ၄
(ဆ) ၅
(ဇ) ၁
(ဈ) ၅
(ည) ၆
(ဋ) ၅
(ဌ) ၁

## အပိုဆောင်း လုပ်ငန်းစဉ်

**ဖီးမီးနစ်စ်ဝါဒကို ပုံဖော်ခြင်း**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဖီးမီးနစ်စ်ဝါဒ အတွက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဒီဇိုင်းဆွဲခြင်းနှင့် သင်္ကေတ ဖော်ခြင်းတို့ ပြုလုပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် ဖလစ်ချပ်စာရွက်နှင့် မာကာပန်များ သို့မဟုတ် သင်ထောက်ကူ ပစ္စည်းများ သို့မဟုတ် အင်တာနက်နှင့် ပရင်တာ အသုံးပြုခွင့်ရရန် လိုအပ်ပါသည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အုပ်စုများတွင် ကျောင်းသားများသည် ၎င်းတို့၏ ကိုယ်ပိုင် စကားလုံးများ အယူအဆများဖြင့် ဖီးမီးနစ်စ်ဝါဒဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဆွေးနွေးပြီး ဖွင့်ဆိုကြရမည်။

၂။ ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် အခြေခံ၍ ဖီးမီးနစ်စ်ဝါဒကို ကိုယ်စားပြုသည့် သင်္ကေတတစ်ခုကို ဒီဇိုင်းဆွဲကြရမည်။

- ပိုစတာပေါ်တွင် ၎င်းတို့၏ နောက်ဆုံးအချောသတ်ပုံကို မဆွဲမီ အကြမ်းကို အရင်ရေးဆွဲရန်အတွက် တိုက်တွန်းပါ။

၃။ အုပ်စုများသည် ဖီးမီးနစ်စ်ဝါဒအတွက် ၎င်းတို့၏ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် သင်္ကေတများပါရှိသော ပိုစတာတစ်ခုကို ဒီဇိုင်းဆွဲကြရမည်။

၄။ ၎င်းတို့သည် ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် သင်္ကေတများကို အတန်းထဲတွင် တင်ပြကြရမည်။

## ဃ။ ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများသည် ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရမည်။
- သူတို့သည် မေးခွန်းများကို ဖြေကြရမည်။ (စာမျက်နှာ ၁၃၁)

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ နိုင်ငံတော် လွတ်မြောက်ရေးနှင့် ကိုလိုနီစနစ်ကို ခုခံတော်လှန်ရေး။

၂။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို အားကောင်းစေခြင်း၊ ကျယ်ပြန့်သော လူမှုရေး နောက်ခံများ၊ လူမျိုးစုများ၊ ယဉ်ကျေးမှုများနှင့် ဘာသာတရားများမှ အမျိုးသမီးများ ပါဝင်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တိုးတက်သော အယူအဆများ ရှိလာခြင်း။

၃။ ရွေးကောက်ခံ အမျိုးသမီး ကိုယ်စားလှယ်အချိုးအစားသည် ၂၀၁၀ ခုနှစ်တွင် ၄ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၀.၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ၎င်းအချိုးအစားမှာ အလွန်မမြင့်မားသေးသော်လည်း လွန်ခဲ့သော ငါးနှစ်တွင် နှစ်ဆကျော်အထိ မြင့်တက်လာခဲ့သည်။

၄။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် စေ့စပ်ညှိနှိုင်းမှုအများစုကို အမျိုးသားများက ဆောင်ရွက်ကြပါသည်။ အမျိုးသမီးများ ပါဝင်ရန် ခက်ခဲသော်လည်း လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှုများကြောင့် အမျိုးသမီးများသည် အဆိုးရွားဆုံး ထိခိုက်ခံစားရလေ့ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းဖြင့် အမျိုးသမီးများသည် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ပြောဆိုနိုင်ပြီး ငြိမ်းချမ်းသော ဖြေရှင်းနည်းများအပေါ် ၎င်းတို့၏ အမြင်များကို ယူဆောင်လာနိုင်သည်။

## အပိုဆောင်း လုပ်ငန်းစဉ်

**ထမိန် လှုပ်ရှားမှု**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဖီးမီးနစ်စ် လှုပ်ရှားမှု၏ ဥပမာတစ်ခုကို သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** *အပိုလုပ်ဆောင်ချက် ၆.၂* ကို ကူးယူပြီး လေ့ကျင့်ရန် စာရွက်များထုတ်ထားပေးပါ။ *ထမိန် လှုပ်ရှားမှု* (နောက်ဆက်တွဲ)၊ ကျောင်းသားတစ်ဦးလျှင်၊ တစ်တွဲလျှင် သို့မဟုတ် တစ်အုပ်စုလျှင် တစ်စုံ။

- ကျောင်းသားများသည် စာသားကို ဖတ်ပြီး မေးခွန်းများကို ဖြေကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ဤလုပ်ဆောင်ချက်သည် *ဘုန်း* (အမျိုးသားများ၏ သာလွန်မြင့်မြတ်မှု) နှင့် ပတ်သက်ပြီး အတွင်းစိတ်ထဲရှိ ယုံကြည်မှုများကို အကာအကွယ်တစ်ခုအဖြစ် အသုံးပြုခဲ့ကြသည်။ ၎င်းယုံကြည်မှုများသည် လက်နက်ကိုင်တပ်ဖွဲ့များတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေပါသည်။ အမျိုးသားများသည် သာလွန်မြင့်မြတ်ပြီး အမျိုးသမီးများနှင့် ၎င်းတို့၏ အဝတ်အစား (အထူးသဖြင့် ခန္ဓာကိုယ်အောက်ပိုင်း) သည် အမျိုးသားများ၏ သာလွန်မြင့်မြတ်မှုကို ထိခိုက်စေသည်ဟူ၍ ဖိုဝါဒကြီးစိုးသော ယုံကြည်မှုက ပုံဖော်ထားသည်။

၂။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဂျန်ဒါ မညီမျှမှုနှင့် ဖိုဝါဒ ကြီးစိုးမှုဆိုင်ရာ တည်ဆောက်ပုံများကို ကိုင်တွယ်ဖြေရှင်းပြီး လူမှုတရားမျှတမှုအတွက် ပိုမိုကျယ်ပြန့်သော လှုပ်ရှားတောင်းဆိုမှုနှင့် ချိတ်ဆက်နေသောကြောင့်ဖြစ်သည်။

## ၄။ လုပ်ငန်းစဉ်

**ဖီးမီးနစ်စ်ဝါဒ အချိန်ဇယား**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းနိုင်ငံများဆိုင်ရာ ဖီးမီးနစ်စ်ဝါဒ၏ အချိန်ဇယား တစ်ခုကို ရေးဆွဲရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် ကွန်ပျူတာ သို့မဟုတ် ဖလစ်ချပ်စာရွက်နှင့် မာကာပန်များ သို့မဟုတ် သင်ထောက်ကူ ပစ္စည်းများ လိုအပ်ပါသည်။ ၎င်းတို့သည် အင်တာနက် အသုံးပြုခွင့် လိုအပ်နိုင်သည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ကျောင်းသားများသည် ဖီးမီးနစ်စ်ဝါဒ၏ ကမ္ဘာလုံးဆိုင်ရာ သမိုင်းကြောင်းမှ အရေးကြီးသော ဖြစ်ရပ်များနှင့် လှုပ်ရှားမှုများ ပါဝင်သည့် အချိန်ဇယားတစ်ခုကို ဖလစ်ချပ်စာရွက် သို့မဟုတ် ကွန်ပျူတာပေါ်တွင် ရေးဆွဲကြရမည်။
- သူတို့သည် ဆီလျော်သည့် မြန်မာနိုင်ငံရှိ ဖီးမီးနစ်စ်ဝါဒနှင့် သက်ဆိုင်သည့် အရေးပါသော ဖြစ်ရပ်များနှင့် ရက်စွဲများကို ထည့်ရမည်။
- သူတို့ သိရှိထားသည့် (သို့မဟုတ်) သုတေသနပြုပြီး ရှာဖွေ တွေ့ရှိထားသည့် ကမ္ဘာ့အဆင့်နှင့် ဒေသတွင်း အမျိုးသမီးဝါဒ ဆိုင်ရာ အချက်အလက်အသစ်များ (သူတို့၏ ကိုယ်ပိုင် အသိုင်းအဝိုင်းအတွင်းမှ အကြောင်းအရာများ အပါအဝင်) ကို အချိန်ဇယား ထပ်ဖြည့်ကြရမည်။
- သူတို့သည် နံရံပေါ်တွင် သူတို့၏ ဖလစ်ချပ်စာရွက်များကို ကပ်ထားရမည်။ ကျောင်းသားများသည် နံရံပေါ်ရှိ ဖလစ်ချပ် စာရွက်များကို လှည့်ပတ်ကြည့်ကြရမည်။

## အပိုဆောင်း လုပ်ငန်းစဉ်

**ကမ်ပိန်းတစ်ခု ဖန်တီးပါ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် အမျိုးသမီး အခွင့်အရေး ကမ်ပိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကမ်ပိန်း ဒီဇိုင်းတစ်ခုဆွဲပြီး အကောင်အထည်ဖော်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် အင်တာနက် အသုံးပြုခွင့်ရရန် လိုအပ်ပါသည်။ ကမ်ပိန်းကို အကောင်အထည်ဖော်ရာတွင် ရပ်ရွာအတွင်းရှိ လှုပ်ရှားမှု တစ်ခု ပါဝင်နိုင်သည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အုပ်စုများတွင် ကျောင်းသားများသည် အောက်ဖော်ပြပါ လှုပ်ရှားမှုနှင့် ပတ်သက်ပြီး အသိပညာပေးရန်အတွက် ၎င်းတို့ လုပ်ဆောင်နိုင်သည့် လုပ်ဆောင်ချက်တစ်ခုကို ဆွေးနွေးပြီး ဖန်တီးရမည်။
- အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့
- One Billion Rising ကမ္ဘာလုံးဆိုင်ရာ ကမ်ပိန်း

၂။ ကျောင်းသားများသည် ဤလှုပ်ရှားမှုများထဲမှ တစ်ခုကို ဂုဏ်ပြုကျင်းပရန်အတွက် လုပ်ငန်းစဉ်တစ်ခု ဖန်တီးပါ။ လှုပ်ရှားမှု အချို့မှာ –
- အွန်လိုင်း သတင်းအချက်အလက်ဆိုင်ရာ ကမ်ပိန်းတစ်ခု
- ရပ်ရွာလူထု ပြခန်း သို့မဟုတ် အနုပညာပြပွဲ
- ဖျော်ဖြေပွဲ သို့မဟုတ် အများသူငှာဆိုင်ရာ ဆွေးနွေးပွဲ
- ကျောင်းသူ ကျောင်းသားများအတွက် ပြိုင်ပွဲတစ်ခု

## ၈။ ဆွေးနွေးချက်

- အတန်းတစ်တန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။


### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ဖီးမီးနစ်စ်ဝါဒ၏ အဓိကအချက်မှာ ဂျန်ဒါအားလုံးအတွက် တန်းတူညီမျှ အခွင့်အရေး၊ တန်းတူညီမျှ အခွင့်အလမ်းများနှင့် တန်းတူညီမျှ ဆက်ဆံမှုများအတွက် စည်းရုံးလှုံ့ဆော်ခြင်း ဖြစ်သည်။ ယောက်ျားပီသမှုနှင့် ပတ်သက်ပြီး တင်းကျပ်သော ဂျန်ဒါ အခန်းကဏ္ဍများနှင့် ပုံသေသတ်မှတ်ချက်များမှ လွတ်လပ်မှု ပိုမိုရရှိရန် ရည်ရွယ်သောကြောင့် ထိုဝါဒမှတဆင့် အမျိုးသားများလည်း အကျိုးခံစားရရှိနိုင်မည်။ ဖီးမီးနစ်စ်ဝါဒ သည် ထုံးတမ်းစဉ်လာ အခန်းကဏ္ဍများအတိုင်း လိုက်နာရန် ဖိအားနည်းစေသည်။ ဖီးမီးနစ်စ်ဝါဒသည် မျှဝေယူသည့် စီးပွားရေးဆိုင်ရာ တာဝန်များ၊ တန်းတူညီမျှ မိဘအုပ်ထိန်းမှု အခွင့်အရေးများနှင့် ကလေးများကို ပြုစုပျိုးထောင်ရာတွင် ဖခင်များ၏ ပါဝင်ပတ်သက်မှုကို အားပေးသည်။ ၎င်းသည် ဂျန်ဒါအားလုံးအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ရည်ရွယ်သည်။

၄။ ဖီးမီးနစ်စ်ဝါဒ၏ သမိုင်းကြောင်းနှင့် အမျိုးသမီးများ၏ အတွေ့အကြုံများနှင့် ဘဝများမှတဆင့် နားထောင်ပြီး သင်ယူပါ။ သင်၏ ကိုယ်ပိုင်ယုံကြည်ချက်များနှင့် သဘောထား များကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး ဂျန်ဒါ ပုံသေသတ်မှတ်ချက် များနှင့် ဘက်လိုက်မှုများကို တိုက်ဖျက်ပါ။ အခြားသူများအပေါ် ပုံသေသတ်မှတ်ချက်ကို အခြေခံပြီး ပြုမူသည့် အပြုအမူများကို ထောက်ပြပြောဆိုပါ။ အဖွဲ့လိုက် ဆွေးနွေးမှုများ၊ အစည်းအဝေး များ သို့မဟုတ် ဆိုရှယ်မီဒီယာများတွင် အမျိုးသမီးများနှင့်

ဖယ်ကျဉ်ခံထားရသူများ၏ အသံများအတွက် နေရာပေးပါ။ တစ်ခါတစ်ရံတွင် မဟာမိတ်ကောင်းတစ်ဦး ဖြစ်ခြင်းသည် အခြားသူများ၏ အသံကို ကြားသိစေရန်အတွက် နေရာပေးခြင်းကို ဆိုလိုသည်။ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ပါ။ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခြင်းကို ထောက်ပြပြောဆိုပြီး၊ အမျိုးသမီးများနှင့် အခြားလူနည်းစုများအား ၎င်းတို့၏ ပန်းတိုင်များရောက်ရှိစေရန် လမ်းညွှန်ပြပါ၊ အထောက်အကူပေးပါ။ အမျိုးသမီးခေါင်းဆောင်မှုကို အားပေးပါ။ ထိခိုက်လွယ်မှု၊ စာနာမှုနှင့် ခံစားနားလည်မှုတို့ကို လက်ခံရန် အခြားအမျိုးသားများကို အားပေးပါ။ သင်၏ မိသားစု သို့မဟုတ် သူငယ်ချင်းများကြားတွင် အိမ်မှုတာဝန်များကို မျှဝေလုပ်ကိုင်ပါ။ ဂျန်ဒါတန်းတူညီမျှမှုအကြောင်း ဆွေးနွေးမှုများတွင် အခြားအမျိုးသားများနှင့် ဆွေးနွေးပြောဆိုပါ။ အဆင်မပြေဖြစ်နေပါက အမျိုးသားများ ကြီးစိုးသောနေရာများတွင် မှားယွင်းသော အပြုအမူများကို ထောက်ပြပြောဆိုပါ။

၆။ အမျိုးသားများကို ပံ့ပိုးပေးသူများအဖြစ်မြင်ပြီး၊ အမျိုးသမီးများကို ပြုစုစောင့်ရှောက်သူများအဖြစ် ရှုမြင်သည့် ထုံးတမ်းစဉ်လာ ဂျန်ဒါ အခန်းကဏ္ဍများကို စိန်ခေါ်ခြင်းကြောင့် အချို့သောသူများသည် ဖီးမီးနစ်စ်ဝါဒကို ဆန့်ကျင်ကြသည်။ အချို့သောသူများအတွက် ၎င်းသည် သူတို့၏ တန်ဖိုးများနှင့် မိသားစုဖွဲ့စည်းမှုကို ခြိမ်းခြောက်နေသည်။ ဘာသာရေးအုပ်စုဝင်များသည် ဂျန်ဒါ အခန်းကဏ္ဍများနှင့် ပတ်သက်သော ယုံကြည်ချက်များကြောင့် ဖီးမီးနစ်စ်ဝါဒကို ဆန့်ကျင်နိုင်သည်။ အချို့က အာဏာ သို့မဟုတ် စီးပွားရေး အခွင့်အလမ်းများ ဆုံးရှုံးမည်ကို စိုးရိမ်ကြပြီး ဖီးမီးနစ်စ်ဝါဒကို ပြိုင်ဆိုင်မှုအဖြစ် ရှုမြင်ကြသည်။ အချို့က ဂျန်ဒါတန်းတူညီမျှမှုကို မြှင့်တင်မည့်အစား "ယောကျ်ားများကို မုန်းတီးခြင်း" သို့မဟုတ် အမျိုးသားအခွင့်အရေးကို လုယူခြင်းဖြစ်သည်ဟု ယူဆကာ ၎င်း၏ ပန်းတိုင်များကို နားလည်မှုလွဲခြင်းကြောင့် ဖီးမီးနစ်စ်ဝါဒကို ဆန့်ကျင်ကြသည်။ အခြားသူများက GBV ၊ လုပ်ခလစာကွာဟချက်နှင့် မျိုးဆက်ပွား အခွင့်အရေးများကဲ့သို့သော ဆက်တိုက်ဖြစ်ပေါ်နေသည့် ပြဿနာများကို လျစ်လျူရှုကြပြီး တန်းတူညီမျှမှု ရရှိပြီးပြီဟု ယူဆကာ ဖီးမီးနစ်စ်ဝါဒကို မလိုအပ်ဟု ယုံကြည်ကြသည်။ အချို့က ဖီးမီးနစ်စ်ဝါဒသည် ပါဝါဖွဲ့စည်းပုံများကို ပြောင်းပြန်လှန်ရန် ရည်ရွယ်ပြီး အမျိုးသမီးများကို အမျိုးသားများအပေါ် လွှမ်းမိုးချုပ်ကိုင်မှု ပေးအပ်သည်ဟု မှားယွင်းစွာ တွေးထင်ကြသည့်အတွက် အခြားသော ဆန့်ကျင်မှုများကို ဦးတည်သွားစေသည်။



# အခန်း ၀၇

# ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

**အခန်း (၇) မာတိကာ**


၇.၁ | ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ................ ၁၃၄
၇.၂ | အမျိုးသမီးနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်များ ...... ၁၄၁
၇.၃ | "အမျိုးသမီး" မှ "ဂျန်ဒါ" သို့ ......................... ၁၄၄


**အခန်း (၇) အတွက် အပို ရည်ညွှန်းကိုးကားချက်များ**

**ပဋိပက္ခကို နားလည်ခြင်း။** ကျောင်းသုံးစာအုပ် (မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်) – https://bit.ly/3OZS3tq

**ငြိမ်းချမ်းရေး နားလည်ခြင်း။** ကျောင်းသုံးစာအုပ် ( မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်) – https://bit.ly/3VCwKlD

**ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတွင် အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာဖြင့် ပါဝင်မှုကို မြှင့်တင်ခြင်း** –
အနှစ်ချုပ် စာတမ်း (အင်္ဂလိပ်ဘာသာဖြင့်) – https://bit.ly/49F6tsv

**အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ရှင်းလင်းချက်။** ဗီဒီယို (အင်္ဂလိပ်ဘာသာဖြင့်) – https://bit.ly/3BreTas

**အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အာဆီယံဒေသတွင်း ဆောင်ရွက်မှု အစီအစဉ်။**
ဗီဒီယို (အင်္ဂလိပ်ဘာသာဖြင့်) – https://bit.ly/4fh2S5g

# ၇.၁ | ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

## က။ အကြိုသင်ခန်းစာ

- အတွဲလိုက် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြပြီးနောက် ဇယားကွက်ထဲတွင် ဖြည့်ကြရမည်။
- အတန်းတစ်ခုအနေဖြင့် ဆွေးနွေးချက်များကို ပို့က်ဘုတ်ပေါ်တွင် စုစည်းရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။

- GBV
- မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် မိခင်ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီမှု မရှိခြင်း။
- အမျိုးသားများ မရှိခြင်းကြောင့် အိမ်ထောင်ဦးစီး ဖြစ်လာနိုင်တယ်။
- ခေါင်းပုံဖြတ်ခံရဖို့အတွက် ဖြစ်နိုင်ခြေပိုများလာခြင်း။

၂။

- နေရာရွှေ့ပြောင်း နေထိုင်ရခြင်း။
- ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်း။
- အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းများအတွက် ကန့်သတ်ထားခြင်း။
- စိတ်ဒဏ်ရာနှင့် အခြားသော စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများ။
- အသက်မွေးဝမ်းကြောင်းအလုပ်များ ဆုံးရှုံးခြင်း။
- ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီ ရရှိမှု ဆုံးရှုံးခြင်း။
- အတင်းအကျပ် စစ်မှုထမ်းခိုင်းခြင်း။

၃။

- တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်း။
- အိမ်ထောင်ဦးစီးအဖြစ် မိသားစုတာဝန်များကို ကျေပွန်အောင် မဆောင်ရွက်နိုင်ခြင်း။
- ယောက်ျားလေးများသည် ကလေးစစ်သားဖြစ်ဖို့ ပိုများလာခြင်း။

## ၁။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် ဇာတ်လမ်းအဖြစ်အပျက် တစ်ခုစီ (၁-၈) ကို UNSCR (ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်) ၁၃၂၅ ရှိ သင့်လျော်သောမဏ္ဍိုင် (ပါဝင်မှု၊ အကာအကွယ်ပေးမှု၊ ကြိုတင်ကာကွယ်ပေးမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး) တွင် ထည့်ပြီး အမျိုးအစားခွဲကြရမည်။

**အဖြေများ**

၁။ အကာအကွယ်ပေးမှု
၂။ ပါဝင်မှု
၃။ ကြိုတင်ကာကွယ်ပေးမှု
၄။ အကာအကွယ်ပေးမှု
၅။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး
၆။ ပါဝင်မှု
၇။ ပါဝင်မှု
၈။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး

## ဂ။ လုပ်ငန်းစဉ်

**UNSCR (ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်) ၁၃၂၅**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် UNSCR ၁၃၂၅ ကို အထောက်အကူပြုသော ဒေသအလိုက် သင့်တော်သည့် ဆောင်ရွက်မှုများကို စဉ်းစားကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ အဖွဲ့များတွင် ကျောင်းသားများသည် UNSCR ၁၃၂၅ ၏ မဏ္ဍိုင်လေးခုမှ တစ်ခုစီအတွက် လက်တွေ့ကျသော လုပ်ငန်းစဉ်များ သို့မဟုတ် ဆောင်ရွက်မှုများအတွက် ဒေသအလိုက် သင့်တော်သည့် လုပ်ငန်းစဉ်များကို စဉ်းစားကြရမည်။
ဥပမာအားဖြင့် –

- ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် တိုင်းရင်းသားအဖွဲ့အစည်း အသီးသီးမှ သတ်မှတ်ထားသည့် အမျိုးသမီးအရေအတွက်ကို ထားရှိပါ။
- လက်နက်ကိုင် အဖွဲ့အစည်းများတွင် အမျိုးသမီးဦးရေ တိုးမြှင့်ပြီး၊ ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လာစေရန် ထိုအမျိုးသမီးများအား ပံ့ပိုးကူညီပါ။
- မုဒိမ်းမှုကို စစ်လက်နက်တစ်ခုသဖွယ် အသုံးချသည်ကို သိရှိထားပြီး၊ ဤရာဇဝတ်မှုကို တရားစွဲဆိုရန်အတွက် မူဝါဒများ ပြဋ္ဌာန်းပါ။
- GBV ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် IDP စခန်းများတွင် အသိပညာပေး လှုပ်ရှားမှုတစ်ခု ပြုလုပ်ပါ။
- ပဋိပက္ခများအပြီးတွင် ၎င်းတို့၏ ရပ်ရွာလူထုအတွင်း အသေးစား စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရန် အမျိုးသမီး များအတွက် ရန်ပုံငွေထူထောင်ပါ။
- သင်နှစ်သက်ပါက အုပ်စုတစ်ခုစီကို မတူညီသော မဏ္ဍိုင်တစ်ခု ပေးနိုင်သည်။

၂။ အဖွဲ့များသည် ၎င်းတို့ အကြံပြုထားသော လုပ်ငန်းစဉ်များကို အတန်းထဲတွင် တင်ပြကြရမည်။

## ဃ။ ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများသည် ဖြစ်ရပ်မှန်လေ့လာမှုကို ဖတ်ရမည်။
- သူတို့သည် မေးခွန်းများကို ဖြေကြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ စစ်လက်နက်သဖွယ် အသုံးပြုသော မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ။

၂။ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ။

၃။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည့် အမျိုးသမီးများသည် ပဋိပက္ခ၏ သားကောင်များအဖြစ် သတ်မှတ်ခံရခြင်း မရှိသောကြောင့် လျော်ကြေးငွေ မရရှိခဲ့ပါ။

၄။ တိုက်ခိုက်ရေးသမားဖြစ်ခဲ့သည့် အမျိုးသမီးအများစုသည် ထုံးထမ်းစဉ်လာအရ သတ်မှတ်ထားသော အိမ်မှုကိစ္စများ လုပ်ရသည့် အခန်းကဏ္ဍများသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၅။ ၎င်းသည် သူတို့အတွက် ကိုယ်စီရင်ဆိုင်ခဲ့ရသော စိတ်ဒဏ်ရာများကို ထုတ်ဖော်ပြောဆိုခွင့်ရခဲ့သလို၊ တစ်ဖက် အဖွဲ့က အမျိုးသမီးများ၏ အသံကိုလည်း ပထမဆုံးအကြိမ် နားထောင်ခွင့်ရခဲ့ခြင်းလည်းဖြစ်သည်။

## င။ ဆွေးနွေးချက်

- အတန်းတစ်တန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ အကြမ်းဖက်မှုများ အဆုံးသတ်ပြီး တရားမျှတမှုနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ လူအုပ်စု အားလုံးပါဝင်မှု၊ ရွေးကောက်ပွဲများ၊ လွှတ်တော်များနှင့် တရားရုံးများ ကဲ့သို့သော အဖွဲ့အစည်းများ ရှိလာသည့် အခါတွင် ပဋိပက္ခ များကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။ ဖြစ်ဖို့ခဲယဉ်း ပါသည်။ သို့ပေမယ့် မဖြစ်နိုင်ဘူး ဆိုတာတော့ မဟုတ်ပါ။

၂။ အမျိုးသမီးများသည် လူဦးရေ၏ ထက်ဝက်ရှိပြီး ၎င်းတို့၏ အချက်အလက်များ (ဥပမာအားဖြင့် နိုင်ငံရေး ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အမျိုးသမီး များ ပါဝင်မှု) သည် မရှိမဖြစ် လိုအပ်သောကြောင့် ဂျန်ဒါ တန်းတူညီမျှမှု သို့မဟုတ် ပိုမို၍ ဂျန်ဒါတန်းတူညီမျှမှု ရရှိလာခြင်းသည် ပဋိပက္ခများ အဆုံးသတ်ရန်နှင့် ပြီးပြည့်စုံသည့် ထာဝရ ငြိမ်းချမ်းရေး ရရှိရန်အတွက် လိုအပ်ပါသည်။

# ၇.၂ | အမျိုးသမီးနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်များ

## က။ အကြိုသင်ခန်းစာ

- ကျောင်းသားများသည် ထုတ်ပြန်ချက်များကိုဖတ်ပြီး ၎င်းအကြောင်းအရာတစ်ခုစီကို သဘောတူခြင်း ရှိ၊ မရှိ ဆုံးဖြတ်ကြရမည်။
  - သင်နှစ်သက်ပါက ကျောင်းသားများကို အခန်း၏ "သဘောတူ" သည့်ဘက် သို့မဟုတ် "သဘောမတူ" သည့် ဘက်သို့ ရွှေ့ခိုင်းနိုင်သည် သို့မဟုတ် သဘောတူပါက မတ်တပ်ရပ်ခိုင်းပြီး သဘောမတူပါက ထိုင်နေခိုင်းပါ။
  - ကျောင်းသားများကို ဘာ့ကြောင့် သဘောတူသည်၊ ဘာ့ကြောင့် သဘောမတူသည်နှင့် ပတ်သက်ပြီး သူတို့၏ အကြောင်းပြချက်အချို့ကို နှိုက်ထုတ်ပါ။

## ၁။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် မှန်ကန်သော အဖြေများကို ရွေးချယ်ကြရမည်။

**အဖြေများ**

၁။ ဂ

၂။ ဃ

၃။ က

၄။ ခ

## အပိုဆောင်း လုပ်ငန်းစဉ်

**ဗီဒီယို - ဂျန်ဒါရေးရာ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် အမျိုးသမီးများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအကြောင်းဆိုင်ရာ မှတ်တမ်းရုပ်ရှင်တစ်ခုကို သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ကြရမည်။ ကျောင်းသားများသည် မြန်မာစာကျွမ်းကျင်ရန် လိုအပ်ပြီး အင်တာနက် အသုံးပြုရန် လိုအပ်မည်။

**ကြိုတင်ပြင်ဆင်မှု။** သင့်အနေဖြင့် ပရိုဂျက်တာတစ်ခုကို ဆင်ထားရန် လိုအပ်ပေမည်။
ဗီဒီယိုသည် https://bit.ly/3zD2r6j တွင် ရှိသည်။
မေးခွန်းများကို ဗိုက်ဘုတ်ပေါ်မှာ ရေးချပါ။

- ကျောင်းသားများသည် ဂျန်ဒါရေးရာ ငြိမ်းချမ်းရေးဆွေးနွေးမှုဆိုင်ရာ ဗီဒီယိုကို ကြည့်ရှုကြရမည်။
- သူတို့သည် မေးခွန်းများကို ဖြေကြရမည်။

၁။ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ အယူအဆကို ဘယ်လိုပြောင်းလဲဖို့လိုပါသလဲ။

၂။ ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် မည်သူတွေ ပါဝင်ရန် လိုအပ်ပါသလဲ။

၃။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အမျိုးသမီးများကို ဖယ်ထုတ်ရန် မည်သည့် အကြောင်းပြချက်များကို အသုံးပြုခဲ့ပါသလဲ။

၄။ ကမ္ဘာလုံးဆိုင်ရာအရ ဂျန်ဒါရေးရာ ငြိမ်းချမ်းရေးဆွေးနွေးမှု၏ အင်္ဂါရပ်တစ်ခုက ဘာလဲ။

၅။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်နိုင်မှု သေချာစေရန်အတွက် မည်သည့် နည်းလမ်းများ ရှိပါသလဲ။

၆။ အမျိုးသမီးများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထူးကျွမ်းကျင်သည့် နယ်ပယ်များ ရှိပါသလား။

၇။ ဗီဒီယိုတွင် ဖော်ပြထားသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် သက်ဆိုင်သော မည်သည့် ပြဿနာများသည် သင်၏ နိုင်ငံရှိ ပဋိပက္ခများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ဆင်တူပါသလဲ။

**မှတ်ချက်။** ကျောင်းသားများသည် သူတို့၏ အဖြေများကို တိုက်စစ်ရန် အတွက် ဗီဒီယိုကို တစ်ကြိမ်ထက်ပို၍ ကြည့်ရှုရန် လိုအပ်နိုင်သည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ငြိမ်းချမ်းရေးဖော်ဆောင်မှု အယူအဆသည် စစ်တပ်ဦးဆောင်သည့် နိုင်ငံရေး အာဏာခွဲဝေရေး လုပ်ငန်းစဉ်မှ လူ့အဖွဲ့အစည်း၏ တာဝန်ခွဲဝေရေး လုပ်ငန်းစဉ်သို့ ပြောင်းလဲရန် လိုအပ်သည်။

၂။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ရန် ဖိတ်ကြားသင့်သည့် အခြားသူများမှာ အရပ်ဘက်အဖွဲ့အစည်းနှင့် အမျိုးသမီး ငြိမ်းချမ်းရေးတည်ဆောက်သူများဖြစ်သည်။

၃။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှ အမျိုးသမီးများအား ဖယ်ထုတ်ရာတွင် အသုံးပြုလေ့ရှိသည့် ဆင်ခြေများစွာ ရှိပါသည်။ ၎င်းတို့တွင် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းပြချက်များ၊ စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များသည် နည်းပညာပိုင်းဆိုင်ရာဖြစ်၍ အမျိုးသမီးများနှင့် မသက်ဆိုင်ဟု ရှုမြင်ခြင်း၊ အမျိုးသမီးများသည် တရားဝင်မှုမရှိဟု သတ်မှတ်ခြင်း သို့မဟုတ် အရည်အချင်း မပြည့်မီဟု ယူဆခြင်းများလည်း ရှိသည်။ တစ်ခါတစ်ရံတွင် ပါဝင်လာသည့် အမျိုးသမီးများသည်လည်း အမျိုးသားများ ဦးဆောင်သည့် နိုင်ငံရေး သို့မဟုတ် စစ်ရေးအဖွဲ့အစည်းများကိုသာ ကိုယ်စားပြုပြီး မြေပြင်ရှိ ပဋိပက္ခဒဏ်ခံစားရသော အမျိုးသမီးများမှာ ဝေးကွာနေခြင်းတို့ဖြစ်သည်။

၄။ မတူညီသောနိုင်ငံများတွင် ဂျန်ဒါရှုထောင့်မှကြည့်လျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ဆင်တူယိုးမှား ဖြစ်နေသည်ကို တွေ့ရပါသည်။ ဆွေးနွေးပွဲ စားပွဲဝိုင်းများတွင် ပါဝင်သူများသည် လူ့အဖွဲ့အစည်းကို ဘက်ပေါင်းစုံမှ ပြန်လည်တည်ဆောက်ဖို့ထက် ၎င်းတို့၏ ကိုယ်ကျိုးအတွက် ပါဝင်သူအရေအတွက်ကို ကန့်သတ်လိုစိတ် ရှိနိုင်ပါသည်။ ထိုသူအများစုသည် အမြဲတမ်း အမျိုးသားများ ဖြစ်လေ့ရှိပြီး၊ အမျိုးသမီး ငြိမ်းချမ်းရေး တည်ဆောက်သူများကို ၎င်းတို့အတွက် ခြိမ်းခြောက်မှုတစ်ခုလို့ မြင်နိုင်ပါသည်။

၅။ ငြိမ်းချမ်းရေး ဆွေးနွေးမှုများတွင် အမျိုးသမီးများ ပါဝင်မှုကို ဖော်ဆောင်သည့် အဖွဲ့များ၏ တရားဝင်မှုကို တိုးမြှင့်ခြင်း၊ ပြဿနာရပ်များနှင့် စပ်လျဉ်း၍ ဂျန်ဒါရေးရာ အနှစ်ချုပ်တင်ပြချက်များပေးရန်အတွက် ကိုယ်စားလှယ်များ ထားရှိခြင်း၊ ဥပမာအားဖြင့် ကိုယ်စားလှယ်များ၏ (၃) ပုံ (၁) ပုံ သို့မဟုတ် (၂) ပုံ (၁) ပုံ ပါဝင်သည့် အမျိုးသမီး အရေအတွက်ကို ခွဲတမ်းသတ်မှတ်ခြင်း၊ စေ့စပ်ညှိနှိုင်းမှုတွင် အမျိုးသားများ

ပါဝင်ရန်အတွက် ဘယ်လို အရည်အချင်းမျိုး ပြည့်မီသလဲဟု မေးခွန်းထုတ်ခြင်း၊ အကြမ်းမဖက်ရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကတိကဝတ်များကြောင့် အမျိုးသမီးများ ပါဝင်လာရန် စည်းရုံးလှုံ့ဆော်ခြင်းတို့ကို နည်းလမ်းတစ်ခုအဖြစ် ပုံဖော်ထားနိုင်သည်။

၆။ အမျိုးသမီးများသည် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးပေးရေး၊ ပြန်လည်သင့်မြတ်ရေး၊ လက်နက်ဖျက်သိမ်းရေး၊ ကယ်ဆယ်ရေး၊ နယ်မြေလုံခြုံရေးဆိုင်ရာ ပြဿနာများ၊ အရပ်သားများကို ခြိမ်းခြောက်မှုများ၊ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု လျှော့ချရေး စသည့် နယ်ပယ်များတွင် သီးခြားကျွမ်းကျင်မှုရှိသည်။

## ဂ။ ဆွေးနွေးချက်

- အတန်းတစ်တန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အမျိုးသမီးများ မပါဝင်ပါက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန် ခက်ခဲနိုင်သည်။ သို့သော် အမျိုးသမီးအုပ်စုများ၊ အဖွဲ့အစည်းများနှင့် ပြောဆို ဆက်ဆံခြင်းသည် ပဋိပက္ခများအတွင်းရှိ ၎င်းတို့၏ လိုအပ်ချက်များနှင့် ပတ်သက်သော အရေးကြီးသည့် အမြင်များကို ပေးနိုင်သည်။ ဂျန်ဒါကို ထည့်သွင်းစဉ်းစားသည့် မူဘောင်များကို အသုံးပြုခြင်းနှင့် ဂျန်ဒါရေးရာ ကျွမ်းကျင်သူများ ပါဝင်ခြင်းသည် အမျိုးသမီးများ၏ အမြင်များကို ထည့်သွင်း စဉ်းစားရန် သေချာစေနိုင်သည်။

၂။ ငြိမ်းချမ်းရေးတည်ဆောက်မှု ကြိုးပမ်းမှုများတွင် အမျိုးသမီးများ ထိရောက်စွာ ပါဝင်နိုင်ရေးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးကိုယ်စားပြုမှုကို ဥပဒေများမှတစ်ဆင့် ဂျန်ဒါတန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများတွင် ခွဲတမ်းများ သတ်မှတ်ပေးခြင်း စသော မတူညီသည့်အရာများ ပါဝင်သည်။ သင်တန်းအစီအစဉ် များသည် အမျိုးသမီးများအား စေ့စပ်ညှိနှိုင်းရေးနှင့် ခေါင်းဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေး နိုင်ပြီး အောက်ခြေအဆင့်မှ အမျိုးသမီးများ အပါအဝင် နယ်မြေဒေသခံ အမျိုးသမီးများ၏ အသံများကို ကြားနိုင်စေရန် အာမခံမှု ရှိပါသည်။ အမျိုးသမီးအဖွဲ့အစည်းများ ပါဝင်ခြင်း သည် ၎င်းတို့၏ သီးခြားစိုးရိမ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အတွက် အရေးကြီးပြီး ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် ငြိမ်းချမ်းရေး သဘောတူညီချက် များတွင် ဦးစားပေးတစ်ခုအနေဖြင့် ဖြစ်သင့်သည်။ လူထု အသိပညာပေး လှုပ်ရှားမှုများသည် ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးကြီးပုံကို အလေးပေး ဖော်ပြနိုင်သည်။

## အပိုဆောင်း လုပ်ငန်းစဉ်

### သုတေသန - ငြိမ်းချမ်းရေး သဘောတူညီချက်များရှိ အမျိုးသမီးများ

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ငြိမ်းချမ်းရေး သဘောတူညီချက်များရှိ အမျိုးသမီးများ ပါဝင်မှုကို သုတေသနပြုကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့လိုက်လုပ်ဆောင်ကြရမည်။ ဤလုပ်ဆောင်ချက်သည် အတန်းချိန် ပြင်ပတွင် လုပ်ဆောင်ရန် လိုအပ်သည်။ ကျောင်းသားများသည် အင်တာနက် အသုံးပြုခွင့်ရရန် လိုအပ်ပါသည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် အမျိုးသမီးများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် ဥပမာကောင်းများ ကို ရှာဖွေပြီး သုတေသနပြုကြရမည်။
    - သူတို့သည် Philippines-Bangsomoro, Guatemala, Liberia စသည်ဖြင့် သို့မဟုတ် ၎င်းတို့၏ ကိုယ်ပိုင် အတွေ့အကြုံမှ ဥပမာများကို ကြည့်ရှုနိုင်သည်။
    - ကိုလမ်ဘီယာ၊ ဖိလစ်ပိုင်နှင့် နီပေါနိုင်ငံတို့ရှိ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုတွင် အမျိုးသမီးများ ပါဝင်သည့် ဖြစ်ရပ်လေ့လာချက်များသည် သူတို့၏ သုတေသန အတွက် အသုံးဝင်နိုင်သည်။ "အသွင်ကူးပြောင်းရေးမှ ပြုပြင်ပြောင်းလဲရေးဆီသို့" https://bit.ly/4a1nptz

# ၇.၃ | "အမျိုးသမီး" မှ "ဂျန်ဒါ" သို့

## က။ အကြိုသင်ခန်းစာ

- အတန်းတစ်ခုအနေဖြင့် မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ထုံးတမ်းစဉ်လာ ဂျန်ဒါ အခန်းကဏ္ဍများ၊ လူမျိုးစု၊ အသက်၊ လူတန်းစား၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်၊ ကျွမ်းကျင်မှု၊ မသန်စွမ်းမှု၊ လိင်စိတ်တိမ်းညွတ်မှု၊ ဂျန်ဒါ ဖြစ်တည်မှု၊ နေထိုင်ရာဒေသ၊ နိုင်ငံရေးယုံကြည်ချက်၊ ဘာသာရေးယုံကြည်ချက်၊ ရှိရင်းစွဲ ပုံသေသတ်မှတ်ချက်များ၊ အစွဲများ သို့မဟုတ် ခွဲခြားဆက်ဆံမှုများအပေါ် အခြေခံသည့် အပြုအမူဆိုင်ရာ ယူဆထားချက်များ။

၂။ LGBTIQ များသည် လူ့အဖွဲ့အစည်းအတွင်းတွင် ဖယ်ကျဉ်ခံရမှုများနှင့် ကြုံတွေ့နေကြရသောကြောင့် ခွဲခြားဆက်ဆံခံရမှု သို့မဟုတ် စော်ကားခံရမှုအခြေအနေများ ပိုမိုကြုံတွေ့ရနိုင်သည်။ လက်နက်ကိုင်အချို့၏ အယူဝါဒ သို့မဟုတ် ဘာသာရေးဆိုင်ရာ ယုံကြည်ချက်များကြောင့် နှိပ်စက်ညှဉ်းပန်းမှုနှင့် အကြမ်းဖက်မှုအန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်သည်။ စစ်ပွဲအတွင်း တရားဥပဒေစိုးမိုးမှု ပျက်ပြားပါက တည်ဆဲဥပဒေဆိုင်ရာ အကာအကွယ်များလည်း ဆုံးရှုံးနိုင်သည်။

## ခ။ လေ့ကျင့်ခန်း

- ကျောင်းသားများသည် မှန်ကန်သော အဖြေများကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ ဃ

၂။ ဂ

၃။ ခ

၄။ က

၅။ ဂ

## ဂ။ လုပ်ငန်းစဉ်

**ပဋိပက္ခ၊ အာဏာပါဝါနှင့် အခွင့်ထူးရရှိမှု**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ပဋိပက္ခအတွင်းရှိ အခွင့်ထူးရရှိမှု၏ အခန်းကဏ္ဍကို သုံးသပ်ကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ ကျောင်းသားများသည် လူစာရင်းကိုဖတ်ပြီး၊ ၎င်းတို့၏ လူမှုအဆင့်အတန်း၊ အာဏာပါဝါနှင့် အခွင့်ထူးရရှိမှုများနှင့် ပတ်သက်ပြီး ၎င်းတို့ကို အဆင့်သတ်မှတ်ပေးရမည်။ သူတို့သည် အရင်းအမြစ်များ လက်လှမ်းမီရရှိခွင့်၊ လုံခြုံရေး၊ လွတ်လပ်စွာ သွားလာခွင့် သို့မဟုတ် ၎င်းတို့၏ အဆင့်အတန်းအပေါ် သက်ရောက်သည့် အခြားသော သက်ရောက်မှုများ ကဲ့သို့သော မတူညီသည့် ရှုထောင့်များကို စဉ်းစားနိုင်သည်။

၂။ ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးရမည်။
- သင်နှစ်သက်ပါက အုပ်စုများကို ၎င်းတို့၏ အဆင့်သတ်မှတ်ချက်နှင့် စိတ်ကူးများကို ဖလစ်ချပ်စာရွက်ပေါ်တွင် ရေးချခိုင်းပြီး၊ အတန်းတစ်ခုအနေဖြင့် ဆွေးနွေးခိုင်းပါ။

## အပိုဆောင်း လုပ်ငန်းစဉ်

**သရုပ်ဖော်တင်ဆက်မှု - Ardentia ရှိ ပဋိပက္ခများအတွင်း ဂျန်ဒါ ဖြစ်တည်မှုများကို ရှာဖွေခြင်း**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ပဋိပက္ခတစ်ခုတွင် ပါဝင်ပတ်သက်နေသူများအဖြစ် သရုပ်ဖော် တင်ဆက်ကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် အဖွဲ့ ၅ ဖွဲ့ ခွဲပြီး လုပ်ဆောင်ကြရမည်။

ဤလုပ်ဆောင်ချက်သည် မိနစ် ၃၀ ခန့် ကြာမြင့်နိုင်သည်။

**ကြိုတင်ပြင်ဆင်မှု။** *အပိုလုပ်ဆောင်ချက်ကို ကူးယူပြီး လေ့ကျင့်ရန် စာရွက်များ ထုတ်ထားပေးပါ။ ၇.၃ – သရုပ်ဖော် တင်ဆက်မှု – Ardentia ရှိ ပဋိပက္ခများအတွင်း ဂျန်ဒါ ဖြစ်တည်မှုများကို ရှာဖွေခြင်း* (နောက်ဆက်တွဲ)၊ အဖွဲ့တစ်ဖွဲ့လျှင် တစ်စုံ။ မေးခွန်းများကို ဝှိုက်ဘုတ်ပေါ်တွင် ရေးချပါ။

၁။ ကျောင်းသားများသည် Ardentia နိုင်ငံအတွင်းရှိ ပဋိပက္ခနှင့် သက်ဆိုင်သော နောက်ခံအကြောင်းအရာ၊ အချက်အလက်များကို ဖတ်ရှုရမည်။

၂။ ငါးယောက်ပါသည့် အုပ်စုအဖွဲ့များတွင် ကျောင်းသားများက ဝိုင်းဖွဲ့ထိုင်ကြရမည်။ အဖွဲ့များသည် မည်သူက မည်သို့ သရုပ်ဆောင်ပြီး၊ မည်သူက ဦးဆောင်သူ လုပ်မည်ကို ဆုံးဖြတ်ကြရမည်။
- ကျောင်းသားများအား ၎င်းတို့၏ ဇာတ်ကောင်အခြေအနေနှင့် ၎င်းတို့၏ ဖြစ်နိုင်ခြေရှိသော တုံ့ပြန်မှုများနှင့် အတွေးအမြင်များကို စဉ်းစားရန်အတွက် အချိန်အလုံအလောက်ပေးပါ။
- ဇာတ်ကောင်တစ်ဦးစီကို မေးရန်အတွက် အခြားသော မေးခွန်းများကိုပါ စဉ်းစားရန် ကျောင်းသားများကို တိုက်တွန်းပါ။

၃။ ဦးဆောင်သူသည် လူတစ်ဦးချင်းစီကို မေးခွန်းများ မေးရမည်။
(က) ပဋိပက္ခက သင့်အပေါ် ဘယ်လိုသက်ရောက်မှုရှိသလဲ။
(ခ) သင် ဘာနှင့် ပတ်သက်ပြီး စိတ်ပူနေတာလဲ။
(ဂ) ပဋိပက္ခကို ဘယ်လိုဖြေရှင်းပြီး ငြိမ်းချမ်းရေး တည်ဆောက်မှု ရနိုင်မယ်လို့ ထင်ပါသလဲ။

၄။ အခြားအဖွဲ့ဝင်များက မေးခွန်းများ မေးကြရမည်။

၅။ အတန်းတစ်ခုအနေဖြင့် မေးခွန်းများကို ဆွေးနွေးကြရမည်။

## ဃ။ လုပ်ငန်းစဉ်

**အက်ဆေး (Essay)**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ငြိမ်းချမ်းရေးအတွက် ၎င်းတို့၏ မျှော်မှန်းချက်ကို ဖော်ပြထားသည့် အက်ဆေးကို ရေးကြရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်းလုပ်ဆောင်ကြရမည်။ ဤလုပ်ဆောင်ချက်သည် အတန်းချိန် ပြင်ပတွင် လုပ်ဆောင်ရန် လိုအပ်သည်။ ကျောင်းသားများသည် အင်တာနက် အသုံးပြုခွင့်ရရန် လိုအပ်သည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

- ကျောင်းသားများသည် ငြိမ်းချမ်းရေးအတွက် ၎င်းတို့၏ မျှော်မှန်းချက်၊ ငြိမ်းချမ်းရေးကို ဖန်တီးတည်ဆောက်ရာတွင် ၎င်းတို့၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ ငြိမ်းချမ်းရေးဆိုင်ရာ စိတ်ကူးများတွင် ပါဝင်နိုင်မည့် ဂျန်ဒါအခန်းကဏ္ဍများကို ဖော်ပြထားသည့် အက်ဆေးကို ရေးကြရမည်။
  - ကျောင်းသားများအတွက် လက်တွေ့ကျသော စာလုံးရေ အကန့်အသတ် (ဥပမာ – စာလုံးရေ ၃၀၀–၅၀၀) ပေးပါ။

- အမှတ်ပေးသည့်အခါ သူတို့သည် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် ဂျန်ဒါဆိုင်ရာ အကြောင်းအရာကို ဖော်ပြထားမှု ရှိ၊ မရှိကို စစ်ဆေးပါ။

## ၄။ ဆွေးနွေးချက်

- အတန်းတစ်တန်းအနေဖြင့် သို့မဟုတ် အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးကြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ယောက်ျားပီသမှုဆိုင်ရာ ထုံးတမ်းစဉ်လာ အယူအဆများသည် အမျိုးသားများနှင့် ယောက်ျားလေးများအား ၎င်းတို့၏ အားနည်းချက်များကို မပြသရန် အားပေးလေ့ရှိသည်။ ၎င်းအစား သူတို့အား ခွန်အားရှိမှု၊ ရဲရင့်မှု သို့မဟုတ် ရန်လိုမှု တို့ကို ပြသရန် အားပေးပြီး စိတ်ခံစားမှု သို့မဟုတ် စာနာမှု ကဲ့သို့သော အပြုသဘောဆောင်သည့် စိတ်ခံစားမှု သို့မဟုတ် အပြုအမူများကို မပြသရန် အားပေးပါသည်။ သူတို့၏ စိတ်ခံစားချက်များကို ချိုးနှိမ်ဖို့လည်း မကြာခဏ ဖိအားပေးခံ ရပါသည်။ အမျိုးသားများနှင့် ယောက်ျားလေးများကို မိမိကိုယ်မိမိ အားကိုးတတ်ရန်နှင့် ပြဿနာများကို မိမိဘာသာ ကိုင်တွယ်ဖြေရှင်းရန် သင်ကြားပေးလေ့ရှိသည်။ မှီခိုမှုမရှိမှု အပေါ် အလေးပေးထားသည့် ဤအချက်သည် အားနည်းမှု သို့မဟုတ် မှီခိုအားထားမှု၏ လက္ခဏာဟု ယူဆနိုင်သောကြောင့် သူတို့အား အကူအညီရယူခြင်း သို့မဟုတ် ၎င်းတို့၏ လိုအပ်ချက်များကို ဖော်ပြခြင်းမပြုရန် တွန်းအားပေး နိုင်သည်။

၂။ ရပ်ရွာလူထုအတွင်းရှိ ရှိနှင့်ပြီးသားဖြစ်သော ဖယ်ကျဉ်မှုနှင့် ခွဲခြားဆက်ဆံမှုများ၊ ငြိမ်းချမ်းရေးကာလတွင် သူတို့ ရရှိထား သည့် တရားဥပဒေဆိုင်ရာ အကာအကွယ်များ ဆုံးရှုံးခြင်း တို့သည် ရွှေ့ပြောင်းရသည့် သို့မဟုတ် ထိန်းသိမ်းခံရသည့် အခြေအနေများတွင် အကြမ်းဖက်မှု သို့မဟုတ် လိင်ပိုင်း ဆိုင်ရာ ကျူးလွန်မှုအန္တရာယ်ကို ပိုမို ဖြစ်စေနိုင်သည်။ ငြိမ်းချမ်းရေး သဘောတူညီချက် တစ်ခုခုတွင် LGBTIQ များ၏ စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားရန်အတွက် LGBTIQ ကိုယ်စားပြု ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်သည်။

၃။ မတူညီသော ဖြစ်တည်မှုဆိုင်ရာ ဝိသေသလက္ခဏာများနှင့် အခြေအနေများ ရှိကြောင်းကို အသိအမှတ်ပြုခြင်း၊ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများနှင့် အဖြေရှာမှုများတွင် အားလုံးပါဝင်နိုင်ရန် ဆောင်ရွက်ပါ။ မတူညီသော အုပ်စုများမှ မတူကွဲပြားသည့် ဟောပြောသူများကို ဖိတ်ကြားပါ။ မြို့ကြီးပြကြီးများတွင်သာမက ကျေးလက်ဒေသ များရှိ ဒေသခံများ၏ အမြင်များကို ဆွေးနွေးနားထောင်ရန် အတွက် ပလက်ဖောင်းများနှင့် ဖိုရမ်များ ဖန်တီးပါ။ ဂျန်ဒါနှင့် လိင်ပိုင်းဆိုင်ရာ ဖြစ်တည်မှု ကွဲပြားသူ အားလုံးကို ပါဝင်မှုပြုပါ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အာဏာပါဝါအခြေအနေ များကို သတိထားပါ။ မတူညီသော ဖြစ်တည်မှုရှိသည့် လူအုပ်စုများအပေါ် ထင်ဟပ်မှုရှိသည့် အချက်အလက်များကို ကောက်ခံပါ။

၄။ အိုးမဲ့အိမ်မဲ့ ဖြစ်ရသူများ၊ ထိခိုက်ဒဏ်ရာရသူများ သို့မဟုတ် နှိပ်စက်ညှဉ်းပန်း ခံရသူများကဲ့သို့သော လက်နက်ကိုင် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် သူများ၏ သောက အပူအပင်များအတွက် စိုးရိမ်မှုများကို ပြသနိုင်သည်။ သူတို့သည် အမျိုးသမီးများနှင့် LGBTIQ များ ပါဝင်မှုနှင့် အကာအကွယ်ပေးမှုအတွက် အပြုသဘောဆောင်သော စံပြပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့၏ အသံများကို အသုံးပြုနိုင်သည်။

၅။ အမျိုးသမီးများ သို့မဟုတ် အခြားလူနည်းစု အုပ်စုများ၏ အခြားသော အမြင်ရှုထောင့်များမှ ပဋိပက္ခများကို ထည့်သွင်း စဉ်းစားရန် သူတို့ကို အားပေးတိုက်တွန်းပါ။ အမျိုးသားများကို ပဋိပက္ခနှင့် စစ်ပွဲများကြောင့် ၎င်းတို့၏ အပျက်သဘော သက်ရောက်မှုများကို သတိပြုမိစေပြီး ဖွံ့စည်းတည်ဆောက်မှု ဆိုင်ရာ မညီမျှမှုများကို ထောက်ပြပါ။ ပုံသေသတ်မှတ်ချက် များသည် ၎င်းတို့အပေါ် မည်ကဲ့သို့ ထိခိုက်ကြောင်းကို ရှင်းပြပါ။ အကြမ်းဖက်ခံရသူများသည် သူတို့၏ သမီးများ၊ ညီအစ်မများ သို့မဟုတ် မိခင်ဖြစ်နိုင်သည်ကို ကြည့်ရန်အတွက် ၎င်းတို့၏ စဉ်းစားတွေးခေါ်မှုများကို ပြောင်းလဲပါ။ အမျိုးသမီးများ သို့မဟုတ် LGBTIQ များအပေါ် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေစေမည့် အတွေးအခေါ်များ၊ ယုံကြည်ချက်များ သို့မဟုတ် အပြုအမူများကို အပြုသဘောဆောင် တိုက်ဖျက်ပါ။

# နိဂုံး

## က။ လုပ်ငန်းစဉ်

**သင်ခန်းစာများကို ပြန်လည်သုံးသပ်မှု**

**ရည်ရွယ်ချက်။** ကျောင်းသားများသည် ဂျန်ဒါကို စူးစမ်းလေ့လာခြင်း ဘာသာရပ်မှ သင်ယူလိုက်ရသည့် အချက်ကို ပြန်လည်သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း လုပ်ဆောင်ကြပြီးနောက် အတွဲလိုက်၊ အုပ်စုလိုက် နှင့် အတန်းတစ်ခုအနေဖြင့် လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** မရှိပါ။

၁။ တစ်ဦးချင်းအနေဖြင့် ကျောင်းသားများသည် ဂျန်ဒါကို စူးစမ်းလေ့လာခြင်း ဘာသာရပ်တွင် သင်ယူခဲ့ရသော အဓိက အကြောင်းအရာ ၁၀ ခုကို စာရင်းပြုစုရမည်။

၂။ အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် သူတို့ သင်ယူခဲ့သော အထူးခြားဆုံး အကြောင်းအရာ ၅ ခုကို ညှိနှိုင်းရွေးချယ်ကြရမည်။

၃။ အတွဲများသည် အခြားအတွဲများနှင့် တွဲရမည်။ လေးယောက်ပါ အုပ်စုများတွင် ကျောင်းသားများသည် သူတို့ သင်ယူခဲ့ရသည့် အထူးခြားဆုံး အကြောင်းအရာ ၅ ခုကို ညှိနှိုင်းရွေးချယ် ကြရမည်။

၄။ ၎င်းကို အတန်းတစ်ခုအနေဖြင့် ဆွေးနွေးရမည်။

## ၁။ လုပ်ငန်းစဉ်

### ဂျန်ဒါကို စူးစမ်းလေ့လာခြင်းဘာသာရပ်အတွက် ထားရှိခဲ့သည့် မျှော်လင့်ချက်များကို ပြန်လည်သုံးသပ်မှု

**ရည်ရွယ်ချက်။** ကျောင်းသားများသည် သင်ခန်းစာ အစတွင် ထားရှိခဲ့သည့် ၎င်းတို့၏ မျှော်လင့်ချက်များကို ပြန်လည် သုံးသပ်ရမည်။

**လက်တွေ့လုပ်ဆောင်မှုများ။** ကျောင်းသားများသည် တစ်ဦးချင်း လုပ်ဆောင်ကြရမည်။

**ကြိုတင်ပြင်ဆင်မှု။** ကျောင်းသားများသည် လုပ်ဆောင်ချက် ၁.၁ (က)၊ မေးခွန်းနံပါတ် (၁) အတွက် သူတို့ရေးခဲ့ကြသည့် အဖြေများကို ထားထားရမည်။

- ကျောင်းသားများသည် လုပ်ဆောင်ချက် ၁.၁ (က)၊ မေးခွန်း နံပါတ် (၁) အတွက် သူတို့၏ အဖြေကို ပြန်ကြည့်ကြရမည်။
- သူတို့သည် ၎င်းမေးခွန်းများအတွက် သူတို့၏ အဖြေများကို ပြန်လည်သုံးသပ်ပြီး၊ ၎င်းအဖြေများကို သင်တန်းပြီးဆုံး သွားသည့်အချိန်တွင် ရှိသည့် ၎င်းတို့၏ အဖြေများနှင့် နှိုင်းယှဉ်ကြည့်ကြရမည်။
- သင့်အနေဖြင့် ကြိုက်နှစ်သက်ပါက –
  - ၎င်းအချက်များကို အတွဲလိုက် သို့မဟုတ် အုပ်စုလိုက် အနေဖြင့် ဆွေးနွေးခိုင်းပါ။ နှင့်/သို့မဟုတ်
  - ၎င်းအချက်များကို ချရေးခိုင်းပြီး သင့်အားပေးခိုင်းပါ။ ၎င်းတို့၏ အချက်များကို တုံ့ပြန်ပြောဆိုပါ။ သို့သော် ၎င်းအချက်များကို အမှတ်မပေးပါနှင့်။ သင်၏ ကိုယ်ပိုင် အကြံဉာဏ်များ သို့မဟုတ် မှတ်ချက်များကို ထပ်ထည့်နိုင်သည်။

# ဂျန်ဒါကို စူးစမ်းလေ့လာခြင်း - နောက်ဆုံးစစ်ဆေးမှု

ဤပြန်လည်လေ့ကျင့်ခန်းတွင် အဖြေတစ်ခုသာ ရွေးချယ်ရသည့် မေးခွန်းပေါင်း ၃၀ ပါဝင်ပါသည်။ ကျောင်းသားများသည် မေးခွန်းများကို ဖတ်ပြီး မေးခွန်းတစ်ခုစီအတွက် မှန်ကန်သောအဖြေ တစ်ခုကို ရွေးချယ်ရမည်။

မှတ်ချက်။ သင့်အနေဖြင့် ၎င်းစစ်ဆေးမှုကို ကျောင်းသားများက စာအုပ်ပြန်ကြည့်လို့ မရသည့် "အပိတ်" မေးခွန်းပုံစံ သို့မဟုတ် ကျောင်းသားများ အဖြေမှန်ကို ရှာရန်အတွက် စာအုပ်ပြန်ကြည့်လို့ရသည့် "အဖွင့်" မေးခွန်းပုံစံ တစ်ခုခုဖြင့် စစ်ဆေးနိုင်သည်။ ကျောင်းသားများ မေးခွန်းဖြေဆိုပြီးချိန်တွင် ၎င်းတို့၏ အဖြေများကို စာအုပ်နှင့် ပြန်လည်တိုက်စစ်ရန်အတွက် ကျောင်းသားများအား စာအုပ်ကို ပြန်လည်ကြည့်ခိုင်းသည့် ပုံစံမျိုးဖြင့်လည်း ပြုလုပ်နိုင်သည်။

**အဖြေများ**

| | | | | |
|---|---|---|---|---|
| ၁။ ဃ | ၇။ ဂ | ၁၃။ ခ | ၁၉။ ဂ | ၂၅။ က |
| ၂။ ဂ | ၈။ ဃ | ၁၄။ ဂ | ၂၀။ က | ၂၆။ ဂ |
| ၃။ ခ | ၉။ ခ | ၁၅။ ခ | ၂၁။ ဂ | ၂၇။ ဃ |
| ၄။ ဃ | ၁၀။ ဂ | ၁၆။ က | ၂၂။ ဃ | ၂၈။ က |
| ၅။ ခ | ၁၁။ ခ | ၁၇။ ခ | ၂၃။ ဃ | ၂၉။ ဂ |
| ၆။ က | ၁၂။ ဂ | ၁၈။ က | ၂၄။ ခ | ၃၀။ ခ |

# ဂျန်ဒါကို စူးစမ်းလေ့လာခြင်း - နောက်ဆုံးစစ်ဆေးမှု

ဤပြန်လည်လေ့ကျင့်ခန်းတွင် အဖြေတစ်ခုတည်းသာ ရွေးချယ်ရသည့် မေးခွန်းပေါင်း ၃၀ ပါဝင်သည်။ ကျောင်းသားများသည် မေးခွန်းများကို ဖတ်ပြီး မေးခွန်းတစ်ခုစီအတွက် မှန်ကန်သော အဖြေတစ်ခုကို ရွေးချယ်ရမည်။

၁။ ဂျန်ဒါ၏ အဓိပ္ပာယ်ကို မည်သည့်အရာက အကောင်းဆုံး ဖော်ပြထားပါသလဲ။
(က) အမျိုးသားများနှင့် အမျိုးသမီးများတွင် ဖော်ပြလေ့ရှိသော ဇီဝကမ္မဆိုင်ရာ လက္ခဏာများ။
(ခ) မျှော်လင့်ထားသည့် အမျိုးသမီးများနှင့် အမျိုးသားများ၏ လိင်ဝိသေသလက္ခဏာများဆိုင်ရာ စိတ်ကူးများ။
(ဂ) အမျိုးသမီးများ မည်သို့ ပြုမူနေထိုင်ရမည်ဆိုသည့် သမားရိုးကျ စိတ်ကူးများ။
(ဃ) လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများနှင့် အမျိုးသားများ မျှော်မှန်းထားရှိသည့် စိတ်ကူးများ။

၂။ အောက်ဖော်ပြပါ စာရင်းများထဲမှ မည်သည့်တစ်ခုသည် ဇီဝဗေဒဆိုင်ရာ လိင်ဝိသေသလက္ခဏာများ ဖြစ်ပါသလဲ။
(က) သားအိမ်၊ မိန်းမကိုယ်၊ ဥမှေးစေ့များ၊ ခရိုမိုဇုန်းများ၊ ဆံပင်ပုံစံများ၊ မဟိုမုန်း။
(ခ) မိန်းမကိုယ်၊ ကျားဆန်မှု၊ ကျားဟိုမုန်း၊ မဟိုမုန်း၊ ခရိုမိုဇုန်းများ။
(ဂ) မဟိုမုန်း၊ သားအိမ်၊ မိန်းမကိုယ်၊ ဥမှေးစေ့၊ ခရိုမိုဇုန်းများ၊ ကျားဟိုမုန်း။
(ဃ) ဥမှေးစေ့၊ သားအိမ်၊ မိန်းမကိုယ်၊ မ ဆန်မှု ၊ ခရိုမိုဇုန်းများ၊ ကျားဟိုမုန်း။

၃။ မျှော်မှန်းချက်များ၊ စံနှုန်းများ၊ ခံယူချက်များနှင့် ယဉ်ကျေးမှုအရ သတ်မှတ်ခံရခြင်းတို့သည် အောက်ပါတို့၏ အင်္ဂါရပ်များ ဖြစ်သည်။
(က) ဇီဝကမ္မဆိုင်ရာ လိင်
(ခ) ဂျန်ဒါ အခန်းကဏ္ဍများ
(ဂ) မွေးဖွားစဉ်ကတည်းက သတ်မှတ်ထားသောအရာ
(ဃ) လိင်ဝိသေသလက္ခဏာများ

၄။ အောက်ပါ စာရင်းများထဲမှ မည်သည့်တစ်ခုသည် ပုံသေသတ်မှတ်ချက်များ၏ သက်ရောက်မှုများ ဖြစ်နိုင်ပါသလဲ။
(က) အထင်အမြင်မှားမှု၊ ခွဲခြားဆက်ဆံမှု၊ ကွဲပြားမှုအပေါ် လက်ခံမှု၊ အချို့သော လူအုပ်စုများနှင့် ပတ်သက်ပြီး အပြုသဘောဆောင်သော ယူဆချက်များ၊ အချို့သော လူအုပ်စုများ၏ အခြေအနေဆိုးများကို အရေးမကြီးသဖွယ် ပြုလုပ်ခြင်း။
(ခ) နားလည်မှု လွဲမှားမှု၊ အထင်အမြင်မှားမှု၊ ခွဲခြားဆက်ဆံမှု၊ အုပ်စုများကြား တန်းတူညီမျှမှု တိုးမြင့်လာမှု၊ အချို့သော လူအုပ်စုများ၏ အခြေအနေဆိုးများကို အရေးမကြီးသဖွယ်ပြုလုပ်ခြင်း။
(ဂ) အချို့သော အုပ်စုများ၏ အခြေအနေဆိုးများကို အရေးမကြီးသဖွယ်ပြုလုပ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ပိုမို နားလည်ခြင်း၊ အချို့သော လူအုပ်စုများနှင့် ပတ်သက်ပြီး အပြုသဘောဆောင်သော ယူဆချက်များ။
(ဃ) ခွဲခြားဆက်ဆံမှု၊ နားလည်မှု လွဲမှားမှု၊ အထင်အမြင်မှားမှု၊ အချို့သော လူအုပ်စုများနှင့် ပတ်သက်ပြီး အပြုသဘော ဆောင်သော ယူဆချက်များ အချို့သော လူအုပ်စုများ၏ အခြေအနေဆိုးများကို အရေးမကြီးသဖွယ် ပြုလုပ်ခြင်း။

၅။ အမျိုးသမီးများသည် ပြုစုပျိုးထောင်ရမည်၊ စာနာနားလည်ရမည်၊ စိတ်ခံစားမှု ရှိရမည်ဟူသော ပုံသေသတ်မှတ်ချက်နှင့် အမျိုးသားများသည် ခိုင်မာမှု ရှိရမည်၊ ပြိုင်ဆိုင်မှု ရှိရမည်၊ ယုတ္တိကျမှု ရှိရမည်ဟူသော ပုံသေသတ်မှတ်ချက်၏ အဓိက ဥပမာတစ်ခုမှာ -
(က) အသက်မွေးဝမ်းကျောင်းများ
(ခ) ကိုယ်ရည်ကိုယ်သွေးများ
(ဂ) အသွင်အပြင်များ
(ဃ) မိသားစုများ

၆။ အောက်ဖော်ပြပါ ဖော်ပြချက်များအနက်မှ တစ်ခုသည် ဂျန်ဒါ ပုံသေသတ်မှတ်ချက်၏ ဥပမာတစ်ခု ဖြစ်ပါသလဲ။
(က) မို့မို့သည် အမျိုးသမီး ဖြစ်သောကြောင့် ဘာသာစကား ပိုကောင်းသည်။
(ခ) မို့မို့သည် အမြန်အပြေးသမား ဖြစ်သောကြောင့် ဘောလုံး ကျွမ်းကျင်သည်။
(ဂ) မို့မို့သည် မိန်းမဖြစ်သောကြောင့် ကလေးမွေးနိုင်သည်။
(ဃ) မို့မို့၏ အစ်ကိုသည် သူမထက် အပြေးနှေးသည်။

၇။ အောက်ဖော်ပြပါ စာရင်းများထဲမှ မည်သည့်တစ်ခုသည် ဂျန်ဒါပုံသေသတ်မှတ်ချက်များကို ကျော်လွှားနိုင်စေမည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်ပါသလဲ။
(က) ပညာရေး၊ အားလုံးပါဝင်နိုင်သော နေရာများ၊ မတူကွဲပြားမှုများကို ဂုဏ်ပြုခြင်း၊ မီဒီယာရှိ ထုံးတမ်းစဉ်လာ တင်ဆက်မှုများ၊ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု

စွမ်းရည်၊ ဂျန်ဒါ ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်သည့် ဥပဒေများ၊ လူအားလုံးအတွက် တန်းတူအခွင့်အလမ်းများ ဖန်တီးပေးခြင်း။

(ခ) လူအားလုံးအတွက် တန်းတူအခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပညာရေး၊ အားလုံးပါဝင်နိုင်သော နေရာများ၊ မီဒီယာရှိ ယုတ္တိဆန်သော တင်ဆက်မှုများ၊ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်၊ ဂျန်ဒါ ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်သည့် ဥပဒေများ၊ မတူကွဲပြားမှုများကို တားဆီးခြင်း။

(ဂ) အားလုံးပါဝင်နိုင်သော နေရာများ၊ ဂျန်ဒါ ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်သည့် ဥပဒေများ၊ ပညာရေး၊ မတူကွဲပြားမှုများကို ဂုဏ်ပြုခြင်း၊ မီဒီယာရှိ ယုတ္တိဆန်သော တင်ဆက်မှုများ၊ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်၊ လူအားလုံးအတွက် တန်းတူအခွင့်အလမ်းများ ဖန်တီးပေးခြင်း။

(ဃ) ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်၊ ပညာရေး၊ မတူကွဲပြားမှုများကို ဂုဏ်ပြုခြင်း၊ မီဒီယာရှိ ယုတ္တိဆန်သော တင်ဆက်မှုများ၊ ဂျန်ဒါ ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်သည့် ဥပဒေများ၊ လူအားလုံးအတွက် တန်းတူအခွင့်အလမ်းများ ဖန်တီးပေးခြင်း။

၈။ နိုင်ငံရေးယုံကြည်ချက်များ၊ ဘာသာရေး၊ အတိတ်က အတွေ့အကြုံများ သို့မဟုတ် လိင်စိတ်တိမ်းညွတ်မှုတို့သည် လူတစ်ဦး၏ အသွင်အပြင်များဖြစ်သည့် -

(က) မြင်နိုင်သော ဖြစ်တည်မှု ဝိသေသများ

(ခ) မွေးရာပါ ဖြစ်တည်မှု ဝိသေသများ

(ဂ) တရားဝင် ဖြစ်တည်မှု ဝိသေသများ

(ဃ) မမြင်ရသော ဖြစ်တည်မှု ဝိသေသများ

၉။ Intersectionality သည် လူတစ်ယောက်၏ အောက်ပါအချက်များကို အသိအမှတ်ပြုသည်။

(က) ဖိနှိပ်ခံရမှု သို့မဟုတ် အခွင့်ထူးရရှိမှုကို ၎င်းတို့ ဖြစ်တည်မှု ဝိသေသ၏ ရှုထောင့်တစ်ခုတည်းကို ကြည့်ပြီး နားလည်နိုင်သည်။

(ခ) ဖိနှိပ်ခံရမှု သို့မဟုတ် အခွင့်ထူးရရှိမှုကို ၎င်းတို့ ဖြစ်တည်မှု ဝိသေသ၏ ရှုထောင့်တစ်ခုတည်းကို ကြည့်ပြီး နားမလည်နိုင်ပေ။

(ဂ) ဖိနှိပ်ခံရမှု သို့မဟုတ် အခွင့်ထူးရရှိမှုကို ၎င်းတို့၏ မွေးရာပါ လိင်ကိုသာ ကြည့်ပြီး နားလည်နိုင်သည်။

(ဃ) ဖိနှိပ်ခံရမှု သို့မဟုတ် အခွင့်ထူးရရှိမှုသည် ၎င်းတို့၏ ဖြစ်တည်မှု၊ လူတန်းစား၊ ဘာသာရေး သို့မဟုတ် လိင်စိတ်တိမ်းညွတ်မှုတို့နှင့် မသက်ဆိုင်ပါ။

၁၀။ အောက်ဖော်ပြပါ စာရင်းများထဲမှ မည်သည့်တစ်ခုသည် ဂျန်ဒါမညီမျှမှု၏ သက်ရောက်မှုများမှ တစ်ခုဖြစ်ပါသလဲ။

(က) နိုင်ငံရေး ကိုယ်စားပြုမှုတွင် အမျိုးသမီးများ နည်းပါးခြင်း၊ အမျိုးသမီးများသည် အမျိုးသားများနှင့် တူညီသော အလုပ်အတွက် လုပ်ခလစာ နည်းပါးခြင်း၊ ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် အမျိုးသမီးများ နည်းပါးခြင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှု လျော့ချခြင်း။

(ခ) အမျိုးသမီးများနှင့် အမျိုးသားများသည် တူညီသော အလုပ်အတွက် တူညီသော လုပ်ခလစာ ရရှိခြင်း၊ နိုင်ငံရေးကိုယ်စားပြုမှုတွင် အမျိုးသမီးများ နည်းပါးခြင်း၊ ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် အမျိုးသမီးများ နည်းပါးခြင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှု တိုးလာခြင်း။

(ဂ) ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် အမျိုးသမီးများ နည်းပါးလာခြင်း၊ နိုင်ငံရေး ကိုယ်စားပြုမှုတွင် အမျိုးသမီးများ နည်းပါးခြင်း၊ အမျိုးသမီးများသည် အမျိုးသားများနှင့် တူညီသော အလုပ်အတွက် လုပ်ခလစာ နည်းပါးခြင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှု တိုးလာခြင်း။

(ဃ) ဂျန်ဒါအခြေပြု အကြမ်းဖက်မှု တိုးလာခြင်း၊ နိုင်ငံရေး ကိုယ်စားပြုမှုတွင် အမျိုးသမီးများ ပိုများလာခြင်း၊ အမျိုးသမီးများသည် အမျိုးသားများနှင့် တူညီသော အလုပ်အတွက် လုပ်ခလစာ နည်းပါးခြင်း၊ ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် အမျိုးသမီးများ နည်းပါးလာခြင်း။

၁၁။ သာတူညီမျှမှုက အသိအမှတ်ပြုသည်မှာ -

(က) လူအားလုံးကို တူညီသော ပုံစံဖြင့် အမြဲဆက်ဆံသည်။

(ခ) လူအချို့သည် တန်းတူညီမျှမှုရရှိရန် အကူအညီများ ပိုမိုလိုအပ်သည်။

(ဂ) လူတိုင်းသည် မညီမျှမှုကို တူညီသော အဆင့်မှ စတင်ကြသည်။

(ဃ) လူအချို့သည် တန်းတူညီမျှမှုကို အမြဲတမ်း ရရှိရန် မဖြစ်နိုင်ပါ။

၁၂။ "ပြဿနာတစ်ခုတည်းနဲ့ ရုန်းကန်နေရတာမျိုး မရှိဘူး၊ ဘာကြောင့်လဲဆိုတော့ ငါတို့ဟာ ပြဿနာတစ်ခုတည်းရှိတဲ့ ဘဝမှာ နေထိုင်နေတာမဟုတ်ဘူး" ဟူသော စကားသည် ဂျန်ဒါဘာသာရပ် လေ့လာမှုတွင် မည်သည့် အယူအဆကို ရည်ညွှန်းပါသလဲ။

(က) မိန်းမဝါဒ

(ခ) ဖိုဝါဒကြီးစိုးမှု

(ဂ) မတူကွဲပြားသော လက္ခဏာရပ်များနှင့် ဖြစ်တည်မှု အခြေအနေများ (Intersectionality)

(ဃ) ယောကျ်ားဝါဒ

၁၃။ အမျိုးသမီးများနှင့် လူနည်းစုများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ပိုမိုမြင့်မားသော ရာထူးများအထိ ရောက်ရှိရန်အတွက် ခက်ခဲသော အခြေအနေတစ်ရပ်ကို ဖော်ပြသည့် ဝေါဟာရမှာ –

(က) ယဉ်ကျေးမှုအရ လွှမ်းမိုးမှု

(ခ) ဖန်သားပြင် မျက်နှာကျက်

(ဂ) ဘာသာရေး အဆုံးအမ

(ဃ) လုပ်ငန်းခွင်ဆိုင်ရာ အန္တရာယ်

၁၄။ အောက်ဖော်ပြပါ စာရင်းများထဲမှ မည်သည့်တစ်ခုသည် ဆင်းရဲသား သို့မဟုတ် ကျေးလက်ဒေသနေ ရပ်ရွာလူထု အပေါ် ရာသီဥတုဖောက်ပြန်မှုကြောင့် ဂျန်ဒါအရ သက်ရောက်မှု ရှိသည်ကို ပြသည့် ဥပမာများ ဖြစ်ပါသလဲ။

(က) အမျိုးသမီးများနှင့် မိန်းကလေးများသည် ရွှေ့ပြောင်းခံ ရသည့်အခါ လိင်နှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ ခံရနိုင်ခြေ ပိုများခြင်း၊ အမျိုးသမီးများသည် ငွေကြေး သို့မဟုတ် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ မရှိခြင်းကြောင့် မလုံခြုံမှုကို ဖြစ်စေခြင်း၊ အမျိုးသမီးများသည် ရေ သို့မဟုတ် ထင်း စုဆောင်းခြင်းကဲ့သို့သော အိမ်တွင်းမှု တာဝန်များ နည်းပါးခြင်း၊ ရေကြီးခြင်း သို့မဟုတ် မုန်တိုင်းများအပြီးတွင် အမျိုးသမီးများအတွက် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် အခက်အခဲရှိခြင်း။

(ခ) ရေ သို့မဟုတ် ထင်း စုဆောင်းခြင်းကဲ့သို့သော အိမ်မှုကိစ္စများသည် အမျိုးသမီးများ၏ တာဝန်ဖြစ်ခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများသည် ရွှေ့ပြောင်းခံ ရသည့်အခါ လိင်နှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ ခံရနိုင်ခြေ ပိုများခြင်း၊ အမျိုးသမီးများသည် ငွေကြေး သို့မဟုတ် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ မရှိခြင်းကြောင့် မလုံခြုံမှုကို ဖြစ်စေခြင်း၊ ရေကြီးခြင်း သို့မဟုတ် မုန်တိုင်းများ အပြီးတွင် အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုကို ပိုမို လွယ်ကူစွာ ရရှိခြင်း။

(ဂ) အမျိုးသမီးများသည် ငွေကြေး သို့မဟုတ် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများ မရှိခြင်းကြောင့် မလုံခြုံမှုကို ဖြစ်စေခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများသည် ရွှေ့ပြောင်းခံရ သည့်အခါ လိင်နှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ ခံရနိုင်ခြေ ပိုများခြင်း၊ ရေ သို့မဟုတ် ထင်းစုဆောင်းခြင်း ကဲ့သို့သော အိမ်မှုကိစ္စများသည် အမျိုးသမီးများ၏ တာဝန်ဖြစ်ခြင်း၊ ရေကြီးခြင်း သို့မဟုတ် မုန်တိုင်းများ အပြီးတွင် အမျိုးသမီးများအတွက် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အခက်အခဲရှိခြင်း။

(ဃ) အမျိုးသမီးများနှင့် မိန်းကလေးများသည် ရွှေ့ပြောင်းခံ ရသည့်အခါ လိင်နှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ ခံရနိုင်ခြေ ပိုများခြင်း၊ အမျိုးသမီးများသည် ငွေကြေး သို့မဟုတ် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ပိုမိုရှိခြင်းကြောင့် ပိုမို လုံခြုံမှုကို ဖြစ်စေခြင်း၊ ရေ သို့မဟုတ် ထင်း စုဆောင်းခြင်း ကဲ့သို့သော အိမ်မှုကိစ္စများသည် အမျိုးသမီးများ၏ တာဝန်ဖြစ်ခြင်း၊ ရေကြီးခြင်း သို့မဟုတ် မုန်တိုင်းများ အပြီးတွင် အမျိုးသမီးများအတွက် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အခက်အခဲရှိခြင်း။

၁၅။ ဖိုဝါဒကြီးစိုးမှုကို အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်မှာ –

(က) အမျိုးသားနှင့် အမျိုးသမီးအတွက် တူညီသောလစာနှင့် လုပ်ငန်းခွင်ရှိသည့် အခြေအနေကို ပံ့ပိုးပေးသည့် လူမှုဖွဲ့စည်းပုံများ။

(ခ) အမျိုးသားများအနေဖြင့် အာဏာပါဝါ ပိုမို ချုပ်ကိုင်နိုင် စေရန်နှင့် လွှမ်းမိုးသည့် အခန်းကဏ္ဍများကို ရယူထားသည့် လူမှုဖွဲ့စည်းပုံများ။

(ဂ) အမျိုးသမီးများအနေဖြင့် အာဏာပါဝါ ပိုမိုချုပ်ကိုင်နိုင် စေရန်နှင့် လွှမ်းမိုးသည့် အခန်းကဏ္ဍများကို ရယူထားသည့် လူမှုဖွဲ့စည်းပုံများ။

(ဃ) LGBT များအတွက် တန်းတူညီမျှမှုကို ပံ့ပိုးပေးသည့် လူမှုဖွဲ့စည်းပုံများ။

၁၆။ အောက်ဖော်ပြပါ အရာများထဲမှ တစ်ခုသည် ဖိုဝါဒကြီးစိုးမှု၏ သက်ရောက်မှု ဥပမာများမှ တစ်ခုဖြစ်ပါသလဲ။

(က) အမျိုးသမီးများ၏ မိသားစု စီမံကိန်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ကန့်သတ်ထားခြင်း။

(ခ) ဂျန်ဒါအခြေပြု ယဉ်ကျေးမှု စံနှုန်းများ၏ အခန်းကဏ္ဍများ အပြင်ဘက်ရှိ အမျိုးသမီးများ။

(ဂ) ဂျန်ဒါအသွင်အပြင် ဖော်ပြမှု ပုံစံအမျိုးမျိုးကို ဖော်ပြသည့် အမျိုးသားများ။

(ဃ) အမျိုးသမီးများသည် ပိုမိုမြင့်မားသည့် ခေါင်းဆောင်မှု ရာထူးများသို့ အလွယ်တကူ တက်လှမ်းနိုင်သည်။

၁၇။ နော်ဝင်းသည် တူညီသောအလုပ်အတွက် အမျိုးသမီး များသည် အမျိုးသားများထက် လုပ်ခလစာရနည်းသော စက်ရုံတွင် အလုပ်လုပ်သည်။ သူမသည် အမျိုးသမီးနှင့် အမျိုးသား အလုပ်သမားများအတွက် တန်းတူညီမျှ လုပ်ခလစာ ရရှိရေးအတွက် ဆန္ဒပြပွဲကို စီစဉ်ခဲ့သည်။ စက်ရုံမှာ အလုပ်လုပ်နေသော အမျိုးသားရော အမျိုးသမီးများပါ ပါဝင်ဆန္ဒပြကြသည်။ ဖိုဝါဒကြီးစိုးမှု၊ အာဏာပါဝါနှင့် သက်ဆိုင်သည့် အယူအဆများနှင့် စပ်လျဉ်း၍ ဤအဖြစ်အပျက်တွင် နော်ဝင်း၏ လုပ်ဆောင်ချက်များကို အောက်ပါတို့အနက်မှ မည်သည့်အရာက အကောင်းဆုံး ဖော်ပြပေးပါသလဲ။

(က) စီးပွားရေးအရ စွမ်းဆောင်နိုင်မှု၊ ထိန်းချုပ်ပါဝါ

(ခ) စီးပွားရေးအရ စွမ်းဆောင်နိုင်မှု၊ စုပေါင်းပါဝါ

(ဂ) ပညာရေးအရ စွမ်းဆောင်နိုင်မှု၊ ကိုယ်တွင်းပါဝါ

(ဃ) နိုင်ငံရေးအရ ဦးဆောင်မှု၊ ဆွဲဆောင်ပါဝါ

၁၈။ အောက်ဖော်ပြပါ စာရင်းများထဲမှ မည်သည့်တစ်ခုသည် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုကို ဖြစ်စေသော အကြောင်းရင်းများထဲမှ တစ်ခုဖြစ်ပါသလဲ။

(က) ဂျန်ဒါများကြားရှိ မညီမျှသော အာဏာပါဝါ ဆက်ဆံရေး၊ အချို့သော ဂျန်ဒါ ဖြစ်တည်မှုများ သို့မဟုတ် ဂျန်ဒါ အသွင်အပြင် ဖော်ပြမှုများအပေါ် အပျက်သဘောဆောင်သည့် သဘောထားများ၊ ဂျန်ဒါ အခန်းကဏ္ဍများနှင့် ပတ်သက်၍ လူမှုအသိုင်းအဝိုင်း၏ ခံယူချက်များနှင့် မျှော်လင့်ချက်များ၊ ဂျန်ဒါကွဲပြားမှုများအပေါ် အခြေခံ၍ အခြားသူတစ်ဦးကို ထိန်းချုပ်ခြင်း သို့မဟုတ် လွှမ်းမိုးခြင်း။

(ခ) ဂျန်ဒါများကြားရှိ ညီမျှသော အာဏာပါဝါဆက်ဆံရေး၊ အချို့သော ဂျန်ဒါ ဖြစ်တည်မှုများ သို့မဟုတ် ဂျန်ဒါ အသွင်အပြင် ဖော်ပြမှုများအပေါ် အပျက်သဘောဆောင်သည့် သဘောထားများ၊ ဂျန်ဒါ အခန်းကဏ္ဍများနှင့် ပတ်သက်၍ လူမှုအသိုင်းအဝိုင်း၏ ခံယူချက်များနှင့် မျှော်လင့်ချက်များ၊ ဂျန်ဒါကွဲပြားမှုများအပေါ် အခြေခံ၍ အခြားသူတစ်ဦးကို ထိန်းချုပ်ခြင်း သို့မဟုတ် လွှမ်းမိုးခြင်း။

(ဂ) ဂျန်ဒါကွဲပြားမှုများအပေါ် အခြေခံ၍ အခြားသူတစ်ဦးကို ထိန်းချုပ်ခြင်း သို့မဟုတ် လွှမ်းမိုးခြင်း၊ ဂျန်ဒါများကြားရှိ မညီမျှသော အာဏာပါဝါဆက်ဆံရေး၊ ကွဲပြားသော ဂျန်ဒါ ဖြစ်တည်မှုများ သို့မဟုတ် ဂျန်ဒါ အသွင်အပြင် ဖော်ပြမှုများအပေါ် လက်ခံသည့် သဘောထားများ၊ ဂျန်ဒါ အခန်းကဏ္ဍများနှင့် ပတ်သက်၍ လူမှုအသိုင်းအဝိုင်း၏ ခံယူချက်များနှင့် မျှော်လင့်ချက်များ။

(ဃ) ဂျန်ဒါ အခန်းကဏ္ဍများနှင့် ပတ်သက်၍ လူမှု အသိုင်းအဝိုင်း၏ ခံယူချက်များနှင့် မျှော်လင့်ချက်များ၊ ဂျန်ဒါများကြားရှိ မညီမျှသော အာဏာပါဝါဆက်ဆံရေး၊ အချို့သော ဂျန်ဒါ ဖြစ်တည်မှုများ သို့မဟုတ် ဂျန်ဒါ အသွင်အပြင် ဖော်ပြမှုများအပေါ် အပျက်သဘော ဆောင်သော သဘောထားများ၊ မတူညီသော ဂျန်ဒါ ရှိသူများကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။

၁၉။ လူများကို အတင်းအဓမ္မ အလုပ်စေခိုင်းခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း အခြေအနေသို့ ပို့ဆောင်ခြင်းနှင့် အတင်းအကျပ် ပို့ဆောင်ခြင်းမှာ –

(က) အတင်းအကျပ် လက်ထပ်ခိုင်းခြင်း။

(ခ) ရင်းနှီးသော လက်တွဲဖော်၏ အကြမ်းဖက်မှု

(ဂ) လူကုန်ကူးမှု

(ဃ) အိမ်တွင်းအကြမ်းဖက်မှု

၂၀။ အောက်ဖော်ပြပါ စာရင်းများထဲမှ မည်သည့်တစ်ခုသည် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုကို တိုက်ဖျက်စေနိုင်သည့် လုပ်ဆောင်ချက်များမှ တစ်ခုဖြစ်ပါသလဲ။

(က) GBV မှ ရှင်သန်လွတ်မြောက်သူများအတွက် ဝန်ဆောင်မှုများ ထောက်ပံ့ခြင်း၊ GBV မှ ရှင်သန် လွတ်မြောက်သူများ၏ စကားကို နားထောင်ခြင်း၊ GBV ပြဿနာများအကြောင်း ပညာပေးခြင်း၊ ဂျန်ဒါတန်းတူ ညီမျှမှုကို မြှင့်တင်ခြင်း၊ အကြမ်းဖက်မှုကို အထောက်အကူဖြစ်စေသော ရိုးရာစံနှုန်းများကို ပြောင်းလဲရန် ကြိုးပမ်းခြင်း၊ GBV ကို ကိုင်တွယ် ဖြေရှင်းသော မူဝါဒများအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ GBV ပုံစံများအားလုံးကို ဆန့်ကျင်ပြောဆိုခြင်း။

(ခ) GBV ပြဿနာများအကြောင်း ပညာပေးခြင်း၊ ဂျန်ဒါ တန်းတူညီမျှမှုကို ဆန့်ကျင်ခြင်း၊ အကြမ်းဖက်မှုကို အထောက်အကူဖြစ်စေသော ရိုးရာစံနှုန်းများကို ပြောင်းလဲရန် ကြိုးပမ်းခြင်း၊ GBV ကို ကိုင်တွယ် ဖြေရှင်းသော မူဝါဒများအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ GBV မှ ရှင်သန်လွတ်မြောက်သူများအတွက် ဝန်ဆောင်မှုများထောက်ပံ့ခြင်း၊ GBV မှ ရှင်သန် လွတ်မြောက်သူများ၏ စကားကို နားထောင်ခြင်း၊ GBV ပုံစံများအားလုံးကို ဆန့်ကျင်ပြောဆိုခြင်း။

(ဂ) ဂျန်ဒါတန်းတူညီမျှမှုကို မြှင့်တင်ခြင်း၊ GBV ပြဿနာများ အကြောင်း ပညာပေးခြင်း၊ အကြမ်းဖက်မှုကို အထောက်အကူဖြစ်စေသော ရိုးရာစံနှုန်းများကို ဆက်လက် ထောက်ခံနေခြင်း၊ GBV ကို ကိုင်တွယ်ဖြေရှင်းသော မူဝါဒများအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ GBV မှ ရှင်သန်လွတ်မြောက်သူများအတွက် ဝန်ဆောင်မှုများ ထောက်ပံ့ခြင်း၊ GBV မှ ရှင်သန်လွတ်မြောက်သူများ၏ စကားကိုနားထောင်ခြင်း၊ GBV ပုံစံများအားလုံးကို ဆန့်ကျင်ပြောဆိုခြင်း။

(ဃ) GBV ပုံစံများအားလုံးကို ဆန့်ကျင်ပြောဆိုခြင်း၊ GBV ပြဿနာများအကြောင်း ပညာပေးခြင်း၊ ဂျန်ဒါတန်းတူ ညီမျှမှုကို မြှင့်တင်ခြင်း၊ အကြမ်းဖက်မှုကို အထောက်အကူ ဖြစ်စေသော ရိုးရာစံနှုန်းများကို ပြောင်းလဲရန် ကြိုးပမ်းခြင်း၊ GBV ကို ကိုင်တွယ်ဖြေရှင်းသော မူဝါဒများအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ GBV မှ ရှင်သန်လွတ်မြောက်သူ များ၏ အသံကို နှုတ်ဆိတ်စေခြင်း၊ GBV မှ ရှင်သန် လွတ်မြောက်သူများအတွက် ဝန်ဆောင်မှုများ ထောက်ပံ့ခြင်း။

၂၁။ လူတစ်ယောက်၏ အတွင်းသဘောဆန်သည့် ကျားဖြစ်မှု၊ မဖြစ်မှု၊ နှစ်မျိုးစလုံးဖြစ်မှု၊ နှစ်မျိုးစလုံးမဖြစ်မှု သို့မဟုတ် အခြားသော ဂျန်ဒါတစ်ခုခုကို သတ်မှတ်ခြင်းသည် –

(က) လိင်စိတ်တိမ်းညွှတ်မှု

(ခ) ထရန်စ်ဂျန်ဒါ

(ဂ) ဂျန်ဒါခံယူမှု

(ဃ) ဂျန်ဒါအသွင်အပြင် ဖော်ပြမှု

၂၂။ အောက်ပါဖော်ပြချက်များမှ တစ်ခုသည် SOGIE နှင့် LGBTIQ တို့နှင့် ပတ်သက်ပြီး မှန်ကန်သော ဖော်ပြချက် ဖြစ်ပါသလဲ။
(က) SOGIE သည် LGBTIQ မူဘောင်နှင့် ကိုက်ညီပါသည်။
(ခ) SOGIE နှင့် LGBTIQ တွင် တူညီသော အဓိပ္ပာယ်ရှိသည်။
(ဂ) LGBTIQ နှင့် SOGIE တို့သည် မသက်ဆိုင်ပါ။
(ဃ) LGBTIQ သည် SOGIE မူဘောင်နှင့် ကိုက်ညီပါသည်။

၂၃။ ဂျန်ဒါနှင့် ပတ်သက်သော "ဒွိ" သဘောတရားက ဘာကို ဆိုလိုပါသလဲ။
(က) လူတစ်ဦးချင်းစီ၏ ဂျန်ဒါဖြစ်တည်မှုသည် သူတို့၏ ဇီဝလိင်နှင့် ကွဲပြားသည်။
(ခ) လူ့အဖွဲ့အစည်းတွင် ဂျန်ဒါ ဖြစ်တည်မှု တစ်ခုတည်းကသာ ပါဝါအားလုံးရှိသည်။
(ဂ) မိမိ၏ ကိုယ်ပိုင်ဂျန်ဒါနှင့် အခြားဂျန်ဒါများအပေါ် တိမ်းညွတ်မှု ရှိသည့်သူ။
(ဃ) အမျိုးသမီး သို့မဟုတ် အမျိုးသား ဂျန်ဒါဖြစ်တည်မှု နှစ်မျိုးသာ ရှိသည်။

၂၄။ မခင်သည် ယောက်ျားနှင့် အိမ်ထောင်ကျသော်လည်း တစ်ခါတစ်ရံ မိန်းမများအပေါ် တိမ်းညွတ်မှုရှိသည်။ ၎င်း၏ ဥပမာမှာ -
(က) ဂျန်ဒါခံယူမှု
(ခ) လိင်စိတ်တိမ်းညွတ်မှု
(ဂ) ဂျန်ဒါအသွင်အပြင် ဖော်ပြမှု
(ဃ) လိင်ဝိသေသလက္ခဏာရပ်များ

၂၅။ ကျော်ထွန်းသည် ထရန်စ်ဂျန်ဒါ အမျိုးသားတစ်ဦးဖြစ်သည်။ သူသည် အမြင်အာရုံ ချို့ယွင်းနေပြီး ထောက်ပံ့ရေး ဝန်ဆောင်မှုများထံမှ အကူအညီများ ရယူရန် ခက်ခဲနေသည်မှာ ထရန်စ်ဂျန်ဒါများအပေါ် နားလည်မှု မရှိခြင်းနှင့် ခွဲခြားဆက်ဆံမှု ရှိခြင်းကြောင့်ဖြစ်သည်။ ၎င်းဖြစ်ရပ်အတွက် ပေါင်းဆုံသည့် အခြေအနေ၏ ဥပမာမှာ -
(က) ဂျန်ဒါခံယူမှုနှင့် မသန်စွမ်းမှု
(ခ) လိင်စိတ်တိမ်းညွတ်မှုနှင့် မသန်စွမ်းမှု
(ဂ) လိင်စိတ်တိမ်းညွတ်မှုနှင့် ဘာသာရေး
(ဃ) လိင်အသွင်အပြင် ဖော်ပြမှုနှင့် တိုင်းရင်းသား လူမျိုးစုဖြစ်မှု

၂၆။ ဘဏ်တစ်ခုသည် အမျိုးသမီးများအား ၎င်းတို့၏ ခင်ပွန်း ခွင့်ပြုချက်မရှိပါက ဘဏ်စာရင်းကို ဖွင့်ခွင့်မပြုပါ။ ဘဏ်၏ မူဝါဒသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားထားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (စီဒေါ) မှ မည်သည့် အပိုဒ်ကို ချိုးဖောက်ပါသလဲ။
(က) ပုံသေသတ်မှတ်ချက်များနှင့် ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများ
(ခ) ကျေးလက်နေ အမျိုးသမီး
(ဂ) စီးပွားရေးနှင့် လူမှုဘဝ
(ဃ) နိုင်ငံရေးနှင့် အများပြည်သူဆိုင်ရာ ဘဝ

၂၇။ အောက်ဖော်ပြပါ စာရင်းများထဲမှ တစ်ခုသည် ဖီးမီးနစ်စ်ဝါဒ၏ အဓိက အင်္ဂါရပ်များ ဖြစ်ပါသလဲ။
(က) တန်းတူညီမျှမှုကို လက်ခံကျင့်သုံးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ အမျိုးသမီးများကိုသာ အဓိကထားခြင်း၊ ဖိုဝါဒကြီးစိုးမှုဆိုင်ရာ တည်ဆောက်ထားမှုများကို ဝေဖန်ခြင်း၊ လူမှုရေးနှင့် ဥပဒေပြောင်းလဲမှုအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ကမ္ဘာ့တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းရှိ လှုပ်ရှားမှုများကြား စည်းလုံး ညီညွတ်မှုရှိခြင်း။
(ခ) ကမ္ဘာ့တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းရှိ လှုပ်ရှားမှု များကြား စည်းလုံးညီညွတ်မှုရှိခြင်း၊ တန်းတူညီမျှမှုကို လက်ခံကျင့်သုံးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ Intersectionality သဘောတရားကို အသိအမှတ်ပြုခြင်း၊ ဖိုဝါဒကြီးစိုးမှုဆိုင်ရာ တည်ဆောက်ထားမှုများကို ဝေဖန်ခြင်း၊ လူမှုရေးနှင့် တရားရေးဆိုင်ရာ အပြောင်းအလဲကို ဆန့်ကျင်ခြင်း။
(ဂ) စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ တန်းတူညီမျှမှုကို လက်ခံ ကျင့်သုံးခြင်း၊ Intersectionality သဘောတရားကို အသိအမှတ်ပြုခြင်း၊ ဖိုဝါဒကြီးစိုးမှုဆိုင်ရာ တည်ဆောက် ထားမှုများကို ဆက်ထိန်းထားခြင်း၊ လူမှုရေးနှင့် ဥပဒေ ပြောင်းလဲမှုအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ကမ္ဘာ့ တောင်ဘက်ခြမ်းနှင့်မြောက်ဘက်ခြမ်းရှိ လှုပ်ရှားမှုများကြား စည်းလုံးညီညွတ်မှုရှိခြင်း။
(ဃ) Intersectionality သဘောတရားကို အသိအမှတ်ပြုခြင်း၊ တန်းတူညီမျှမှုကို လက်ခံကျင့်သုံးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ဖိုဝါဒကြီးစိုးမှုဆိုင်ရာ တည်ဆောက်ထားမှု များကို ဝေဖန်ခြင်း၊ လူမှုရေးနှင့် ဥပဒေ ပြောင်းလဲမှုအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ကမ္ဘာ့တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းရှိ လှုပ်ရှားမှုများကြား စည်းလုံး ညီညွတ်မှုရှိခြင်း။

၂၈။ ပြည်တွင်းစစ် ပြီးဆုံးပြီးနောက် ယခုလက်ရှိ နိုင်ငံ တစ်နိုင်ငံသည် ပြည်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးသည့် တည်ငြိမ်သော နိုင်ငံရေးနှင့် တရားမျှတမှုစနစ်ရှိသည်။ လူမှုရေးနှင့် နိုင်ငံရေး ပဋိပက္ခများ ရှိနေသေးသော်လည်း အကြမ်းဖက်မှု မရှိဘဲ ဖြေရှင်းနိုင်ခဲ့သည်။ ၎င်းကို အကောင်းဆုံး ဖော်ပြနိုင်သည်မှာ -
(က) ပြီးပြည့်စုံသော ငြိမ်းချမ်းရေး

(ခ) မပြည့်စုံသော ငြိမ်းချမ်းရေး
(ဂ) ငြိမ်းချမ်းရေး ထိန်းသိမ်းမှု
(ဃ) ပြဌာန်းအသက်သွင်းထားသော ငြိမ်းချမ်းရေး

၂၉။ အောက်ဖော်ပြပါ စာရင်းများထဲမှ တစ်ခုသည် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (UNSCR ၁၃၂၅) ၏ မဏ္ဍိုင်လေးခုမှ တစ်ခုဖြစ်ပါသလဲ။

(က) ပါဝင်မှု၊ ဖိုဝါဒကြီးစိုးမှု၊ ကြိုတင်ကာကွယ်ပေးမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး။
(ခ) ကြိုတင်ကာကွယ်ပေးမှု၊ ပါဝင်မှု၊ ကာကွယ်ပေးမှု၊ လက်နက်ဖျက်သိမ်းရေး။
(ဂ) ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ကြိုတင်ကာကွယ်ပေးမှု၊ ပါဝင်မှု၊ ကာကွယ်ပေးမှု။
(ဃ) ပါဝင်မှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ကာကွယ်ပေးမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး။

၃၀။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ပြန်လည်စတင်သည့် လက်နက်ကိုင် ပဋိပက္ခများတွင် သဘောတူညီချက်များ ရရှိပြီးနောက် သဘောတူညီချက်များကို အကောင်အထည်ဖော်ပြီးပါက ၎င်းနှင့် ဆက်စပ်နေသည်မှာ -

(က) ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ ငွေများ ပိုမိုသုံးစွဲခြင်း။
(ခ) ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာခြင်း။
(ဂ) စစ်တပ်အဖွဲ့များ အမျိုးသမီးများကို ပိုမို ခန့်လာခြင်း။
(ဃ) နိုင်ငံရေး ခေါင်းဆောင်မှု ရာထူးတွေမှာ အမျိုးသမီးများ ပိုများလာခြင်း။

# ဂျန်ဒါကို စူးစမ်းလေ့လာခြင်း - နောက်ဆုံးလုပ်ရမည့် ပရောဂျက်များ

ဤသင်တန်းအတွက် နောက်ဆုံးလုပ်ရမည့် ပရောဂျက်များအတွက် အိုင်ဒီယာအချို့ ဖြစ်ပါသည်။ တစ်ဦးချင်းအလိုက် လုပ်ရမည့် ပရောဂျက် အချို့နှင့် အဖွဲ့လိုက်လုပ်ရမည့် ပရောဂျက်အချို့ ရှိပါသည်။ သင်၏ ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ နားလည်မှုအဆင့်များပေါ် မူတည်၍ သူတို့သည် ၎င်းပရောဂျက်များထဲမှ တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသော ပရောဂျက်များကို ရွေးချယ်နိုင်သည် သို့မဟုတ် သင့်အနေဖြင့် သူတို့အတွက် ဖြစ်နိုင်သည့် ပရောဂျက်များနှင့် ခေါင်းစဉ်များကို ခွဲဝေပေးနိုင်သည်။

## စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ပရောဂျက်

၁။ အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် သူတို့၏ ရပ်ရွာလူထုနှင့် ဆက်စပ်သော သုတေသနပြုရန်အတွက် အားလုံးသဘောတူထားသည့် ဂျန်ဒါဆိုင်ရာ ပြဿနာတစ်ခုကို ခွဲခြားသတ်မှတ်ရမည်။ သူတို့၏ ရပ်ရွာလူထုနှင့် ဆက်စပ်ပြီး ထည့်သွင်းစဉ်းစားထားသည့် ဂျန်ဒါဆိုင်ရာ ပြဿနာများတွင် ပါဝင်သည်မှာ –

- ပညာရေး
- ကျန်းမာရေး
- အခွင့်အရေး
- ခေါင်းဆောင်မှု
- ကိုယ်စားပြုမှု
- လုပ်ငန်းခွင်များ
- လုပ်ခလစာ
- ရာသီဥတု ဖောက်ပြန်မှု
- ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ
- ဂျန်ဒါအခြေပြု အကြမ်းဖက်မှု

၂။ သူတို့သည် သူတို့ရွေးချယ်ထားသော ဂျန်ဒါဆိုင်ရာ ပြဿနာတစ်ခုအကြောင်း အသိပညာပေးရန် ကျောင်းများ သို့မဟုတ် ရပ်ရွာလူထုအတွင်း လုပ်ဆောင်နိုင်သည့် အသိပညာပေးရေး ပရောဂျက်တစ်ခုကို ဆွေးနွေးပြီး၊ အစီအစဉ် ရေးဆွဲရမည်။ သူတို့ကို ဤကဲ့သို့ လုပ်ဆောင်မှု ရှိ၊ မရှိကို စစ်ဆေးရမည်။

- သူတို့သည် စည်းရုံးလှုံ့ဆော်မည့် ပြဿနာအတွက် အလားအလာရှိသော ဖြေရှင်းချက်အချို့ကို ဖော်ထုတ်ရမည်။
- သူတို့၏ ပရောဂျက်သည် တိတိကျကျ ဖြစ်ရမည်ဖြစ်ပြီး ရပ်ရွာလူထုနှင့် သက်ဆိုင်သင့်သည်။

**မှတ်ချက်။** သူတို့သည် သူတို့၏ ခေါင်းစဉ်နှင့် ပတ်သက်ပြီး မည်သို့ အသိပညာပေးရမည်ကို သိရှိနားလည်နေပြီး၊ သင့်အား ရှင်းပြနိုင်ရန် အတွက် သေချာနေစေရန် လိုအပ်သည်။ သူတို့၏ ပရောဂျက်သည် သင်တန်းတွင် ဖော်ထုတ်ထားသည့် စိတ်ကူးများကို ရည်ညွှန်းသင့်ကြောင်း သူတို့ကို သတိပေးပါ။

၃။ သူတို့၏ စည်းရုံးရေးဆိုင်ရာ ပရောဂျက်တွင် ပါဝင်ရမည်မှာ –

- စကားပြောခြင်း
- ဆလိုက်များ
- ပိုစတာများ
- ဗီဒီယိုများ
- ဂီတ
- ပြဇာတ်များ
- ပဟေဠိများ
- ပရိသတ်အတွက် မေးခွန်းများ
- ပရိသတ်ထံမှ မေးခွန်းများ

၄။ သူတို့သည် သူတို့၏ ပရောဂျက်ကို ရေးဆွဲပြီးသောအခါ သင့်အနေဖြင့် ကြည့်ရှုရန်အတွက် သူတို့အား လေ့ကျင့်ခိုင်းပြီး၊ တိုးတက်ကောင်းမွန်ရန်အတွက် အကြံပြုချက်များကို လိုအပ်သလိုပေးပါ။

၅။ သူတို့သည် သူတို့၏ စည်းရုံးလှုံ့ဆော်မှုပရောဂျက်ကို တင်ပြနိုင်ရန် အုပ်စုများအတွက် အတန်း၊ ကျောင်း သို့မဟုတ် ရပ်ရွာလူထုတွင် အချိန်နှင့် နေရာကို စီစဉ်ကြရမည်။

- ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများနှင့် သူတို့တွင် ၎င်းပြဿနာများကို ဖြေရှင်းရန်အတွက် အစီအစဉ်တစ်ခု ရှိနေရမည်ကို သတိထားပါ။

# သုတေသန ပရောဂျက်

**မှတ်ချက်။** ဤပရောဂျက်သည် ပိုမိုတောင်းဆိုနိုင်ခြေရှိပြီး ယခင် သုတေသနအတွေ့အကြုံရှိသည့် သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်း အတွေ့အကြုံရှိသည့် ကျောင်းသားများနှင့် ကိုက်ညီနိုင်ပါသည်။ ၎င်းသည် လူများနှင့် ဆက်ဆံပြောဆိုသည့် ကျွမ်းကျင်မှုနှင့် အခြေခံ သုတေသန ကျွမ်းကျင်မှုအချို့ လိုအပ်ပါသည်။

၁။ အုပ်စုလိုက်အနေဖြင့် ကျောင်းသားများသည် သူတို့၏ ရပ်ရွာလူထုနှင့် ဆက်စပ်၍ အသေးစား သုတေသန ပရောဂျက်တစ်ခုကို လုပ်ဆောင်နိုင်သည့် သင်တန်းမှ ဂျန်ဒါ အကြောင်းအရာ ခေါင်းစဉ်ကို သတ်မှတ်ရွေးချယ်ရမည်။
- ပညာရေး
- ကျန်းမာရေး
- အခွင့်အရေး
- ခေါင်းဆောင်မှု
- ကိုယ်စားပြုမှု
- လုပ်ငန်းခွင်များ
- လုပ်ခလစာ
- ရာသီဥတု ဖောက်ပြန်မှု
- ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ
- ဂျန်ဒါအခြေပြု အကြမ်းဖက်မှု

**မှတ်ချက်။** ဤအကြောင်းအရာနှင့် ပတ်သက်၍ သုတေသန ပြုလုပ်ရန် သူတို့သည် ပြဿနာနှင့် ပတ်သက်၍ မတူညီသော ဂျန်ဒါ အမြင်ရှုထောင့်များကို ပေးနိုင်သူများနှင့် အင်တာဗျူးအချို့ ပြုလုပ်ရန် လိုအပ်ပါသည်။

သူတို့သည် သုတေသန၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ အင်တာဗျူးသူတိုင်းကို ရှင်းလင်းပြတ်သားစွာ အသိပေးရမည်ဖြစ်ပြီး ထိုလူများကို သုတေသနတွင် မည်သည့်နည်းဖြင့်မျှ ဖော်ထုတ်မည် မဟုတ်ကြောင်းကို အသိပေးရမည်။ ဥပမာအားဖြင့် သူတို့၏ တင်ပြချက် သို့မဟုတ် အစီရင်ခံစာတွင် သုတေသန၌ ပါဝင်သူများ၏ အမည်များထက် နံပါတ်များကို ပေးရမည်ဖြစ်သည်။

၂။ သူတို့သည် စဉ်းစားထားသည့် ဂျန်ဒါဆိုင်ရာ ပြဿနာ၊ ရပ်ရွာ လူထုအတွင်းရှိ အခြေအနေ၊ ကွဲပြားသောအမြင်များနှင့် ပါဝင်သူများက ပြောဆိုထားသည့် ပြဿနာကို ဖြေရှင်းရန် အတွက် ဖြစ်နိုင်သော နည်းလမ်းများကို အကြမ်းရေးဆွဲ ကြရမည်။ သူတို့သည် အသေးစား သုတေသန ပရောဂျက် တစ်ခု လုပ်ဆောင်ရန်အတွက် နောက်ထပ် လမ်းညွှန်ချက် အချို့ လိုအပ်ပါက သူတို့သည် ဤသို့သော အရင်းအမြစ်များ သို့မဟုတ် အလားတူ အရင်းအမြစ်များကို ကိုးကားနိုင်သည်။
- Mote Oo Education မှ သုတေသန ကျွမ်းကျင်မှု စာအုပ်ကို https://moteoo.org/en/ life-and-learning-skills တွင် ရယူနိုင်ပါသည်။
- Tea Leaf Center မှ သင်ကြားသော "သုတေသန အခြေခံမှုများ" အွန်လိုင်းသင်တန်း https://edu.thetealeafcenter.org/courses/fundamentals-of-research/

၃။ သူတို့သည် အင်တာဗျူးများ၊ ဆာဗေးများနှင့် အွန်လိုင်း NGO အစီရင်ခံစာများကဲ့သို့ အခြားသော အရင်းအမြစ်များ မှတဆင့် သူတို့၏ ခေါင်းစဉ်နှင့် သက်ဆိုင်သော အချက်အလက်များကို စုဆောင်းရမည်။

၄။ သူတို့သည် အချက်အလက်များကို သုံးသပ်ပြီး ထိုအကြောင်းအရာနှင့် ပတ်သက်သည့် အဓိက တွေ့ရှိချက်များကို ဆွေးနွေးကြရမည်။
- တွေ့ရှိချက်များသည် သူတို့ ကောက်ယူထားသော အချက်အလက်များအပေါ် အခြေခံထားမှု ရှိ၊ မရှိကို စစ်ဆေးပါ။

၅။ သူတို့သည် သူတို့ သုတေသန၏ အဓိက တွေ့ရှိချက်များနှင့် ပတ်သက်ပြီး တင်ပြနိုင်ရန်အတွက် ပြင်ဆင်ကြရမည်။

၆။ သူတို့သည် သူတို့၏ သုတေသနတွေ့ရှိချက်များကို အတန်းထဲတွင် သို့မဟုတ် ရပ်ရွာလူထုထံတွင် တင်ပြကြ ရမည်။

# အနုပညာ ပရောဂျက်

၁။ တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်အနေဖြင့် ကျောင်းသားများသည် ဤသင်တန်းတွင် ဖော်ပြထားသည့် ဂျန်ဒါဆိုင်ရာ ကဏ္ဍတစ်ခု သို့မဟုတ် ဂျန်ဒါဆိုင်ရာ ပြဿနာ သို့မဟုတ် အကြောင်းအရာတစ်ခုကို ကိုယ်စားပြုသည့် အနုပညာ ပရောဂျက်တစ်ခုကို ဒီဇိုင်းဆွဲကြရမည်။ ဥပမာအားဖြင့် –
- တန်းတူညီမျှမှု
- အခွင့်အရေး
- ဖိုးမိုးနစ်စ်ဝါဒ
- ဆိုဂျီ (SOGIE)
- မတူကွဲပြားသော လက္ခဏာရပ်များနှင့် ဖြစ်တည်မှု အခြေအနေများ (Intersectionality)

၂။ သူတို့သည် သူတို့ ပရောဂျက်လုပ်မည့် အနုပညာ အမျိုးအစားကို ဆုံးဖြတ်ကြရမည်။ သူတို့၏ အနုပညာ ပရောဂျက်သည် အောက်ပါပုံစံဖြင့် ဖြစ်နိုင်သည်။
- ပန်းချီဆွဲခြင်း
- ပုံဆွဲခြင်း
- ဂီတ
- အက
- ပန်းပု
- အဝတ်အစား
- သို့မဟုတ် အခြားသော ဖန်တီးမှု

၃။ သူတို့သည် မစခင်တွင် သူတို့၏ အနုပညာ ပရောဂျက်နှင့် သက်ဆိုင်သော စိတ်ကူးများကို သင်နှင့် အရင် ဆွေးနွေးရမည်။
- သူတို့သည် သူတို့၏ အနုပညာ ပရောဂျက်သည် ဂျန်ဒါဆိုင်ရာ ပြဿနာ သို့မဟုတ် အကြောင်းအရာကို မည်သို့ သရုပ်ဖော်ပြမည်ကို ရှင်းပြနိုင်ရန်အတွက် သေချာနေဖို့ လိုအပ်သည်။

၄။ သူတို့သည် သူတို့၏ အနုပညာ ပရောဂျက်ကို ပြီးမြောက်သောအခါ သူတို့၏ ပရောဂျက်ကို ပြသနိုင်သည့် သို့မဟုတ် သရုပ်ဖော်နိုင်သည့် အတန်း၊ ကျောင်း သို့မဟုတ် ရပ်ရွာလူထုတွင် အချိန်နှင့် နေရာကို သတ်မှတ်ကြရမည်။

၅။ အခြားအတန်းဖော်များနှင့်/သို့မဟုတ် ရပ်ရွာလူထုမှ အဖွဲ့ဝင်များကို အနုပညာ ပြပွဲသို့ ဖိတ်ကြားပါ။

# မိမိဘာသာ လေ့လာပြုလုပ်သည့် ပရောဂျက်

၁။ ကျောင်းသားများသည် သူတို့၏ ရပ်ရွာလူထု သို့မဟုတ် နိုင်ငံနှင့် သက်ဆိုင်သော ဂျန်ဒါဆိုင်ရာ ပြဿနာတစ်ခုကို ခွဲခြားသတ်မှတ်ရမည်။
- ဖြစ်နိုင်လျှင် သူတို့သည် သူတို့၏ ခေါင်းစဉ်အကြောင်းကို ဆရာ သို့မဟုတ် ခေါင်းစဉ်အကြောင်းကို ကောင်းစွာ သိရှိထားသူများနှင့် ဆွေးနွေးရမည်။

၂။ သူတို့သည် သူတို့၏ ခေါင်းစဉ်အကြောင်းအရာများကို စာအုပ်များ၊ အစီရင်ခံစာများ၊ အွန်လိုင်းအရင်းမြစ်များမှတဆင့် သို့မဟုတ် ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်ပြီး သိသောသူများကို အင်တာဗျူးခြင်းဖြင့် သုတေသန ပြုကြရမည်။

၃။ သူတို့သည် သူတို့ရွေးချယ်ထားသော ဂျန်ဒါဆိုင်ရာ ပြဿနာ အကြောင်းအရာကို စာစီစာကုံး အတိုရေးခြင်း သို့မဟုတ် ပါဝါပွိုင့်ဆလိုက် တင်ဆက်ခြင်းဖြင့် ပြုလုပ်နိုင်သည်။
- သူတို့၏ ပရောဂျက်သည် ဤသင်တန်းတွင် ဖော်ထုတ်ထားသည့် အရေးကြီးသော အယူအဆ အချို့ကို ထည့်သွင်းစဉ်းစားသင့်သည် သို့မဟုတ် ဖော်ထုတ်သင့်သည်။ ဖြစ်နိုင်ပါက သူတို့သည် ပြဿနာ အတွက် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းနည်း အချို့ကို ဖော်ပြရမည်။

၄။ စာစီစာကုံး/တင်ပြချက်ကို စစ်ဆေးရမည်မှာ –
- သင်တန်းနှင့် ပတ်သက်သည့် ရှင်းလင်းပြတ်သားသော အဓိက အကြံဉာဏ်နှင့် ပံ့ပိုးပေးသည့် အချက်အချို့ ရှိရမည်။
- ဤအကြောင်းအရာများကို တင်ပြရာတွင် အစီအစဉ်တကျ ဖြစ်ရမည်။
- စာအုပ်၊ အစီရင်ခံစာများ၊ အင်တာဗျူးများ စသည်ဖြင့် မတူညီသော အရင်းအမြစ်အချို့ကို ရည်ညွှန်းကိုးကား ရမည်။
- ပြဿနာအကြောင်းအရာကို ပိုမိုကောင်းမွန်ရန်/ ပြောင်းလဲရန်အတွက် နည်းလမ်းတစ်ခု သို့မဟုတ် နည်းလမ်းများကို ချပြရမည်။

# ဂျန်ဒါကို စူးစမ်းလေ့လာခြင်း - နောက်ဆက်တွဲ (အပိုဆောင်း လုပ်ငန်းစဉ်အတွက် လက်ကမ်းစာစောင်များ)

## အပိုဆောင်း လုပ်ငန်းစဉ် ၁.၁ - အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အချင်းချင်း သင်ကြားပေးပါ။

၁။ **လိင်**ဆိုသည်မှာ လူတွေကို အမျိုးသမီး သို့မဟုတ် အမျိုးသားဟု သတ်မှတ်သည့် ဇီဝဆိုင်ရာ ဝိသေသလက္ခဏာများကို ရည်ညွှန်းသည်။ *(သင်တန်းလက်စွဲ၊ National Commission for Women and Children, Royal Government of Bhutan 2020)*

၂။ **လိင်**သည် လူကို အမျိုးသမီး သို့မဟုတ် အမျိုးသားဟု သတ်မှတ်သည့် ဇီဝနှင့် ဇီဝကမ္မဆိုင်ရာ ဝိသေသလက္ခဏာများကို ရည်ညွှန်းသည်။ အမျိုးသား၊ အမျိုးသမီး ဝိသေသလက္ခဏာနှစ်မျိုးစလုံး ရှိသူများ ရှိခြင်းကြောင့် ၎င်းဇီဝဆိုင်ရာ ဝိသေသလက္ခဏာများသည် အမျိုးသား၊ အမျိုးသမီးဆိုပြီး သီးသန့်မရှိနေပါ။ သို့သော်လည်း ၎င်းဝိသေသလက္ခဏာများကို ကြည့်ပြီး လူသားများကို အမျိုးသမီး သို့မဟုတ် အမျိုးသားများအဖြစ် ခွဲခြားလေ့ရှိကြသည်။ *(European Institute for Gender Equality)*

၃။ **လိင်**သည် အမျိုးသားနှင့် အမျိုးသမီးကြား ဇီဝဗေဒဆိုင်ရာ ကွဲပြားချက်များ (ဥပမာ – သားဥအိမ်၊ လိင်အင်္ဂါများ၊ ခရိုမိုဇုန်းများ၊ ဟော်မုန်းများ) ကို ရည်ညွှန်းသည်။ *(Council of Europe 2016)*

၄။ ဇီဝ**လိင်**ဆိုသည်မှာ မျိုးပွားမှုဆိုင်ရာ ခန္ဓာဗေဒ၊ ခရိုမိုဇုန်းများ၊ ဟော်မုန်းများနှင့် ဒုတိယအဆင့် လိင်ဝိသေသလက္ခဏာရပ်များ ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝကမ္မဆိုင်ရာ ဝိသေသလက္ခဏာရပ်များအပေါ် အခြေခံ၍ လူသားများအပါအဝင် သက်ရှိ သတ္တဝါများကို အထီး၊ အမ အနေဖြင့် အမျိုးအစား ခွဲခြားခြင်းကို ရည်ညွှန်းသည်။ ဇီဝလိင်ကို ပုံမှန်အားဖြင့် လိင်အင်္ဂါများ ကဲ့သို့သော မြင်ရသည့် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများပေါ်တွင် အခြေခံ၍ မွေးရာပါလိင်ကို မျိုးရိုးဗီဇ၊ ဟော်မုန်းနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာ အချက်များနှင့် ပေါင်းစပ်ပြီး ဆုံးဖြတ်ကြသည်။ ဇီဝလိင်သည် အမြဲတမ်း ၂ ခုပဲ မဟုတ်ကြောင်း သိထားရန် အရေးကြီးသည်။ အချို့သော လူများသည် intersex များ ဖြစ်ကောင်း ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ ၎င်းတို့တွင် မျိုးပွားမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခန္ဓာဗေဒသည် အမျိုးသား သို့မဟုတ် အမျိုးသမီးဆိုင်ရာ လိင်ဝိသေသလက္ခဏာရပ်များနှင့် မကိုက်ညီသောကြောင့်ဖြစ်သည်။ *(Chat GPT, 20/02/24)*

(က) **ဂျန်ဒါ**ကို ဇီဝလိင်အနေဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါ။ လူတစ်ယောက်၏ ဂျန်ဒါသည် ထိုသူ၏ လိင်နှင့် ထပ်တူကျနိုင် သလို၊ ထပ်တူမကျနိုင်သည်လည်း ရှိသည်။ ဂျန်ဒါသည် ဖြစ်တည်မှု ဝိသေသလက္ခဏာနှင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အပေါ် မည်သို့ ခံစားသတ်မှတ်ခြင်းဖြစ်သည်။ *(Council of Europe 2016)*

(ခ) **ဂျန်ဒါ**သည် အမျိုးသား သို့မဟုတ် အမျိုးသမီးဖြစ်ခြင်းနှင့် ဆက်နွယ်နေသည့် စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ရည်များနှင့် အခွင့်အလမ်းများကို ဖော်ပြသည်။ အမျိုးသား သို့မဟုတ် အမျိုးသမီးဟူသော လူမှုအဓိပ္ပာယ် ဖွင့်ဆိုချက် များသည် ယဉ်ကျေးမှုများကြားတွင် ကွဲပြားမှုရှိပြီး အချိန်နှင့်အမျှ ပြောင်းလဲနေသည်။ ဂျန်ဒါဆိုသည်မှာ လူမှုအသိုင်းအဝိုင်းမှ တည်ဆောက်ထားသော အခန်းကဏ္ဍများနှင့် ဆက်ဆံရေးများ၊ ကိုယ်ရည်ကိုယ်သွေး စရိုက်များ၊ စိတ်နေသဘောထားများ၊ အပြုအမူများ၊ တန်ဖိုးထားမှုများနှင့် လူ့အဖွဲ့အစည်းမှ လိင်နှစ်မျိုးအပေါ် အခြေခံပြီး သတ်မှတ်ထားသော အာဏာပါဝါနှင့် ဩဇာလွှမ်းမိုးမှုတို့ကို ရည်ညွှန်းသည်။ ဂျန်ဒါဆိုသည်မှာ သင်ယူရပြီး၊ အချိန်နှင့်အမျှ ပြောင်းလဲကာ ယဉ်ကျေးမှုအတွင်းနှင့် ယဉ်ကျေးမှုအနှံ့အပြားတွင် ကွဲပြားစွာ တည်ရှိနေသည့် အရာတစ်ခုဖြစ်သည်။ ဂျန်ဒါသည် ဆက်နွယ်မှုရှိပြီး အမျိုးသမီးများ သို့မဟုတ် အမျိုးသားများကိုသာ ရည်ညွှန်းသည်မဟုတ်ဘဲ ၎င်းတို့ကြားရှိ ဆက်ဆံရေးကိုလည်း ရည်ညွှန်းသည်။ *(သင်တန်း လက်စွဲ၊ National Commission for Women and Children (NCWC) Royal Government of Bhutan 2020)*

(ဂ) **ဂျန်ဒါ**ဆိုသည်မှာ လူ့အဖွဲ့အစည်းက ပေးသော မိန်းကလေး/ယောက်ျားလေး သို့မဟုတ် အမျိုးသား/အမျိုးသမီးတို့၏ လူမှုယဉ်ကျေးမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည်။ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းများသည် မိန်းကလေးများနှင့် ယောက်ျားလေးများအား မည်သို့ ဝတ်ဆင်သင့်သည်၊ သူတို့ကို မည်သို့ ပြုမူဆက်ဆံသင့်သည်နှင့် သူတို့၏ အခွင့်အရေးနှင့် တာဝန်များသည် မည်သို့ ဖြစ်သည်ကို သတ်မှတ်ပေးသည်။ *(Udemy, Fundamentals of gender equality)*

(ဃ) **ဂျန်ဒါ**ဆိုသည်မှာ လူမှုအသိုင်းအဝိုင်းမှ တည်ဆောက်ထားသော အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောက်ျားလေးများ၏ စရိုက်လက္ခဏာများကို ရည်ညွှန်းသည်။ ၎င်းတွင် အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး သို့မဟုတ် ယောက်ျားလေးဖြစ်ခြင်းနှင့် ဆက်စပ်နေသည့် စံနှုန်းများ၊ အပြုအမူများနှင့် အခန်းကဏ္ဍများအပြင် တစ်ဦးနှင့်တစ်ဦး ထားရှိရမည့် လက်တွဲဖော် ဆက်ဆံရေးများလည်း ပါဝင်သည်။ လူမှုအသိုင်းအဝိုင်း၏ တည်ဆောက်မှုတစ်ခုအနေဖြင့် ဂျန်ဒါသည် လူ့အဖွဲ့အစည်းတစ်ခုမှ အခြားလူ့အဖွဲ့အစည်းတစ်ခုအတွင်းတွင် ကွဲပြားမှုများရှိပြီး၊ အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည်။ *(UN Women)*

## အပိုဆောင်း လုပ်ငန်းစဉ် ၂.၁ - အာဆီယံရှိ ဂျန်ဒါတန်းတူညီမျှမှု

**အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ရှိ ၂၀၁၉ ခုနှစ် ဂျန်ဒါတန်းတူညီမျှမှု အခြေအနေ**

- အာဆီယံတွင် အမျိုးသမီး ၅၆% နှင့် အမျိုးသား ၇၉% တို့သည် လုပ်သားအင်အားတွင် ပါဝင်ကြသည်။
- အသက် ၁၅ မှ ၂၄ နှစ် အတွင်းရှိ အမျိုးသမီး ၄% နှင့် အမျိုးသား ၁၃% သည် ကျောင်း သို့မဟုတ် လုပ်ငန်းခွင်တွင် ရှိမနေကြပေ။
- အမျိုးသမီး ၅၈% သည် ၎င်းတို့၏ လက်တွဲဖော်ထက် ဝင်ငွေနည်းကြသည်။
- မွေးဖွားမှု၏ ၃၃% သည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် မရှိဘဲ မွေးကြရသည်။
- အမျိုးသမီး ၄% နှင့် အမျိုးသား ၃% သည် ပညာရေး မပြီးဆုံးကြပါ။
- ပါလီမန်ထိုင်ခုံနေရာများ၏ ၂၀% ကို အမျိုးသမီးများက နေရာယူထားသည်။
- ပုဂ္ဂလိကကဏ္ဍရှိ အလယ်တန်းနှင့် အကြီးတန်းစီမံခန့်ခွဲမှု၏ ၂၄% သည် အမျိုးသမီးများဖြစ်သည်။
- မိန်းကလေး ၁၆% သည် ၁၈ နှစ် မပြည့်မီ လက်ထပ်ကြသည်။
- အမျိုးသမီးနှင့် မိန်းကလေး ၉% သည် ပြီးခဲ့သော ၁၂ လအတွင်း ရင်းနှီးသော လက်တွဲဖော်မှ ရုပ်ပိုင်းဆိုင်ရာနှင့်/ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ကြရသည်။
- အာဆီယံရှိ သုတေသီများ၏ ၄၈% မှာ အမျိုးသမီးများဖြစ်သည်။
- စိုက်ပျိုးမြေ ပိုင်ဆိုင်သူ၏ ၈၅% သည် အမျိုးသားများဖြစ်သည်။

(ASEAN Gender Outlook 2021 ကို အခြေခံ၍)


အပိုဆောင်း လုပ်ငန်းစဉ် ၂.၁ - အာဆီယံရှိ ဂျန်ဒါတန်းတူညီမျှမှု

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ရှိ ၂၀၁၉ ခုနှစ် ဂျန်ဒါတန်းတူညီမျှမှု အခြေအနေ

- အာဆီယံတွင် အမျိုးသမီး ၅၆% နှင့် အမျိုးသား ၇၉% တို့သည် လုပ်သားအင်အားတွင် ပါဝင်ကြသည်။
- အသက် ၁၅ မှ ၂၄ နှစ် အတွင်းရှိ အမျိုးသမီး ၄% နှင့် အမျိုးသား ၁၃% သည် ကျောင်း သို့မဟုတ် လုပ်ငန်းခွင်တွင် ရှိမနေကြပေ။
- အမျိုးသမီး ၅၈% သည် ၎င်းတို့၏ လက်တွဲဖော်ထက် ဝင်ငွေနည်းကြသည်။
- မွေးဖွားမှု၏ ၃၃% သည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် မရှိဘဲ မွေးကြရသည်။
- အမျိုးသမီး ၄% နှင့် အမျိုးသား ၃% သည် ပညာရေး မပြီးဆုံးကြပါ။
- ပါလီမန်ထိုင်ခုံနေရာများ၏ ၂၀% ကို အမျိုးသမီးများက နေရာယူထားသည်။
- ပုဂ္ဂလိကကဏ္ဍရှိ အလယ်တန်းနှင့် အကြီးတန်းစီမံခန့်ခွဲမှု၏ ၂၄% သည် အမျိုးသမီးများဖြစ်သည်။
- မိန်းကလေး ၁၆% သည် ၁၈ နှစ် မပြည့်မီ လက်ထပ်ကြသည်။
- အမျိုးသမီးနှင့် မိန်းကလေး ၉% သည် ပြီးခဲ့သော ၁၂ လအတွင်း ရင်းနှီးသော လက်တွဲဖော်မှ ရုပ်ပိုင်းဆိုင်ရာနှင့်/ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ကြရသည်။
- အာဆီယံရှိ သုတေသီများ၏ ၄၈% မှာ အမျိုးသမီးများဖြစ်သည်။
- စိုက်ပျိုးမြေ ပိုင်ဆိုင်သူ၏ ၈၅% သည် အမျိုးသားများဖြစ်သည်။

(ASEAN Gender Outlook 2021 ကို အခြေခံ၍)

## အပိုဆောင်း လုပ်ငန်းစဉ် ၂.၁ - မြန်မာနိုင်ငံရှိ ဂျန်ဒါတန်းတူညီမျှမှု

၁။ မြန်မာနိုင်ငံလူဦးရေ၏ ဘယ်နှစ်ရာခိုင်နှုန်းသည် အမျိုးသမီး ဖြစ်ပါသလဲ။

(က) ၄၆.၄ % (ခ) ၅၀.၁ % (ဂ) ၅၃.၂ %

၂။ ၂၀၂၀ ရွေးကောက်ပွဲမှာ ရွေးချယ်ခံရသော အမျိုးသမီးရာခိုင်နှုန်း မည်မျှ ရှိပါသလဲ။

(က) ၁၈ % (ခ) ၂၅ % (ဂ) ၄၄ %

၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများတွင် အမျိုးသမီးရာခိုင်နှုန်း မည်မျှ ရှိပါသလဲ။

(က) ၀.၆ % (ခ) ၂.၅ % (ဂ) ၁၃ %

၄။ နိုင်ငံပေါင်း ၁၉၁ နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ဂျန်ဒါမညီမျှမှု ညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် ဘယ်အဆင့်မှာ ရှိပါသလဲ။

(က) ၇၈ (ခ) ၁၀၆ (ဂ) ၁၂၅


## အပိုဆောင်း လုပ်ငန်းစဉ် ၂.၁ - မြန်မာနိုင်ငံရှိ ဂျန်ဒါတန်းတူညီမျှမှု

၁။ မြန်မာနိုင်ငံလူဦးရေ၏ ဘယ်နှစ်ရာခိုင်နှုန်းသည် အမျိုးသမီး ဖြစ်ပါသလဲ။

(က) ၄၆.၄ % (ခ) ၅၀.၁ % (ဂ) ၅၃.၂ %

၂။ ၂၀၂၀ ရွေးကောက်ပွဲမှာ ရွေးချယ်ခံရသော အမျိုးသမီးရာခိုင်နှုန်း မည်မျှ ရှိပါသလဲ။

(က) ၁၈ % (ခ) ၂၅ % (ဂ) ၄၄ %

၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများတွင် အမျိုးသမီးရာခိုင်နှုန်း မည်မျှ ရှိပါသလဲ။

(က) ၀.၆ % (ခ) ၂.၅ % (ဂ) ၁၃ %

၄။ နိုင်ငံပေါင်း ၁၉၁ နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ဂျန်ဒါမညီမျှမှု ညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် ဘယ်အဆင့်မှာ ရှိပါသလဲ။

(က) ၇၈ (ခ) ၁၀၆ (ဂ) ၁၂၅

## အပိုဆောင်း လုပ်ငန်းစဉ် ၂.၃ - ဘာသာတရားများမှ ကိုးကားချက်များ

က။ "လွန်ခဲ့တဲ့ နှစ် ၂၅၀၀ လောက်မှာ ဗုဒ္ဓမြတ်စွာဘုရား ကြွလာတုန်းက ဟောခဲ့တဲ့ လူ့အဖွဲ့အစည်းဟာ အမျိုးသားတွေ ကြီးစိုးတဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်တယ်။ သူ့အနေနဲ့ ဖီးမီးနစ်စ် အမြင်ရှုထောင့်တွေကို အလေးပေး ပြောမယ်ဆိုရင် ဘယ်သူကမှ နားထောင်မှာ မဟုတ်ဘူး။ အရေးကြီးတာက အခုလက်ရှိ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အနှစ်သုံးဆယ်အတွင်းမှာ အဲဒါကို ပြောင်းလဲဖို့ ကျွန်တော်တို့ ကြိုးစားခဲ့တယ်။"

*ဒလိုင်းလားမား*

ခ။ "အမျိုးသားနှင့် အမျိုးသမီးဟာ ထိမ်းမြားလက်ထပ်ခြင်းနှင့် မိသားစုထဲတွင် သာမကပဲ လူ့အဖွဲ့အစည်းထဲတွင်ပါ တူညီသော လူ့ဂုဏ်သိက္ခာဖြင့် ပူးပေါင်းလုပ်ဆောင်ကြရမှာ ဖြစ်တယ်။

*ပုပ်ရဟန်းမင်းကြီး Benedict XVI*

ဂ။ "ကျွန်ုပ်တို့ဟာ အမျိုးသားနှင့် အမျိုးသမီးအနေဖြင့် ငြိမ်းချမ်းစွာ နေထိုင်ရန်အတွက် ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်ထံမှ ခွင့်ပြုချက် ရရှိထားပြီး ဖြစ်ပါတယ်။ အမျိုးသားများသည် ဘုရားသခင်၏ ကရုဏာတော်ဖြင့် အမျိုးသမီးများကို ဆက်ဆံရမယ်လို့ မသင်ယူထားပါဘူး။"

*Imam Johari Abdul Malik, Dar Hijrah Islamic Center*

၁။ ဒလိုင်းလားမား၊ ပုပ်ရဟန်းမင်းကြီး Benedict XVI နှင့် Imam Johari Abdul Malik တို့၏ ရှုမြင်သုံးသပ်ချက်များသည် သူတို့၏ သက်ဆိုင်ရာ ဘာသာရေး အဆုံးအမများ ပို့ချခဲ့သည့် သမိုင်းကြောင်းကို မည်သို့ ထင်ဟပ်စေပါသလဲ။
၂။ ဤပြောကြားချက်များသည် သူတို့၏ ဘာသာရေးအသိုင်းအဝန်းအတွင်းရှိ ထုံးတမ်းစဉ်လာ ဂျန်ဒါအခန်းကဏ္ဍများကို မည်သို့ စိန်ခေါ်နေပါသလဲ။
၃။ ဤဘာသာရေး ခေါင်းဆောင်များသည် သူတို့၏ သွန်သင်ဆုံးမချက်များအတွင်းတွင် ဂျန်ဒါတန်းတူညီမျှမှု ကိစ္စရပ်ကို မည်သို့ ထုတ်ဖော်ဖြေရှင်းခဲ့ပါသလဲ။ ၎င်းသည် သူတို့၏ နောက်လိုက်များအပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိခဲ့ပါသလဲ။
၄။ ဤပြောကြားချက်များသည် သူတို့၏ ဘာသာရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်းတွင် ဂျန်ဒါတန်းတူညီမျှမှုကို မြှင့်တင်ရာတွင် လူတစ်ဦးချင်းစီကို မည်သို့ လမ်းညွှန်မှု ပေးနိုင်ပါသလဲ။
၅။ ဤပြောကြားချက်များသည် ဘဝ၏ အမျိုးမျိုးသော ကဏ္ဍများတွင် အမျိုးသားနှင့် အမျိုးသမီးအကြားရှိ ပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးပုံကို မည်သို့ အလေးပေးထားသည်ကို ဆွေးနွေးပါ။ ဂျန်ဒါတန်းတူညီမျှမှုနှင့် သဟဇာတဖြစ်မှုကို မြှင့်တင်ရန်အတွက် ဤသဘောတရားကို ခေတ်သစ်လူ့အဖွဲ့အစည်းတွင် မည်သို့ အသုံးချနိုင်ပါသလဲ။
၆။ ဘာသာရေးနှင့် ဘာသာရေးခေါင်းဆောင်များသည် အမျိုးသား၊ အမျိုးသမီးနှင့် LGBTIQ များအတွက် တန်းတူညီမျှမှုကို မြှင့်တင်ရာတွင် မည်သည့် အခန်းကဏ္ဍမှ ပါဝင်သင့်ပါသလဲ။

## အပိုဆောင်း လုပ်ငန်းစဉ် ၂.၃ - ဘာသာရေးခေါင်းဆောင်ကို အင်တာဗျူးလုပ်ပါ

**ဂျန်ဒါတန်းတူညီမျှရေးဆိုင်ရာ သဘောထားအမြင်များ**

၁။ ဂျန်ဒါတန်းတူညီမျှရေးဆိုင်ရာ သဘောတရားကို သင် မည်သို့ နားလည်ပါသလဲ။

၂။ အထူးသဖြင့် မြန်မာနိုင်ငံရှိ ဘာသာရေး ဓလေ့ထုံးတမ်းများတွင် ဂျန်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ သင်၏ အမြင်က ဘယ်လိုရှိပါသလဲ။

၃။ ဂျန်ဒါပုံသေသတ်မှတ်ချက်များသည် မြန်မာနိုင်ငံရှိ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အမျိုးသမီးများနှင့် အမျိုးသားများ ပါဝင်မှုကို မည်သို့ သက်ရောက်မှု ရှိပါသလဲ။

၄။ မြန်မာနိုင်ငံရှိ ဘာသာရေး အခမ်းအနားများနှင့် ဓလေ့ထုံးတမ်းများတွင် အမျိုးသမီးများသည် မည်ကဲ့သို့ အခန်းကဏ္ဍများကို ထမ်းဆောင်ရပါသလဲ။ ဘာသာရေး အဆုံးအမများတွင် အမျိုးသမီးများ ပါဝင်မှုကို အဟန့်အတားဖြစ်စေသည့် ကန့်သတ်ချက်များ ရှိပါသလား။

**LGBTIQ များအပေါ် ယဉ်ကျေးမှုနှင့် ဘာသာရေးအရ လွှမ်းမိုးမှုများ**

၅။ မြန်မာနိုင်ငံတွင် ကျင့်သုံးသည့် သင်၏ ဘာသာတရားသည် လက်ထက်ထိမ်းမြားခြင်းနှင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများတွင် ပါဝင်မှုကဲ့သို့သော အခြေအနေများ၌ LGBTIQ အဖြစ် သတ်မှတ်ထားသော လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် လက်ခံမှုအပေါ် မည်ကဲ့သို့ ကိုင်တွယ်ဆောင်ရွက်ပါသလဲ။

၆။ LGBTIQ အသိုင်းအဝိုင်း၏ အခွင့်အရေးများနှင့် ပါဝင်မှုကို ပံ့ပိုးပေးသည့် သို့မဟုတ် အသိအမှတ်ပြုသည့် သင်၏ ဘာသာတရား အဆုံးအမ သို့မဟုတ် တိကျသော ကျမ်းဂန်များ ရှိပါသလား။ ရှိပါက ဥပမာများ သို့မဟုတ် စဉ်းစားတွေးခေါ်ချက်များကို ပေးနိုင်ပါသလား။

၇။ သင်၏ ဘာသာရေး အဆုံးအမများနှင့် အလေ့အထများသည် ၎င်းတို့ ရင်ဆိုင်ရနိုင်သည့် ကန့်သတ်ချက်များ သို့မဟုတ် စိန်ခေါ်မှုများ အပါအဝင် LGBTIQ အသိုက်အဝန်းအပေါ် ထားရှိသည့် ခံယူချက်နှင့် ဆက်ဆံမှုများအပေါ် မည်သို့ လွှမ်းမိုးနိုင်ပါသလဲ။

**စိန်ခေါ်မှုများနှင့် အကြံပြုချက်များ**

၈။ LGBTIQ အသိုက်အဝန်းရှိ လူများ ပါဝင်နိုင်ရန်အတွက် တိုးတက်မှုများ အပါအဝင် မြန်မာနိုင်ငံရှိ ဘာသာရေး အသိုက်အဝန်းတွင် ဂျန်ဒါတန်းတူညီမျှရေးနှင့် ပတ်သက်ပြီး တိုးတက်မှုများကို တွေ့မြင်ရပါသလား။

၉။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ဘာသာရေးနှင့် ဂျန်ဒါခွဲခြားဆက်ဆံမှုအကြား ဆက်နွယ်မှုကို သင် မည်ကဲ့သို့ နားလည်သဘောပေါက်ပါသလဲ။ ယင်းအချက်သည် သင်၏ နားလည်သဘောပေါက်မှုကို မည်သည့် အကြောင်းအရာများက ပုံဖော်ပေးပါသလဲ။

၁၀။ LGBTIQ အသိုက်အဝန်းအတွက် အခွင့်အရေးများနှင့် လက်ခံမှု ရရှိရေး အပါအဝင် မြန်မာနိုင်ငံရှိ ဘာသာရေးဆိုင်ရာ ဓလေ့ထုံးတမ်းများတွင် ဂျန်ဒါတန်းတူညီမျှမှုကို မြှင့်တင်ရန်အတွက် မည်သည့်အရာသည် မရှိမဖြစ် လိုအပ်သည်ဟု ထင်ပါသလဲ။ ဂျန်ဒါတန်းတူညီမျှမှု မြှင့်တင်ရန်အတွက် ကြုံတွေ့နေသည့် အတားအဆီးတွေက ဘာတွေလဲ။

## အပိုဆောင်း လုပ်ငန်းစဉ် ၃.၂ - ယောက်ျားပီသမှုအပေါ် ပတ်ဝန်းကျင်ဆိုင်ရာ လွှမ်းမိုးမှု

ယောက်ျားပီသမှုကို လွှမ်းမိုးသည့် ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရင်းများကို နားလည်ခြင်းသည် ကျွန်ုပ်တို့အား ခွဲခြားဆက်ဆံမှုဆိုင်ရာ အတားအဆီးများကို ချေဖျက်ရန်၊ စာနာနားလည်မှုကို မွေးမြူရန်နှင့် လူတစ်ဦးချင်းစီ၏ စစ်မှန်သော ဂျန်ဒါဖြစ်တည်မှုကို ပံ့ပိုးကူညီပေးသည်။

| ယောက်ျားပီသမှုအပေါ် လွှမ်းမိုးချက်များ | |
|---|---|
| **ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းရင်းများ** | **ဥပမာများ** |
| **ယဉ်ကျေးမှုဆိုင်ရာ –** လိင်၊ ဂျန်ဒါနှင့် လိင်မှုသဘာဝ အတွက် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ။ | ဘာသာရေး၊ ဥပဒေများ၊ မူဝါဒများ၊ မိသားစု ပြုစုပျိုးထောင်ခြင်း၊ မီဒီယာ။ |
| **လူမှုရေး/စီးပွားရေးဆိုင်ရာ –** လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာ အခြေအနေများအတွင်း လည်ပတ်နေသော ယောက်ျားပီသမှုဆိုင်ရာ စံနှုန်းများ။ | ဆင်းရဲမွဲတေမှု၊ လူမျိုးရေး/လိင် အမုန်းပွားမှုဆိုင်ရာ ရာဇဝတ်မှုများ၊ စာသင်ကျောင်းအတွင်း အရင်းအမြစ် မလုံလောက်မှု၊ ကျန်းမာရေး ဝန်ဆောင်မှုများ မလုံလောက်မှု၊ အထောက်အထားမရှိသော မိသားစုများ ပြန်ပို့ခံရမှု အန္တရာယ်၊ အမျိုးသမီးများအတွက် မမျှတသော လုပ်ခလစာ၊ စိတ်ကျန်းမာရေး/စိတ်ဒဏ်ရာ။ |
| **စနစ်တကျ တည်ဆောက်ထားမှုဆိုင်ရာ –** သင့်လျော်သော သို့မဟုတ် မသင့်လျော်သော ယောက်ျားပီသမှုဆိုင်ရာ အသွင်အပြင်များနှင့် ပတ်သက်ပြီး စနစ်တကျ တည်ဆောက်ထားသော အယူအဆများ။ | လူတန်းစားခွဲမှု၊ တတ်စွမ်းနိုင်မှု၊ စနစ်တကျ လူမျိုးရေးခွဲခြားမှု၊ လိင်ခွဲခြားမှု၊ လိင်တူချစ်ခြင်းအပေါ် ရွံရှာမုန်းတီးမှုနှင့် ဖိုဝါဒကြီးစိုးမှု။ |

ယောက်ျားပီသမှုအပေါ် ပတ်ဝန်းကျင်လွှမ်းမိုးမှု၏ ရှင်းလင်းချက်များသည် ယဉ်ကျေးမှု၊ လူမှုရေး သို့မဟုတ် စနစ်တကျ တည်ဆောက်ထားသော အကြောင်းအရာများကို ရည်ညွှန်းပါသလား။ ၎င်းတို့ကို ပုံတွင် ထပ်ထည့်ပါ။

၁။ မိဘအုပ်ထိန်းမှု ပုံစံများနှင့် မျှော်လင့်ချက်များ အပါအဝင် မိသားစုပတ်ဝန်းကျင်သည် ယောက်ျားပီသသော ဝိသေသလက္ခဏာ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် သိသိသာသာ လွှမ်းမိုးပြီး ဂျန်ဒါအခန်းကဏ္ဍများကို ပုံဖော်ပေးပါသည်။

၂။ ဆင်းရဲမွဲတေမှုကြောင့် အခက်အခဲများသည် ငွေကြေးအရ အောင်မြင်မှုနှင့် ထိန်းထားနိုင်မှုအတွက် လူမှု အသိုင်းအဝိုင်း၏ မျှော်လင့်ချက်များနှင့် အခွင့်အလမ်း များကို ပုံဖော်ခြင်းဖြင့် ယောက်ျားပီသသော ဝိသေသ လက္ခဏာအပေါ် သိသိသာသာ လွှမ်းမိုးနိုင်သည်။

၃။ လူတန်းစားအခြေပြု ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှုများသည် အရင်းအမြစ်များနှင့် အခွင့်အလမ်းများ ရရှိရေးအပေါ် လွှမ်းမိုးထားပြီး လူတစ်ဦးချင်းစီက ၎င်းတို့၏ ဖြစ်တည်မှု ဝိသေသလက္ခဏာများကို မည်သို့ ထားရှိမည်ကို ပုံဖော်စေသည်။

၄။ အမျိုးသားများ ကိုင်ဆောင်ထားသော အဓိက အာဏာပါဝါ များနှင့်အတူ ဖိုဝါဒကြီးစိုးသော ဖွဲ့စည်းတည်ဆောက်မှု များသည် ထုံတမ်းစဉ်လာအတိုင်းဖြစ်သော ယောက်ျား ပီသမှုကို ပိုမို အားကောင်းစေပါသည်။

၅။ ဘာသာရေးယုံကြည်ချက်များနှင့် အလေ့အထများသည် ဂျန်ဒါစံနှုန်းများနှင့် မျှော်လင့်ချက်များ တည်ဆောက်မှု အပေါ် သိသိသာသာ လွှမ်းမိုးပါသည်။

၆။ ဂီတ၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ အင်တာနက်နှင့် ဆိုရှယ် မီဒီယာများမှတဆင့် အများစု ဖော်ပြကြသော ဂျန်ဒါ အကြောင်းအရာများကို ထုတ်လွှင့်ပေးခြင်းဖြင့် မီဒီယာသည် အားကောင်းသော ယဉ်ကျေးမှုဆိုင်ရာ အချက်တစ်ချက် ဖြစ်သည်။

၇။ လိင်ကို အခြေခံ၍ အမုန်းပွားစေသော ရာဇဝတ်မှုများသည် လူတစ်ဦးချင်းစီ၏ ယောက်ျားပီသမှုဆိုင်ရာ ဖြစ်တည်မှု ဝိသေသလက္ခဏာများနှင့် အသွင်အပြင်များအပေါ် သက်ရောက်မှုရှိပြီး အကြောက်တရားနှင့် မလုံခြုံမှုကို ဖြစ်ပေါ်စေသည်။

၈။ ယောက်ျားပီသမှုအပေါ် ထားရှိသည့် ခံယူချက်များကို ကြံ့ခိုင် သန်စွမ်းမှု သဘောတရားဖြင့် လွှမ်းမိုးထားသည့်အတွက် ခွန်အားရှိမှု၊ ခံနိုင်ရည်ရှိမှုနှင့် စွမ်းဆောင်ရည်ရှိမှုများကို ဖော်ပြသည့် အသွင်အပြင်များကို လူ့အဖွဲ့အစည်းက ရှုမြင်ပုံနှင့် တန်ဖိုးထားမှုအပေါ် သက်ရောက်စေသည်။

၉။ လိင်ခွဲခြားမှုဝါဒသည် ဂျန်ဒါစံနှုန်းများနှင့် မျှော်လင့်ချက် များကို အားဖြည့်ပေးသည့်အတွက် လူမှုအဖွဲ့အစည်း အတွင်းတွင် ယောက်ျားပီသမှုကို ဖွင့်ဆိုသတ်မှတ်ထား သည့်အပေါ် သက်ရောက်မှု ရှိစေသည်။

၁၀။ လိင်တူချစ်ခြင်းအပေါ် အမြင်ကွဲလွဲသော သဘောထားများ နှင့် ခွဲခြားဆက်ဆံမှုများသည် လူတစ်ဦး တစ်ယောက်ချင်းစီ၏ ယောက်ျားပီသမှုကို ဖော်ပြသည့် အသွင်အပြင်အပေါ် သက်ရောက်မှုရှိစေပြီး၊ အထူးသဖြင့် လိင်ကွဲချစ်ခင်စုံမက်မှုဆိုင်ရာ စံနှုန်းများအတိုင်း လိုက်နာရန် အတွက် လူမှုအသိုင်းအဝိုင်းမှ ဖိအားပေးခံရသူများအပေါ် သက်ရောက်စေပါသည်။

## အပိုဆောင်း လုပ်ငန်းစဉ် ၄.၂ - ဇာတ်လမ်းအဖြစ်အပျက်ကို သုံးသပ်ပါ

အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦးတို့သည် စစ်ပွဲကြောင့် အိမ်မှ ထွက်ပြေးခဲ့ရသည်။ သူတို့သည် လက်ကျန်မိသားစု၊ ရပ်ရွာလူထုနှင့် ကင်းကွာခဲ့ရသည်။ မြို့တစ်မြို့၌ ဘေးကင်းလုံခြုံမှုကို ရှာဖွေလိုကြသည့်အတွက် သူတို့အနေဖြင့် စစ်ဆေးရေးဂိတ်တစ်ခုကို ကျော်ဖြတ်ရန် လိုနေသည်။

အဆိုပါ အမျိုးသမီးသည် စစ်ဆေးရေးဂိတ်သို့ ရောက်ရှိသောအခါ တာဝန်ခံစစ်သားက သူမအား သွားခွင့်ပြုရန်အတွက် ပိုက်ဆံတောင်းသော်လည်း လာဘ်ထိုးသည့်အနေဖြင့်ပေးရန် ပိုက်ဆံ သို့မဟုတ် အဖိုးတန်ပစ္စည်းများ သူမတွင် မရှိပေ။ သူမအနေဖြင့် ဘာမှပေးစရာ မရှိပါက သူနှင့် လိင်ဆက်ဆံလျှင် သူမကို ဖြတ်ကျော်ခွင့်ပေးမည်ဟု စစ်သားက ပြောပါသည်။

အမျိုးသမီးသည် သူမတွင် အခြားရွေးချယ်စရာမရှိဟု ခံစားရပြီး သူမနှင့် သူမ၏ ကလေးများအတွက် ဘေးကင်းစေရန်အတွက် တွန့်ဆုတ်စွာဖြင့် သဘောတူလိုက်ရသည်။ အတွေ့အကြုံက သူမအတွက် နာကျင်စရာဖြစ်စေပြီး သားသမီးတွေရှေ့မှာ မငိုမိအောင် ကြိုးစားခဲ့ရသည်။

၁။ ဤဇာတ်လမ်းအဖြစ်အပျက်တွင် မည်သည့် အာဏာပုံစံများနှင့် အာဏာပြချက်များကို မြင်တွေ့ရပါသလဲ။
၂။ အမျိုးသမီးသည် လိင်ဆက်ဆံရန် သဘောတူခဲ့ပါသလား။
၃။ ၎င်းသည် ဂျန်ဒါအခြေပြုအကြမ်းဖက်မှု ဖြစ်ပါသလား။ ဖြစ်ပါက ဘာ့ကြောင့်လဲ။ မဖြစ်ပါက ဘာ့ကြောင့်လဲ။
ဖြစ်ပါက ဘယ်လို ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ပုံစံမျိုး ဖြစ်ပါသလဲ။

## အပိုဆောင်း လုပ်ငန်းစဉ် ၄.၂ - ဇာတ်လမ်းအဖြစ်အပျက်ကို သုံးသပ်ပါ

အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦးတို့သည် စစ်ပွဲကြောင့် အိမ်မှ ထွက်ပြေးခဲ့ရသည်။ သူတို့သည် လက်ကျန်မိသားစု၊ ရပ်ရွာလူထုနှင့် ကင်းကွာခဲ့ရသည်။ မြို့တစ်မြို့၌ ဘေးကင်းလုံခြုံမှုကို ရှာဖွေလိုကြသည့်အတွက် သူတို့အနေဖြင့် စစ်ဆေးရေးဂိတ်တစ်ခုကို ကျော်ဖြတ်ရန် လိုနေသည်။

အဆိုပါ အမျိုးသမီးသည် စစ်ဆေးရေးဂိတ်သို့ ရောက်ရှိသောအခါ တာဝန်ခံစစ်သားက သူမအား သွားခွင့်ပြုရန်အတွက် ပိုက်ဆံတောင်းသော်လည်း လာဘ်ထိုးသည့်အနေဖြင့်ပေးရန် ပိုက်ဆံ သို့မဟုတ် အဖိုးတန်ပစ္စည်းများ သူမတွင် မရှိပေ။ သူမအနေဖြင့် ဘာမှပေးစရာ မရှိပါက သူနှင့် လိင်ဆက်ဆံလျှင် သူမကို ဖြတ်ကျော်ခွင့်ပေးမည်ဟု စစ်သားက ပြောပါသည်။

အမျိုးသမီးသည် သူမတွင် အခြားရွေးချယ်စရာမရှိဟု ခံစားရပြီး သူမနှင့် သူမ၏ ကလေးများအတွက် ဘေးကင်းစေရန်အတွက် တွန့်ဆုတ်စွာဖြင့် သဘောတူလိုက်ရသည်။ အတွေ့အကြုံက သူမအတွက် နာကျင်စရာဖြစ်စေပြီး သားသမီးတွေရှေ့မှာ မငိုမိအောင် ကြိုးစားခဲ့ရသည်။

၁။ ဤဇာတ်လမ်းအဖြစ်အပျက်တွင် မည်သည့် အာဏာပုံစံများနှင့် အာဏာပြချက်များကို မြင်တွေ့ရပါသလဲ။
၂။ အမျိုးသမီးသည် လိင်ဆက်ဆံရန် သဘောတူခဲ့ပါသလား။
၃။ ၎င်းသည် ဂျန်ဒါအခြေပြုအကြမ်းဖက်မှု ဖြစ်ပါသလား။ ဖြစ်ပါက ဘာ့ကြောင့်လဲ။ မဖြစ်ပါက ဘာ့ကြောင့်လဲ။
ဖြစ်ပါက ဘယ်လို ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ပုံစံမျိုး ဖြစ်ပါသလဲ။

## အပိုဆောင်း လုပ်ငန်းစဉ် ၄.၃ - ကူညီရန် နည်းလမ်းများ

ထိုင်းနိုင်ငံတွင် အသက် ၂၈ နှစ်အရွယ် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးဖြစ်သည့် မခိုင်သည် ခင်ပွန်းဖြစ်သူ၏ အကြမ်းဖက်မှုကို ရင်ဆိုင်နေရသည်။ နှုတ်ဖြင့် စော်ကားမှုမှ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအထိ ဖြစ်လာခဲ့သည်။ သူမသည် သူငယ်ချင်းအိမ်သို့ အကြိမ်ပေါင်းများစွာ ထွက်ပြေးခဲ့သော်လည်း ခင်ပွန်းသည်က သူမကို အမြဲရှာတွေ့ပြီး ပြန်လိုက်ခဲ့ရန် တောင်းဆိုခဲ့သည်။ သူမကို နောက်တစ်ကြိမ် ထပ်ပြီး မနာကျင်စေရဘူးလို့ ကတိပေးခဲ့သော်လည်း ကြာရှည်မခံဘဲ အကြမ်းဖက်မှုကတော့ ဆက်လက်ဖြစ်နေပါသည်။ ရပ်ရွာလူထုခေါင်းဆောင်ထံ အကြိမ်ပေါင်းများစွာ သွားရောက်ခဲ့သော်လည်း အိမ်ထောင်ရေး ပဋိပက္ခများသည် ပုံမှန်သာဖြစ်ကြောင်း ခင်ပွန်းနှင့် ကွာရှင်းရန် စဉ်းစားပါက ကလေးနှစ်ယောက်အကြောင်း ထည့်စဉ်းစားရန် လိုအပ်ကြောင်းကို မခိုင်အား ပြောခဲ့ပါသည်။ အိမ်နီးနားချင်းတွေကလည်း အိမ်တွင်းအကြမ်းဖက်မှုကို မိသားစုကိစ္စလို့သာ မြင်ကြပြီး ဝင်ပါဖို့အတွက် တွန့်ဆုတ်နေကြပါသည်။ တရားဝင် စာရွက်စာတမ်းမရှိခြင်းနှင့် ဘာသာစကား အခက်အခဲများကြောင့် ရဲများ ပါဝင်လာမှာကို စိုးကြောက်သဖြင့် မခိုင်သည် ယခုအခါတွင် မျှော်လင့်ချက် ကင်းမဲ့နေပြီး မည်သူ့ထံတွင် အကူအညီ တောင်းရမည်ကို မသေချာ မရေရာဘဲ ဖြစ်နေပါသည်။

၁။ မခိုင်၏ ရပ်ရွာလူထုခေါင်းဆောင်တစ်ယောက် အနေဖြင့် သူမ၏ အခြေအနေကို သင် ဘယ်လိုဖြေရှင်းမလဲ။
၂။ အကယ်၍ သင်သည် မခိုင်၏ အိမ်နီးနားချင်းဖြစ်ပါက သူမ၏ ခင်ပွန်းဖြစ်သူ အကြမ်းဖက်မှု လုပ်နေစဉ်အတွင်း အော်ဟစ် အကူအညီတောင်းပါက သူမ၏ အခြေအနေကို သင် မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်မလဲ။

## အပိုဆောင်း လုပ်ငန်းစဉ် ၄.၃ - ကူညီရန် နည်းလမ်းများ

ထိုင်းနိုင်ငံတွင် အသက် ၂၈ နှစ်အရွယ် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးဖြစ်သည့် မခိုင်သည် ခင်ပွန်းဖြစ်သူ၏ အကြမ်းဖက်မှုကို ရင်ဆိုင်နေရသည်။ နှုတ်ဖြင့် စော်ကားမှုမှ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအထိ ဖြစ်လာခဲ့သည်။ သူမသည် သူငယ်ချင်းအိမ်သို့ အကြိမ်ပေါင်းများစွာ ထွက်ပြေးခဲ့သော်လည်း ခင်ပွန်းသည်က သူမကို အမြဲရှာတွေ့ပြီး ပြန်လိုက်ခဲ့ရန် တောင်းဆိုခဲ့သည်။ သူမကို နောက်တစ်ကြိမ် ထပ်ပြီး မနာကျင်စေရဘူးလို့ ကတိပေးခဲ့သော်လည်း ကြာရှည်မခံဘဲ အကြမ်းဖက်မှုကတော့ ဆက်လက်ဖြစ်နေပါသည်။ ရပ်ရွာလူထုခေါင်းဆောင်ထံ အကြိမ်ပေါင်းများစွာ သွားရောက်ခဲ့သော်လည်း အိမ်ထောင်ရေး ပဋိပက္ခများသည် ပုံမှန်သာဖြစ်ကြောင်း ခင်ပွန်းနှင့် ကွာရှင်းရန် စဉ်းစားပါက ကလေးနှစ်ယောက်အကြောင်း ထည့်စဉ်းစားရန် လိုအပ်ကြောင်းကို မခိုင်အား ပြောခဲ့ပါသည်။ အိမ်နီးနားချင်းတွေကလည်း အိမ်တွင်းအကြမ်းဖက်မှုကို မိသားစုကိစ္စလို့သာ မြင်ကြပြီး ဝင်ပါဖို့အတွက် တွန့်ဆုတ်နေကြပါသည်။ တရားဝင် စာရွက်စာတမ်းမရှိခြင်းနှင့် ဘာသာစကား အခက်အခဲများကြောင့် ရဲများ ပါဝင်လာမှာကို စိုးကြောက်သဖြင့် မခိုင်သည် ယခုအခါတွင် မျှော်လင့်ချက် ကင်းမဲ့နေပြီး မည်သူ့ထံတွင် အကူအညီ တောင်းရမည်ကို မသေချာ မရေရာဘဲ ဖြစ်နေပါသည်။

၁။ မခိုင်၏ ရပ်ရွာလူထုခေါင်းဆောင်တစ်ယောက် အနေဖြင့် သူမ၏ အခြေအနေကို သင် ဘယ်လိုဖြေရှင်းမလဲ။
၂။ အကယ်၍ သင်သည် မခိုင်၏ အိမ်နီးနားချင်းဖြစ်ပါက သူမ၏ ခင်ပွန်းဖြစ်သူ အကြမ်းဖက်မှု လုပ်နေစဉ်အတွင်း အော်ဟစ် အကူအညီတောင်းပါက သူမ၏ အခြေအနေကို သင် မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်မလဲ။

## အပိုဆောင်း လုပ်ငန်းစဉ် ၄.၃ - GBV အတွက် ဖြေရှင်းနည်းများ

### ၁။ ကာကွယ်ပေးခြင်းနှင့် ပညာပေးခြင်း

- GBV ၏ မတူညီသောပုံစံများ၊ ၎င်းတို့၏ သက်ရောက်မှုနှင့် ကာကွယ်ရေးဗျူဟာများအကြောင်းကို အများပြည်သူအား အသိပညာပေးရန်အတွက် အသိပညာပေးလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် စတင်လုပ်ဆောင်ပါ။ မီဒီယာ၊ လူမှုရေး ပလက်ဖောင်းများနှင့် ရပ်ရွာလူထု အခမ်းအနားများကို အသုံးချပါ။
- ငယ်ရွယ်စဉ်ကတည်းက နားလည်မှုနှင့် လေးစားမှု ရှိစေရန်အတွက် GBV အကြောင်း ပညာပေးမှုကို ကျောင်းသင်ရိုး ညွှန်းတမ်းများတွင် ထည့်သွင်းပါ။ ကောင်းမွန်သော ဆက်ဆံရေး၊ သဘောတူ ခွင့်ပြုမှုနှင့် ဂျန်ဒါတန်းတူညီမျှမှု အကြောင်းကို သင်ကြားပေးပါ။

### ၂။ မူဝါဒနှင့် ဥပဒေမူဘောင်

- GBV ပုံစံအားလုံးကို ပစ်မှတ်ထားသည့် ဥပဒေများကို အားကောင်းအောင် တွန်းအားပေးပါ။ ဥပဒေများသည် ပြည့်စုံပြီး ရှင်းလင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ပြစ်ဒဏ်များ ပါဝင်ကြောင်း သေချာပါစေ။
- GBV ကိစ္စရပ်များကို ခံစားသိမြင်မှုနှင့် လေးစားမှုဖြင့် ကိုင်တွယ်ရန်အတွက် ရဲများနှင့် ဥပဒေပညာရှင်များကို လေ့ကျင့်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပါ။
- အကာအကွယ်ပေးမှု၊ တရားမျှတမှု ရရှိရေးနှင့် လျော်ကြေးပေးဆောင်သည့် ဥပဒေမူဘောင်များမှတဆင့် အကြမ်းဖက်ခံရသူများ၏ ရပိုင်ခွင့်များကို ပံ့ပိုးကူညီပါ။

### ၃။ ဝန်ဆောင်မှုများ ပေးအပ်ခြင်း

- GBV မှ ရှင်သန်လွတ်မြောက်သူများအတွက် ၂၄/၇ အကူအညီလိုင်းများနှင့် နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို တည်ထောင်ပြီး အကူအညီနှင့် အထောက်အပံ့များကို ချက်ချင်းပေးဆောင်ပါ။
- အကြမ်းဖက်သော ပတ်ဝန်းကျင်များမှ လွတ်မြောက်ရန်နှင့် လိုအပ်သော အရင်းအမြစ်များကို ရယူနိုင်ရန်အတွက် ရှင်သန်လွတ်မြောက်သူများကို ဘေးကင်းသော နေရာထိုင်ခင်းများကို ဖန်တီးပေးပြီး၊ ပစ္စည်းများကို ထောက်ပံ့ပေးပါ။
- ရှင်သန်လွတ်မြောက်သူများအား တရားစီရင်ရေးစနစ်နှင့် တရားမျှတမှုကို ရှာဖွေရန် ဥပဒေဆိုင်ရာ အကူအညီများ ပေးပါ။

### ၄။ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စည်းရုံးလှုံ့ဆော်ရေး

- ရှင်သန်လွတ်မြောက်သူများအား ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် စီးပွားရေး အခွင့်အလမ်းများ ပေးဆောင်သည့် ပရိုဂရမ်များမှတစ်ဆင့် ၎င်းတို့အား မိမိကိုယ်မိမိ ရပ်တည်နိုင်ရန်နှင့် ၎င်းတို့၏ဘဝ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးပါ။
- အသိပညာမြှင့်တင်ရန်၊ သုတေသနပြုလုပ်ရန်နှင့် GBV နှင့် ပတ်သက်သော မူဝါဒပြောင်းလဲမှုများအတွက် တွန်းအားပေး လုပ်ဆောင်သော စည်းရုံးလှုံ့ဆော်ရေး အဖွဲ့များကို ပံ့ပိုးကူညီပါ။

### ၅။ ဒစ်ဂျစ်တယ် ဘေးကင်းလုံခြုံရေးနှင့် ပံ့ပိုးပေးမှု

- တစ်ဦးချင်းစီအား ဒစ်ဂျစ်တယ် ဘေးကင်းလုံခြုံရေးနှင့် အွန်လိုင်းတွင် ၎င်းတို့၏ ပုဂ္ဂလိက လုံခြုံမှုရှိစေရန် မည်သို့ ကာကွယ်ရမည်ကို အသိပညာပေးပါ။ ဒစ်ဂျစ်တယ် ပလက်ဖောင်းများတွင် ပုဂ္ဂိုလ်ဆိုင်ရာအချက်များကို ကန့်သတ်ထားရှိမှုနှင့် အစီရင်ခံခြင်းဆိုင်ရာ ကိရိယာများ အသုံးပြုမှုကို မြှင့်တင်ပေးပါ။
- အွန်လိုင်းမှတဆင့် နှောင့်ယှက်မှုနှင့် အကြမ်းဖက်မှုဆိုင်ရာ မူဝါဒများ ချမှတ်ရန်နှင့် ဤပြဿနာများကို သတင်းပို့ရန်နှင့် ဖြေရှင်းရန်အတွက် ထိရောက်သော ကိရိယာများ ပံ့ပိုးပေးရန်အတွက် နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ပါ။

### ၆။ သုတေသနနှင့် ဒေတာအချက်အလက် စုဆောင်းခြင်း

- မူဝါဒများနှင့် ဆောင်ရွက်မှုများ ဖြစ်လာရန်အတွက် ဒေတာအချက်အလက်ကို အသုံးပြု၍ GBV ၏ အဖြစ်များမှု၊ အကြောင်းရင်းများနှင့် သက်ရောက်မှုများကို နားလည်ရန် သုတေသနပြုလုပ်ခြင်းတွင် ရင်းနှီးမြှုပ်နှံပါ။
- GBV ကိစ္စရပ်များကို ခြေရာခံရန်၊ ဖြစ်ပျက်အခြေအနေများကို ခွဲခြားသတ်မှတ်ရန်နှင့် တုံ့ပြန်ဖော်ဆောင်သည့် ဗျူဟာများရှိ လိုအပ်ချက်များကို ဖော်ထုတ်ရန်အတွက် ဒေတာအချက်အလက် စုဆောင်းမှုစနစ်များကို မြှင့်တင်ပါ။

### ၇။ ရပ်ရွာလူထုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှု

- လုပ်ငန်းခွင်၊ အိမ်များနှင့် အများပြည်သူဆိုင်ရာ နေရာများ အပါအဝင် လူမှုအဖွဲ့အစည်းအားလုံးတွင် ဂျန်ဒါတန်းတူညီမျှမှုကို မြှင့်တင်ပါ။ ဂျန်ဒါမညီမျှမှုနှင့် ပါဝါမညီမျှမှုများကဲ့သို့သော GBV ၏ အဓိက အကြောင်းရင်းများကို ထုတ်ဖော်ဖြေရှင်းပါ။
- ထုံးတမ်းစဉ်လာ ဂျန်ဒါအခန်းကဏ္ဍများနှင့် ခွဲခြားဆက်ဆံသည့် အလေ့အထများ အပါအဝင် GBVကို ဖြစ်ပေါ်နေစေသည့် အန္တရာယ်ရှိသော ယဉ်ကျေးမှုစံနှုန်းများနှင့် အလေ့အထများကို တိုက်ဖျက်ပြီး ပြောင်းလဲပါ။

## အပိုဆောင်း လုပ်ငန်းစဉ် ၆.၁ - ဖီးမီးနစ်စ်အရေး လှုပ်ရှားမှုများ

ကမ္ဘာတစ်ဝှမ်းရှိ ဖီးမီးနစ်စ်အရေး လှုပ်ရှားမှုများသည် ဂျန်ဒါတန်းတူညီမျှ မဖြစ်မှုကို တိုက်ဖျက်ရန်၊ အမျိုးသမီးများ၏ အခွင့်အရေးကို မြှင့်တင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာဖြင့် လူမှုတရားမျှတမှုကို မြှင့်တင်ရန်အတွက် ဘုံတူညီသော ကတိကဝတ်များရှိသည်။ ဖီးမီးနစ်စ်ဝါဒရှိ လှိုင်းလုံးများနှင့် ပတ်သက်သည့် အယူအဆသည် အနောက်တိုင်း၏ အသိုင်းအဝိုင်းမှ အစပြုခဲ့သော်လည်း ကမ္ဘာတစ်ဝှမ်းရှိ ဖီးမီးနစ်စ်ဝါဒ လှုပ်ရှားမှုများသည် ကွဲပြားသော လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို တုံ့ပြန်ကာ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းမှတစ်ဆင့် ကျယ်ပြန့်ပေါ်ပေါက်လာပါသည်။

**ဖီးမီးနစ်စ်ဝါဒ ပထမလှိုင်း။** ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစု အစောပိုင်းမှ အလယ်ရာစုနှစ်များအတွင်းရှိ ဖီးမီးနစ်စ်ဝါဒ၏ ပထမလှိုင်းတွင် ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာ ဖီးမီးနစ်စ်ဝါဒ၏ မျိုးစေ့များကို ချခဲ့သည်။ ပထမလှိုင်းတွင် အမျိုးသမီးများ၏ မဲပေးပိုင်ခွင့်နှင့် နိုင်ငံရေးတွင် တန်းတူညီမျှမှုရရှိရေးတို့ကို အဓိကထား အာရုံစိုက်ခဲ့သည်။ အမေရိကန်နှင့် အနောက်ဥရောပရှိ မဲပေးပိုင်ခွင့်ဆိုင်ရာ လှုပ်ရှားမှုများသည် လူသိများသော်လည်း နိုင်ငံရေးအခွင့်အရေးအတွက် အလားတူ ရုန်းကန်မှုများသည် ကမ္ဘာ့အခြားနေရာများတွင် ပေါ်ပေါက်ခဲ့သည်။ ဥပမာအားဖြင့် နယူးဇီလန်၊ ဩစတြေးလျနှင့် လက်တင်အမေရိက၏ နိုင်ငံများတွင် အမျိုးသမီးများသည် ဤကာလအတွင်း မဲပေးပိုင်ခွင့်ကို ရရှိခဲ့ကြသည်။ သို့သော် ပထမလှိုင်း ဖီးမီးနစ်စ်ဝါဒကို အခွင့်ထူးခံလူများ၊ အဓိကအားဖြင့် လူဖြူအမျိုးသမီးများ၏ စိတ်ဝင်စားမှုများအပေါ်သာ အဓိကထားသဖြင့် အကန့်အသတ် ရှိခဲ့သည်။

**ဖီးမီးနစ်စ်ဝါဒ ဒုတိယလှိုင်း။** ဖီးမီးနစ်စ်ဝါဒ ဒုတိယလှိုင်းသည် ၁၉၆၀ နှင့် ၁၉၇၀ နှစ်များတွင် ပေါ်ပေါက်ခဲ့သည်။ မျိုးဆက်ပွားဆိုင်ရာအခွင့်အရေး၊ လုပ်ငန်းခွင် တန်းတူညီမျှမှုနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အပါအဝင် ကျယ်ပြန့်သော ပြဿနာများကို လွှမ်းခြုံနိုင်ရန် ဖီးမီးနစ်စ်အရေး တက်ကြွလှုပ်ရှားမှု၏ နယ်ပယ်ကို ချဲ့ထွင်ခဲ့သည်။ ၎င်းလှိုင်းလုံးသည် အပြောင်းအလဲအတွက် နောက်ခံအသီးသီးမှ အမျိုးသမီးများနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုအဖြစ် မြင်တွေ့ခဲ့ရသည်။ အိန္ဒိယ၊ ဂျပန်နှင့် နိုင်ဂျီးရီးယား နိုင်ငံများတွင် အမျိုးသမီးများ၏ လှုပ်ရှားမှုများသည် ဖိုဝါဒကြီးစိုးမှုဆိုင်ရာ စံနှုန်းများကို စိန်ခေါ်ပြီး ၎င်းတို့၏ လူ့အဖွဲ့အစည်းအတွင်းတွင် ဂျန်ဒါတန်းတူညီမျှမှုအတွက် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

**ဖီးမီးနစ်စ်ဝါဒ တတိယလှိုင်း။** ၁၉၉၀ ခုနှစ်များအတွင်း စတင်ခဲ့သော ဖီးမီးနစ်စ်ဝါဒ၏ တတိယလှိုင်းသည် Intersectionality နှင့် မတူကွဲပြားမှုကို အလေးပေးကာ လူမျိုး၊ လူတန်းစား၊ လိင်မှုသဘာဝနှင့် အခြားဝိသေသလက္ခဏာများနှင့်အတူ ဂျန်ဒါအကြား အပြန်အလှန်ဆက်နွယ်နေမှုကို အသိအမှတ်ပြုသည်။ ၎င်းလှိုင်းတွင် ဘုံတူညီသော ပြဿနာရပ်များကို ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်ကြသော ကမ္ဘာ့ဒေသအသီးသီးမှ ဖီးမီးနစ်စ်အရေး လှုပ်ရှားသူများနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်များနှင့် ညွန့်ပေါင်းအဖွဲ့များ ပေါ်ပေါက်လာသည်ကို တွေ့ရသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် LGBTIQ အခွင့်အရေးများကဲ့သို့သော ကိစ္စရပ်များသည် ကမ္ဘာလုံးဆိုင်ရာ ဖီးမီးနစ်စ်အရေး လှုပ်ရှားမှု အစီအစဉ်တွင် ထင်ရှားလာခဲ့သည်။ ဥပမာ – လက်တင်အမေရိကတွင်၊ အမျိုးသမီးများအား သတ်ဖြတ်မှုနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများကို ဆန့်ကျင်လှုပ်ရှားမှုများနှင့် မျိုးဆက်ပွားဆိုင်ရာ အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

**ဖီးမီးနစ်စ်ဝါဒ စတုတ္ထလှိုင်း။** လက်ရှိဖြစ်ပေါ်နေသော ဖီးမီးနစ်စ်ဝါဒ၏ စတုတ္ထလှိုင်းမှာ ဆိုရှယ်မီဒီယာနှင့် အွန်လိုင်းပလက်ဖောင်းများမှ ပံ့ပိုးပေးသော ဒစ်ဂျစ်တယ် လှုပ်ရှားမှုနှင့် အခြေခံလူတန်းစားများအား စည်းရုံးခြင်းတို့ဖြစ်သည်။ ဤလှိုင်းတွင် ၎င်းတို့၏ အသံများကို ချဲ့ထွင်ရန်နှင့် အပြောင်းအလဲအတွက် လှုံ့ဆော်ရန် ဒစ်ဂျစ်တယ်နေရာများကို အသုံးပြုသည့် အမျိုးသမီးငယ်များနှင့် အပစ်ပယ်ခံ အသိုင်းအဝိုင်းများမှ လူများ၏ ထင်သာမြင်သာရှိမှုနှင့် ပူးပေါင်းပါဝင်မှု တိုးလာသည်ကို တွေ့မြင်ရသည်။ ကမ္ဘာလုံးဆိုင်ရာ ဖီးမီးနစ်စ်အရေး လှုပ်ရှားမှုများသည် အပြန်အလှန် ဆက်နွယ်မှု ပိုမို များပြားလာသည်။ တက်ကြွလှုပ်ရှားသူများသည် အသိပညာမျှဝေရန်၊ စည်းလုံးညီညွတ်မှု တည်ဆောက်ရန်နှင့် ကမ္ဘာတစ်ဝှမ်းရှိ ဂျန်ဒါတရားမျှတမှုအတွက် စည်းရုံးလှုံ့ဆော်ရာတွင် ဒစ်ဂျစ်တယ် နည်းပညာများကို အသုံးပြုလျက်ရှိသည်။ ၎င်းသည် ကိုလိုနီစနစ်ကို တိုက်ဖျက်သော အမြင်များကို ပံ့ပိုးပေးခြင်း၊ ပါဝါမညီမျှမှုကို တိုက်ဖျက်ခြင်း၊ ကမ္ဘာ့မြောက်ဘက်ခြမ်းနှင့် ကမ္ဘာ့တောင်ဘက်ခြမ်းအကြား စည်းလုံးညီညွတ်မှုတိုးလာခြင်းတို့ကို လုပ်ဆောင်သည်။ လှုပ်ရှားမှု ခေါင်းစဉ်များသည် Intersectionality မှ ဂျန်ဒါအခြေပြုအကြမ်းဖက်မှု၊ ခန္ဓာကိုယ် အပြုသဘောဆောင်မှု၊ စီးပွားရေး စွမ်းဆောင်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုနှင့် နိုင်ငံရေးကိုယ်စားပြုမှုအထိ ပါဝင်ပါသည်။

## အပိုဆောင်း လုပ်ငန်းစဉ် ၇.၂ - ဗီဒီယို - ဂျန်ဒါဆိုင်ရာ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ

၁။ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ အယူအဆကို ဘယ်လို ပြောင်းလဲဖို့ လိုပါသလဲ။

၂။ ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် မည်သူတွေ ပါဝင်ရန် လိုအပ်ပါသလဲ။

၃။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အမျိုးသမီးများပါဝင်ခွင့်ကို ဖယ်ထုတ်ရန် မည်သည့် အကြောင်းပြချက်များကို အသုံးပြုခဲ့ပါသလဲ။

၄။ တစ်ကမ္ဘာလုံးတွင် ဂျန်ဒါဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးမှုများ၏ အင်္ဂါရပ်တစ်ခုက ဘာလဲ။

၅။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်နိုင်စေရန်အတွက် မည်သို့သော နည်းလမ်းများ ရှိပါသလဲ။

၆။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများအနေဖြင့် အထူးကျွမ်းကျင်သည့် နယ်ပယ်များ ရှိပါသလား။

၇။ ဗီဒီယိုတွင် ဖော်ပြထားသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ပတ်သက်သည့် မည်သည့် ပြဿနာများသည် သင်၏ နိုင်ငံရှိ ပဋိပက္ခများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဆင်တူပါသလဲ။

## အပိုဆောင်း လုပ်ငန်းစဉ် ၇.၂ - ဗီဒီယို - ဂျန်ဒါဆိုင်ရာ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ

၁။ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ အယူအဆကို ဘယ်လို ပြောင်းလဲဖို့ လိုပါသလဲ။

၂။ ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် မည်သူတွေ ပါဝင်ရန် လိုအပ်ပါသလဲ။

၃။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အမျိုးသမီးများပါဝင်ခွင့်ကို ဖယ်ထုတ်ရန် မည်သည့် အကြောင်းပြချက်များကို အသုံးပြုခဲ့ပါသလဲ။

၄။ တစ်ကမ္ဘာလုံးတွင် ဂျန်ဒါဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးမှုများ၏ အင်္ဂါရပ်တစ်ခုက ဘာလဲ။

၅။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်နိုင်စေရန်အတွက် မည်သို့သော နည်းလမ်းများ ရှိပါသလဲ။

၆။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများအနေဖြင့် အထူးကျွမ်းကျင်သည့် နယ်ပယ်များ ရှိပါသလား။

၇။ ဗီဒီယိုတွင် ဖော်ပြထားသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ပတ်သက်သည့် မည်သည့် ပြဿနာများသည် သင်၏ နိုင်ငံရှိ ပဋိပက္ခများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဆင်တူပါသလဲ။

## အပိုဆောင်း လုပ်ငန်းစဉ် ၇.၃ - သရုပ်ဖော်ခြင်း - Ardentia ရှိ ပဋိပက္ခများအတွင်း ဂျန်ဒါ ဖြစ်တည်မှုများကို ရှာဖွေလေ့လာခြင်း

**နောက်ခံသမိုင်း -** Ardentia သည် အရှေ့တောင်အာရှတွင် တည်ရှိသော စိတ်ကူးယဉ် နိုင်ငံတစ်ခုဖြစ်ပြီး လူမျိုးစုကွဲပြားမှုနှင့် ကာလတာရှည် နိုင်ငံရေး မငြိမ်သက်မှု သမိုင်းကြောင်းရှိသည်။ မကြာသေးမီ နှစ်များအတွင်း အစိုးရနှင့် တိုင်းရင်းသား လူနည်းစု အုပ်စုများကြား တင်းမာမှုများသည် လက်နက်ကိုင် ပဋိပက္ခအဖြစ်သို့ တိုးမြင့်လာခဲ့ပြီး နေရာအနှံ့ ပြောင်းရွှေ့နေထိုင်ရမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူမှုရေး မငြိမ်သက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ပဋိပက္ခသည် လူ့အဖွဲ့အစည်းများ ပျက်စီးခြင်း သို့မဟုတ် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး လူတိုင်းသည် အကြမ်းဖက်မှုများနှင့် မသေချာ မရေရာမှု အခြေအနေများကြားတွင် အသက်ရှင် ရပ်တည်ရန် ရုန်းကန်နေကြရသည်။ အောက်ပါတို့မှာ ပဋိပက္ခကို ရှာဖွေလေ့လာရန် ကြိုးစားနေသော လူပုဂ္ဂိုလ်အချို့ဖြစ်သည်။

၁။ ကျေးလက်တောရွာမှ လူငယ်တစ်ဦးဖြစ်သော အောင်ကျော်သည် မိသားစုမှ မျှော်မှန်းထားရှိသည့် ထုံးတမ်းစဉ်လာ ယောကျ်ားပီသမှုကို ဖြည့်ဆည်းရန်အတွက် အစိုးရတပ်ထဲဝင်ရန် တွန်းအားပေးခံရသည်။ သူသည် စစ်မြေပြင်တွင် ခွန်အားနှင့် ရဲစွမ်းသတ္တိကို ပြသရန်အတွက် ဖိအားများနှင့် ကြုံတွေ့ရပြီး သူ၏ ရဲဘော်ရဲဘက်များနှင့် အရပ်သားများအပေါ် အကြမ်းဖက်ခံရမှုများကို မျက်မြင်တွေ့နေရသည်။

၂။ ကျား၊ မ ဂျန်ဒါ နှစ်မျိုးစလုံးတွင် ရှိမနေသော မိုင်သည် တင်းကျပ်သည့် ဂျန်ဒါစံနှုန်းများဖြင့် ချည်နှောင်ထားသော လူ့အဖွဲ့အစည်းမှ လက်ခံပေးမှုနှင့် ဘေးကင်းလုံခြုံမှုကို ရရန်အတွက် အခက်အခဲကြုံနေရသည်။ ပဋိပက္ခကြောင့် ၎င်းတို့၏ နေရပ်မှ စွန့်ခွာထွက်ပြေးလာရသူ မိုင်သည် လက်နက်ကိုင်အဖွဲ့များနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပေးရေး နေရာများတွင် ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသည်။ ၎င်းတို့သည် ၎င်းတို့၏ ဂျန်ဒါ ဖြစ်တည်မှုများကို အသိအမှတ်ပြုရန် စည်းရုံးလှုံ့ဆော်စဉ်တွင် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများကို ရယူရာတွင် ကြုံတွေ့ရသည် စိန်ခေါ်မှုများကို ရှာဖွေလေ့လာကြသည်။

၃။ တိုင်းရင်းသား လူနည်းစု အသိုက်အဝန်းမှ အမျိုးသမီးတစ်ဦးဖြစ်သော စီတာသည် သူမ အသိုက်အဝန်း၏ တော်လှန်ရေး လှုပ်ရှားမှုအတွင်းရှိ ခေါင်းဆောင်မှု အခန်းကဏ္ဍများကို တာဝန်ယူသည်။ စနစ်တကျ တည်ဆောက်ထားသော အတားအဆီးများ၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသော်လည်း စီတာသည် ငြိမ်းချမ်းရေးတည်ဆောက်မှု ကြိုးပမ်းမှုများတွင် အမျိုးသမီးများအား ပါဝင်ရန်နှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီး ပါဝင်ရန်အတွက် စည်းရုံးလှုံ့ဆော် ပေးပါသည်။ သူမသည် ဖိနှိပ်မှုကို ရင်ဆိုင်ရာတွင် ဇွဲဆန်မှုနှင့် ခံနိုင်ရည်ရှိမှုကို ကိုယ်စားပြုသည်။

၄။ မြို့လယ်ခေါင်တွင် နေထိုင်သော လိင်တူချစ်သူ စန်သည် ၎င်း၏ လိင်စိတ်တိမ်းညွတ်မှုကြောင့် အစိုးရနှင့် အစိုးရမဟုတ်သော သူနှစ်မျိုးစလုံး၏ နှိပ်စက်ညှဉ်းပန်းမှုနှင့် အကြမ်းဖက်မှုကို ကြုံတွေ့ရပါသည်။ လက်စားချေခံရမှာကို ကြောက်သည့်အတွက် သူ၏ ဖြစ်တည်မှုကို ဖုံးကွယ်ထားရပြီး စန်သည် မြေအောက်လှုပ်ရှားမှုလုပ်သည့် LGBTIQ+ ကွန်ရက်တွေမှာ အကူအညီ ရယူပါသည်။ အန္တရာယ်များသော်လည်း LGBTIQ+ များအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် ၎င်းတို့ကို အကာအကွယ်ပေးရန်အတွက် စည်းရုံးလှုံ့ဆော်ခြင်းတို့ကို လျှို့ဝှက်စွာ လုပ်ဆောင်ပါသည်။